mgyoe.com

SAMPLE BOOK


# SIDNEY SHELDON

# RAGE OF ANGELS


# မောင်ပေါ်ထွန်း

## ကျော်ရာ ကျော်ကြောင်း

designed by tin htoon



mgyoe.com SAMPLE BOOK



# SIDNEY SHELDON

## RAGE OF ANGELS

## မောင်ပေါ်ထွန်း

## ကျေးရာ ကျေးကြောင်း

BWT0038
ကျေးရာကျေးကြောင်း(မောင်ပေါ်ထွန်း)
MMK6000
mgyoe.com

mgyoe.com
SAMPLE BOOK

တတိယ အကြိမ်၊ ၂၀၁၇၊ မတ်
[ပထမ အကြိမ်၊ ၁၉၈၁၊ ဇူလိုင်၊ ဘဝတက္ကသိုလ် စာပေ]
[ဒုတိယ အကြိမ်၊ ၂၀၀၃၊ ဩဂုတ်၊ ပန်အောင် စာပေ]

| | |
|---|---|
| မျက်နှာဖုံး | ပန်းချီ တင်ထွဏ်း |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၆၀၀၀ ကျပ် |
| မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ | ဒေါ်ခင်စီ (၀၂၄၈)၊ ပြည့်ဦးဘော ပုံနှိပ်တိုက် ၁၅၈၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဒေါ်သင်းသင်းမွန် (၀၀၃၇၂)၊ သင်း စာပေ ၁၉၊ ဃောသကလမ်း၊ သာယာကုန်း ရပ်ကွက်၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်။ |

mgyoe.com

mgyoe.com SAMPLE BOOK

# မောင်ပေါ်ထွန်း
# ကျေရာကျေကြောင်း

# RAGE OF ANGELS

## SIDNEY SHELDON

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

ရည်ညွှန်းချက်

ဥပဒေ ပညာဖြင့်
အသက်မွေးနေကြသော
ညီငယ် ညီမငယ်များသို့။

မောင်ပေါ်ထွန်း



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## ပထမ အကြိမ် အမှာ

### ၁

စာအုပ် တစ်အုပ်တွင် (လိုအပ်သည်ဟု ယူဆလျှင်) ဘာသာပြန်သူနှင့် ထုတ်ဝေသူတို့က မိမိတို့၏ ထင်မြင် ယူဆချက်များကို အမှာစာများဖြင့် တင်ပြကြစမြဲ ဖြစ်ပါသည်။ ယခု ဤစာအုပ်တွင်မူ ဘာသာပြန်သူနှင့် ထုတ်ဝေသူ နှစ်ဦးစလုံး ထပ်တူထပ်မျှ ခံစားကြရသဖြင့် အမှာစာကိုလည်း နှစ်ဦး ပေါင်း၍ ရေးသားလိုက်ပါသည်။

ရှေးဦးစွာ တင်ပြလိုသည်မှာ ဤစာအုပ် ဘာသာပြန်သူနှင့် ထုတ်ဝေသူ နှစ်ဦးစလုံးမှာ ယခု အချိန် အထိ ဘာသာပြန် တစ်မျိုးတည်းကိုသာ စိုက်လိုက်မတ်တတ် ပြုစု ရေးသား ထုတ်ဝေနေကြသူများ ဖြစ်ကြပါသည်။ ထို့ကြောင့် ဘာသာပြန် စာအုပ် တစ်အုပ် ဖြစ်လာနိုင်ရေးအတွက် ဘာသာပြန်သူနှင့် ထုတ်ဝေသူတို့၏ ကြိုးပမ်းရမှုကို အမြွက်မျှ တင်ပြလိုပါသည်။

ဘာသာပြန် စာအုပ်ကောင်း တစ်အုပ် ဖြစ်ရန် မူလ စာအုပ်ကောင်းရမည် ဟူသော အချက်ကို အထူး ပြောစရာ မလိုပါ။ ဤနေရာတွင် ဘာသာပြန်သူ၏ အရည်အချင်းနှင့် စေတနာကိုလည်း နည်းနည်းကလေးမျှ လျှော့တွက်၍ မဖြစ်ပါ။ နိုင်ငံခြား (အင်္ဂလိပ်) စာအုပ်တစ်အုပ်ကို ဘာသာ ပြန်တော့မည် ဆိုလျှင် မူလ စာအုပ် ကောင်းမကောင်း၊ မြန်မာ စာဖတ် ပရိသတ် ကြိုက်နိုင် မကြိုက်နိုင်၊ မြန်မာပြန်ဆိုရန် သင့်လျော် မသင့်လျော်၊ ခွင့်ပြုနိုင်မည့် အလားအလာ ရှိ မရှိ၊ စာမျက်နှာ အထူ အပါးနှင့် အရောင်း ဈေးကွက်တွင် စွံနိုင် မစွံနိုင်စသော အချက်အလက်များကိုလည်း ထည့်သွင်း စဉ်းစားကြရမြဲ ဖြစ်ပါသည်။

သည်နေရာတွင် အပြော လွယ်သလောက် (စေတနာ ထားလျှင် ထားသလို) အလုပ် ခက်ခဲလှပါသည်။ စာအုပ်ပေါင်း မြောက်မြားစွာကို



mgyoe.com

mgyoe.com
SAMPLE BOOK

ရှာဖွေ ဖတ်ရှု၊ သတင်း နားထောင်၊ ဝေဖန်ချက်ပါ မကျန် မှတ်သား လေ့လာပြီးမှ မြန်မာ ပြန်သင့် မသင့် ဆုံးဖြတ်ကြရပါသည်။ တစ်ခါတစ်ရံ မူလ စာရေးသူ၏ အရေးအသားမှာ ပြောစရာ မရှိသော်လည်း မြန်မာ စာဖတ်ပရိသတ် မကြိုက်နိုင်သော ဇာတ်လမ်းမျိုး၊ ဇာတ်လမ်း ဆွဲဆောင်မှု ရှိသော်လည်း စာရေးသားမှု အတတ် ပညာပိုင်းတွင် အားနည်းသော စာအုပ်မျိုး၊ ဇာတ်လမ်းရော အရေးအသားပါ ကောင်းမွန်ပါသော်လည်း စာအုပ် ဈေးကွက်တွင် ဖြန့်းခနဲ မစွံနိုင်သည့် စာအုပ်မျိုး စသည်ဖြင့် တွေ့ရပါသည်။

မည်သို့ပင် ဖြစ်စေ ယခု ဘာသာပြန်သူနှင့် ထုတ်ဝေသူတို့၏ တူညီသော အယူအဆ သဘောထား တစ်ခုမှာ မူရင်း စာအုပ်ကို နဂိုအရသာ မပျက်အောင် (မူလ စာရေးသူ၏ အာဘော် မပျက်အောင်) အတတ်နိုင်ဆုံး ကြိုးပမ်း အားထုတ်သင့်သည် ဟူသော အချက်ပင် ဖြစ်ပါသည်။

သို့သော် ခြွင်းချက်တော့ ရှိပါသည်။ အချို့ စာအုပ်များမှာ မြန်မာ ပြန်ဆိုရန် ထူထဲလွန်းသည်က တစ်ကြောင်း၊ မြန်မာ စာဖတ် ပရိသတ်အတွက် မလိုအပ်သော အကြောင်းအရာများ (အထူးသဖြင့် အညီအဟောက် ကိစ္စများ၊ သတ်ဖြတ်မှုများ စသည်) များပြားလွန်းသည်က တစ်ကြောင်းတို့ကြောင့် အကျဉ်းချုံး၍ ပြန်လိုလျှင် နိုင်ငံခြားမှ စနစ်တကျ အကျဉ်းချုံးထားသော 'ရီးဒါး ဒိုင်ဂျက်တိုက်ထုတ် အကျဉ်းချုံး စာအုပ်များ' (Reader's Digest Condensed Books) နှင့် 'အကျဉ်းချုံး စာစဉ် တိုက်ထုတ် စာအုပ်များ' (Retold Series Books) စသည်တို့ကို မူရင်း စာအုပ်နှင့် ဂရုတစိုက် တိုက်ဆိုင် လေ့လာပြီးမှသာ ပြန်ဆိုသင့်သည်ဟု ယူဆပါသည်။

ယင်းသို့ မဟုတ်မူဘဲ မူရင်း စာအုပ်ကိုလည်း မလေးစား၊ မူရင်း စာရေးဆရာကိုလည်း စော်ကားသည့် အပြင် အရေးအကြီးဆုံး ဖြစ်သည့် စာဖတ် ပရိသတ်ကိုပါ မထီမဲ့မြင် သဘောဖြင့် စာအုပ် တစ်အုပ်ကို မိမိတို့ နားလည်သလို မိမိတို့ ပြန်ချင်သလိုသာ (ဖြတ်တောက် ကျဉ်းချုံး၍) ပြန်ဆို ရေးသား ထုတ်ဝေရမည် ဆိုပါက ယင်းအလုပ်မျိုးကို မိမိတို့ အနေနှင့် (ဘယ် ဘဝ၊ ဘယ် အခြေအနေမျိုးပဲ ရောက်နေစေ) တစ်သက် မလုပ်လိုပါ။

ယင်းသို့ လုပ်ခြင်းဖြင့် ရရှိလာမည့် ငွေကြေး ဂုဏ်ရှိန်ကိုလည်း စိုးခဉ်းမျှ မလိုလားပါ။ ကိုယ့်လိပ်ပြာ ကိုယ် မလုံပါ။

mgyoe.com

mgyoe.com
SAMPLE BOOK

## ၂

အမေရိကန် စာရေးဆရာကြီး ဆစ်ဒနီ ရှယ်လဒန်သည် ဤဝတ္ထုကြီးကို ရေးသားရာတွင် အချက်အလက် ရှာဖွေခြင်း၊ ကွင်းဆင်း လေ့လာခြင်း၊ မူကြမ်း ရေးသားခြင်းနှင့် ပြန်လည် ပြင်ဆင် ရေးသားခြင်းတို့ အတွက် သုံးနှစ်ကျော်ကျော် အချိန် ယူခဲ့ရသည်ဟု ဆိုပါသည်။

တရားဥပဒေ သဘောနှင့် တရားခွင် လုပ်ထုံးလုပ်နည်းများကို သိဖို့ အတွက် အမေရိကန် တရားဥပဒေ လောကမှ ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီး များ ဖြစ်ကြသော အက်ဖ် လီ ဘယ်လီ၊ မာလဗင် ဘယ်လီ၊ ပေါလ် ကရူးဆိုး၊ ဝီလျံ ဟန်ဒလီ၊ လုခ် မက်ကစ်ဆက်၊ လူဝီ နိုက်ဇာ၊ ဂျရမ်း ရှက်စတက်နှင့် ပီတာ တပ်ဖ် စသူတို့ထံ အကြိမ်ကြိမ် သွားရောက်၍ ဆွေးနွေး လေ့လာခဲ့ပါသည်။

ထို့ပြင် တရားရုံးများ၊ တရားခွင်များနှင့် အကျဉ်းထောင်များသို့ လည်း အခေါက်ခေါက် အခါခါ သွားရောက် လေ့လာခဲ့ပါသည်။

ယင်းသို့ အသေးစိတ် လေ့လာပြီးတော့မှ ဝတ္ထုကို စတင် ရေးသား ရာတွင် မူရင်း စာမျက်နှာ ၁၀၀၀ ခန့် ရှိသည်ကို ၁၂ ကြိမ်၊ ၁၃ ကြိမ် မျှ အလီလီ အဖန်ဖန် ပြန်လည် ပြင်ဆင် ရေးသားခဲ့သည်ဟု သိရပါ သည်။

မူလ စာရေးဆရာက ဤမျှ ကြိုးပမ်း အားထုတ်ထားရသော စာ အုပ် တစ်အုပ်ကို ကျွန်တော်တို့က 'မျက်နှာလွှဲ ခဲပစ်' ပေါ့ပေါ့တန်တန် သဘောထားပြီး ပြန်ဆို ထုတ်ဝေရန် လျော်ကန် သင့်မြတ်ပါမည်လော။

ကျွန်တော်တို့ကား ဘာသာပြန် စာအုပ် တစ်အုပ်ကို မူရင်း အရသာ မပျက်အောင်၊ မူလ စာရေးသူ၏ အာဘော် မပျက်အောင် အတတ်နိုင် ဆုံး ကြိုးပမ်းခြင်းဖြင့်သာလျှင် မိမိတို့ အလုပ်ကို ဂုဏ်ယူ ဝင့်ကြွားလို ပါသည်။ မိမိတို့သည် ဘာသာပြန်ကောင်းများ ပေါ်ထွက်ရေး အတွက် စိတ်တူ သဘောတူ ညီညွတ်သူများ စုစည်းပြီး ဉာဏ်မီသလောက် ကြိုး ပမ်း အားထုတ်မှု ပြုကြပါသည်။ စာဖတ် ပရိသတ်က မိမိတို့၏ ကြိုး ပမ်းမှုကို နားလည် သဘောပေါက် စာနာမိသည်ဟု ဆိုလျှင် မိမိတို့ အနေဖြင့် အဆမတန် ဝမ်းသာ အားတက် ကြရမည်ပင် ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ရှိးသားစွာ ဝန်ခံရလျှင် မိမိတို့သည် နာမည်ကျော် နိုင်ငံခြား စာရေး ဆရာများ၏ ပူပူနွေးနွေး နောက်ဆုံးထုတ် စာအုပ်များကိုသာ အလု အယက် သဲသဲမဲမဲ လိုက်လံ ရှာဖွေပြီး သူများထက် ဦးအောင် ပြန်ဆို ထုတ်ဝေရန် လုံးဝ မရည်ရွယ်ကြပါ။ ယင်းသို့ ရည်ရွယ်လျှင်လည်း လက် တွေ့တွင် ရေရှည် ဖြစ်မြောက် အောင်မြင်နိုင်မည် မဟုတ်ပါ။

မြန်မာ စာဖတ်ပရိသတ် အတွက် သင့်တော်သော နိုင်ငံခြား စာအုပ် ကောင်းများကိုလည်း တတ်နိုင်သူများက စေတနာ ထား၍ အခါ အား လျော်စွာ ပြန်ဆို ထုတ်ဝေကြမှသာလျှင် ဘာသာပြန် စာပေ လောက တပြေး ညီညာ တိုးတက် ဖွံ့ဖြိုးလာနိုင်မည်ဟု လေးနက်စွာ ယုံကြည် ပါသည်။

ဘာသာပြန် စာအုပ်ကောင်းများ ပေါ်ထွက်လာနိုင်ရေး အတွက် ဘာသာပြန်သူ၊ ထုတ်ဝေသူနှင့် စာဖတ်ပရိသတ် သုံးဦး သုံးဖလှယ် ကြိုးစားသွားကြမည် ဆိုလျှင် နောင်အနာဂတ်တွင် ယခုထက် ပိုမို စနစ် ကျသော၊ မှန်ကန်သော၊ ရသမြောက်သော ဘာသာပြန် စာအုပ်များကို ဖတ်ရှုကြရမည် ဖြစ်ပါသည်။

၃

ဤဝတ္ထုသည် အမေရိကန် စာရေးဆရာကြီး ဆစ်ဒနီ ရှယ်လဒန်၏ ငါးအုပ်မြောက် နောက်ဆုံးထုတ် ဖြစ်ပါသည်။

'မျိုးဆက်သွေး' (Bloodline) ဝတ္ထုဖြင့် တစ်ဟုန်ထိုး နာမည် ကျော် လာသော ရှယ်လဒန်သည် ဤဝတ္ထုဖြင့် အစွဲဆုံး စာရေးဆရာ (Best-selling Author) အဖြစ် စံချိန်သစ် တင်လိုက်ပါသည်။

ဤဝတ္ထုသည် ကမ္ဘာ့ စာအုပ် လောကတွင် ပရိသတ် အကြိုက်ဆုံး နံပါတ် ၁ စာအုပ် (No 1 International Superseller) အဖြစ် ထွက် ကတည်းကပင် တစ်မုဟုတ်ချင်း ကျော်ကြားသွားခဲ့ပြီး ယနေ့ အထိ ရိုက်မလောက် ရောင်းတိုင်းစွံ စာအုပ် ဖြစ်နေပါသည်။

ဤဝတ္ထုတွင် တက္ကသိုလ်မှ ဆင်းခါစ ဥပဒေဘွဲ့ရ အမျိုးသမီး ရှေ့နေမလေး တစ်ဦးကို မဏ္ဍိုင် ထားပြီး မာဖီးယား ဒုစရိုက်ဂိုဏ်း ခေါင်းဆောင် တစ်ဦးနှင့် သမ္မတလောင်း အထက် လွှတ်တော် အမတ်



mgyoe.com

mgyoe.com
SAMPLE BOOK

တစ်ဦးတို့၏ ဇာတ်လမ်းကို ဥပဒေ ဗဟုသုတ၊ တရားခွင် ဗဟုသုတ များဖြင့် (လက်က မချနိုင်အောင်) ရသ မြောက်စွာ ရက်ခြယ် ရေးဖွဲ့ ထားပါသည်။

ယင်း ဇာတ်ဆောင် သုံးဦးတို့၏ တြိဂံ အချစ်ရေးနှင့် ဘဝရေး ပြဿနာများကို တရားဥပဒေ လောက၊ နိုင်ငံရေး လောက၊ စီးပွားရေး လောက၊ ဒုစရိုက်ဂိုဏ်း လောက ဖြစ်ရပ်စုံတို့ဖြင့် 'ဘဝ ရုပ်ပုံလွှာ' ပီပြင်အောင် စာရေးဆရာကြီး ရှယ်လဒန်က 'လက်ကုန်' အစွမ်းပြ ထားသည်ကို ဖတ်ရသည်မှာ ကြည်နူးဖွယ်၊ လွမ်းမောဖွယ်၊ ကြေကွဲ ဖွယ်၊ အားတက်ဖွယ် ရသစုံ တသိမ့်သိမ့် ခံစားရပါသည်။

ဘဝကို ပီပြင် ပြောင်မြောက်စွာ သရုပ်ဖော် ခြယ်မှုန်းထားသော ရသ စာပေ ဝတ္ထုကောင်းများ၌ မိန်းမော မျှောပါတတ်သူ စာဖတ် ပရိသတ် များ အနေဖြင့် ဝတ္ထု ဆုံးသွားမည်ကို ရင်တဖိုဖိုဖြင့် စိုးရိမ်ရသည် အထိ ခံစားကြရပါလိမ့်မည်။

မူရင်း စာရေးဆရာက ယင်း ရသကို စာလုံးသေး ၁၀ ပွိုင့် ပုံနှိပ် စာမျက်နှာ ၅၀၄ မျက်နှာဖြင့် အပြည့်အဝ ပေးထားသည်ကို မိမိတို့က လည်း တစ်လုံး တစ်ပါဒမျှ မဖြတ်မတောက် မခြွင်းမချန်ဘဲ အပြည့် အဝပင် ပြန်ဆို ထုတ်ဝေလိုက်ပါသည်။

အကယ်၍ ဤဘာသာပြန်သည် မူရင်း ဝတ္ထု၏ ရသကို ဆိုးရွား စွာ သယ်ယူ ပေးကမ်းထားသည် ဆိုပါမူ မိမိတို့၏ နုနယ်သေးသော ကြိုးပမ်း အားထုတ်မှုကို အနူးအညွတ် ခွင့်လွှတ်ကြပါရန် 'ကျေးရာ ကျေး ကြောင်း' တောင်းပန်ပါသည်။

စာဖတ် ပရိသတ်၏ အကြံဉာဏ်နှင့်
ချီးကျူး၊ ပြစ်တင်၊ ရှုတ်ချ ဝေဖန်မှုများကို
အထူး မျှော်လင့် စောင့်စားလျက်ပါ။

ဘာသာပြန်သူနှင့် ထုတ်ဝေသူ



mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

၁

နယူးယောက်မြို့။ ၁၉၆၉ ခုနှစ် စက်တင်ဘာလ ၄ ရက်။

မုဆိုးများက သားကောင်အား ထွက်ပေါက် မရှိအောင် လေးဖက်လေးတန် ဝိုင်းထားကြပြီ။

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်က ဆိုလျှင် သည်လို ပွဲမျိုးကို ရောမ မြို့တော်ရှိ ကိုလိုစီယမ် ပွဲရုံကြီးထဲတွင် နိုင်ငံတော် ပျော်ပွဲရွှင်ပွဲကြီး အဖြစ် စည်ကား သိုက်မြိုက်စွာ ကျင်းပကြပေလိမ့်မည်။ ယင်းသို့ ကျင်းပရာတွင် ရက်ပေါင်း များစွာ အစာ ငတ်နေသည့် ခြင်္သေ့ကြီးများက ပွဲခင်း အလယ်မှ သားကောင် အနီးသို့ တစ်လှမ်းချင်း ချဉ်းကပ်သွားပြီး ဝုန်းခနဲ ခုန်အုပ်လျက် တစ်စစီ တစ်ပိုင်းစီ အငမ်းမရ ကိုက်ဖဲ့ စားသောက်ကြသည်ကို ပွဲကြည့် ပရိသတ် အပေါင်းတို့က လက်ခုပ် သြဘာ ပေးကာ နှစ်ထောင်းအားရ ကြည့်ရှု ကြပေလိမ့်မည်။

သို့သော် ယခုပွဲကား ရောမ ခေတ်တွင် ကျင်းပသော ပွဲ မဟုတ်၊ နှစ်ဆယ် ရာစု ခေတ်တွင် ကျင်းပသော ပွဲသာ ဖြစ်သည်။ နယူးယောက်မြို့ မင်ဟက်တန် နယ်မြေရှိ ရာဇဝတ် မှုခင်း တရားရုံးတော်၏ ရုံးခန်း အမှတ် ၁၆ တွင် ကျင်းပ သော ပွဲသာ ဖြစ်၏။

ရောမ ခေတ်က လူသားများအား အရှင်လတ်လတ် ခြင်္သေ့စာ ကျွေးပွဲတွင် စာရေးတော်ကြီး ဆွီတိုးနီးယပ်က အသေးစိတ် မှတ်တမ်း တင်ခဲ့ရ၏။ ယခု ပွဲ တွင်မူ တရားရုံး လက်ရေးတို စာရေးကသာ မှတ်တမ်း တင်ရသည်။ ရောမ ခေတ်က ပွဲတော်တွင် ဘုရင် ဧကရာဇ်နှင့် တကွ တိုင်းသူပြည်သား အပေါင်း တို့ပါ သောင်းသောင်းဖြဖြ တက်ရောက် အားပေးခဲ့ကြ၏။ ယခု ပွဲတွင်ကား သတင်းစာတိုက် ပေါင်းစုံမှ သတင်းထောက်များနှင့် ဤလူသတ်မှုကို စိတ်ဝင် စားနေသော လုပ်သားပြည်သူများသာ လာရောက်ကြသည်။ သူတို့သည် တရား

mgyoe.com

mgyoe.com SAMPLE BOOK
ရုံးတွင် ထိုင်ခုံ တစ်နေရာ ရဖို့ အတွက် မနက် ခုနစ် နာရီ ကတည်းကပင် လာရောက်ပြီး တန်းစီနေကြရသည်။

ယနေ့ ပွဲ၌ 'သားကောင်' ဖြစ်သူ မိုက်ကယ် မိုရက်တီသည် တရားခံ စားပွဲတွင် တည်ငြိမ်စွာ ထိုင်လျက် ရှိသည်။ သူသည် အသက် သုံးဆယ် ပတ် ဝန်းကျင်ခန့် ရှိပြီး ရုပ်ရည် ချောမောသော လူရွယ် တစ်ဦး ဖြစ်သည်။ အရပ် ရှည်ရှည်နှင့် ကိုယ်လုံးကိုယ်ဖန် ခွဲ့ခွဲ့နှောင်းနှောင်း ရှိသော်လည်း မျက်နှာ အမူအရာမှာ နဖူးကြော တင်းတင်းနှင့် ခက်တရော် မာကျောဟန် ရှိသည်။ မေးရိုး ကားပြီး မျက်ဝန်း နက်သည်။ နက်မှောင်နေသော ဆံပင်ကို စတိုင် ကျကျ ဖြီးထားသည်။ ကုတ်အင်္ကျီနှင့် ဘောင်းဘီက အထူးချုပ် ခိုပြာရောင် အကောင်းစား။ ရှပ်အင်္ကျီက အပြာနု၊ လည်စည်းက အပြာရင့်။ ရှူးဖိနပ်က အော်ဒါချုပ် အသစ်စက်စက် ပြောင်လက်နေသည်။ သူသည် တရားခွင်ကို တစ် ချက် တစ်ချက် မျက်လုံးကစား ကြည့်တတ်သည်မှ တစ်ပါး စားပွဲတွင် မလှုပ် မယှက် ငြိမ်သက်စွာ ထိုင်လျက် ရှိသည်။

သူ့ကို တိုက်ခိုက်မည့် 'ခြင်္သေ့ကြီး' ကား ရှေ့နေ ဒီဆီးလဗား။ နယူး ယောက် မြို့နယ် ဆိုင်ရာ ခရိုင် အစိုးရ ရှေ့နေကြီး။ အလွန် စိတ်ထန်သည့် ပုဂ္ဂိုလ်။

မိုက်ကယ် မိုရက်တီက အေးဆေး တည်ငြိမ်သလောက် ရှေ့နေ ဒီဆီး လဗားက ဂနာမငြိမ် ယောက်ယက်ခတ်နေ၏။ သူ့အမူအရာမှာ ရုံးချိန်း နောက် ကျနေသော တရားခံလို မျက်ကလူးဆန်ပျာ ဖြစ်လျက် ရှိသည်။ သူ့ကို ကြည့် ရသည်မှာ မမြင်ရသော တစ်ဖက်လူနှင့် ထိုးသတ်နေသော လက်ဝှေ့သမားလို ဖြစ်နေသည်။ လက်လည်း မငြိမ်၊ ခေါင်းလည်း မငြိမ်၊ တစ်ကိုယ်လုံး မငြိမ်။

သူက ဂင်တိုတိုနှင့် တုတ်ခိုင် ထွားကျိုင်းသည်။ အဖြူရောင်သန်းစ ပြုနေ ပြီ ဖြစ်သော ဆံပင်ကို ကရုကက်ပုံ တိုတို ညှပ်ထားသည်။ ငယ်ငယ်တုန်းက လက်ဝှေ့ ထိုးဖူးသည်။ နှာခေါင်းနှင့် မျက်နှာတွင် ယခုတိုင် ဒဏ်ရာဒဏ်ချက် တွေ ရှိနေသေးသည်။ တစ်ကြိမ်က ဆိုလျှင် ပြိုင်ဘက် လက်ဝှေ့သမား တစ် ယောက်ကို ကြိုးဝိုင်းထဲတွင် အလဲ ထိုးပြီး အသေ သတ်ခဲ့ဖူးသည်။ သို့သော် သူက လုံး၀ နောင်တ မရ။ လုံး၀ မသနား။ နောက်တော့မှသာ မေတ္တာ တရား ဆိုတာကို တဖြည်းဖြည်း နားလည်လာခဲ့သည်။ ရှေ့နေ ဒီဆီးလဗားသည် ကြီးပွား တိုးတက်လိုစိတ် အလွန် ပြင်းပြသူ ဖြစ်သည်။ သူသည် ယခု အဆင့်အတန်း ရောက်အောင် အခက်အခဲ အတိုက်အခိုက် မျိုးစုံကို ကျော်လွှား


mgyoe.com

mgyoe.com SAMPLE BOOK

လာခဲ့ရသည်။ အမှန်က သူသည် ကိုယ့်ထူးကိုယ်ချွန်သမား။ မိမိ ကြီးပွားရေး အတွက် တစ်ပါးသူကို လာဘ်လည်း မထိုး၊ တစ်ပါးသူ၏ အကူအညီလည်း မယူ။ သူသည် ပြည်သူ့ အကျိုးဆောင် အစိုးရ ရှေ့နေ တစ်ယောက် အဖြစ် အပြင်ပန်းအားဖြင့် တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်းနှင့် သိက္ခာရှိရှိ နေသော် လည်း အတွင်းစိတ်ကတော့ တကယ့် တိုက်ခိုက်ရေးသမား လူကြမ်းကြီး တစ် ယောက် ဖြစ်သည်။ ရန်သူအား ဘယ်တော့မှ ခွင့်လွှတ်တတ်သူ မဟုတ်။

သာမန် အခြေအနေ အရ ဆိုလျှင် ခရိုင် အစိုးရ ရှေ့နေကြီး ရောဘတ် ဒီဆီးလဗားသည် ယနေ့ တရားခွင်သို့ လုံးဝ လာရောက်စရာ မလို။ သူ့မှာ လက်ထောက် အမှုထမ်းတွေ တစ်ပုံကြီး ရှိသည်။ ယနေ့ စစ်ဆေးမည့် အမှုမျိုး ကို သူ့လက်ထောက် ဝါရင့် ရှေ့နေ တစ်ယောက်က ကောင်းကောင်း ကိုင်နိုင် သည်။ သို့သော် သူက ယခု မိုရက်တီ အမှုကို သူ့လက်ထောက်များအား လုံးဝ မကိုင်စေဘဲ သူကိုယ်တိုင် ကိုင်မည်ဟု အစ ကတည်းကပင် ကြုံးဝါးထား ခဲ့သည်။

မိုက်ကယ် မိုရက်တီ အမှုမှာ သတင်းစာများတွင် မျက်နှာဖုံး သတင်းကြီး တစ်ပုဒ် ဖြစ်ခဲ့သည်။ သည်အမှုကို လူတိုင်းပင် စိတ်ဝင်စားသည်။

မိုရက်တီက အန်တိုနီယို ဂရာနယ်လီ၏ သားသမက်။ အန်တိုနီယို ဂရာ နယ်လီ ဆိုလျှင် မသိသူ မရှိ။ သူသည် အရှေ့ပိုင်း မာဖီးယား ဂိုဏ်းကြီး ငါး ဂိုဏ်း အနက် အကြီးဆုံး ဂိုဏ်းကြီး တစ်ခု၏ ဦးစီး ခေါင်းဆောင် ဖြစ်သည်။ ယခု သူက အသက်အရွယ် ကြီးလာပြီ။ ထို့ကြောင့် သူ့နေရာတွင် သူ၏ သား သမက် ဖြစ်သူ မိုက်ကယ် မိုရက်တီက တဖြည်းဖြည်း ဝင်ရောက် တာဝန် ယူလာပြီဟု သတင်း ထွက်နေသည်။

မိုရက်တီသည် ရာဇဝတ် မှုခင်းပေါင်း များစွာတွင် ပါဝင် ပတ်သက် နေသည်။ အကြမ်းဖက် နှိပ်စက်မှုမှ အစ လူသတ်မှု အဆုံး။ သို့သော် ဘယ် အစိုးရ ရှေ့နေကမှ သက်သေသက်ကန် ထင်ထင်ရှားရှား ဖော်ထုတ် မပြနိုင် ကြ။ ယင်းသို့ မဖော်ထုတ်နိုင်သည်မှာလည်း တကယ်တော့ အဆန်း မဟုတ်။ မိုရက်တီနှင့် သူ့တပည့်တွေ၏ လုပ်ရပ်ကလည်း စံတင်ရလောက်အောင်ကို ပိရိ သေသပ်လှသည် မဟုတ်လား။

ထို့ကြောင့်လည်း အစိုးရ ရှေ့နေကြီး ဒီဆီးလဗား အနေဖြင့် မိုရက်တီကို ရုံးတင် တရားစွဲနိုင်ရေး အတွက် သက်သေ အထောက်အထား ခိုင်ခိုင်လုံလုံ ရရှိရန် သုံးနှစ်လုံးလုံး မနားမနေ ကြိုးစား ရှာဖွေခဲ့ရခြင်း ဖြစ်သည်။ နောက်

mgyoe.com

mgyoe.com SAMPLE BOOK

ဆုံးတော့ ဒီဆီးလဗားသည် သူ ရှာဖွေနေသော အရာကို ကံအားလျော်စွာ ရရှိနိုင်ခဲ့သည်။

မိုရက်တီ၏ လက်ရုံး တပည့် တစ်ယောက် ဖြစ်သူ ကာမီလို စတီလာအား ဓားပြတိုက်ရင်း ကျူးလွန်သော လူသတ်မှုဖြင့် ဖမ်းဆီးလိုက်သည်။ စတီလာက သူ့အသက် ချမ်းသာရာ ရရေး အတွက် ဖြောင့်ချက် ပေးသည်။ ဤတွင် အစိုးရ ရှေ့နေကြီး ဒီဆီးလဗားမှာ ဝမ်းသာလုံး ဆို့မတတ် ဖြစ်သွားသည်။ နာမည် ကြီးလှသော တရားဥပဒေ မျက်ခုံးတွင် စကြဲ လျှောက်ကာ ရာဇဝတ်မှု မျိုးစုံ ကျူးလွန်နေသော မာဖီးယား ဂိုဏ်းကြီး တစ်ခုကို မကြာမီတွင် တိုင်းသိပြည်သိ ဖော်ထုတ်နိုင်တော့မည်။ ဂိုဏ်း ခေါင်းဆောင် မိုက်ကယ် မိုရက်တီကိုလည်း လျှပ်စစ် ကုလားထိုင်တွင် ထိုင်ခိုင်းပြီး လူမိုက်တို့ သွားရာ လမ်းသို့ မလွဲမသွေ ပို့နိုင်ပေတော့မည်။ မိမိလည်း နယူးယောက် ပြည်နယ် အုပ်ချုပ်ရေးမှူး ဖြစ်လာပြီး အော်လဘာနီ မြို့တွင် ရုံးထိုင်ရတော့မည်။ အဲဒီကမှ တစ်ဆင့် အိမ်ဖြူတော်သို့ အရောက် လှမ်းမည်။

ရှေးရှေးက နှောင်တော့် နှောင်တော် နယူးယောက် ပြည်နယ် အုပ်ချုပ်ရေးမှူးတွေလည်း သည်လမ်းစဉ် အတိုင်းပင် သမ္မတ ရာထူးသို့ တက်လှမ်းသွားခဲ့ကြသည် မဟုတ်လား။

နမူနာ ပြရလျှင် မာတင် ဗန်ဘူရင်၊ ဂရိုဗာ ကလီဗဲလင့်၊ တက်ဒီ ရုစဗဲ့နှင့် ဖရန်ကလင် ရုစဗဲ့ စသည့် ပုဂ္ဂိုလ်များ။

နောက်တစ်ကြိမ် ဆိုလျှင် မိမိ အလှည့်ပဲ ရှိတော့သည်။

အချိန်ကလည်း အချိန်ကောင်း၊ တိုင်းရက်သည့် ပက္ကလာ မိုးရွာတာနှင့် အဆင်သင့် ဆိုသလို ဖြစ်နေသည်။ နိုင်ငံလုံး ဆိုင်ရာ ပြည်နယ် အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲကလည်း နောက်နှစ် ဆိုလျှင် ပြန်လည် ကျင်းပတော့မည်။

သည်ကြားထဲ အခြေအနေတွေကလည်း တစ်ခုပြီး တစ်ခု ပေးနေသည်။ မကြာသေးမီကပင် ဩဇာ တိက္ကမ ရှိသော သူ့ဆရာ ပြည်နယ် နိုင်ငံရေးသမားကြီး တစ်ဦးက ပြောခဲ့သေးသည်။

'ဒီမှာ ဘော်ဘီ၊ ငါ ပြောတာ စွဲစွဲမြဲမြဲ မှတ်ထားပါ၊ ဒီအမှုမှာ နာမည်ကောင်း ရအောင် အစွမ်းကုန် ကြိုးစား၊ ပြီးတော့ ပြည်နယ် အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲ ဝင်ပြီး အရွေးခံ၊ မောင်ရင် အရွေးခံရမှာ ကျိန်းသေပဲ၊ အရေးကြီးတာက မိုရက်တီကို မလွတ်နိုင်အောင် အမိဖမ်းဖို့ပဲ၊ အဲဒါ ဆိုရင် မောင်ရင့်ကို တို့က ပြည်နယ် အုပ်ချုပ်ရေးမှူးလောင်း အနေနှင့် ရွေးချယ်မယ်'


mgyoe.com

mgyoe.com
SAMPLE BOOK

သို့ဖြင့် ရောဘတ် ဒီဆီးလဗားက ရသမျှ အခွင့်အရေး မလွတ်တမ်း ယူသည်။ မိုက်ကယ် မိုရက်တီ အမှုနှင့် ပတ်သက်၍ ကြီးစွာသော လုံ့လဥဿာဟဖြင့် မအိပ်မနေ ကြိုတင် ပြင်ဆင်ထားခဲ့သည်။ သူ့လက်ထောက် ရှေ့နေများအား သက်သေ အထောက်အထားများကို ရနိုင်သမျှ စုစည်းထားရန် ညွှန်ကြားသည်။ အဆက်အစပ် ပြတ်နေသော အချက်များကို သေသေချာချာ ဆက်စပ်ထားရန် ညွှန်ကြားသည်။ မိုရက်တီ၏ အကျိုးဆောင် ရှေ့နေ အနေဖြင့် ကုတ်ကုတ်ကတ်ကတ် ရှန်းထွက်သွားနိုင်မည့် ဥပဒေ ဆိုင်ရာ ထွက်ပေါက် အားလုံးကို စေ့စေ့စပ်စပ် ပိတ်ဆို့ထားရန် ညွှန်ကြားသည်။ နောက်ဆုံး ဥပဒေ အကြောင်း အရရော လူမှုရေး အရရော မိုရက်တီအား လုံး၀ ထွက်ပေါက် မပေးနိုင်အောင် ရပြီးသမျှ အချက်အလက် အထောက်အထားများကို သတိကြီးစွာဖြင့် အသင့် ပြင်ထားရန် ညွှန်ကြားထားသည်။

သည်မျှ သတိကြီးစွာဖြင့် ဆောင်ရွက်နေရလို့လည်း ဂျူရီ လူကြီး ရွေးရာတွင်ပင် ရက်သတ္တ နှစ်ပတ်တိတိ ကြာသည်။ မမှန်မကန် စစ်ဆေး ဆုံးဖြတ်ခြင်းမျိုး မရှိနိုင်အောင် ဆိုကာ အရန် ဂျူရီ လူကြီး ခြောက်ယောက် ရွေးချယ်ရန်ကိုလည်း သူကပင် အဆိုပြုခဲ့သည်။ အစဉ်အလာအားဖြင့် ဆိုလျှင် ယခုလို မာဖီးယား ဂိုဏ်းသားများနှင့် ပတ်သက်သော မှုခင်းများကို စစ်ဆေး၍ စီရင်ချက် ချပြီးနောက်တွင် ဂျူရီ လူကြီးများမှာ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားတတ်ကြသည်။ တချို့လည်း ကိုယ်လက် အင်္ဂါ ပျက်ယွင်းသည် အထိ လုပ်ကြံ ခံကြရသည်။ သည်အန္တရာယ်ကို ကြိုတင် ပြင်ထားသောကြောင့် ခရိုင်ရှေ့နေကြီး ဒီဆီးလဗားက ယခု တရား စစ်ဆေးမည့် ဂျူရီ လူကြီးများအား လုံခြုံရေး အစောင့်အရှောက်များ တင်းတင်းကျပ်ကျပ်ဖြင့် အထူးတလည် စီစဉ်ထားခဲ့သည်။

ယခု မိုက်ကယ် မိုရက်တီ၏ အမှုတွင် အဓိက ပုဂ္ဂိုလ်မှာ ကာမီလို စတီလာ ဆိုသူ ဖြစ်သည်။ ထို့ကြောင့်လည်း သူ့ကို ဒီဆီးလဗားက အထူး အစီအစဉ်ဖြင့် အစောင့်အရှောက် ထူထူထပ်ထပ်ဖြင့် ပိုးမွေးသလို မွေးထားရသည်။ တစ်ခါက အလားတူ အမှု တစ်ခုတွင် အစိုးရ သက်သေ တစ်ဦး ဖြစ်သူ အဘီရိုလီ ဆိုသူသည် ကော်နီ ကျွန်းရှိ လခြမ်း ဟိုတယ် ခြောက်ထပ်တွင် လုံခြုံရေး ရဲသား ခြောက်ယောက်ဖြင့် စောင့်ကြပ်ထားသည့်ကြားက ပြတင်းပေါက်မှ ခုန်ချပြီး


mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ့်ကိုယ်ကိုယ် အဆုံး စီရင်သွားခဲ့ဖူးသည်။ သည်ဖြစ်ရပ်ကို ဒီဆီးလဗားက ကောင်းကောင်း မှတ်မိသည်။ ထို့ကြောင့်လည်း ယခု ကာမီလို စတီလာအား စောင့်ရှောက်ရန် လုံခြုံရေး တပ်ဖွဲ့ဝင်များကို သူကိုယ်တိုင် ဂရုတစိုက် ရွေးချယ်ခဲ့သည်။ အမှု မစစ်မီ ရက်များတွင် ကာမီလို စတီလာအား လူမသိအောင် တစ်ည တစ်နေရာစီ ပြောင်းထားခဲ့သည်။

ယနေ့ အမှု စစ်မည့် နေ့တွင်လည်း စတီလာအား သီးသန့်ခန်းထဲတွင် လုံလုံခြုံခြုံ ထားပြီး လက်နက်ကိုင် ရဲသား လေးယောက်ကို အစောင့် ချထားသည်။ သူ့အနီးသို့ ဘယ်သူမှ မကပ်ရ။ ယင်းသို့ ကပ်ခွင့်ပြုလျှင် တစ်စုံ တစ်ယောက်က သူ့ကို တစ်နည်းတစ်ဖုံ ဖြားယောင်း သိမ်းသွင်းသွားနိုင်သည်။ ယင်းသို့ ဆိုလျှင် သူ၏ မူလ ခံယူချက်သည် လုံးဝ ပြောင်းလဲသွားနိုင်သည်။

လောလောဆယ်တွင်မူ စတီလာ အနေဖြင့် ခရိုင် ရှေ့နေကြီး ဒီဆီးလဗား ဘက်မှ ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်လျက် ရှိသည်။ မိုက်ကယ် မိုရက်တီ၏ တန်ပြန် ကလဲ့စား အန္တရာယ်ကို ရှေ့နေကြီးက လုံးဝ အကာအကွယ် ပေးနိုင်လိမ့်မည်ဟု သူက ယုံကြည်ထားသည်။

ယနေ့သည် အမှု စတင် စစ်ဆေးသည့် နေ့မှ ငါးရက်မြောက်နေ့။ အချိန်က နံနက်ပိုင်း။

ဂျင်နီဖာ ပါကာ အဖို့တော့ တရားခွင်သို့ ပထမဆုံး အကြိမ် ရောက်ဖူးသောနေ့ ဖြစ်သည်။ သူမသည် အခြား အစိုးရ လက်ထောက် ရှေ့နေ လေးယောက်နှင့် အတူ စားပွဲတွင် ထိုင်လျက် ရှိသည်။ ယင်း အစိုးရ ရှေ့နေ လေးယောက်မှာ ယနေ့ နံနက်တွင် သူမနှင့် အတူ ကျမ်းသစ္စာ ကျိန်ဆိုကြသော လူငယ် ရှေ့နေကလေးများ ဖြစ်သည်။

ဂျင်နီဖာ ပါကာသည် အရပ် သွယ်သွယ်နှင့် ရုပ်ရည် ချောမောသော အမျိုးသမီး ရှေ့နေမကလေး ဖြစ်သည်။ အသက်က ၂၄ နှစ်သာ ရှိသေးသည်။ သူမ၏ ဆံပင်က ပိတုန်းရောင် တောက်နေသည်။ အသားက ဖြူရော်ရော်၊ မျက်နှာက တက်ကြွနေသည်။ အသိဉာဏ် ရှိသည့် မျက်နှာမျိုး။ မျက်လုံးတွေက အစိမ်းရောင်။ တစ်စုံတစ်ရာကို လေးလေးနက်နက် တွေးတတ်သည့် မျက်လုံးမျိုး။ ခြုံပြီး ကြည့်လျှင် သူမ၏ မျက်နှာကို လှသည်ဟု ဆိုခြင်းထက် ဆွဲဆောင်မှု ရှိသည်ဟု ဆိုခြင်းက ပို၍ မှန်မည်။ သူမ၏ မျက်နှာတွင် အားမာန် ရှိသည်။

mgyoe.com SAMPLE BOOK
သတ္တိ ရှိသည်။ ခံစားမှု ရှိသည်။ တစ်ခါ မြင်ရလျှင် တစ်သက် မမေ့နိုင်သည့် မျက်နှာမျိုး။

သူမသည် ကိုယ်ကို မတ်မတ်ထားကာ ဣန္ဒြေ အပြည့်ဖြင့် ထိုင်နေသည်။ သူမသည် အတွေး နက်နေပုံ ရသည်။ အတိတ် ကာလမှ မမြင်ရသော အနိဋ္ဌာရုံ ဖြစ်ရပ်များကို စိတ်ကူးထဲမှ အတင်း ဖယ်ထုတ်ပစ်နေပုံရသည်။

ဂျင်နီဖာ ပါကာ၏ တရားခွင် အတွေ့အကြုံ ပထမဆုံး နေ့သည် ချောချောမွေ့မွေ့ အဆင်ပြေပြေ မဖြစ်ခဲ့။

နံနက် ရှစ်နာရီတိတိတွင် ခရိုင် အစိုးရ ရှေ့နေကြီး ရုံးခန်း၌ ကျမ်းသစ္စာ ကျိန်ဆိုရန် စီစဉ်ထားသည်။ သူမသည် ညကတည်းကပင် အဝတ်အစားတွေကို သေသေချာချာ ထုတ်ထားခဲ့သည်။ ခေါင်းလျှော်ဖို့ အချိန် ရအောင် ဆိုပြီး နှိုးစက်ကိုလည်း ခြောက်နာရီတိတိတွင် ချထားခဲ့သည်။

သို့သော် နှိုးစက်က မကျ။ တစ်ခုခု ချွတ်ယွင်းသွားဟန် တူသည်။ သို့ဖြင့် ခုနစ်နာရီခွဲမှ အိပ်ရာက နိုးလာတော့ သူမမှာ မျက်ကလူးဆန်ပျာ ဖြစ်ရတော့သည်။ ကမန်းကတန်း ခြေအိတ် စွပ်၊ ဖိနပ် စီး၊ အဝတ်အစား လဲ၊ ပြီးတော့ အခန်းထဲမှ ကပျာကယာ ထွက်၊ တံခါးကို အလောသုံးဆယ် သော့ခတ်။

သော့ခတ်ပြီးတော့မှ အခန်းထဲတွင် သော့တွဲ မေ့ကျန်ခဲ့သည်ကို သတိရ လာမိတော့သည်။ သို့သော် မတတ်နိုင်တော့။ အချိန်က သိပ် နောက်ကျနေပြီ။

လမ်းပေါ် ရောက်တော့ တရားရုံးသို့ ဘတ်စ်ကားဖြင့် သွားရန် စိတ်ကူး ကြည့်သည်။ မဖြစ် မဖြစ် လုံးဝ မဖြစ်။

သူမ အနေဖြင့် အခြေအနေ အရ မတတ်နိုင်သော်လည်း အခြေအနေ အရပင် မတတ်သာ၍ အငှားကား စီးရတော့သည်။ အငှားကားဆရာက တစ်လမ်းလုံး ကမ္ဘာကြီး ပျက်တော့မည့် အကြောင်း အာဘောင်အာရင်း သန်သန်ဖြင့် ကရားရေလွှတ် ပြောလာသဖြင့် လုံးဝ စိတ်မပါဘဲနှင့် နားထောင်နေရသည်မှာ သူမ အတွက် မသက်သာလှ။

လီယိုနတ်လမ်း၊ အမှတ် ၁၅၅ ရှိ တရားရုံး အဆောက်အအုံရှေ့ ရောက်တော့ ၁၅ မိနစ်ပင် နောက်ကျနေပြီ။

ခရိုင် အစိုးရ ရှေ့နေကြီး ရုံးခန်းထဲတွင် ရှေ့နေ ၂၅ ယောက် ရောက်နေကြသည်။ အများစုမှာ ပူပူနွေးနွေး ဥပဒေ ကျောင်းဆင်း လူငယ်များ ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ကို ကြည့်ရသည်မှာ ဖျတ်လတ် မြူးကြွနေကြသည်။ စိတ်အား ထက်သန်နေကြသည်။ သူတို့သည် နယူးယောက် မြို့နယ် ခရိုင် အစိုးရ ရှေ့နေကြီးရုံးတွင် လက်တွေ့ လေ့လာ ဆည်းပူးရန် ရောက်လာကြသော အလုပ်သင် ရှေ့နေလောင်းကလေးများ ဖြစ်ကြသည်။

ခရိုင် အစိုးရ ရှေ့နေကြီး၏ ရုံးခန်းက တော်တော် ခမ်းနားသည်။ အဆင်အပြင် အမွှမ်းအမံတွေ အားလုံး ခေတ်မီ သပ်ရပ်သည်။ စားပွဲကြီး တစ်လုံး၊ ရိုးရိုး ကုလားထိုင် သုံးလုံး၊ သက်သက်သာသာ လှဲနေနိုင်သော ဆိုဖာ ကုလားထိုင်ကြီး တစ်လုံး။ ပြီးတော့ အစည်းအဝေး စားပွဲကြီး တစ်လုံးနှင့် ပတ်ပတ်လည်တွင် ကုလားထိုင်တွေ အပြည့်။ နံရံကပ် ဗီရိုများတွင် ဥပဒေ စာအုပ်တွေ အစီအရီ။

အခန်း နံရံပေါ်တွင် အက်ဖ်ဘီအိုင် ထောက်လှမ်းရေး အဖွဲ့ ညွှန်ကြားရေးမှူးဂျေ အက်ဂါ ဟူးဗား၊ နယူးယောက် မြို့တော်ဝန် ဂျွန် လင်းဆေး၊ သမ္မတ ရစ်ချတ် နစ်ဆင်နှင့် ကမ္ဘာ့ လက်ဝှေ့ ချန်ပီယံ ဂျက် ဒမ်ပဆေးတို့၏ မှန်ပေါင်သွင်း ဓာတ်ပုံကြီးများကို ချိတ်ဆွဲထားသည်။

ဂျင်နီဖာ ပါကာသည် တောင်းပန် တိုးလျှိုးသည့် မျက်နှာသေကလေးဖြင့် ရုံးခန်းထဲသို့ အသော့ကလေး ဝင်လာခဲ့သည်။ ထိုအချိန်တွင် ခရိုင် အစိုးရ ရှေ့နေကြီး ဒီဆီးလဗားက မိန့်ခွန်း ပြောရင်း တန်းလန်း ဖြစ်သည်။

သူက ဂျင်နီဖာကို မြင်တော့ စကားပြော ရပ်လိုက်သည်။

'ဒါက ဘာသဘောလဲ၊ တရားရုံးကို လက်ဖက်ရည် သောက်ပွဲများ အောက်မေ့နေလို့လား'

'ကျွန်မ ကျွန်မ အများကြီး ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မ'

'မင်း ဝမ်းနည်းတာ ကျုပ် အလုပ် မဟုတ်ဘူး၊ နောက် တစ်ကြိမ် ဒီလို မဖြစ်စေနှင့်၊ ဒါပဲ'

တခြား ပုဂ္ဂိုလ်တွေက ဂျင်နီဖာကို လှမ်းကြည့်ကြသည်။ သူတို့ မျက်နှာပေါ်တွင်တော့ ဂျင်နီဖာအား သနားမိသည့် အရိပ်အယောင်တွေနှင့်။ ဒီဆီးလဗားက ပရိသတ်ဘက် မျက်နှာ ပြန်လှည့်ပြီး ဒေါသံပါပါဖြင့် ဆက်ပြောသည်။

'မောင်ရင်တို့ အခု ဒီနေရာကို ဘာလုပ်ဖို့ ရောက်လာကြတယ် ဆိုတာ ကျုပ် သိတယ်၊ မောင်ရင်တို့က ကျုပ် ဦးနှောက်ကို ညှစ်ယူပြီး တရားရုံး ပရိယာယ်တွေကို လေ့လာဖို့ ရောက်လာကြတယ်၊ အချိန်တန်တော့ ဟိတ်တစ်လုံး ဟန်တစ်လုံးနှင့် ရှေ့နေကြီးတွေ ဖြစ်လာကြမယ်၊ ဒါပေမဲ့ မောင်ရင်တို့



mgyoe.com

mgyoe.com
SAMPLE BOOK

အထဲက ဟုတ်ပါတယ်၊ မောင်ရင်တို့ အထဲက တစ်ယောက်ယောက်ကတော့ တစ်နေ့ ကျုပ်နေရာ ရောက်မှာ သေချာပါတယ်' သူက လက်ထောက်ဘက်သို့ ခေါင်းညိတ်ပြလိုက်ရင်း 'ကဲ သူတို့ ကျမ်းသစ္စာ ကျိန်ဆိုဖို့ လုပ်'

အားလုံး မတ်တတ် ရပ်၍ ကျမ်းသစ္စာ ကျိန်ဆိုကြသည်။ သူတို့ အသံက အောင်မြင်စွာဖြင့် တစ်ခန်းလုံး ဟိန်းသွားသည်။

ကျမ်းသစ္စာ ကျိန်ဆိုပြီးတော့ ဒီဆီးလဗားက ဆက်ပြောပြန်သည်။

'ကောင်းပြီ၊ အခု အချိန်က စပြီး မောင်ရင်တို့ အားလုံး ကျမ်းသစ္စာ ကျိန်ဆိုပြီးတဲ့ တရားရုံး ရှေ့နေတွေ ဖြစ်သွားပြီ၊ ကျုပ်တို့ကို ဘုရားသခင် စောင့်ရှောက်ပါစေ၊ ဒီရုံးခန်းဟာ မောင်ရင်တို့ အတွက် လုပ်ငန်းခွင် ဖြစ်တယ်၊ ဒါပေမဲ့ သိပ်ပြီးတော့ မျှော်လင့်ချက်ကြီးတွေ ထားမနေကြနှင့်ဦး၊ ကိုယ့်ကိုယ်ကိုယ် သိပ်ပြီး အထင် ကြီးမနေကြနှင့်ဦး၊ မောင်ရင်တို့ဟာ ဥပဒေဆိုင်ရာ သုတေသန လုပ်ငန်းတွေ၊ ဆင့်ခေါ်စာ သမ္မန်စာ ဝရမ်းစာ စတဲ့ စာကြမ်းတွေ ကြားထဲမှာ ကုန်းရုန်းပြီး လုပ်ကြရဦးမယ်၊ လေ့လာကြရဦးမယ်၊ ဒီစာတွေကို ဘယ်လို ရေးရတယ် ဆိုတာ မောင်ရင်တို့ကို ဥပဒေ ကျောင်းက သင်ပေးလိုက်ပြီးပြီ၊ အဲဒါတွေကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ပြီးတော့မှ နောက် တစ်နှစ် ဒါမှမဟုတ် နှစ်နှစ် ကြာတဲ့ အခါကျမှ တရားခွင်ကို လက်တွေ့ ဝင်ရောက်ပြီး အမှုလိုက်ကြရမှာ ဖြစ်တယ်'

သူက ခေတ္တ ရပ်ပြီး ဆေးပြင်းလိပ်တိုကလေးကို မီးညှိလိုက်သည်။

'ဒီနေ့ ကျုပ် အမှု တစ်ခုကို အစိုးရ ကိုယ်စား တရား စွဲဆို တင်ပြရမယ်၊ ဒီအကြောင်းကို မောင်ရင်တို့ သတင်းစာထဲမှာ ဖတ်ပြီးကြပြီး ဖြစ်လိမ့်မယ်၊ ဒီတော့ ဒီအမှုမှာ မောင်ရင်တို့ အထဲက ခြောက်ယောက်ကို ကျုပ်ရဲ့ အကူ အလုပ်သင် ရှေ့နေလေးတွေ အဖြစ် သုံးမယ်'

ဂျင်နီဖာက ပထမဦးဆုံး လက်ညှိုး ထောင်ပြလိုက်သည်။ ဒီဆီးလဗားက ခေတ္တ စဉ်းစားနေပြီးတော့မှ ဂျင်နီဖာနှင့် အခြား ငါးယောက်ကို ရွေးလိုက်သည်။

'ကိုင်း အားလုံး တရားရုံး အမှတ် ၁၆ ကို သွားကြ'

သူတို့ အားလုံးအား အခန်းထဲမှ မထွက်ခင် မှတ်ပုံတင် ကတ်ပြားများ ထုတ်ပေးသည်။ ခရိုင် ရှေ့နေကြီးက စကားပြော အပေါက်ဆိုးပေမဲ့ ဂျင်နီဖာ ကတော့ စိတ်မပျက်မိ။ သူက ဒီလိုပဲ မာရမှာပဲ၊ သူ့အလုပ်ကိုက မမာလို့ မဖြစ်တဲ့ အလုပ်ပဲဟု တွေးပြီး ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်မိသည်။ ယခု သူမ အနေဖြင့် သူ့ လက်အောက်မှာ အလုပ် လုပ်ရတော့မည်။ သူမသည် နယူး

mgyoe.com

mgyoe.com SAMPLE BOOK

ယောက် မြို့နယ် ဆိုင်ရာ ခရိုင် ရှေ့နေရုံး၏ အမှုထမ်း တစ်ဦး ဖြစ်သွားပြီ။ ဥပဒေ ကျောင်းက ကျောင်းသုံး စာအုပ်တွေကြားမှာ ခေါင်းမြှုပ်ပြီး တကုပ်ကုပ် စာကျက်ခဲ့ရသည့် ငြီးငွေ့စရာ အချိန်ကာလတွေ ကုန်လွန်သွားခဲ့ပြီ။ ဥပဒေ ပညာ ဆိုတာ ရှေးဆန်သည့် စိတ္တဗေဒ ပညာရပ် တစ်ခုလိုလို သူမ၏ ဆရာတွေက ပြောလိုက်သည်။ သို့သော် သူမကတော့ ယင်းသို့ မထင်၊ လိုက်စား၍ မကုန်နိုင်သည့် ပညာရပ်ဟုသာ ယူဆသည်။ တကယ့် ဥပဒေ ပညာ ဆိုသည်မှာ လူသားတွေ အကြောင်းနှင့် ၄င်းတို့၏ မိုက်မဲမှုများကို လေ့လာသော ပညာရပ် တစ်ခု ဖြစ်သည် ဟူ၍ သူမက ခံယူသည်။

သူမသည် ဥပဒေ ဘွဲ့ကို တစ်တန်းလုံးတွင် ဒုတိယ အဆင့်ဖြင့် အောင်မြင်ခဲ့သည်။ ရှေ့နေဖြစ် စာမေးပွဲကိုလည်း တစ်ကြိမ်တည်းဖြင့် ကျွတ်ကျွတ်လွတ်လွတ် အောင်မြင်ခဲ့သည်။ သူမနှင့် အတူ ဝင်ဖြေကြသူများ အနက် လေးပုံသုံးပုံလောက်မှာ လုံးဝ မအောင်မြင်ခဲ့ကြ။ သူမသည် ခရိုင် ရှေ့နေကြီး ဒီဆီးလဗားကို ကောင်းကောင်း နားလည်သည်ဟု သူမကိုယ်သူမ ထင်မိသည်။ သူ ပေးသော ဘယ်အလုပ်မျိုးကို မဆို နိုင်နိုင်နင်းနင်း လုပ်ကိုင်နိုင်လိမ့်မည်ဟုလည်း သူမကိုယ် သူမ ယုံကြည်သည်။

သူမသည် ပွဲမဝင်ခင် အပြင်က အများကြီး 'ကျင်းပ' ထားခဲ့သည်။ ဥပဒေ စာအုပ်တွေကိုလည်း အများကြီး ဖတ်ရှုလေ့လာခဲ့သည်။ ရှေ့နေ ရှေ့ရပ် တို့၏ အတတ်ပညာ ဆိုင်ရာ စာအုပ်တွေကိုလည်း အများကြီး ဖတ်ရှု လေ့လာခဲ့သည်။

ခရိုင် ရှေ့နေကြီး လက်အောက်တွင် မှုခင်း စစ်ဆေး ဌာန၊ အယူခံ ဌာန၊ အကြမ်းဖက် ငွေညှစ်မှု ဌာနနှင့် လိမ်လည်မှု ဌာန ဟူ၍ ဌာနခွဲ လေးခု ရှိကြောင်း သူမ သိသည်။ သူမအား ရှေ့နေကြီးက ဘယ်ဌာနတွင် တာဝန် ချပေးပါလိမ့်မလဲဟု သူမက တွေးမိသည်။ နယူးယောက် တစ်မြို့လုံးတွင် လက်ထောက် ခရိုင် ရှေ့နေပေါင်း နှစ်ရာကျော် ရှိသည်။ မြို့နယ်ခွဲ ငါးခု ရှိပြီး တစ်ခုစီတွင် ခရိုင် ရှေ့နေကြီး တစ်ဦးစီ ရှိသည်။ ယင်းအနက် အခရာ အကျဆုံးမှာ မင်ဟတ်တန် မြို့နယ်ခွဲ ဖြစ်သည်။ ထို့ကြောင့် ဒီဆီးလဗားမှာလည်း ခရိုင် ရှေ့နေကြီး ငါးဦး အနက် အခရာ အကျဆုံး၊ အရေး အပါဆုံး ပုဂ္ဂိုလ် ဖြစ်သည်။

ဂျင်နီဖာသည် တရားရုံးထဲမှ အစိုးရ အမှုလိုက် ရှေ့နေ၏ စားပွဲတွင် ထိုင်ရင်း ခရိုင် ရှေ့နေကြီး ဒီဆီးလဗားကို အကဲခတ် ကြည့်ရှုနေသည်။ သည်



mgyoe.com

mgyoe.com
SAMPLE BOOK

ပုဂ္ဂိုလ်ကား သာမည ပုဂ္ဂိုလ် မဟုတ်။ သြဇာ အာဏာ ရှိသော၊ တစ်ဖက်သား အား မညှာမတာ ပက်ပက်စက်စက် ပြောတတ်သော ပုဂ္ဂိုလ် ဖြစ်သည်။

ဂျင်နီဖာက တရားခံ မိုက်ကယ် မိုရက်တီဘက်သို့ လှမ်းကြည့်လိုက်ပြန် သည်။ သူမသည် မိုရက်တီ အကြောင်းကို သတင်းစာတွေထဲမှာ အများကြီး ဖတ်ခဲ့ဖူးသည်။ သူမ ဖတ်ခဲ့ရတာတွေနှင့် ယခု သူမ မျက်စိရှေ့တွင် မြင်တွေ့ နေရသော မိုရက်တီမှာ ဘယ်လိုမှ ဆက်စပ်လို့ မရ၊ တခြားစီ ဖြစ်နေသည်။ မိုရက်တီအား လူသတ်သမား တစ်ယောက် အဖြစ် ဘယ်လိုမှ မထင်ရဲအောင် ဖြစ်နေသည်။

သူ့ ကြည့်ရတာ လူသတ်သမား တစ်ယောက်လို့ ဘယ်လိုမှ ထင်စရာ မရှိဘူး၊ တရားခွင် အမှုစစ်ခန်း ရိုက်နေတဲ့ ရုပ်ရှင်မင်းသား တစ်ယောက်လို့ ထင်ကြမှာပဲဟု သူမက တွေးလိုက်မိသည်။

သူသည် နေရာတွင် မလှုပ်မယှက် ထိုင်လျက် ရှိသည်။ သူ့စိတ်ထဲတွင် ဘယ်လို ခံစားနေရမလဲ ဆိုသည်ကို သူ့မျက်လုံးများကို စေ့စေ့စပ်စပ် အကဲ ခတ် ကြည့်ရှုမှသာ ခန့်မှန်း သိရှိနိုင်စရာ ရှိသည်။ သူ့မျက်လုံးများသည် မရပ် မနား ကစားနေကြသည်။ ဘယ် အပေါက်က ထွက်ပြေးရ ကောင်းမလဲဟု အတွင်း ကျိတ်ပြီး ဆင်ကြံ ကြံနေသည့်အလား တရားရုံးခန်း တစ်ခုလုံးကို ထောင့်ကြို ထောင့်ကြား မကျန် မျက်လုံး ကစားလျက် ရှိသည်။

သို့သော် ဘယ်နေရာတွင်မှ ထွက်ပေါက် မမြင်။ ဒီဆီးလဗားက ထွက် ပေါက် မရှိအောင် သတိကြီးစွာဖြင့် ပိတ်ဆို့ထားခဲ့ပြီ မဟုတ်လား။

ကာမီလို စတီလာသည် သက်သေ ခုံပေါ်တွင် ရပ်နေသည်။ စတီလာကို ကြည့် ရသည်မှာ လူနှင့် မတူ၊ မြွေပါ တစ်ကောင်နှင့်သာ တူနေသည်။ မျက်နှာက စုတ်ချွန်းချွန်းနှင့် ရှည်လမျောကြီး။ နှုတ်ခမ်းတွေက ပါးပါးလျားလျား၊ သွား တွေက ဝါကြန့်နေရသည့်အထဲ ရှေ့သို့ ငေါ်ထွက်ပြီး ခေါနေလိုက်သေးသည်။ မျက်ပေါက် ကျဉ်းပြီး ကောက်ကျစ် စဉ်းလဲမည့် ရုပ်မျိုး ပေါ်လွင်နေသည်။ သူ့ ရုပ်ရည်အရသာ ပြောရမည် ဆိုလျှင် ဘယ်နေရာတွင်မှ စိတ်ချ ယုံကြည် ရမည့် လူစားမျိုး မဟုတ်။

ခရိုင် ရှေ့နေကြီး ရောဘတ် ဒီဆီးလဗားက သူ့သက်သေ၏ ချွတ်ယွင်း ချက်များကို သတိပြုမိသည်။ သို့သော် ကိစ္စ မရှိ။ အရေးကြီးသည်မှာ သူ၏


mgyoe.com

mgyoe.com SAMPLE BOOK

ထွက်ဆိုချက်သာ ဖြစ်သည်။ သူ့မှာ ကြားရသူတိုင်း ကျောစိမ့်သွားနိုင်သည့် အကြမ်းဖက် လုပ်ငန်းများနှင့် ပတ်သက်၍ ထွက်ဆိုစရာတွေ တစ်ပုံကြီး ရှိသည်။

ယင်းထွက်ဆိုချက်များသည် အမှုမှန် ပေါ်ပေါက်ရေး အတွက် အထောက်အကူ များစွာ ပေးနိုင်မည် ဖြစ်သည်။

ခရိုင် ရှေ့နေကြီးသည် စတီလာ အနီးသို့ လျှောက်လာသည်။

'မစ္စတာ စတီလာ၊ အမှုမှာ ခင်ဗျား အနေနှင့် အစိုးရ သက်သေ အဖြစ် ဖြောင့်ချက်ပေးဖို့ ပထမတုန်းက ငြင်းခဲ့တယ်၊ နောက်တော့မှ အခု ခင်ဗျားကို စွဲချက် တင်ထားတဲ့ လူသတ်မှုကို မိမိ စိတ်ဆန္ဒ မပါဘဲနှင့် တစ်ပါးသူက စေခိုင်းတာကို ကြောက်လို့သာ ကျူးလွန်ခဲ့မိတယ် ဆိုပြီး လျှောက်လဲဖို့ နိုင်ငံတော်က ခွင့်ပြုခဲ့တဲ့ အတွက်ကြောင့်သာ ခင်ဗျားက အစိုးရ သက်သေ အဖြစ် ဖြောင့်ချက်ပေး ထွက်ဆိုဖို့ သဘော တူခဲ့တယ်၊ ကျုပ် ပြောတာ မှန်ရဲ့လား'

'မှန်ပါတယ် ခင်ဗျား'

စတီလာက ညာလက် တစ်ဖက် အကြော ဆွဲရင်း ပြောလိုက်သည်။

'မစ္စတာ စတီလာ၊ ခင်ဗျားဟာ တရားခံ မိုက်ကယ် မိုရက်တီနှင့် ရင်းနှီးတဲ့ လူတစ်ယောက် ဆိုတာ ဟုတ်သလား'

'ဟုတ်ပါတယ် ခင်ဗျား'

သူက မိုရက်တီဘက်သို့ တစ်ချက်ကလေး စောင်း၍ပင် မကြည့်ဘဲ ပြောလိုက်သည်။

'ခင်ဗျားနှင့် သူနှင့် ရင်းနှီးတာက ဘယ်လို ဆက်သွယ်မှုမျိုးနှင့် ရင်းနှီးတာလဲ'

'ကျွန်တော်က သူ့ဆီမှာ အလုပ် လုပ်ပါတယ်'

'မိုက်ကယ် မိုရက်တီနှင့် သိကျွမ်းတာ ဘယ်လောက် ကြာပြီလဲ'

'ဆယ်နှစ်လောက် ရှိပါပြီ' သူ့အသံက လေသံလောက်သာ ကြားရသည်။

'ကျေးဇူးပြုပြီး နည်းနည်း ကျယ်ကျယ်ကလေး ပြောပါ'

'ဆယ်နှစ်လောက် ရှိပါပြီ' သူ့လည်ပင်း တစ်ချက် အကြော ဆွဲရင်း တွန့်လိမ်သွားသည်။

'ဒီတော့ ခင်ဗျားဟာ တရားခံနှင့် နီးစပ်မှု ရှိတယ်လို့ ထွက်ဆိုမှာလား'

'ဒီမေးခွန်းကို ကန့်ကွက်ပါတယ်၊ ခရိုင် ရှေ့နေကြီးက သက်သေကို ရေလာမြောင်းပေး မေးခွန်းမျိုး မေးနေပါတယ်'

mgyoe.com

mgyoe.com . SAMPLE BOOK

တရားခံ မိုရက်တီ၏ အကျိုးဆောင် ရှေ့နေ သောမတ် ကော်လဖက်က ထိုင်ရာမှ မတ်တတ် ထရပ်၍ ကန့်ကွက်လိုက်ခြင်း ဖြစ်သည်။ ကော်လဖက်မှာ ဆံပင် ဖြူဖြူ အရပ် ရှည်ရှည်နှင့် အသက် ငါးဆယ်ခန့် ရှိပြီ။ သူသည် မိုရက်တီတို့ မာဖီးယား ဂိုဏ်းကြီး၏ ဥပဒေရေးရာ အကြံပေး ပုဂ္ဂိုလ် ဖြစ်သည်။ ရာဇဝတ် မှုခင်း လိုက်ရာတွင် ပရိယာယ် အကြွယ်ဆုံး၊ ဉာဏ်နီ ဉာဏ်နက် အများဆုံး ရှေ့နေများ အနက် တစ်ဦး အပါအဝင်လည်း ဖြစ်သည်။

'ကန့်ကွက်ချက်ကို ရုံးတော်က လက်ခံပါတယ်'

တရားသူကြီး လောရင့် ဝေ့ဒ်မန်းက ပြောလိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော် မေးခွန်းကို ပြင်ပြီး ပြန်မေးပါ့မယ်၊ မစ္စတာ စတီလာ၊ ခင်ဗျား မစ္စတာ မိုရက်တီ အတွက် ဘာလုပ်ပေးရသလဲ'

'ကျွန်တော် လုပ်ပေးရတဲ့ အလုပ်ကတော့ ဖျန်ဖြေရေးသမား အလုပ်မျိုး လို့ပဲ ပြောရမလား'

'စကားကို နည်းနည်း ပိုပြီး ရှင်းအောင် ပြန်ပြောပါ'

'ဟုတ်ကဲ့၊ ဥပမာ ပြဿနာ တစ်ခု ပေါ်လာရင်၊ ပြဿနာ ဆိုတာက တစ်ယောက်ယောက်က တလွဲတချော် လုပ်သွားတာမျိုးပေါ့၊ အဲဒီလို ပြဿနာမျိုး ကြုံလာရင် ပြဿနာ လုပ်တဲ့ လူကို ဖြေရှင်းပေးဖို့ မိုက်က ကျွန်တော့်ကို တာဝန် ပေးပါတယ်'

'ခင်ဗျားက ဘယ်လို ဖြေရှင်းပေးသလဲ'

'အစိုးရ ရှေ့နေကြီး သိပါတယ်၊ အဲဒီ လူကို နောင်ကြဉ်သွားအောင် မှတ်လောက်သားလောက် ဆုံးမလိုက်တာပေါ့'

'ဂျူရီ လူကြီးတွေ သိရအောင် သာဓက တစ်ခုလောက် ပြောပြနိုင်မလား'

ဤတွင် တရားခံ အကျိုးဆောင် သောမတ် ကော်လဖက်က မတ်တတ် ထရပ်လိုက်ပြီး 'ကန့်ကွက်ပါတယ် တရားသူကြီးမင်း ခင်ဗျား၊ ဒီမေးခွန်းက မလိုအပ်တဲ့ မေးခွန်းမျိုးပါ'

'ကန့်ကွက်ချက်ကို ရုံးတော်က လက်မခံပါ၊ သက်သေက ဆက်ပြီး ဖြေပါစေ'

'ဒီလိုပါ ခင်ဗျာ၊ မိုက်က အတိုးကြီး ယူပြီး ငွေချေးစားတယ် မဟုတ်လား၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ဂျင်မီ ဆာရန်နီ ဆိုတဲ့ လူက မိုက်ဆီက ငွေချေးသွားပြီး ပြန်မဆပ်ဘဲ အချိန် ကြာနေပါတယ်၊ အဲဒီတော့ မိုက်က ဂျင်မီ လူမှန်းသူမှန်း သိသွားအောင် သင်ခန်းစာ ပေးဖို့ ကျွန်တော့်ကို ခိုင်းပါတယ်'


mgyoe.com

mgyoe.com SAMPLE BOOK

'ဘယ်လို သင်ခန်းစာမျိုးလဲ'

'ကျွန်တော်က သူ့ ခြေထောက် နှစ်ချောင်းကို ရိုက်ချိုးလိုက်ပါတယ်၊ သူ့ကို အဲဒီလို လုပ်လိုက်တော့ ကျန်တဲ့ လူတွေလည်း မနေရဲတော့ပါဘူး၊ သွေးလန့်ပြီး ချက်ချင်း ငွေလာဆပ်ကြပါတယ်'

စတီလာ၏ စကားကြောင့် ဂျူရီ လူကြီးများပင် ရုတ်တရက် လန့်ပြီး မျက်နှာ ပျက်သွားကြသည်ကို ရောဘတ် ဒီဆီးလဗားက အကဲခတ်လိုက်မိသည်။

'မိုက်ကယ် မိုရက်တီ အနေနှင့် အတိုးကြီးယူ ငွေချေးတဲ့ လုပ်ငန်း အပြင် တခြား ဘာတွေများ လုပ်သေးသလဲ'

'မြတ်စွာဘုရား၊ ဒါတော့ ကျွန်တော် မပြောပါရစေနှင့် ရှေ့နေကြီး ခင်ဗျား၊ ရှေ့နေကြီးပဲ ကိုယ့်ကိုယ်ကိုယ် တွက်ကြည့်ပါတော့'

'ပြောသာ ပြောပါ၊ မစ္စတာ စတီလာ ပြောတာကိုပဲ ကျူပ် ကြားချင်တယ်'

'ဟုတ်ကဲ့ ဟုတ်ကဲ့၊ မိုက်က သမဂ္ဂနှင့်လည်း အပေးအယူ လုပ်ထားတယ်၊ အင်္ကျီချုပ် စက်ရုံလည်း ရှိတယ်၊ ဖဲဝိုင်းလည်း ထောင်တယ်၊ အပြာ တိပ်ခွေတွေလည်း ဖွင့်တယ်၊ အမှိုက်သိမ်း လုပ်ငန်းလည်း လုပ်တယ်၊ အထည် စက်ရုံလည်း ရှိတယ်၊ အဲဒီလို လုပ်ငန်းတွေပါပဲ'

'မစ္စတာ စတီလာ၊ မိုက်ကယ် မိုရက်တီဟာ အက်ဒီ ရာမို့စ်နှင့် အယ် လဘတ် ရာမို့စ် ညီအစ်ကို နှစ်ယောက် သတ်မှုနှင့် အခု တရားခွင်ကို ရောက် နေတာ ဖြစ်တယ်၊ ဒီတော့ အဲဒီ ညီအစ်ကိုကို ခင်ဗျား သိသလား'

'သြော် ဟုတ်ကဲ့၊ ကောင်းကောင်း သိပါတယ် ခင်ဗျား'

'သူတို့ အသတ်ခံရတုန်းက ခင်ဗျားလည်း ရှိနေသလား'

'အား ဟုတ်ကဲ့'

သူ့ တစ်ကိုယ်လုံး ထွန့်ထွန့်လူးပြီး အကြော ဆွဲသွားသည်။

'တကယ် သတ်တဲ့ လူက ဘယ်သူလဲ'

'မိုက်'

သူက မိုက်ကယ် မိုရက်တီကို တစ်ချက် ကြည့်လိုက်ပြီး ကမန်းကတန်း မျက်နှာ လွှဲပစ်လိုက်သည်။

'မိုက်ကယ် မိုရက်တီက သတ်တယ်ပေါ့'

'ဟုတ်ပါတယ်'

'ရာမို့စ် ညီအစ်ကို နှစ်ယောက်ကို သူ ဘာဖြစ်လို့ သတ်ချင်တယ်လို့ မိုက်ကယ် မိုရက်တီက ခင်ဗျားကို ပြောသလဲ'



mgyoe.com

mgyoe.com SAMPLE BOOK

'အက်ဒီနှင့် အယ်လဘတ်တို့က အလောင်းအစား လုပ်ကြတယ်'

'အလောင်းအစား ဆိုတာက မှောင်ခို လောင်းကစား လုပ်ငန်းကို ပြောတာလား'

'ဟုတ်ပါတယ်၊ မိုက်က သူတို့ ညီအစ်ကို လိမ်တာကို သိသွားတော့ သူတို့ကို သင်ခန်းစာ ပေးချင်တယ်၊ ဒါနှင့် သူက စဉ်းစားတာက'

'ကန့်ကွက်ပါတယ်'

'ကန့်ကွက်ချက်ကို ရုံးတော်က လက်မခံပါ၊ သက်သေက ဖြစ်ရပ်မှန်ကို ဆက်ပြီး ပြောပြပါလိမ့်မယ်'

'ဒါနှင့် မိုက်က ကျွန်တော့်ကို ကောင်လေးတွေကို သွားခေါ်ခိုင်းတယ်'

'ကောင်လေးတွေ ဆိုတာက အက်ဒီနှင့် အယ်လဘတ်ကို ပြောတာလား'

'ဟုတ်ပါတယ်၊ ပယ်လီကန်မှာ ပါတီပွဲကလေး လုပ်ချင်တယ်လို့ မိုက်က ပြောပါတယ်၊ ပယ်လီကန် ဆိုတာက ကမ်းခြေက ပုဂ္ဂလိက ကလပ်ကလေး တစ်ခုပါ'

သူ့လက်မောင်း တစ်ဖက် အကြော လိုက်သွားပြန်သည်။ သူက ချက်ချင်း သတိရပြီး အခြား လက်တစ်ဖက်ဖြင့် ဆုပ်ညှစ်ထားလိုက်သည်။

ဂျင်နီဖာက မိုက်ကယ် မိုရက်တီကို လှမ်းကြည့်လိုက်သည်။ မိုရက်တီသည် သူ့နေရာတွင် မလှုပ်မယှက် ထိုင်နေသည်။ သူ့မျက်နှာ အမူအရာက လုံးဝ မပြောင်း။ ဘာ ခံစားချက်မှ မရှိသလို မှင်သေသေဖြင့် ထိုင်နေသည်။

'ဆက်ပြောပါဦး မစ္စတာ စတီလာ၊ နောက်တော့ ဘယ်လို ဖြစ်သလဲ'

'ကျွန်တော်က သူတို့ နှစ်ယောက်ကို ကားနှင့် သွားခေါ်ပြီး ကားရပ်တဲ့ နေရာကို မောင်းဝင်လာပါတယ်၊ အဲဒီမှာ မိုက်က ရပ်ပြီး စောင့်နေတယ်၊ ကောင်လေး နှစ်ယောက် ကားပေါ်က ဆင်းတော့ မိုက်က သေနတ်နှင့် ပစ်တော့တာပဲ'

'သူတို့ နှစ်ယောက် မြေကြီးပေါ် လဲကျသွားတာ ခင်ဗျား မြင်သလား'

'မြင်ပါတယ် ခင်ဗျာ'

'သူတို့ တစ်ခါတည်း သေသွားရောလား'

'တစ်ခါတည်း သေသွားသလို ပုံလျက်သား လဲကျသွားကြပါတယ်'

တရားရုံး ခန်းမထဲတွင် ပရိသတ်များ လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။

ဒီဆီးလဗားက အသံ ငြိမ်သွားသည် အထိ စောင့်နေလိုက်သည်။

'မစ္စတာ စတီလာ၊ တရားခွင်မှာ ထွက်ဆိုချက်ဟာ ကိုယ့်ကိုယ်ကိုယ် ပြစ်ဒဏ် ရောက်စေနိုင်တယ် ဆိုတာ သဘော ပေါက်ရဲ့လား'

mgyoe.com

mgyoe.com SAMPLE BOOK

'ဟုတ်ကဲ့၊ ပေါက်ပါတယ် ခင်ဗျာ'

'ပြီးတော့ ခင်ဗျားဟာ ကျမ်းကျိန်ထားပြီးပြီ ဆိုတာနှင့် လူတစ်ယောက် အသက်ဟာ စက်တိုင်ပေါ် ရောက်နေပြီ ဆိုတာကိုကော သဘောပေါက်ရဲ့လား'

'ဟုတ်ကဲ့၊ ပေါက်ပါတယ် ခင်ဗျာ'

'သေသွားတဲ့ ညီအစ်ကို နှစ်ယောက်က သူ့ဆီက ပိုက်ဆံ လိမ်သွားလို့ မိုက်ကယ် မိုရက်တီက သွေးအေးအေးနှင့် ပစ်သတ်တာကို ခင်ဗျားက မျက်စိ ရှေ့မှာ သေသေချာချာ မြင်လိုက်ရတယ် ဟုတ်ရဲ့လား'

'တရားသူကြီးမင်း ခင်ဗျာ၊ ဒီမေးခွန်း ကန့်ကွက်ပါတယ်၊ အစိုးရ ရှေ့နေ ကြီးက သက်သေကို စကားလမ်းကြောင်းပေးနေပါတယ်'

'ကန့်ကွက်ချက်ကို ရုံးတော်က လက်ခံပါတယ်'

ခရိုင် ရှေ့နေကြီး ဒီဆီးလဗားက ဂျူရီ လူကြီးများ၏ မျက်နှာတွေကို လှမ်းကြည့်လိုက်သည်။ မြင်ရသော အခြေအနေက သည်အမှုတွင် သူ အနိုင် ရနေပြီ ဆိုသည်ကို ဖော်ပြနေသည်။ သူက စတီလာဘက်သို့ ပြန်လှည့်ကြည့် လိုက်သည်။

'မစ္စတာ စတီလာ၊ အခုလို ရုံးတော်ကို လာရောက်ပြီး အဖြစ်မှန်ကို အစစ်ခံ ထွက်ဆိုတာဟာ ခင်ဗျား အနေနှင့် သတ္တိ အများကြီး ရှိလို့ပဲလို့ ကျုပ် ယုံကြည်ပါတယ်၊ ဒါကြောင့်မို့ ဒီပြည်နယ် လူထု ကိုယ်စား ခင်ဗျားကို ကျုပ် အများကြီး ကျေးဇူးတင်ပါတယ်'

ထို့နောက် သူက တရားခံ အကျိုးဆောင် ရှေ့နေ သောမတ် ကော်လဖက် ကို ကြည့်လိုက်ပြီး 'အပြန်အလှန် မေးခွန်း မေးချင်ရင် မေးနိုင်ပါပြီ' ဟု ပြော လိုက်သည်။ သောမတ် ကော်လဖက်က လေးလေးစားစား ထရပ်လိုက်သည်။

'ကျေးဇူးတင်ပါတယ် မစ္စတာ ဒီဆီးလဗား' ပြီးတော့ ရုံးခန်း နံရံမှ တိုင် ကပ် နာရီကို စောင်းကြည့်လိုက်ပြီးနောက် တရားခွင်ဘက်သို့ ပြန်လှည့်လျက် 'တရားသူကြီးမင်း ခင်ဗျာ၊ အခု ၁၂ နာရီတောင် ထိုးသွားပါပြီ၊ တရားသူကြီး မင်း ခွင့်ပြုမယ် ဆိုရင် ကျွန်တော့် အနေနှင့် ပြန်လှန် မေးခွန်း မေးပြီး အနှောင့် အယှက် မပေးလိုတော့ပါဘူး၊ ဒါကြောင့်မို့လို့ အခုက စပြီး နေ့လယ်စာ စားဖို့ ရုံးတော် ရပ်နားပေးပါရန် မေတ္တာ ရပ်ခံလိုပါတယ်၊ နောက် တစ်ချိန် ရုံးပြန် ထိုင်တော့မှပဲ ကျွန်တော်က ပြန်လှန် မေးခွန်း မေးပါတော့မယ်'

တရားသူကြီး လောရင့် ဝေါ့ဒ်မန်းက လက်ကိုင်ဘုဖြင့် စားပွဲကို ထု၍ အချက်ပေးလိုက်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

'ကောင်းပါတယ်၊ ရုံးတော်ကို မွန်းလွဲ နှစ်နာရီ အထိ ခေတ္တ ရပ်နား လိုက်ပါတယ်'

တရားသူကြီး ထိုင်ရာမှ ထတော့ အားလုံး ထလိုက်ကြသည်။ တရားသူကြီးသည် သူ့ရုံးခန်းထဲ ပြန်ဝင်သွားသည်။ ဂျူရီ လူကြီးတွေက တရားရုံးခန်းမထဲမှ တန်းစီ ထွက်သွားကြသည်။ လက်နက်ကိုင် ရဲသား လေးယောက်က စတီလာအား စောင့်ကြပ်ပြီး သက်သေ အချုပ်ခန်းသို့ ပြန်ခေါ်သွားကြသည်။

ချက်ချင်းပင် အစိုးရ ရှေ့နေကြီး ဒီဆီးလဗား အနီးသို့ သတင်းထောက်တွေ ဝိုင်းအုံ ရောက်ရှိလာကြသည်။

'ကျွန်တော်တို့ကို ထုတ်ပြန်ချက် တစ်ခုခုများ ပေးနိုင်မလား ခင်ဗျာ'

'အစိုးရ ရှေ့နေကြီး ခင်ဗျာ၊ အခု အချိန်မှာ ဒီအမှုနှင့် ပတ်သက်ပြီး ဘယ်လို အလားအလာ ရှိတယ် ဆိုတာကို ကျေးဇူးပြုပြီး အမိန့်ရှိပါ ခင်ဗျာ'

'ဒီအမှု ပြီးသွားတဲ့ နောက်ပိုင်းမှာ မစ္စတာ စတီလာရဲ့ အသက် အန္တရာယ် လုံခြုံမှု အတွက် အစိုးရ ရှေ့နေကြီး အနေနှင့် ဘယ်လို အကာအကွယ်များ ပေးနိုင်မှာလဲ ခင်ဗျာ'

ဟိုတုန်းက ဆိုလျှင် တရားရုံးထဲတွင် သတင်းစာဆရာတွေက သည်လို မေးခွန်းပေါင်း များစွာဖြင့် မေးမြန်း နှောင့်ယှက်ကြသည်ကို ဒီဆီးလဗား အနေဖြင့် လုံးဝ စိတ်မရှည်ခဲ့။ ယခုတော့ သူက ထူးထူးခြားခြားကြီး စိတ်ရှည်နေသည်။ သူက သည်အမှုကို ခုတုံးလုပ်ပြီး နိုင်ငံရေး လောကသို့ ခုန်တက်ရန် ရည်ရွယ်ထားသဖြင့် သတင်းစာတွေက သူ့ဘက်တွင် ရှိနေဖို့ လိုအပ်သည် မဟုတ်လား။

ထို့ကြောင့်လည်း ဟိုတုန်းကလို သတင်းထောက်တွေကို ဟိန်းဟောက် ငေါက်ငန်းခြင်း မပြုဘဲ အထိုက်အလျောက် ပြေပြေပြစ်ပြစ် ဖြစ်အောင် ပြန်လည် ဖြေကြားနေရသည်။

ဂျင်နီဖာ ပါကာသည် စားပွဲမှ မထသေးဘဲ ခရိုင် အစိုးရ ရှေ့နေကြီးက သတင်းထောက်များ၏ မေးခွန်းများကို ပြန်ဖြေနေသည်ကိုသာ နားစွင့်ပြီး စောင့်ကြည့်နေမိသည်။

'ဒီအမှုမှာ တရားခံကို ထွက်ပေါက် မရှိအောင် ဖွဲ့ချက် တင်နိုင်မယ်လို့ ယုံကြည်ပါသလား' ဟု သတင်းထောက် တစ်ယောက်က မေးသည်ကို ခရိုင် အစိုးရ ရှေ့နေကြီးက မယုတ်မလွန် ပါးနပ် လိမ္မာစွာဖြင့် 'ကျုပ်က ဗေဒင်ဆရာ မဟုတ်ပါဘူး၊ ဒါကြောင့်မို့လို့လည်း ဒီမှာ ဂျူရီ လူကြီးတွေကို ခန့်ထား


mgyoe.com

mgyoe.com SAMPLE BOOK

ရတာပေါ့၊ မစ္စတာ မိုရက်တီ အနေနှင့် အပြစ် ကျူးလွန်သည် မကျူးလွန်သည် ဆိုတာကို ဂျူရီ လူကြီးတွေက ဆုံးဖြတ်ကြပါလိမ့်မယ်' ဟု ပြန်ဖြေလိုက်သည်။

မိုက်ကယ် မိုရက်တီသည် ထိုင်ရာမှ ထရပ်လိုက်သည်။ သူသည် ဘာမှ မဖြစ်သလိုပင် တည်ငြိမ် အေးဆေးနေသည်။ သူ့ကို မြင်ရသည်မှာ အပြစ်ကင်းစင်သော ကလေး တစ်ယောက်လိုပါပဲလားဟု ဂျင်နီဖာက တွေးမိသည်။ သည်မျှ ရက်စက်သော လူသတ်မှုကို သူ ကျူးလွန်ခဲ့ကြောင်း ယုံရမှာပင် ခက်နေသည်။ ငါသာ ဆိုရင်တော့ အကြောဆွဲ စတီလာကိုပဲ တရားခံ အဖြစ် ရွေးမှာပဲဟု ဂျင်နီဖာက စဉ်းစားမိသည်။

သတင်းစာဆရာများ ရုံးခန်းထဲမှ အလျို အလျို ထွက်သွားကြပြီ။

ခရိုင် အစိုးရ ရှေ့နေကြီး ဒီဆီးလဗားသည် သူ့အမှုထမ်းများနှင့် ဆွေးနွေးနေသည်။ သူတို့ ဘာတွေများ ဆွေးနွေးနေကြပါလိမ့်ဟု ဂျင်နီဖာက တွေးကြည့်မိသည်။

လူတစ်ယောက်က တခြားလူတွေနှင့် ခပ်ခွာခွာ ရှောင်ကာ ဒီဆီးလဗား အနီး ကပ်သွားပြီး တစ်စုံတစ်ရာ ပြောလိုက်သည်ကို ဂျင်နီဖာ မြင်လိုက်ရသည်။ ထို့နောက် ထိုသူသည် သူမဆီသို့ လျှောက်လာသည်။ သူ့လက်ထဲတွင်လည်း မနီလာ စာအိတ်ညိုကြီး တစ်အိတ်ကို ကိုင်လျက်။

'မစ္စ ပါကာပါလား' ဟု ထိုသူက မေးသည်။

'ဟုတ်ပါတယ်'

ဂျင်နီဖာက တအံ့တသြ ကြည့်ပြီး ပြန်ပြောလိုက်သည်။

'ရှေ့နေကြီးက ဒီစာအိတ်ကို ခင်ဗျားက တစ်ဆင့် စတီလာကို ပေးခိုင်းလို့ပါ၊ စာအိတ်ထဲမှာ ပါတဲ့ ရက်စွဲတွေကို မမေ့အောင် ပြန်ကြည့်ထားပါလို့ သူ့ကို ပြောပါ၊ သောမတ် ကော်လဖက်က စတီလာရဲ့ ထွက်ချက်တွေကို ချေဖျက်ဖို့ ကြိုးစားနေတယ်၊ ဒါကြောင့်မို့လို့ ရှေ့နေကြီးက စတီလာကို မူလ အတိုင်း ခိုင်ခိုင်မာမာ ရပ်တည်နေစေချင်တယ်'

ထိုသူက ဂျင်နီဖာအား စာအိတ်ကို ကမ်းပေးလိုက်သည်။ ဂျင်နီဖာက ရှေ့နေကြီးကို လှမ်းကြည့်လိုက်သည်။ သူက နာမည်ကိုတောင် မှတ်မိနေတာပဲ။ ဒါဟာ ငါ့အတွက် ကောင်းတဲ့ နိမိတ်ပဲဟု ဂျင်နီဖာက ကျိတ်ပြီး ဝမ်းသာလိုက်မိသည်။

'မြန်မြန် သွားပေးလိုက်ပါ၊ ရှေ့နေကြီးက စတီလာကို စောစောစီးစီး ကြိုတင် လေ့လာထားစေချင်တယ်'

mgyoe.com

mgyoe.com SAMPLE BOOK

'ကောင်းပါပြီရှင်'

ဂျင်နီဖာက ချက်ချင်းပင် တံခါးဝသို့ လှည့်ထွက်လာခဲ့သည်။ သူမသည် ရဲသားတွေ စောင့်နေသော သက်သေခန်းသို့ ခပ်သုတ်သုတ်ကလေး လျှောက်လာခဲ့သည်။ ရဲသား တစ်ယောက်က သူမအား ရှေ့မှ ပိတ်ဆီးထားသည်။

'ကျွန်တော် ဘာကူညီရမှာလဲ မစ္စစ်'

'ခရိုင် အစိုးရ ရှေ့နေကြီး ရုံးကပါ' သူမက မှတ်ပုံတင် ကတ်ပြား ထုတ်ပြလိုက်သည်။ 'ရှေ့နေကြီးက မစ္စတာ စတီလာကို ဒီစာအိတ် ပေးခိုင်းလို့ပါ'

ရဲသားက မှတ်ပုံတင် ကတ်ကို စေ့စေ့စပ်စပ် စစ်ဆေး ကြည့်ရှုသည်။ ပြီးတော့ သက်သေခန်း တံခါးကို ဖွင့်ပေးသည်။ ဂျင်နီဖာက အခန်းထဲ ဝင်လိုက်သည်။ အခန်းက ကျဉ်းကျဉ်းကလေး။ အခန်းထဲတွင် စားပွဲပျက် တစ်လုံးနှင့် သစ်သား ကုလားထိုင်များ ချထားသည်။ စတီလာသည် ကုလားထိုင်တွင် ထိုင်နေသည်။ သူ့လက်ကလည်း အကြော ဆွဲလို့။ အခန်းထဲတွင် လက်နက်ကိုင် ရဲသား လေးယောက် ရှိသည်။

ဂျင်နီဖာ ဝင်သွားတော့ ရဲသား တစ်ယောက်က ဆီးပြောသည်။

'ဟေး ဒီအခန်းထဲ ဘယ်သူမှ ဝင်ခွင့် မရှိဘူး'

'ခွင့်ပြုလိုက်ပါဟ၊ ခရိုင် ရုံးကပါ' ဟု အပြင်မှ အစောင့် ရဲသားက လှမ်းအော်လိုက်သည်။

ဂျင်နီဖာက စာအိတ်ကို စတီလာအား ကမ်းပေးလိုက်သည်။

'မစ္စတာ ဒီဆီးလဗားက ပေးလိုက်တာပါ၊ ဒီအထဲမှာ ပါတဲ့ ရက်စွဲတွေကို သေသေချာချာ မှတ်မိအောင် လုပ်ထားပါတဲ့'

စတီလာက သူ့အား ကြောင်ကြောင်ကြီး ကြည့်နေသည်။ လက်တစ်ဖက်ကလည်း အကြော ဆွဲလျက်။

၂

ဂျင်နီဖာသည် နေ့လယ်စာ စားရန် တရားရုံး အဆောက်အအုံထဲမှ ပြန်ထွက်လာခဲ့သည်။ တရားခွင် အခန်းမှ ဖြတ်လျှောက်လာတော့ အခန်းထဲ ပြန်ပြီး ဝင်

mgyoe.com

mgyoe.com SAMPLE BOOK

ကြည့်ချင်စိတ် ဖြစ်ပေါ်လာမိသည်။ တရားခွင်တွင် ဘယ်သူမှ မရှိတော့။ တစ်ခန်းလုံး တိတ်ဆိတ်နေသည်။ အခန်း တစ်ဖက်တစ်ချက်တွင် လာရောက် နားထောင်သူများ ထိုင်ရန် ခုံတန်း ၁၅ တန်း စီချထားသည်။ တရားသူကြီး၏ စားပွဲ တည့်တည့်တွင် စားပွဲရှည်ကြီး နှစ်လုံး ရှိသည်။ လက်ဝဲဘက်မှ စားပွဲတွင် 'တရားလို' ဟု စာတန်း ရေးထားပြီး လက်ယာဘက်မှ စားပွဲတွင် 'တရားခံ' ဟု ရေးထားသည်။ ဂျူရီ လူကြီးများ အခန်းတွင် ခုံတန်း နှစ်တန်း ရှိပြီး တစ်တန်းလျှင် ကုလားထိုင် ရှစ်လုံးစီ ချထားသည်။

တကယ်တော့ ဒီတရားရုံးခန်းက ဘာမှ မထူးခြားတဲ့ သာမန် ရုံးခန်းကလေးပါပဲ။ ရိုးလည်း ရိုးတယ်၊ ရိုးရုံတင်မကဘူး အကြည့်ရတောင် ဆိုးနေပါသေးတယ်။ ဒါပေမဲ့ ဒီရုံးဟာ လွတ်လပ်ခွင့်ရဲ့ ဘူမိနက်သန်ပါပဲ။

ဂျင်နီဖာက ကိုယ့်အတွေးနှင့် ကိုယ် သုံးသပ်နေမိသည်။

သည်တရားရုံးခန်းနှင့် အလားတူ တရားရုံးခန်းတွေ အားလုံးသည် လူတွေ၏ ယဉ်ကျေးမှုနှင့် ရိုင်းစိုင်း ကြမ်းကြုတ်မှု ကွာခြားချက်ကို ဖော်ပြနေကြသည်။ ဂျင်နီဖာက သည်လို တရားရုံးခန်းမျိုး မရှိသော နိုင်ငံတွေ အကြောင်းကို စဉ်းစားကြည့်သည်။ ယင်းနိုင်ငံများတွင် လုပ်သားပြည်သူတွေကို ညကြီးသန်းခေါင် အိပ်ရာထဲမှ လာဆွဲသွားတတ်ကြသည်။ ဘာရယ်လို့ မသိသော အကြောင်း အမျိုးမျိုးဖြင့် ဘယ်သူ ဘယ်ဝါမှန်း မသိသော ရန်သူတွေက ညှဉ်းဆဲ နှိပ်စက်ကြသည်။ သတ်ဖြတ်ကြသည်။ စာရင်းချ ရေတွက်ကြည့်လျှင် ဆုံးနိုင်စရာပင် မရှိ။

အမေရိကန် တရားရုံးတွေမှာ တရားစီရင်ပိုင်ခွင့် အာဏာကိုသာ နုတ်ပယ်လိုက်မယ် ဆိုလျှင်၊ ပြည်သူတွေရဲ့ ဂျူရီ လူကြီးများနှင့် အမှု စစ်ဆေးခွင့်ကိုသာ ရုပ်သိမ်းလိုက်မယ် ဆိုလျှင် အမေရိကန် နိုင်ငံဟာ လွတ်လပ်ခွင့် ရှိတဲ့ နိုင်ငံ အဖြစ်မှာ ရှိတော့မှာ မဟုတ်ဘူး ဟူ၍ ဂျင်နီဖာက တွေးမိသည်။

ယခုအခါ သူမသည် တရား စီရင်ရေး ယန္တရားကြီး၏ အစိတ်အပိုင်း တစ်ခု ဖြစ်နေပြီ။ သူမသည် တရားရုံး ခန်းမထဲတွင် တစ်ယောက်တည်း ရပ်ရင်း သူမကိုယ် သူမ ဂုဏ်ယူနေမိသည်။ တရားစီရင်ရေး စနစ်ကြီး ဂုဏ်တက်အောင် ငါ တတ်နိုင်သမျှ ကြိုးစားမယ်။ ဒီစနစ်ကြီး တည်တံ့ ခိုင်မြဲအောင်လည်း အစွမ်းကုန် ဆောင်ရွက်မယ် ဟူ၍ သူမကိုယ် သူမ အားပေးမိသည်။

သူမသည် အချိန် အတော်ကြာ ရပ်ကာ စဉ်းစားနေပြီးတော့မှ ရုံးခန်းထဲမှ ထွက်ရန် ပြန်လှည့်လာခဲ့သည်။



mgyoe.com

mgyoe.com SAMPLE BOOK

အခန်းဝနား ရောက်တော့ ဆူဆူညံညံ ကျယ်ကျယ်လောင်လောင် အသံဗလံများ ကြားလိုက်ရသည်။ အရေးပေါ် အချက်ပေး ခေါင်းလောင်းထိုးသံတွေ ဆက်တိုက် ပေါ်ထွက်လာသည်။ စကြံလမ်း တစ်လျှောက် ပြေးလွှားသံများ ကြားရသည်။ တရားရုံး အဆောက်အအုံ ရှေ့သို့ လက်နက်ကိုင် ရဲသားများ ပြေးထွက်သွားသည်ကို မြင်ရသည်။

ကေန္တတော့ မိုက်ကယ် မိုရက်တီ ထွက်ပြေးသွားပြီနှင့် တူတယ်။ သူက အစောင့်တွေ ကြားက တစ်နည်းနည်းနှင့် လွတ်ထွက်သွားပုံ ရတယ်ဟု ဂျင်နီဖာက ရုတ်ခြည်း တွေးလိုက်မိသည်။

သူမသည် စကြံလမ်းဘက်သို့ သုတ်သီးသုတ်ပျာ ပြေးထွက်လာခဲ့သည်။ မြင်ရသော မြင်ကွင်းမှာ ရှုပ်ယှက်ခတ်လျက် ရှိသည်။ လူတွေက သွေးရူးသွေးတန်း လျှောက်ပြေးနေကြသည်။ ခေါင်းလောင်းသံနှင့် လူသံတွေ ရောထွေးဆူညံနေသည်။ ရဲသားတွေက တံခါးပေါက်များတွင် အသင့် အနေအထားဖြင့် ရပ်စောင့်နေကြသည်။ သတင်းစာတိုက်သို့ တယ်လီဖုန်းဖြင့် သတင်း ပို့နေကြသော သတင်းထောက်များက တယ်လီဖုန်းကို ကမန်းကတန်း ပြန်ချပြီး စကြံဘက်သို့ ပြေးထွက်လာကြသည်။ စကြံလမ်း ခပ်လှမ်းလှမ်း တစ်နေရာတွင် ခရိုင် အစိုးရ ရှေ့နေကြီး ဒီဆီးလဗားသည် ရဲသားများအား အော်ဟစ် အမိန့်ပေးနေသည်။ သူ့မျက်နှာက သွေးမရှိသလို ဖြူဖပ်ဖြူရော်နှင့်။

ဘုရားရေ၊ သူ့ နှလုံးသွေး ရပ်သွားတော့မှာလားဟု ဂျင်နီဖာက ထိတ်ထိတ်ပျာပျာ တွေးလိုက်မိသည်။

သူမသည် ရှုပ်ယှက်ခတ်နေသော လူအုပ်ထဲ တိုးဝင်ပြီး အစိုးရ ရှေ့နေကြီး အနီးသို့ ကပ်သွားသည်။ ရည်ရွယ်ချက်ကတော့ သူမ အနေဖြင့် တစ်ခုခုများ အကူအညီ ပေးနိုင်မည်လား ဟူသော သဘောပင် ဖြစ်သည်။

သူ့အနီး သူမ ရောက်သွားတော့ စတီလာကို စောင့်နေသော ရဲသား တစ်ယောက်က သူမကို ရုတ်တရက် မြင်သွားပြီး လက်ညှိုး ထိုးပြလိုက်သည်။

နောက် ငါးစက္ကန့် အတွင်းတွင် အလုပ်သင် ရှေ့နေမကလေး ဂျင်နီဖာ ပါကာအား ရဲသားတွေက လက်ထိတ်ခတ်ပြီး ဖမ်းဆီးလိုက်ကြတော့သည်။

တရားသူကြီး လောရင့် ဝေ့ဒ်မန်း၏ ရုံးခန်းထဲတွင် လူလေးယောက် ရောက်ရှိနေကြသည်။ တရားသူကြီး ဝေ့ဒ်မန်း၊ ခရိုင် အစိုးရ ရှေ့နေကြီး ရောဘတ်

mgyoe.com SAMPLE BOOK

ဒီဆီးလဗား၊ တရားခံ အကျိုးဆောင် ရှေ့နေ သောမတ် ကော်လဖက်နှင့် ဂျင်နီဖာ ပါကာ။

'မင်းအနေနှင့် တရားခွင်မှာ တစ်စုံတစ်ရာ ထွက်ဆိုချက် မလုပ်ခင် ရှေ့နေ ငှားချင်ရင် ငှားနိုင်တယ်'

တရားသူကြီးက ဂျင်နီဖာအား ပြောသည်။

'ပြီးတော့ မင်းအနေနှင့် ဘာမှ မပြောချင်ရင် လုံးဝ နှုတ်ပိတ် နေနိုင်ခွင့်လည်း ရှိတယ်၊ အကယ်၍'

'ကျွန်မ ရှေ့နေ မလိုပါဘူး တရားသူကြီးမင်း၊ အဖြစ်မှန်ကို ကျွန်မကိုယ်ကျွန်မပဲ လျှောက်လဲပါ့မယ်'

အစိုးရ ရှေ့နေကြီးက ဂျင်နီဖာနှင့် ကပ်လျက် ထိုင်နေသည်။ သူ့ နားထင်တွင် သွေးကြောများ အထင်းသား ပေါ်နေသည်ကို ဂျင်နီဖာ မြင်ရသည်။ သူက မေးသည်။

'စတီလာကို စာအိတ် ပေးပေးအောင် မင်းကို ဘယ်သူက ပိုက်ဆံ ပေးသလဲ'

'ကျွန်မကို ပိုက်ဆံ ပေးတယ် ဟုတ်လား၊ ကျွန်မကို ဘယ်သူမှ ဘာပိုက်ဆံမှ မပေးပါဘူး'

ဂျင်နီဖာမှာ ဒေါသစိတ်ကြောင့် အသံ တုန်နေသည်။ ဒီဆီးလဗားက တရားသူကြီး စားပွဲပေါ်မှ အလားတူ မနီလာ စာအိတ်ညိုကြီး တစ်အိတ်ကို ကောက်ယူလိုက်သည်။

'မင်းကို ဘယ်သူမှ ပိုက်ဆံ မပေးဘူး ဟုတ်လား၊ ဒါဖြင့် မင်းက ငါ့သက်သေဆီ လျှောက်သွားပြီး ဒီစာအိတ် ပေးလိုက်တာပေါ့ ဟုတ်စ'

သူက စာအိတ်ကို လှုပ်ခါလိုက်ရာ စားပွဲပေါ်သို့ အဝါရောင် ကနေရီငှက်သေကောင်ကလေး တစ်ကောင် ကျလာသည်။ ငှက်ကလေးမှာ လည်ပင်းကျိုးပြီး သေနေသည်။ ဂျင်နီဖာက ငှက်သေကောင်ကို အလန့်တကြား ကြည့်လိုက်သည်။

'ကျွန်မ·· ကျွန်မကို ရှေ့နေကြီးရဲ့ အမှုထမ်း တစ်ယောက်က ဒီစာအိတ်လာပေးပါတယ်'

'ကျုပ် အမှုထမ်းက ဘယ်အမှုထမ်းလဲ'

'အဲဒါတော့ ကျွန်မ·· ကျွန်မ မသိဘူး'

'ဒါပေမဲ့ ကျုပ် အမှုထမ်း တစ်ယောက် ဆိုတာတော့ မင်းက သိသားပဲ'

mgyoe.com

mgyoe.com
SAMPLE BOOK

'ဟုတ်ပါတယ်၊ သူက ရှေ့နေကြီးကို စကား ပြောနေတာ ကျွန်မ မြင်ပါတယ်၊ ပြီးတော့ ကျွန်မဆီ လျှောက်လာပြီး စာအိတ်ကို ပေးပါတယ်၊ ဒီစာအိတ်ကို မစ္စတာ စတီလာ အတွက် ရှေ့နေကြီးက ပေးခိုင်းတယ်လို့ သူက ပြောပါတယ်၊ သူက ကျွန်မ နာမည်ကိုတောင် သိနေပါတယ်'

'ကျုပ်တော့ ဒီစကား လုံးဝ မယုံဘူး၊ ဒါနှင့် ဒီလို လုပ်ပေးတဲ့ အတွက် မင်းကို သူတို့က ပိုက်ဆံ ဘယ်လောက် ပေးလို့တုံး'

'ဘုရားရေ၊ အဲဒါမှ ဒုက္ခပါပဲ' ဂျင်နီဖာက ရုတ်တရက် အံ့အားကြီး သင့်သွားမိသည်။

'ဘယ်လောက် ရသလဲ ပြောစမ်းပါဦး' အစိုးရ ရှေ့နေကြီးက စိတ်ဆိုးသံဖြင့် ထပ်မေးလိုက်သည်။ ဂျင်နီဖာက ထိုင်ရာမှ ထရပ်လိုက်သည်။

'ရှေ့နေကြီး ကျွန်မကို စွပ်စွဲနေတာလား'

'စွပ်စွဲနေတာ ဟုတ်လား' သူက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီးနောက် 'ဒီမှာ သူငယ်မ၊ မင်းကို ငါ ဘာမှ အရေးမယူရသေးပါဘူး၊ မင်း သိထားဖို့က မင်း ထောင်က ထွက်တဲ့ အချိန်မှာ အဘွားအိုကြီး ဖြစ်နေလို့ အဲဒီ ပိုက်ဆံကို မသုံးလိုက်ရဘဲ ဖြစ်နေလိမ့်မယ် သိရဲ့လား'

ဂျင်နီဖာက ရှေ့နေကြီးအား စူးစူးဝါးဝါး စိုက်ကြည့်လိုက်သည်။

'ကျွန်မ ဘာပိုက်ဆံမှ မရပါဘူး'

ဤတွင် တစ်ချိန်လုံး ကုလားထိုင်တွင် နောက်မှီကာ ငြိမ်ချက်သားကောင်းစွာဖြင့် ထိုင်နားထောင်နေသော တရားခံ အကျိုးဆောင် သောမတ် ကော်လဖက်က ဝင်ပြောလိုက်သည်။

'ကျွန်တော် တစ်ခု ပြောခွင့်ပြုပါ တရားသူကြီးမင်း ခင်ဗျား၊ အခုလို အချေအတင် ပြောနေကြတာ ဘာမှ အကျိုး မရှိဘူးလို့ ကျွန်တော် ယူဆပါတယ်'

'ကျုပ် သဘော တူပါတယ်' ဟု တရားသူကြီးက ထောက်ခံသည်။ သူက ခရိုင် အစိုးရ ရှေ့နေကြီးဘက်သို့ လှည့်ပြီး 'ဒီတော့ ဘော်ဘီက ဘယ်လို စိတ်ကူးရသလဲ၊ စတီလာက ပြန်လှန် မေးခွန်း အမေးခံဖို့ ဆန္ဒ ရှိသေးသလား'

'ပြန်လှန် မေးခွန်း မေးဖို့ ကိစ္စလား၊ ဒီလူက ဘာမှ အနှစ် မရှိတဲ့ အခွံသက်သက်ပဲ၊ သူက ကြောက်နေပြီ၊ သူ ရင်မဆိုင်ရဲတော့ဘူး'

သောမတ် ကော်လဖက်က 'တရားလိုရဲ့ အဓိက သက်သေကို ပြန်လှန် မေးခွန်း မေးလို့ မရရင် ဒီအမှုကို မှားယွင်း စွဲဆို ရုံးတင်မှု အဖြစ် ကျွန်တော်က ပြန်လည် လျှောက်လဲ ရပါလိမ့်မယ် တရားသူကြီးမင်း ခင်ဗျား'


mgyoe.com

mgyoe.com
SAMPLE BOOK

သည်စကား အဓိပ္ပာယ်ကို အခန်းထဲတွင် ထိုင်နေသော လူတိုင်း နားလည်သည်။ မိုက်ကယ် မိုရက်တီသည် လုံးဝ အပြစ် မရှိသော လူတစ်ယောက် အနေဖြင့် တရားရုံးထဲမှ ထွက်သွားနိုင်ပြီ ဟူသော သဘောပင် ဖြစ်သည်။

'ခင်ဗျား သက်သေကို တရားခံက အသရေဖျက်မှုနှင့် တရား ပြန်စွဲနိုင်တယ် ဆိုတာ ပြောပြပြီးပြီလား'

တရားသူကြီးက အစိုးရ ရှေ့နေကို မေးလိုက်သည်။

'ဟုတ်ကဲ့၊ စတီလာက ကျွန်တော်တို့ထက် သူတို့ကို ပိုကြောက်နေပါတယ်၊ ကျွန်တော်တို့က သူ့ အသက် အန္တရာယ် လုံခြုံမှု အတွက် တာဝန် မယူနိုင်ဘူးလို့ သူက ထင်နေတယ်'

'ဒါဖြင့် ရုံးတော် အနေနှင့် တခြား ရွေးစရာလမ်း မရှိတော့ဘူး၊ တရားခံ အကျိုးဆောင် တင်ပြချက်ကို လက်ခံပြီး ဒီအမှုကို မှားယွင်း တရား စွဲဆိုမှု အဖြစ် ကြေညာရုံပဲ ရှိတော့တာပေါ့'

ခရိုင် အစိုးရ ရှေ့နေက ထိုင်ရာမှ ထရပ်လိုက်သည်။ သူ့အမှုမှာ မစစ်ခင် ကပင် ရှုံးနိမ့်သွားရပြီ။ စတီလာ မပါလျှင် မိုက်ကယ် မိုရက်တီကို ဘယ်နည်းနှင့်မျှ စွဲချက်တင်လို့ မဖြစ်နိုင်။ သို့သော် ဂျင်နီဖာကိုတော့ သင်ခန်းစာ ပေးရဦးမည်။ သူ့ကို စော်ကားသော ဒီသူငယ်မကလေးအား မှတ်လောက်သားလောက်အောင် ပညာ ပေးရဦးမည်ဟု ကြုံးထားလိုက်သည်။

တရားသူကြီးက ပြောသည်။

'ဒီတော့ တရားခံကို ပြန်လွှတ်ပြီး ဂျူရီ အဖွဲ့ကိုလည်း ဖျက်သိမ်းဖို့ ကျုပ် အမိန့် ထုတ်လိုက်ပါ့မယ်'

'ကျေးဇူးတင်ပါတယ် တရားသူကြီးမင်း' သောမတ် ကော်လဖက်က ပြောလိုက်သည်။

သူ့မျက်နှာတွင် အောင်ပွဲ ခံရသည့် လက္ခဏာမျိုးတော့ လုံးဝ မမြင်ရ။

'တခြား ဘာမှ လုပ်စရာ မရှိတော့ဘူး ဆိုရင်' တရားသူကြီးက စကားကို စလိုက်သည်။

ခရိုင် အစိုးရ ရှေ့နေက ဖြတ်ပြီး 'တစ်ခု ကျန်ပါသေးတယ်' သူက ဂျင်နီဖာဘက်ကို လှည့်ကြည့်လိုက်ရင်း 'တရား စီရင်ရေးကို အနှောင့်အယှက် ပြုမှု၊ ကြီးလေးတဲ့ ပြစ်မှုကြီး တစ်ခုမှာ အမှန်အတိုင်း မထွက်ဆိုနိုင်အောင် သက်သေကို ခြိမ်းခြောက်မှုနှင့် သူ့ကို ကျွန်တော် ဖမ်းချင်တယ်၊ ပြီးတော့ ကြံရာပါ အဖြစ်'

mgyoe.com

mgyoe.com SAMPLE BOOK

သူက ဒေါသကြောင့် စကားပင် ဆုံးအောင် မပြောနိုင်အောင် ဖြစ်နေသည်။ ဂျင်နီဖာလည်း ဒေါသစိတ်ကြောင့် တစ်ကိုယ်လုံး ဆတ်ဆတ် တုန်နေသည်။

'ရှေ့နေကြီး ပြောတာတွေ တစ်ခုမှ မဟုတ်ဘူး၊ ကျွန်မကို ဘာအမှုနှင့်မှ ဖမ်းလို့ မရဘူး၊ ဖမ်းချင်း ဖမ်းရင် အရိပ် သုံးပါး နားမလည်ဘဲ ရိုးအမှုနှင့်ပဲ ဖမ်းလို့ ရမယ်၊ ကျွန်မ ကျူးလွန်မိတဲ့ ပြစ်မှု ဆိုလို့ အဲဒါပဲ ရှိပါတယ်၊ ကျွန်မကို ဘာအတွက်မှ ဘယ်သူကမှ ဘာပိုက်ဆံမှ လာဘ်မထိုးပါဘူး၊ ကျွန်မက ရှေ့နေကြီး ပေးခိုင်းတဲ့ စာအိတ်လို့ပဲ ရိုးရိုးသားသား တွေးမိပြီး သွားပေးလိုက်တာပါ'

တရားသူကြီးက ဂျင်နီဖာကို ကြည့်လိုက်သည်။

'ရည်ရွယ်ချက်က ဘယ်လိုပဲ ဖြစ်ဖြစ် ပေါ်ပေါက်လာတဲ့ ဖြစ်ရပ်တွေကတော့ တော်တော် ဆိုးရွားတာပဲ၊ ဒီကိစ္စနှင့် ပတ်သက်ပြီး စုံစမ်း စစ်ဆေးရေး လုပ်ဖို့ အယူခံ ဌာနကို ကျုပ် မေတ္တာ ရပ်ခံလိုက်မယ်၊ အမှန်တကယ် အပြစ်ထင်ရှားရင်တော့ မင်းရဲ့ ရှေ့နေ လုပ်ကိုင်ခွင့် မှတ်ပုံတင်ကို ပြန်သိမ်းရမှာပဲ'

ဂျင်နီဖာမှာ ရုတ်တရက် မိုက်ခနဲ ဖြစ်သွားသလို ခံစားလိုက်ရပြီး

'တရားသူကြီးမင်းရှင့်၊ ကျွန်မ·· ကျွန်မ'

'ဘာမှ ပြောစရာ မလိုတော့ဘူး၊ ဒါပါပဲ မစ္စ ပါကာ'

သူမသည် စူးစူးဝါးဝါး စိုက်ကြည့်နေကြသော မျက်နှာတွေကို မတ်တတ်ကြီး ရပ်ရင်းမှ ကြောင်ကြောင်ကြီး ကြည့်နေမိသည်။

သူမ အနေဖြင့် ဘာမှ ပြောခွင့် မရှိတော့။ စားပွဲပေါ်မှ အဝါရောင် ငှက်သေကောင်ကလေးက သူမ အတွက် အားလုံးကို ပြောပြလိုက်ပြီ မဟုတ်ပါလား။

## ၃

ဂျင်နီဖာ ပါကာသည် ညနေပိုင်း တယ်လီဗီးရှင်း သတင်းများကို နားထောင်နေသည်။ သူမ ကိုယ်တိုင်က ယနေ့ ညနေပိုင်းတွင် သတင်းထူးကြီး တစ်ပုဒ်ဖြစ်နေသည်။ သူမက ခရိုင် အစိုးရ ရှေ့နေကြီး၏ အဓိက သက်သေအားကနေရီ ငှက်သေကောင်ကို စာအိတ်နှင့် ထည့်၍ ပေးခဲ့ကြောင်း သတင်းမှာ လူတိုင်း စိတ်ဝင်စားသော သတင်းကြီး တစ်ပုဒ် ဖြစ်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

တယ်လီဗီးရှင်း ရုပ်သံလွှင့် ဌာနတိုင်းကပင် သူမ တရားသူကြီး ရုံးခန်းမှ ပြန်ထွက်လာပုံ၊ သတင်းစာဆရာတွေနှင့် လူထု ပရိသတ်တွေ ဝိုင်းအုံလာသည့် ကြားမှ တရားရုံး အပြင်ဘက်သို့ တိုးထွက်လာပုံများကို ဝေဝေဆာဆာ လွှင့်ထုတ်ကြသည်။

ယခုလို ကြောက်ခမန်းလိလိ နာရီပိုင်း အတွင်း တိုင်းသိပြည်သိ မကောင်းသတင်း ကျော်ကြားလာအောင် ဖန်တီးလိုက်သည့် သူမ၏ ကြမ္မာဆိုးကို မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်မိသည်။ ယခု အချိန်တွင် သူမအား ရုပ်မြင်သံကြား ဌာနများ၊ အသံလွှင့် ကုမ္ပဏီများနှင့် သတင်းစာဆရာများက သားကောင်ကို အမဲ လိုက်သလို လေးဖက်လေးတန် ညှပ်ပြီး လိုက်နေကြပြီ။ ဖြစ်နိုင်လျှင် သည်လူတွေနှင့် ဝေးရာသို့သာ ထွက်ပြေးသွားလိုက်ချင်သည်။ သို့သော် သူမ၏ မာနက ထွက်ပြေးခွင့် မပြု။

'မစ္စ ပါကာ၊ ကနေ့ရီ ငှက်သေကောင်ကို ခင်ဗျားကို ဘယ်သူ လာပေးတာပါလဲ'

'ခင်ဗျား မိုက်ကယ် မိုရက်တီနှင့် တွေ့ဖူးသလား'

'ဒီဆီးလဗားက ဒီအမှုကို ခုတုံး လုပ်ပြီး ပြည်နယ် အုပ်ချုပ်ရေးမှူး ရာထူး မှန်းနေတယ် ဆိုတာ သိပါသလား'

'ခရိုင် အစိုးရ ရှေ့နေကြီးက ခင်ဗျားကို ရှေ့နေ မှတ်ပုံတင် ရုပ်သိမ်းဖို့ ကြိုးစားနေပါတယ်၊ အဲဒီ အတွက် ခင်ဗျားက ဘယ်လို ကာကွယ်မှာလဲ'

ယင်းမေးခွန်းတွေ အားလုံး အတွက် ဂျင်နီဖာက 'ကျွန်မ ဘာမှ မပြောလိုပါဘူး' ဟူသော အဖြေ တစ်ခုတည်းကိုသာ ပေးသည်။

ဗဟို အသံလွှင့် ဌာနမှ သူမအား 'လမ်းလွဲသွားသော ပါကာ' ဟူ၍ နာမည် ပေးသည်။ အမေရိကန် အသံလွှင့် ဌာနက 'အဝါရောင် ငှက်မကလေး' ဟူ၍ ကင်ပွန်း တပ်လိုက်သည်။ အမျိုးသား အသံလွှင့် ဌာနကတော့ သူမအား ကိုယ့်ဘက် ကိုယ် ဂိုးပြန်သွင်းသော ဘောလုံးသမားနှင့် တင်စားလိုက်သည်။

ထိုအချိန်တွင် မိုက်ကယ် မိုရက်တီ ပိုင်သော တိုနီ ရိပ်သာ ပျော်ပွဲစားရုံတွင်တော့ အောင်ပွဲခံနေကြသည်။ အခန်းထဲတွင် လူပေါင်း တစ်ဒါဇင်လောက်က အရက် သောက်ရင်း ဆူညံ မြူးထူးနေကြသည်။ မိုက်ကယ် မိုရက်တီသည် အရက်ခန်းထဲတွင် တစ်ယောက်တည်း ထိုင်ရင်း ဂျင်နီဖာ၏ တယ်လီဗီးရှင်း



mgyoe.com

mgyoe.com SAMPLE BOOK

သတင်းကားကို ကြည့်လျက် ရှိသည်။ သူက သူမကို ဂုဏ်ပြုသောအားဖြင့် ဖန်ခွက်ကို မြှောက်လိုက်ပြီးနောက် အရက်ကို မော့သောက်လိုက်သည်။

တစ်နိုင်ငံလုံးမှ ရှေ့နေများနှင့် ဥပဒေ ပညာရှင်များက ဂျင်နီဖာ့ ဇာတ်လမ်းကိုသာ စိတ်ဝင်စားစွာဖြင့် တပြောတည်း ပြောနေကြသည်။ ဂျင်နီဖာအား မာဖီးယား ဂိုဏ်းက လာဘ်ထိုးတာ ဖြစ်ရမည်ဟု သူတို့အနက် တစ်ဝက်လောက်က ကောက်ချက်ချကြသည်။ ကျန်တစ်ဝက်ကတော့ သူမအား အလိမ်ခံလိုက်ရသော အပြစ်မဲ့ သနားစရာ သားကောင် အဖြစ် ယူဆကြသည်။

သို့သော် သူတို့က ဘာတွေပဲ ပြောပြော ဘယ်သူမှ မငြင်းနိုင်သော အချက်ကတော့ သူမ၏ တိုတောင်းလှသော ရှေ့နေ သက်တမ်းသည် သည်တွင်ပဲ နိဂုံးကမ္ပတ် အဆုံးသတ်သွားပြီ ဟူသော အချက်ပင် ဖြစ်သည်။

တကယ်တော့ သူမ၏ ရှေ့နေ သက်တမ်းသည် လေးနာရီမျှသာ အသက်ရှည်ခဲ့ပါသည်။

သူမကို ဝါရှင်တန် ပြည်နယ်၊ ကယ်ဆို မြို့တွင် မွေးဖွားခဲ့သည်။ ကယ်ဆိုမြို့မှာ သစ်လုပ်ငန်း မြို့ကလေး ဖြစ်ပြီး အင်္ဂလန် နိုင်ငံ၊ စကော့တလန် နယ်မှ ပြောင်းရွှေ့ ရောက်ရှိလာသော မြေတိုင်း ပညာရှင် တစ်ယောက်က သူ့ ဇာတိမြို့ကို အလွမ်းပြေ ဂုဏ်ပြုသောအားဖြင့် သူ့ဇာတိမြို့ နာမည်ဖြင့် ၁၈၄၇ ခုနှစ်တွင် တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

ဂျင်နီဖာ၏ ဖခင်မှာလည်း ရှေ့နေ တစ်ဦးပင် ဖြစ်သည်။ အစတွင် တစ်မြို့လုံးကို ချုပ်ကိုင်ထားသော သစ်လုပ်ငန်း ကုမ္ပဏီများ အတွက် အမှုလိုက်သည်။ နောက်တော့ သစ်စက် လုပ်သားတွေဘက်မှ အကျိုးဆောင် လိုက်ပေးခဲ့သည်။

ထိုမြို့ကလေးတွင် မွေးဖွား ကြီးပြင်းခဲ့ရသည့် အတိတ် ကာလကို ပြန်တွေးကြည့်လိုက်တိုင်း ဂျင်နီဖာမှာ ဝမ်းသာ ကြည်နူးမဆုံး ဖြစ်ရသည်။ ဝါရှင်တန် ပြည်နယ်ကား ကလေး တစ်ယောက် အဖို့ ပုံပြင် စာအုပ်ကြီး တစ်အုပ်ဟု ဆိုနိုင်သည်။ ရှုမဝနိုင်သော စိမ်းစိမ်းစိုစို တောင်တန်းကြီးများ၊ ရေခဲမျောတုံးကြီးများနှင့် အမျိုးသား ပန်းခြံများဖြင့် ပြည့်နှက်နေသည်။ ရေခဲပြင်ပေါ်တွင်



mgyoe.com

mgyoe.com SAMPLE BOOK

စကိတ် စီးရတာလည်း ပျော်စရာ ကောင်းလှသည်။ ကနိုး လှေကလေးများနှင့် မြစ်ထဲ ချောင်းထဲ လှော်ခတ်သွားရတာလည်း ကြည်နူးစရာ ကောင်းလှသည်။ ဂျင်နီဖာ အတော်ကလေး ကြီးလာတော့ ရေခဲမျောတုံးကြီးတွေပေါ်သို့ တောင်တက်သလို အပျော် တက်ကြသည်။ သဘာဝ အလှတွေဖြင့် သာယာအေးချမ်းလှသော စိမ့်စမ်း ရေတံခွန်တွေ၊ တောင်ကျ ချောင်းတွေ၊ ရေအိုင်ကြီးတွေ၊ လျှိုမြောင် တောင်ကြားတွေဆီသို့ ပျော်ပွဲစား ထွက်ကြသည်။ သူမ၏ ဖခင်နှင့် အတူ ရိန်းနီးယား တောင်ကို တက်သည်။ တင်းဘားလိုင်းမှာ စကိတ် စီးသည်။

ဖခင်ကြီးသည် သူမကို အထူး ဂရုစိုက်သည်။ သမီးငယ် အတွက် ဆိုလျှင် သူ့မှာ အချိန် အမြဲတမ်း ရှိနေသည်။ သို့သော် မိခင် ဖြစ်သူကတော့ သည်လို မဟုတ်။ မိခင်ကြီးက ရုပ်ချောပေမဲ့ စိတ်က မငြိမ်။ သူ့ကြည့်ရတာ အမြဲတမ်း အလုပ် ရှုပ်နေသလို ထင်ရသည်။

ထို့ကြောင့်လည်း ဂျင်နီဖာက ဖခင်ကြီးကိုသာ ပိုချစ်သည်။ အဘနာ ပါကာသည် အင်္ဂလိပ် အိုင်းရစ်နှင့် စကော့သွေး စပ်သူ ဖြစ်သည်။ အရပ်က မတိုမရှည်၊ ဆံပင်က နက်နက်၊ မျက်လုံးက စိမ်းပြာရောင်။

သူသည် တရား မျှတမှုကို အလွန် မြတ်နိုးသည်။ မေတ္တာတရား ကြီးမားသည်။ သို့သော် ပိုက်ဆံကို လုံးဝ မခုံမင်။ လူတွေကိုသာ ခုံမင်သည်။ သူသည် သမီး ဖြစ်သူနှင့် နာရီပေါင်း များစွာ ထိုင်ပြီး သူ လိုက်ခဲ့သော အမှုများ အကြောင်း၊ သူ တွေ့ခဲ့ရသော အမှုသည်တွေ အကြောင်းကို မမောတမ်း ပြောပြလေ့ ရှိသည်။ သူက ယင်းသို့ သူမအား အရေးတယူ အချိန်ကုန်ခံပြီး ပြောပြခဲ့ခြင်းမှာ ထိုအချိန်က သူ၏ ခံစားချက်များကို မျှဝေ ခံစားမည့်သူ အခြား ဘယ်သူမှ မရှိသောကြောင့် ဖြစ်ကြောင်း ဂျင်နီဖာက နောက်တော့မှ သိခဲ့ရသည်။

ကျောင်းအားချိန်များတွင် ဂျင်နီဖာသည် သူမ၏ ဖခင်ကြီး လျှောက်လဲချက် တင်နေသော တရားရုံးသို့ ကမန်းကတန်း ပြေးသည်။ အမှုစစ်ပွဲ မရှိလျှင်လည်း ဖခင်ကြီးနှင့် အမှုသည်များ တိုင်ပင် ဆွေးနွေးနေသည်ကို အနားမှ ထိုင်ပြီး နားထောင်သည်။ အမှုသည်များက သူမကို သဘောကျပြီး ကြီးလာလျှင် ရှေ့နေမကြီး ဖြစ်မယ့် သမီးပဲဟု အမြဲတမ်း ပြောလေ့ ရှိကြသည်။

တကယ်တော့ ထိုကတည်းက ဂျင်နီဖာ၏ အသွေးထဲ အသားထဲတွင် ရှေ့နေ ဗီဇ ကိန်းဝပ်ခဲ့ခြင်း ဖြစ်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

ဂျင်နီဖာ ၁၅ နှစ် သမီး အရွယ် ရောက်တော့ နွေရာသီ ကျောင်းပိတ်ရက်တွင် ဖခင်ကြီး နောက်က လိုက်ပြီး ခိုင်းသမျှ အလုပ် ကူလုပ်ပေးသည်။ သူမ အသက်အရွယ် မိန်းကလေးတွေက ယောကျ်ားကလေးတွေနှင့် တတွဲတွဲ လုပ်နေကြချိန်တွင် ဂျင်နီဖာကတော့ အမှုတွဲတွေ ကြားထဲ စိတ်ရော ကိုယ်ပါ နစ်မြုပ်နေသည်။

ယောကျ်ားကလေးတွေက သူမကို စိတ်ဝင်စားကြသည်။ သို့သော် သူမက ဆယ်ခါ တစ်ခါမှသာ လိုက်တွဲသည်။ သူမ၏ ဖခင်ကြီးက 'သမီး တခြား မိန်းကလေးတွေလို ဘာလို့ အပြင် မထွက်တာလဲ' ဟု မေးတော့ 'သမီးက သူတို့နှင့် မတွဲချင်ဘူး ဖေဖေ၊ သူတို့က သူငယ်နှပ်စားကလေးတွေပဲ ရှိသေးတယ်လို့ သမီးက ထင်တယ်' ဟု ပြန်ပြောသည်။ သူမသည် အချိန်တန် အရွယ် ရောက်သော အခါ သူမ၏ ဖခင်ကြီးလို ရှေ့နေကိုပဲ လက်ထပ်မည်ဟုလည်း ဆုံးဖြတ်ချက် ချထားသည်။

ဂျင်နီဖာ ၁၆ နှစ်မြောက် မွေးနေ့တွင် သူမ၏ ဖခင်ကြီးသည် ၁၈ နှစ်သား အိမ်နီးချင်း ကောင်လေး တစ်ယောက် နောက်သို့ ကောက်ကောက်ပါအောင် ဆင်းလိုက်သွားခဲ့သည်။

ထိုအချိန်မှ စ၍ ဖခင်ကြီးမှာ လုံးပါး ပါးခဲ့ရတော့သည်။ ထိုနေ့မှ စ၍ သုံးနှစ် အကြာတွင် ဖခင်ကြီးသည် နှလုံးသွေး ရပ်၍ ကွယ်လွန်သွားခဲ့သည်။ တကယ်တော့ သူသည် သူ့ဇနီး လင်ငယ်နောက် လိုက်ပြေးသွားသော နေ့ကပင် ရှင်လျက်နှင့် သေနေသူ ဘဝသို့ ရောက်သွားခဲ့ပြီး ဖြစ်သည်။ သူ့အကြောင်း ကြားရတော့ တစ်မြို့လုံးက သူ့အပေါ် သနားမိကြသည်။ သည်လို လူတွေက သူ့ကို ဒုက္ခိတ တစ်ယောက်လို ဝိုင်းပြီး သနားကြသောကြောင့်ပင် သူ့အဖြစ်မှာ ပိုပြီး ဆိုးရွားခဲ့ရသည်။ လဲရာ ဖိထောင်း ခံရသလို ဖြစ်ခဲ့ရသည်။ အကြောင်းကတော့ အဘနှာ ပါကာသည် သူများ သနားတာ မခံလိုသည့် မာန ရှိသော လူစားမျိုး ဖြစ်သောကြောင့်ပင်။

အဲဒီ ကတည်းက သူ အရက် သောက်လာသည်။ ဂျင်နီဖာက သူမ တတ်နိုင်သလောက် ဖခင်ကြီးကို အစွမ်းကုန် ပြုစု စောင့်ရှောက်သည်။ သို့သော်လည်း ဘာမျှ အရာ မရောက်တော့။ ဖခင်ကြီးက မူလစိတ်၊ မူလကိုယ် အခြေအနေသို့ ပြန်ရောက်မလာတော့။

နောက်တစ်နှစ်ကျတော့ ဂျင်နီဖာ ၁၀ တန်း အောင်သည်။ သူမက တက္ကသိုလ် ဆက်မတက်ဘဲ ဖခင်ကြီးနှင့်ပဲ အိမ်မှာ နေမည်ဟု ပြောသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

ဖခင်ကြီးက လုံး၀ သဘော မတူ။ တက္ကသိုလ်ကို ဖြစ်တဲ့ နည်းနှင့် တက်ရမည်ဟု ဆိုသည်။

'ဖေဖေတို့က ရေ့နေ အငှား ဌာန တစ်ခု အစုစပ် ထောင်ဖို့ လုပ်နေကြတယ် သမီး၊ ဒါကြောင့် သမီး တက္ကသိုလ် မြန်မြန် တက်ပြီး ဥပဒေဘွဲ့ ယူရမယ်'

သို့နှင့် ဂျင်နီဖာသည် ဆီတယ် မြို့က ဝါရှင်တန် တက္ကသိုလ် တက်ပြီး ဥပဒေပညာကို သင်သည်။ ပထမ နှစ်တွင် ဂျင်နီဖာနှင့် အတန်းတူတွေက ကန်ထရိုက် ဥပဒေတွေ၊ နစ်နာမှု ဥပဒေတွေ၊ ပစ္စည်း ပိုင်ဆိုင်မှု ဥပဒေတွေ၊ တရားဥပဒေတွေနှင့် ရာဇ၀တ် မှုခင်း ဆိုင်ရာ ဥပဒေတွေ ကြားထဲ ယက်ကန် ယက်ကန်ဖြင့် အလူးအလဲ ကုန်းရုန်း ကျက်မှတ်နေရသည့် အချိန်တွင် ဂျင်နီဖာ အဖို့တော့ ယင်းဥပဒေများမှာ မူလတန်းစာလောက်သာ ဖြစ်နေသည်။

သူမသည် တက္ကသိုလ်တွင် အဆောင်နေ ကျောင်းသူ အဖြစ် စာရင်းသွင်းလိုက်ပြီး တစ်ဖက်က တက္ကသိုလ် ဥပဒေ စာကြည့်တိုက်တွင် အချိန်ပိုင်း စာရေး ဝင်လုပ်သည်။

ဂျင်နီဖာသည် ဆီတယ် မြို့ကို အလွန် ချစ်သည်။ တနင်္ဂနွေနေ့များတွင် အတန်းတူ သူငယ်ချင်းများ ဖြစ်ကြသော အိန္ဒိယသူ အမ္မိနီ ဝီလျံနှင့် အိုင်ယာလန်သူ ဂျိုးဇက်ဖိန်း ကော်လင်းတို့နှင့် အတူ မြို့လယ်မှ မြကန်သာတွင် လှေလှော်ကြသည်။ ဝါရှင်တန် ရေအိုင်တွင် ရွှေတံဆိပ်ဆု လှေပြိုင်ပွဲသို့ တက်ရောက်ပြီး နေရောင်တွင် တလက်လက် တောက်နေသော ရောင်မျိုးစုံ ရေယာဉ်ပျံများ ရေလွှာပေါ်တွင် ရုပ်တိုက်၍ ခုတ်မောင်း ပျံသန်းနေသည်ကို တပျော်တပါး ကြည့်ရှုကြသည်။

ပြီးတော့ ဂီတ ပဒေသာ ပွဲများသို့ သွားကြသည်။

ညနေပိုင်းကျတော့ သူငယ်ချင်းမ သုံးယောက်သား ရသာ စားသောက်ဆိုင်သို့ သွားပြီး ညစာ စားကြသည်။ သည်ဆိုင်မှ အာလူးကြော်သည် ကမ္ဘာတွင် အကောင်းဆုံး ဖြစ်သည်။

ဂျင်နီဖာအား သဲသဲမဲမဲ လိုက်နေသော ကျောင်းသား မိတ်ဆွေ နှစ်ယောက်ရှိသည်။ တစ်ယောက်က ဆေးကျောင်းသား နိုအာ လာကင်။ သူက ရုပ်ချောသည်။ နောက်တစ်ယောက်က ဥပဒေ ကျောင်းသား ဘင် မွန်ရိုး။



mgyoe.com

mgyoe.com SAMPLE BOOK

ဂျင်နီဖာသည် သူတို့နှင့် ရံဖန်ရံခါ ချိန်းပြီး လျှောက်လည်သည်။ သို့သော် ပူးပူးကပ်ကပ် ပေါင်းသင်း ဆက်ဆံဖို့ကိုတော့ သူမက လုံးဝ မစဉ်းစား။

ဂျင်နီဖာသည် နွေရာသီ ကျောင်းပိတ်ရက်တိုင်း အိမ်သို့ ပြန်သည်။ ဖခင်ကြီး အား လိုလေသေး မရှိ ပြုစုသည်။

ဖခင်ကြီးက ယခင်နှင့် မတူတော့၊ အများကြီး ပြောင်းလဲသွားခဲ့ပြီ။ အရက် လည်း အရင်ကလို အလွန်အကျွံ မသောက်တော့။ စိတ်ဓာတ်လည်း မာလာ ခဲ့ပြီ။ သူသည် လောကဓံကို ကျင့်သားရသွားပြီ။ ဘယ်အရာကမျှ သူ့ကို မတုန် လှုပ်စေနိုင်တော့။ သို့ပေမဲ့ ဂျင်နီဖာ နောက်ဆုံးနှစ် ရောက်တော့ ဖခင်ကြီးက ကောက်ခါငင်ခါ ဆုံးသွားရှာသည်။ အသုဘ အခမ်းအနားသို့ သူ၏ အရင်းနှီး ဆုံး မိတ်ဆွေတွေ တစ်ရာကျော်လောက် လာရောက်ကြသည်။

ဂျင်နီဖာမှာ ဖခင်ကြီး အတွက် ကျိတ်ပြီး ပူဆွေးခဲ့ရသည်။ တကယ် တော့ သူမ အဖို့ ကျေးဇူးရှင် ဖခင် တစ်ယောက်သာ ဆုံးရှုံးရသည် မဟုတ်၊ ဆရာကောင်း တစ်ယောက်ပါ ဆုံးရှုံးခဲ့ရပါသည်။

အသုဘ ကိစ္စ ပြီးတော့ ဆီတယ် မြို့သို့ ပြန်၍ ကျောင်းဆက်တက်သည်။ သူ့ ဖခင်ကြီးက သူမ အတွက် ထားခဲ့သော ပိုက်ဆံမှာ တစ်ထောင်ပင် မပြည့်။ သူမသည် အနာဂတ် ဘ၀ ခရီး အတွက် ဆုံးဖြတ်ချက် တစ်ခုခု ချရတော့မည်။ သူမ၏ ဇာတိ ဖြစ်သော ကယ်ဆို မြို့သို့တော့ ပြန်၍ မဖြစ်တော့။ သည်မြို့ တွင် သူမအား ၁၈ နှစ်သား လင်ငယ်နောက် လိုက်ပြေးသွားတဲ့ မိန်းမရဲ့ သမီး ဆိုတာကို လူတိုင်းက သိနေကြပြီ မဟုတ်ပါလား။

သူမသည် ကျောင်းစာတွင် ထူးချွန်သောကြောင့် ထင်ရှားသော ရေ့နေ အငှား ဌာန တစ်ဒါဇင်လောက်သို့ သွားပြီး အစမ်း သဘောဖြင့် အလုပ် ရှာ ကြည့်သည်။ အားလုံးလိုလိုပင် အလုပ် ပေးလိုကြသည်။

သူမ၏ ရာဇ၀တ် မှုခင်း ဥပဒေ ပါမောက္ခ ဝါရင် အုတ်က ပြောသည်။

'ဒါဟာ အလွန် ဂုဏ်ယူစရာ ကောင်းတဲ့ အချက်ပဲ ဂျင်နီဖာ၊ ကျော်ကြား တဲ့ ရှေ့နေ အငှား ဌာန တစ်ခုမှာ အမျိုးသမီး တစ်ယောက် အနေနှင့် အလုပ် ရဖို့ ဆိုတာ မလွယ်ပါဘူး'



mgyoe.com

mgyoe.com
SAMPLE BOOK

ခက်တာက ဂျင်နီဖာမှာ သူ့စိတ်ကို သူ မဆုံးဖြတ်နိုင်အောင် ဖြစ်နေသည်။ လက်ရှိ အခြေအနေ အရ သူ့မှာ အိမ်လည်း မရှိ၊ ဘာ အခြေအမြစ်မှလည်း မရှိတော့။ ထို့ကြောင့် ဘယ်နေရာမှာ နေပြီး ဘယ်လို အခြေချရမလဲ ဆိုတာကို မစဉ်းစားတတ်အောင် ဖြစ်နေသည်။

ကံကောင်းချင်တော့ ဘွဲ့ မယူခင်ကလေးတွင်ပင် သူမ၏ ပြဿနာမှာ ပြေလည်သွားခဲ့သည်။ တစ်နေ့တွင် စာသင်ပြီးတော့ ပါမောက္ခ အုတ်က သူမအား သူ့အခန်းထဲသို့ ခေါ်သည်။

'မင်ဟာတ်တန် နယ်မြေ ခရိုင် အစိုးရ ရှေ့နေကြီး ရုံးက ငါ့ဆီ စာ တစ်စောင် ရောက်နေတယ်၊ ငါ့အတန်းထဲက အတော်ဆုံး ဘွဲ့ရ တစ်ယောက်ကို သူ့ရုံး အတွက် လိုချင်တယ်တဲ့၊ အဲဒါ စိတ်ဝင်စားသလား'

ဒါဆိုလျှင် နယူးယောက် မြို့မှာ သွားနေရမည်။

'ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်မ စိတ်ဝင်စားပါတယ်'

ဂျင်နီဖာက ဝမ်းသာလွန်း၍ ဘာဆက်ပြောရမှန်းပင် မသိအောင် ဖြစ်သွားသည်။

ထို့နောက်တော့ သူမသည် နယူးယောက် မြို့သို့ သွားရောက်ပြီး ရှေ့နေဖြစ် စာမေးပွဲ ဖြေသည်။ ပြီးတော့ ကယ်ဆို မြို့သို့ ပြန်ပြီး ဖခင်ကြီး၏ အလုပ်ခန်းကို ပိတ်လိုက်သည်။ ဖခင်ကြီး အလုပ် လုပ်ခဲ့သော ရုံးခန်းထဲ ပြန်ရောက်သွားတော့ သူမ အဖို့ ဝမ်းနည်း ဝမ်းသာ ခံစားရမိသည်။ အတိတ်က ဖြစ်ရပ်တွေကို ပြန်လည် သတိရမိသည်။ သူမသည် သည်ရုံးခန်းထဲတွင်ပင် ကြီးပြင်းလာခဲ့ရသည် မဟုတ်ပါလား။

ရှေ့နေဖြစ် စာမေးပွဲ အောင်စာရင်း မထွက်ခင် စပ်ကြားတွင် သူမသည် တက္ကသိုလ် ဥပဒေ စာကြည့်တိုက်တွင် ဝင်လုပ်နေလိုက်သည်။

'ဒီစာမေးပွဲက တစ်နိုင်ငံလုံးမှာ အခက်ခဲဆုံး စာမေးပွဲ တစ်ခုပဲ'

ပါမောက္ခ အုတ်က သူမအား ရှေ့နေ စာမေးပွဲကို အထင် မသေးရန် သတိ ပေးသည်။ သို့သော် ဂျင်နီဖာကတော့ ဘာမှ မပူတော့။ စိတ်ချလက်ချ မျှော်လင့်လျက်ပင်။

တိုက်တိုက်ဆိုင်ဆိုင် ထိုနေ့တွင်ပင် နယူးယောက်မြို့ ခရိုင် အစိုးရ ရှေ့နေကြီးရုံးမှ သူမထံသို့ အကြောင်းကြားစာ တစ်စောင် ရောက်လာသည်။

သူမသည် ရှေ့နေဖြစ် စာမေးပွဲကို အောင်မြင်ကြောင်း၊ ပြီးတော့ ခရိုင်ရုံးတွင် အလုပ်သင် ရှေ့နေ အဖြစ်လည်း ခန့်အပ်လိုက်ပြီ ဖြစ်ကြောင်း။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်တစ်ပတ် အကြာတွင် ဂျင်နီဖာသည် နယူးယောက် မြို့သို့ အပြီး အပိုင် ထွက်ခွာလာခဲ့တော့သည်။

နယူးယောက် မြို့သို့ ရောက်လျှင် ရောက်ချင်း နေစရာ အိမ်ခန်း လိုက်ရှာရသည်။ သတင်းစာ ကြော်ငြာ ကြည့်ပြီး လိုက်ရှာတော့ မင်ဟတ်တန် နယ်မြေ တတိယ အဲဗင်နယူး အောက်လမ်းတွင် အခန်းကလေး တစ်ခန်း ရသည်။ အခန်းက လေးထပ်မှာ။ ဓာတ်လှေကား မရှိ။ မတ်စောက်သော ရိုးရိုး လှေကားကို ဒူး ညောင်းအောင် တက်ရသည်။ သို့သော် သူမက စိတ်မပျက်။ ဒါမှ ပိုတောင် ကောင်းသေးတယ်၊ ကျန်းမာရေး လေ့ကျင့်ခန်း အထူး လုပ်နေစရာ မလိုတော့ ဘူးဟု အကောင်းဘက်မှ လှည့်တွက်လိုက်သည်။ ဒီမှာက ကယ်ဆိုတို့၊ ဆိတယ် တို့မှာလို တက်စရာ တောင်လည်း မရှိ။ လှေစီးစရာ တောင်ကြားချောင်းလည်း မရှိ။

အိမ်ခန်းတွင် အိပ်ခန်းကလေး တစ်ခန်း၊ ရေချိုးခန်းကလေး တစ်ခန်းနှင့် မီးဖိုခန်းတို့ပဲ ရှိသည်။ ပရိဘောဂ ဆို၍ ခုတင်ကလေး တစ်လုံး၊ ခုံရှည်ကလေး တစ်ခုသာ ရှိသည်။ သည်ပစ္စည်းတွေကလည်း ဝယ်ထားတာနှင့်တောင် မတူ၊ ကယ်တင်ရေး တပ်ဖွဲ့က လှူထားပုံ ရသည်။ အို ကိစ္စ မရှိပါဘူး၊ ငါက ဒီမှာ ကြာရှည် နေမှာမှ မဟုတ်ဘဲ၊ လောက်လောက်လားလား ရှေ့နေ တစ်ယောက် မဖြစ်ခင် ယာယီ ကွန်းခို စခန်း အဖြစ် ခဏ စတည်းချရုံလောက်ကလေးပါ။

ဒါက သူမ၏ စိတ်ကူးယဉ် အတွေး။

တကယ့် အဖြစ်မှန်ကတော့ သူမသည် နယူးယောက် မြို့ပေါ်တွင် ခြေချပြီး၍ ၇၂ နာရီ မပြည့်ခင်ကလေးမှာပင် ခရိုင် ရှေ့နေကြီး ရုံးသို့ ဝင်ရောက်ရပြီးနောက် ရှေ့နေဖြစ် မှတ်ပုံတင် ရုပ်သိမ်းခြင်း ခံရမည့် ပြဿနာနှင့် နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်တိုးရသော ဘဝ။

ဂျင်နီဖာသည် သတင်းစာ ဂျာနယ်များကိုလည်း မဖတ်ချင်တော့၊ တယ်လီဗီးရှင်း ကိုလည်း မကြည့်ချင်တော့။ ဘယ်နေရာပဲ ကြည့်လိုက် ကြည့်လိုက် နေရာတိုင်း



mgyoe.com

mgyoe.com SAMPLE BOOK

တွင် သူမ ရုပ်သွင်ကိုချည်း မြင်မြင်နေရတော့သည်။ လူတွေက သူမကို လမ်းပေါ်မှာလည်း စိုက်ကြည့်ကြသည်။ ဈေးထဲမှာလည်း စိုက်ကြည့်ကြသည်။

သူမ အခန်းထဲက ဘယ်မှ မထွက်ချင်တော့။ တယ်လီဖုန်းသံလည်း နားမထောင်ချင်တော့။ တံခါးဝမှ လူခေါ် ခေါင်းလောင်း မြည်သံကိုလည်း မကြားချင်တော့။

သူမသည် အဝတ်အစားတွေ ကောက်သိမ်းပြီး ဝါရှင်တန်ကိုပဲ ပြန်သွားရကောင်းမလားဟု စိတ်ကူးမိသည်။ ရှေ့နေ အလုပ်ကို လုံးဝ စွန့်လွှတ်ပြီး တခြားရရာ အလုပ် တစ်ခု ရှာလုပ်ရ ကောင်းမလားဟုလည်း တွေးကြည့်သည်။ သို့သော် ဘာတစ်ခုကိုမျှ မည်မည်ရရ တိတိကျကျ မဆုံးဖြတ်နိုင်။

သူမသည် စားပွဲတွင် အကြာကြီး ထိုင်ကာ ခရိုင် အစိုးရ ရှေ့နေကြီးရောဘတ် ဒီဆီးလဗားထံသို့ စာတွေ တစ်စောင်ပြီး တစ်စောင် ရေးကြည့်သည်။ ယင်းစာတွေ အနက် တစ်ဝက်လောက်က ရှေ့နေကြီး၏ ထောက်ထား ညှာတာစိတ် ကင်းမဲ့ပုံနှင့် နားလည်မှု မရှိပုံတို့ကို ဖွင့်ချထားသည်။ ကျန်တစ်ဝက်ခန့်က အတွေ့အကြုံ မရှိသေး၍ ရိုးသားစွာ ကျူးလွန်မိသော တစ်ကြိမ် တစ်ခါ အမှားကို ခွင့်လွှတ်ပြီးနောက် လက်ရှိ ရာထူးတွင် ဆက်လက် ခန့်ထားပါရန် တိုးလျှိုးတောင်းပန်ထားသည်။

သို့သော် ယင်းစာတွေ အားလုံး တစ်စောင်မှ မပို့ဖြစ်ခဲ့။

သူမ၏ တစ်သက်တာတွင် သည်တစ်ကြိမ်သည် စိတ်ဓာတ် အကျဆုံး ဖြစ်မည်ဟု ထင်မိသည်။ ဖခင်ကြီး ဆုံးတုန်းကပင် သည်လောက် စိတ်မညစ်ရ။ သူမမှာ နယူးယောက် မြို့ကြီးတွင် တစ်ကောင်ကြွက် တစ်မျက်နှာ ဖြစ်နေရသည်။ မိတ်ဆွေလည်း မရှိ၊ ဆွေမျိုးလည်း မရှိ၊ တိုင်ပင်ဖော် တိုင်ပင်ဖက်ဆို၍ တစ်ယောက်မျှ မရှိ။

သူမသည် တစ်နေ့လုံး ဘယ်မှ မထွက်ဘဲ အခန်းထဲတွင်သာ အောင်းနေမိသည်။ ညကျတော့မှ အသာကလေး အပြင် ထွက်ပြီး လူသူ ကင်းပြတ်သော လမ်းမများပေါ်တွင် ဦးတည်ချက် မရှိ တစ်လျှောက်တည်း လျှောက်သွားနေတတ်သည်။

အိမ်ခြေရာခြေ မရှိ လမ်းပေါ် လျှောက်သွားနေသူများက သူမအား စကားပင် တစ်ခွန်း လာမပြောကြ။ သူတို့လည်း သူတို့ ဒုက္ခနှင့် သူတို့မို့ သူမအား ဘဝတူ အဖြစ် သတ်မှတ်ကာ ကိုယ်ချင်းစာ စိတ်ဖြင့် မည်သို့မျှ အနှောင့်အယှက် မပြုကြခြင်း ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူမသည် တလျှောက်တည်း ဆက်လျှောက်နေမိသည်။ လျှောက်ရင်း လျှောက်ရင်းမှ တရားရုံး မြင်ကွင်းကို စိတ်မျက်စိထဲတွင် ပြက်ပြက်ထင်ထင် မြင်ယောင်လာမိသည်။ မြင်မိတိုင်းလည်း အဆုံးသတ် ဖြစ်ရပ်မှာ တစ်မျိုးစီသာ ဖြစ်နေကြသည်ချည်း ဖြစ်သည်။

*လူတစ်ယောက်သည် ခရိုင် အစိုးရ ရှေ့နေကြီး ဒီဆီးလဗား အနီး၌ ဝိုင်းအုံ နေသော လူအုပ်နှင့် ခပ်ခွာခွာ နေနေရာမှ သူမဆီသို့ ခပ်သုတ်သုတ် လျှောက် လာသည်။ သူ့လက်ထဲမှာလည်း မနီလာ စာအိတ်ကြီး တစ်အိတ်ကို ကိုင်ထား သည်။*

*မစ္စ ပါကာပါလား။*

*ဟုတ်ပါတယ်။*

*ရှေ့နေကြီးက ဒီစာအိတ်ကို ခင်ဗျားက တစ်ဆင့် စတီလာကို ပေးခိုင်း လိုက်တယ်။*

*ဂျင်နီဖာက ထိုသူအား အေးစက်စက်ကြီး စိုက်ကြည့်လိုက်သည်။ ရှင့် မှတ်ပုံတင်ကတ် ကြည့်ခွင့် ရှိပါသလား။*

*ထိုသူသည် ရုတ်တရက် အထိတ်တလန့် ဖြစ်သွားပြီး နေရာမှ ချက်ချင်း ထွက်ပြေးသွားတော့သည်။*

*လူတစ်ယောက်သည် ခရိုင် အစိုးရ ရှေ့နေကြီး ဒီဆီးလဗား အနီး၌ ဝိုင်းအုံ နေသော လူအုပ်နှင့် ခပ်ခွာခွာ နေနေရာမှ သူမဆီသို့ ခပ်သုတ်သုတ် လျှောက် လာသည်။ သူ့လက်ထဲတွင်လည်း မနီလာ စာအိတ်ကြီး တစ်အိတ်ကို ကိုင်ထား သည်။*

*မစ္စ ပါကာပါလား။*

*ဟုတ်ပါတယ်။*

*ရှေ့နေကြီးက ဒီစာအိတ်ကို ခင်ဗျားက တစ်ဆင့် စတီလာကို ပေးခိုင်း လိုက်တယ်။*

*ထိုသူက စာအိတ်ကို သူမ၏ လက်ထဲသို့ ထိုးပေးလိုက်သည်။*

*ဂျင်နီဖာက စာအိတ်ကို ကမန်းကတန်း ဖောက်ဖွင့်လိုက်သည်။ စာအိတ် ထဲမှ ကနေရီ ငှက်သေကောင်ကလေး ထွက်ကျလာသည်။*

*'ရှင့်ကို ကျွန်မ ဖမ်းလိုက်ပြီ'*



mgyoe.com

mgyoe.com
SAMPLE BOOK

*လူတစ်ယောက်သည် ခရိုင် အစိုးရ ရှေ့နေကြီး ဒီဆီးလဗား အနီး၌ ဝိုင်းအုံနေသော လူအုပ်နှင့် ခပ်ခွာခွာ နေနေရာမှ သူမဆီသို့ ခပ်သုတ်သုတ် လျှောက်လာသည်။ သူ့လက်ထဲတွင်လည်း မနီလာ စာအိတ်ကြီး တစ်အိတ်ကို ကိုင်ထားသည်။*

*ထိုသူသည် သူမ ရှေ့မှ ဖြတ်သွားကာ တခြား လက်ထောက် ခရိုင်အစိုးရ ရှေ့နေကလေး တစ်ဦး အနီးသို့ ချဉ်းကပ်သွားပြီး စာအိတ်ကို ရှေ့နေကလေးအား ကမ်းပေးလိုက်သည်။*

*ရှေ့နေကြီးက ဒီစာအိတ်ကို ခင်ဗျားက တစ်ဆင့် စတီလာကို ပေးခိုင်းလိုက်တယ်။*

သူမသည် တရားရုံး မြင်ကွင်းကို ပုံစံ အမျိုးမျိုးဖြင့် တစ်မျိုးပြီး တစ်မျိုး ရေးပြီးရင်း ရေးရင်း ရေးကြည့်နေမိသည်။ သို့သော် သူမ ရေးထားသော မြင်ကွင်းတွေ တစ်မျိုးပြီး တစ်မျိုး ပြောင်းနေသော်လည်း တကယ့် လက်တွေ့ ဖြစ်ရပ်မှန်ကတော့ လုံးဝ မပြောင်း။ သြော် သူမချာ မဆင်မခြင် ပြုလုပ်မိသော အမှားကလေး တစ်ခုကြောင့် တစ်ဘဝလုံး ပျက်သုဉ်းရမည့်ကိန်း ဆိုက်နေပါရောလား။ ဟင့်အင်း ဟင့်အင်း မဟုတ်သေးဘူး၊ မဟုတ်သေးဘူး။ သူ့ဘဝ ပျက်သုဉ်းရမယ်လို့ ဘယ်သူက ပြောသလဲ။ သတင်းစာတွေက ပြောတာလား။ ရေဒီယို တယ်လီဗီးရှင်းတွေက ပြောတာလား။ ခရိုင် ရှေ့နေကြီး ဒီဆီးလဗားက ပြောတာလား။ လောလောဆယ်တွင်တော့ သူမ၏ ရှေ့နေဖြစ် မှတ်ပုံတင်ရပ်သိမ်းရေး ကိစ္စနှင့် ပတ်သက်၍ နောက်ထပ် ဘာသံမျှ မကြားရတော့။ ထို့ကြောင့် သူမမှာ ယခု အချိန်ထိတော့ ရှေ့နေ တစ်ယောက်ပင် ဖြစ်နေသေးသည်။

ဒီအတိုင်း ဆိုရင် ငါ့ဘဝ မပျက်သေးပါဘူး၊ ငါ့ကို အလုပ် ပေးချင်တဲ့ ရှေ့နေ ငှားရမ်းရေး ဌာနတွေ တစ်ပုံကြီး ရှိသေးတာပဲဟု သူမကိုယ် သူမ ဖြေသိမ့်လိုက်သည်။ ယင်းအတွေးနှင့် အတူ စိတ်နှင့် ကိုယ်လည်း ပြန်လည် လန်းဆန်းသွားသည်။ တစ်ချိန်တည်းတွင် ဆုံးဖြတ်ချက် တစ်ခုကိုလည်း ယတိပြတ် ချမှတ်လိုက်သည်။

ဂျင်နီဖာသည် သူမ ယခင်က တောင်းထားခဲ့သော ရှေ့နေ ငှားရမ်းရေး ဌာနများ လိပ်စာ စာရင်းကို အံဆွဲထဲမှ ဆွဲထုတ်လိုက်သည်။ ပြီးတော့ တစ်



mgyoe.com

mgyoe.com
SAMPLE BOOK

ဌာနပြီး တစ်ဌာန ဆက်တိုက် ဖုန်းဆက်သည်။ သူမနှင့် ယခင်က တွေ့ဆုံဆွေးနွေးခဲ့ဖူးသော ပုဂ္ဂိုလ်တွေကို တစ်ယောက်မျှ မတွေ့ရ။ သူတို့ ရောက်လာလျှင် ပြောလိုက်ပါမည်ဟု ဌာနရှိ လူတွေက ပြောပေမဲ့ သူမထံသို့ ဘယ်ဌာနကမျှ ဖုန်း ပြန်၍ မဆက်။

ယင်းသို့ဖြင့် လေးရက်တိုင်တိုင် ဌာန ပေါင်းစုံသို့ တယ်လီဖုန်း ဆက်ပြီးသည့် နောက်တွင်မှ သူမကိုယ် သူမ ဥပဒေ လောကတွင် အပယ်ခံ တစ်ယောက် ဖြစ်နေပြီ ဆိုသည်ကို တွေးမိတော့သည်။ ကနေရီ ငှက်သေကောင်အမှုနှင့် ပတ်သက်၍ သူမ အပေါ် လူအများက ဒေါသ ထွက်ခဲ့ကြသည့် လှိုင်းဂယက်ကတော့ တဖြည်းဖြည်းနှင့် ငြိမ်သွားပြီ။ သို့သော် ဖြစ်ရပ်ကိုတော့ ဘယ်သူမှ မမေ့ကြသေး။ မနေ့ တစ်နေ့ကလိုပဲ ပူပူနွေးနွေး သတိ ရနေကြဆဲ ရှိသေးသည်။

သို့သော် သူမက စိတ်ဓာတ် မကျ။ မျှော်လင့်ချက် အပြည့်ဖြင့် ဖြစ်နိုင်မည် ထင်သည့် ဌာနတိုင်းသို့ တယ်လီဖုန်း ဆက်မြဲ ဆက်သည်။ စကား ပြောဖြစ်သည်။ ဆွေးနွေးဖြစ်သည်။ သို့သော် အလုပ်ကတော့ မဖြစ်။ တစ်ကြိမ်ထက် တစ်ကြိမ် ပို၍ စိတ်ဓာတ် ကျလာသည်။ သည်အတိုင်း ဆိုလျှင် ငါ့ဘဝမှာ ဘာ အလုပ် လုပ်စားရမှာလဲ။ ဖြစ်နိုင်တာ လုပ်နိုင်တာတွေကို တွေးပြီး အမျိုးမျိုး ထွက်ပေါက် ရှာကြည့်သည်။ ထွက်ပေါက်တော့ ရသည်။ သို့သော် တစ်ပေါက်တည်းသော ထွက်ပေါက်သို့သာ ပြန်၍ ပြန်၍ ရောက်နေသည်။ သူမ တစ်သက်တာတွင် မြတ်နိုး တွယ်တာရဆုံး အလုပ်က ရှေ့နေ အလုပ်။ မျိုးနှင့် ရိုးနှင့် လုပ်လာသည့် အလုပ်။ ဘယ်လိုပဲ ဖြစ်ဖြစ် သူမ အနေနှင့် ရှေ့နေ ဘဝကတော့ ဘယ်တော့မျှ လျှော့ကျမည် မဟုတ်။ အစိုးရ ရှေ့နေ မလုပ်ရလျှင်ကော ဘာဖြစ်မှာလဲ။ အပြင် လောကတွင် ပုဂ္ဂလိက ရှေ့နေရုံး ဖွင့်ပြီး ကိုယ်ပိုင် စခန်းသွားလျှင်လည်း ဖြစ်တာပါပဲ။

သို့ဖြင့် သူမသည် မင်ဟတ်တန် နယ်မြေ တစ်ခုလုံး လမ်းကြို လမ်းကြားမကျန် ရှေ့နေ အငှား ဌာနများသို့ တစ်တိုက်ဝင် တစ်တိုက်ထွက် သွားရောက်သည်။ ဧည့်ကြို စာရေးမများကို သူမ နာမည် ပြောသည်။ ဌာန အကြီးအကဲနှင့် တွေ့လိုကြောင်း ခွင့်တောင်းသည်။ သူတို့က သူမအား လက်ခံ၍တော့ တွေ့ဆုံပါ၏။ သို့သော် အလုပ်တော့ မပေး။ လောလောဆယ် နေရာ မရှိတဲ့။

ပြန်ထွက်လာတော့မှ သူမက တွေးမိသည်။ လက်စသတ်တော့ သူတို့က သူမကို အလုပ် ပေးရန် အတွက် လက်ခံ တွေ့ဆုံသည်မှ မဟုတ်ဘဲ။ ရေဒီယို၊

mgyoe.com

mgyoe.com SAMPLE BOOK

တယ်လီဗီးရှင်းနှင့် စာနယ်ဇင်းများတွင် ဟိုးလေးတကျော် ဖော်ပြခံခဲ့ရသော ထူးထူးဆန်းဆန်း မိန်းကလေး တစ်ယောက်မို့ အနီးကပ် တွေ့ချင်ကြ၍ လက်ခံ တွေ့ဆုံခဲ့ကြတာပါကလား။

သည်လိုနှင့် ရက်သတ္တ ခြောက်ပတ် ကုန်လွန်သွားခဲ့သည်။ ဂျင်နီဖာ့ အိတ်ကပ်ထဲ ပိုက်ဆံ သိပ် မကျန်တော့။ သည်အတိုင်း ဆိုလျှင် သည်အခန်းတွင် ဆက်နေ၍ မဖြစ်တော့။ ဈေးသက်သာသည့် အခန်းသို့ ပြောင်းရတော့မည်။ သို့သော် သည်အခန်းထက် ဈေးသက်သာသည့် အခန်းကလည်း ဘယ်မှာမှ ရှာမတွေ့။

မတတ်သာတော့သည့် အဆုံး ရိက္ခာကိုပဲ ဖြတ်ရတော့မည်။ နံနက်စာလည်း မစားတော့။ နေ့လယ်စာလည်း မစားတော့။ တစ်နေ့လျှင် ညစာ တစ်ထပ်ပဲ စားတော့မည်။ ဈေးသက်သာသည့် ညစာကို လမ်းဘေး ဆိုင်များတွင် ဝယ်စားလျှင် ဖြစ်သည်။

သူမသည် ရှေ့နေ လုပ်ငန်း ဌာနကြီးများကို ရှာဖွေရင်း တစ်ချိန်တည်းတွင် များစွာ မထင်ရှားသေးသည့် ဌာနကလေးများကိုလည်း ဝင်ရောက် စုံစမ်းသည်။ သို့သော် ဘာမှ မထူးခြား။ ဌာနကလေးများကလည်း သူမ အကြောင်း ကောင်းကောင်း သိထားကြပြီးပြီ။ အချို့ ဌာနမှ ပုဂ္ဂိုလ်များ ဆိုလျှင် အလုပ်တော့ မပေးနိုင်၊ ကျုပ်ကို ကြိုက်လျှင် လက်ထပ်ပါရစေဟုပင် ပိုင်စိုးပိုင်နင်း တင်စီးလိုက်ကြသေးသည်။ သည်တော့လည်း သူမမှာ ခံနိုင်ရည် သိပ်မရှိတော့။ စိတ်ဓာတ်က တဖြည်းဖြည်း ကျ၍ ကျ၍ လာသည်။ တစ်ချိန်တည်း၌ပင် မာနကိုလည်း တစ်စက်ကလေးမျှ မချ။ သူ၏ ဗီဇသွေးကိုက ဇာတိပုည ဂုဏ်မာန ပြင်းပြသည်။ ထို့ကြောင့်လည်း အနိုင် မခံ အရှုံး မပေးသည့် စိတ်ဓာတ်နှင့် သူတို့ အလုပ် မပေးတော့ကော ဘာအရေးလဲ၊ ငါ့ဟာငါ ကိုယ်ပိုင် ရှေ့နေ ထောင်မှာပေါ့ဟု ကြုံးဝါးလိုက်သေးသည်။

သို့သော် လောလောဆယ် အခက်အခဲက ပိုက်ဆံ ပိုက်ဆံ။ သူမတွင် ပိုက်ဆံ တစ်ပြားမှ မကျန်တော့။

ရှေ့နေ ဌာန ဖွင့်မည် ဆိုလျှင် အနည်းဆုံး ဒေါ်လာ တစ်သောင်း ရှိမှ အလုပ် ဖြစ်မည်။ ကုန်ကျမည့် စရိတ်စကက မနည်း။ အခန်း ငှားရမည်။ တယ်လီဖုန်း တပ်ဆင်ရမည်။ အတွင်းရေးမှူး စာရေးမ ခန့်ရမည်။ ဥပဒေ စာအုပ်



mgyoe.com

mgyoe.com
SAMPLE BOOK

တွေ ဝယ်ရမည်။ ပြီးတော့ စားပွဲ၊ ကုလားထိုင်တွေ၊ စာရေး ကိရိယာတွေ။ လောလောဆယ်တွင် သူမမှာ တံဆိပ်ခေါင်း ဝယ်ရန် ပိုက်ဆံပင် မရှိ။

ဘယ်လိုမှ မတတ်သာတော့သည့် အဆုံး ရေနစ်သူသည် ကောက်ရိုးမျှင် ငယ်ကိုပင် လှမ်းဆွဲသလို ခရိုင် ရှေ့နေရုံးမှ နစ်နာကြေး တောင်းရ ကောင်း မလားဟုပင် ကြံကြံစည်စည် စိတ်ကူးလိုက်မိသေးသည်။

သို့သော် ဒါကလည်း လုံးဝ မဖြစ်နိုင်။ တစ်သက်လုံး မဖြစ်နိုင်။ တကယ် တော့ သူမ အနေနှင့် နစ်နာခဲ့ရုံသာ မဟုတ်၊ ခေါင်းကိုပါ အဖြတ်ခံလိုက်ရသလို ဖြစ်ခဲ့သည်။ မဖြစ်နိုင်တော့ဘူး။ မဖြစ်နိုင်တော့ဘူး။ ရှေ့နေ ဌာန ဖွင့်ဖို့ မဖြစ် နိုင်တော့ဘူး။ အကောင်းဆုံးကတော့ စပ်တူဖွင့်မယ့်သူ တွေ့ရင် ဟန်ကျမှာပဲ။

ယင်းသို့ တွေးမိပြီး သူမ တော်တော် အားတက်သွားပြန်သည်။ ချက်ချင်း ပင် နယူးယောက် တိုင်း သတင်းစာ တစ်စောင် ကမန်းကတန်း ပြေးဝယ်လိုက် သည်။ ကြော်ငြာ ကဏ္ဍကို ကမန်းကတန်း လှန်ဖတ်သည်။ နောက်ဆုံး စာ မျက်နှာ အောက်ဆုံး တစ်နေရာတွင် ကြော်ငြာကလေး တစ်ပုဒ် သွားတွေ့သည်။

*အလိုရှိသည်။ ။ အခြား အမျိုးသား ရှေ့နေ နှစ်ယောက်နှင့် ရုံးခန်းတူ ပူးတွဲ နေထိုင်လိုသူ ရှေ့နေ တစ်ဦး အလိုရှိသည်။ အခန်းခ သက်သာသည်။*

ကြော်ငြာပါ နောက်ဆုံး စကား ခြောက်လုံးကို ဂျင်နီဖာ တော်တော် သဘော ကျသွားသည်။ သူမက အမျိုးသား ရှေ့နေတော့ မဟုတ်၊ သို့သော် သည်ကိစ္စက အရေး မဟုတ်။

သူမသည် သတင်းစာမှ ကြော်ငြာကို ဆုတ်ယူပြီး မြေအောက် မီးရထား ဖြင့် လိပ်စာပါ အဆောက်အအုံသို့ လာခဲ့သည်။

အဆောက်အအုံမှာ ဘရော့ဒ်ဝေး လမ်းမကြီး အောက်ပိုင်းမှ တိုက်အို တိုက် ဟောင်းကြီး ဖြစ်သည်။ ရုံးခန်းက ဆယ်ထပ်မှာ။ ရုံးခန်းဝတွင် အချို့ စာလုံး များ ပျက်နေသော ဆိုင်းဘုတ်ကလေး တစ်ခု ချိတ်ဆွဲထားသည်။

*ကင်းနက် ဘယ်လီ။*

*အမှုလိုက် အထက်တန်း ရှေ့နေ။*

သည်ဆိုင်းဘုတ် အောက်မှ နောက်ဆိုင်းဘုတ် တစ်ခုကလည်း စာလုံးပင် မရှိတော့။

*ရော့ခ်ဖဲလား အကြွေး ကောက်ခံရေး ကိုယ်စားလှယ် ဌာန။*

ဂျင်နီဖာ သက်မ တစ်ချက် ချပြီး တံခါးကို ဖွင့်လိုက်သည်။ ရုံးခန်းထဲ ဝင်လာခဲ့သည်။ သူမသည် ပြတင်းပေါက် မရှိသော ရုံးခန်း ကျဉ်းကျဉ်းကလေး

mgyoe.com

mgyoe.com SAMPLE BOOK

ထဲတွင် ကြောင်ကြောင်ကြီး ရပ်နေမိသည်။ ရုံးခန်းထဲတွင် ခြစ်ရာ ပွန်းရာတွေ ဖြင့် စားပွဲဟောင်း သုံးလုံးနှင့် ကုလားထိုင်များဖြင့် ပြည့်ကျပ်နေသည်။ စားပွဲ နှစ်လုံးတွင်သာ လူ ရှိပြီး ကျန် တစ်လုံးတွင် လူ မရှိ။

စားပွဲ တစ်လုံးတွင် ထိပ်ပြောင်ပြောင် အဝတ်အစား နွမ်းနွမ်းဖြင့် လူလတ်ပိုင်း အရွယ် ပုဂ္ဂိုလ် တစ်ယောက် ထိုင်ပြီး စာရွက်ပုံကြားတွင် အလုပ် များနေသည်။ သူ့ ရှေ့တည့်တည့်မှ စားပွဲတွင်မူ အသက် သုံးဆယ်ခန့် လူငယ် တစ်ဦး ထိုင်နေသည်။ သူ့ဆံပင်များက အုတ်နီခဲရောင်။ မျက်လုံးများက အပြာရောင်။ အသားအရေက ဖြူရော်ရော်ဖြင့် မှဲ့ခြောက်တွေ ပြည့်နေသည်။ သူသည် ကျပ် စည်းနေသော ဂျင်းဘောင်းဘီနှင့် တီရှပ် အင်္ကျီကို ဝတ်ထားသည်။ ဖိနပ်က တော့ ကင်းဘတ်ရှူး။ ခြေအိတ် မရှိ။

ဂျင်နီဖာ ရောက်သွားချိန်တွင် သူသည် တယ်လီဖုန်း ပြောနေသည်။

'ဟာ ဒီကိစ္စ အတွက်တော့ မပူပါနှင့် မစ္စက် ဒက်ဆာ၊ ခင်ဗျား အမှု အတွက် အကောင်းဆုံး လုပ်ပေးနိုင်တဲ့ ပုဂ္ဂိုလ် နှစ်ယောက် ကျွန်တော် ရထားပါတယ်၊ ခင်ဗျား ယောကျ်ား ဘယ်ရောက်နေတယ် ဆိုတာ ဒီ တစ်ရက် နှစ်ရက် အတွင်း သိရမှာပါ၊ ဒါထက် ပြောရတာ အားတော့ နာပါတယ်ဗျာ၊ ဟို ဟို ပိုက်ဆံလေးတော့ နည်းနည်း ပိုလုပ်ပါဗျာ၊ ကုန်ကျစရိတ်က နည်းနည်း များလို့ပါ၊ အို မလုပ်ပါနှင့်၊ စာတိုက်က လုပ်မနေပါနှင့်၊ စာတိုက်က စိတ်ချရတာ မဟုတ်ဘူးဗျ၊ ကျွန်တော် ဒီနေ့ ညနေ ခင်ဗျားတို့ အနီးအနား ရောက်မှာပါ၊ ကျွန်တော်ပဲ ကိုယ်တိုင် ဝင်ယူပါ့မယ်၊ ဒါပဲနော် ကျေးဇူးတင်ပါတယ်'

သူက တယ်လီဖုန်း ပြန်ချလိုက်သည်။ ခေါင်းမော့လိုက်တော့ ဂျင်နီဖာကို တွေ့သည်။ ကုလားထိုင်မှ ကမန်းကတန်း ထပြီး ပြုံးရွှင်စွာဖြင့် လက်ကို ကမ်းလိုက်သည်။

'ကျွန်တော်က ကင်းနက် ဘယ်လီပါ၊ ဒါနှင့် ဒီနေ့ မနက်မှာ ခင်ဗျား အတွက် မင်္ဂလာ ရှိတဲ့ အလုပ် ကျွန်တော် ဘာလုပ်ပေးရမလဲ'

ဂျင်နီဖာက ပိတ်လှောင်နေသော အခန်းကျဉ်းကလေးကို တစ်ချက် ဝေ့ကြည့်လိုက်ပြီး 'ကျွန်မ ကျွန်မ၊ ဟို ကြော်ငြာ'

'သြော် ကြော်ငြာလား'

သူက အံ့သြတကြီးဖြင့် ပြန်ပြောလိုက်သည်။

တစ်ဖက် စားပွဲမှ ထိပ်ပြောင်ပြောင်နှင့် ပုဂ္ဂိုလ်ကြီးကလည်း ဂျင်နီဖာကို ဖျတ်ခနဲ လှမ်းကြည့်သည်။ ကင်းနက် ဘယ်လီက မိတ်ဆက်ပေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

'သူက အိုတို ဝင်ဇယ်ပါ၊ ရော့ဖဲလား ငွေကောက်ခံရေး အောဂျင်စီကပါ'

ဂျင်နီဖာက 'ဝမ်းသာပါတယ်' ဟု နှုတ်ဆက်လိုက်သည်။ ပြီးတော့ ကင်းနက် ဘယ်လီဘက်သို့ လှည့်ပြီး

'ဒါနှင့် အမှုလိုက် အထက်တန်း ရှေ့နေ ဆိုတာက ရှင်ပဲနော်'

'ဟုတ်ပါတယ် ကျွန်တော်ပါပဲ၊ ဒါနှင့် ခင်ဗျားက ဘယ်လိုင်း ကိုင်လဲ'

'ကျွန်မ' သူမက ချက်ချင်း သတိရလိုက်ပြီး 'ကျွန်မ ရှေ့နေပါပဲ'

ကင်းနက် ဘယ်လီက သူမကို သံသယ အကြည့်ဖြင့် ကြည့်နေသည်။

'ဒီတော့ ခင်ဗျားက ဒီနေရာမှာ ရုံးခန်း ဖွင့်ချင်လို့ပေါ့'

ဂျင်နီဖာက ချက်ချင်း ပြန်မဖြေသေးဘဲ စိတ်ပျက်စရာ ရုံးခန်း မြင်ကွင်းကို လှည့်ပတ် ကြည့်နေမိသည်။ သူမ စိတ်ထဲတွင် ယောကျ်ား နှစ်ယောက်ကြားက စားပွဲ တစ်လုံးတွင် ငေါ်စင်းစင်းကြီး ထိုင်နေရမည့် သူမ ရုပ်သွင်ကို မှန်းကြည့်လိုက်မိသည်။

ပြီးတော့မှ သူမက

'ကျွန်မ နည်းနည်း ကြည့်ပါဦးမယ်၊ သိပ် မသေချာ..'

'အို မပူပါနှင့်၊ အခန်းက အများကြီး သက်သာပါတယ်၊ တစ်လမှ ဒေါ်လာ ကိုးဆယ်တည်းပါ'

'တစ်လ ဒေါ်လာ ကိုးဆယ် ဆိုရင် ဒီတိုက်ကြီး တစ်တိုက်လုံးတောင် ဝယ်လို့ ရသေးတယ်'

သူမက အခန်းထဲမှ ပြန်ထွက်ရန် ခြေလှမ်း ပြင်သည်။

'ခဏ ခဏ နေပါဦးဗျ'

ဂျင်နီဖာက ခြေလှမ်း တုံ့သွားသည်။

ကင်းနက် ဘယ်လီသည် မေးစေ့ကို လက်ဖြင့် ပွတ်နေသည်။

'အခန်းခက ညှိလို့ ရပါတယ်၊ ကဲဗျာ ခင်ဗျားကို ကျွန်တော် အထူး လျှော့စျေးနှင့် ပေးမယ်၊ တစ်လ ဒေါ်လာ ခြောက်ဆယ်ပဲ ပေးပါ၊ ဒါပေမဲ့ ခင်ဗျား လုပ်ငန်း ကောင်းလာရင် တိုးပေးဖို့တော့ မမေ့ပါနှင့်'

ဂျင်နီဖာသည် စဉ်းစားရ ကျပ်သွားသည်။ ဒီလခမျိုးနှင့် ဘယ်မှာမှ မရနိုင်ကြောင်း သူမ ကောင်းကောင်း သိသည်။ တစ်ဖက်က ကြည့်ပြန်တော့လည်း ဒီလို စုတ်ချာသည့် အခန်းကျဉ်းမျိုးတွင် ထိုင်ပြီး အမှုသည်တွေကို ဘယ်လိုလုပ် ဆွဲဆောင်နိုင်ပါ့မလဲ။

'အဲလေ ကျွန်မ ယူပါ့မယ်'



mgyoe.com

mgyoe.com SAMPLE BOOK

'ခင်ဗျား ဘာမှ မပူပါနှင့်၊ စိတ်ချမ်းချမ်းသာသာနှင့်သာ လုပ်ပါ၊ အဲဒီ တော့ ခင်ဗျား ပစ္စည်းတွေ ဘယ်တော့ ရွှေ့လာမလဲ'

'ကျွန်မမှာ ဘာပစ္စည်းမှ ရွှေ့စရာ မရှိဘူး၊ ဒီမှာ ရှိတဲ့ ပစ္စည်းပဲ သုံးမယ်'

ကင်းနက် ဘယ်လီက ဂျင်နီဖာ အတွက် ဆိုင်းဘုတ်ကို ရုံးခန်းဝတွင် သူ ကိုယ်တိုင် ချိတ်ဆွဲပေးသည်။

*ဂျင်နီဖာ ပါကာ*

*ဥပဒေ အကျိုးဆောင် ရှေ့နေ*

ဂျင်နီဖာက ဆိုင်းဘုတ်ကို ကြည့်ပြီး အမျိုးမျိုး တွေးနေသည်။ သူမ စိတ် မကောင်း အဖြစ်ရဆုံးကတော့ ယခုလို အညတရ ပုဂ္ဂလိက အမှုလိုက် ရှေ့နေ ကလေး တစ်ဦးနှင့် အကြွေး ကောက်ခံသူ တစ်ဦးတို့၏ ဆိုင်းဘုတ် အောက် တွင် မိမိ ဆိုင်းဘုတ်ကို ချိတ်ဆွဲရလိမ့်မည်ဟု တစ်သက်လုံး တစ်ခါမှ တွေးပင် မတွေးမိခဲ့သောကြောင့်ပင် ဖြစ်သည်။ သို့သော်လည်း ဆေးရောင် မှိန်တိမ်တိမ် မသပ်မရပ်ဖြင့် ချိတ်ဆွဲထားသော သူမ၏ ဆိုင်းဘုတ်ကလေးကို ကြည့်ရင်း နှင့်ပင် ဂုဏ်ယူမဆုံး ဖြစ်လာမိသည်။ ဘာပဲပြောပြော ယခု အချိန်တွင် သူမ သည် ရှေ့နေ တစ်ယောက် ဖြစ်ခဲ့ပြီ။ ဤအချက်ကို တံခါးဝ၌ ဆိုင်းဘုတ်က ထင်ထင်ရှားရှား သက်သေပြနေလေပြီ။

ယခု ဆိုလျှင် ဂျင်နီဖာမှာ ကိုယ်ပိုင် ရုံးခန်းနှင့် တစ်ထီးတစ်နန်း ဖြစ်ခဲ့ပြီ။ သူမ အဖို့ လိုနေတာ တစ်ခုပဲ ကျန်တော့သည်။ အဲဒါက တခြား မဟုတ်၊ အမှု သည်များ။

ရုံးခန်း ရ၍တော့ ဝမ်းသာရပါ၏။ ထမင်းကတော့ တစ်ရက်ထက် တစ် ရက် နပ်မမှန် ဖြစ်လာခဲ့သည်။ ယခု ဆိုလျှင် အသက်သာဆုံး ထမင်းဆိုင်မှာ ပင် ဝယ်မစားနိုင်တော့။ ကိုယ့်ဘာသာ ကိုယ် ရေချိုးခန်းလေးထဲမှ မီးဖိုပေါ် တွင် ဖြစ်သလို ချက်ပြုတ် စားသောက်နေရတော့သည်။

သူမသည် နံနက် ကိုးနာရီတိတိတွင် အလုပ်ခန်းသို့ မှန်မှန် ရောက်သည်။ ကင်းနက် ဘယ်လီနှင့် အိုတို ဝင်ဇယ်တို့ တစ်ယောက် တစ်လှည့် တယ်လီဖုန်း ပြောသံများကိုသာ နားထောင်ရင်း အချိန် ဖြုန်းနေရသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

ကင်းနက် ဘယ်လီ၏ အလုပ်မှာ များသောအားဖြင့် လင်ပျောက်၊ မယားပျောက်၊ သားပျောက်၊ သမီးပျောက်များကို စုံစမ်း ရှာဖွေပေးရသော အလုပ်ဖြစ်သည်။ ပထမတွင် ဂျင်နီဖာက သူ့အပေါ်တွင် သံသယ ဝင်ခဲ့မိသည်။ အမှုသည်များကို ကြီးကြီးကျယ်ကျယ် ကတိများ ပေးပြီး အခကြေးငွေ နင့်နေအောင် ယူသော လူလိမ် လူညာ တစ်ယောက်ဟု ယူဆခဲ့မိသည်။ မကြာမီပင် သူ့အကြောင်းကို ဂျင်နီဖာ သိလာခဲ့ရသည်။ သူသည် အလုပ်ကိုလည်း ကြိုးကြိုးစားစား လုပ်သည်။ ကတိလည်း တည်သည်။ အမှုလိုက် မြန်ဆန်သောကြောင့် သူ့အမှုသည် အားလုံးကပင် သူ့ကို ကျေနပ်ကြသည်။ ပြီးတော့ သူက ဉာဏ်လည်း ထက်သည်။ သွက်လက် ဖျတ်လတ်မှုလည်း ရှိသည်။

အိုတို ဝင်ဇယ်ကိုတော့ အကဲခတ်ရ ခက်သည်။ သူက အားအားရှိ တယ်လီဖုန်းပဲ မပြတ် ဆက်နေတတ်သည်။ တိုးတိုး တိုးတိုးနှင့် ဘာစကားတွေ ပြောမှန်းလည်း မသိ။ စာရွက်ပေါ်တွင် ဟိုခြစ် သည်ခြစ် လုပ်ပြီး တော်တော်ကြာ ရုံးခန်းထဲမှ ထွက်ထွက်သွားတတ်သည်။

'အိုတိုက ကိုယ်စားလှယ် အလုပ် လုပ်နေတာ'

တစ်နေ့တော့ ကင်းနက် ဘယ်လီက ဂျင်နီဖာကို ပြောပြသည်။

'ကိုယ်စားလှယ် အလုပ် ဟုတ်လား'

'ဟုတ်တယ်၊ အကြွေး ပေးထားတဲ့ ကုမ္ပဏီတွေက အကြွေး မဆပ်နိုင်တဲ့ လူတွေဆီမှာ ပစ္စည်းတွေ ပြန်သိမ်းတော့ အိုတိုကပဲ လိုက်လုပ်ပေးရတာပဲ၊ မော်တော်ကားတွေ တယ်လီဗီးရှင်းတွေ အဝတ်လျှော်စက်တွေ မျိုးစုံပါပဲ' သူက ဂျင်နီဖာကို တအံ့တဩ ကြည့်လိုက်ပြီး 'ဒါနှင့် မင်းမှာ ခုထက်ထိ အမှုသည် တစ်ယောက်မှ မရသေးဘူးလား'

'လာမှာပါ၊ လာဖို့ ရှိပါတယ်' ဟု သူမက ယောင်ဝါးဝါး ပြန်ပြောလိုက်သည်။

ကင်းနက် ဘယ်လီက ခေါင်းညိတ်လိုက်သည်။

'စိတ်မပျက်ပါနှင့် ညီမရယ်၊ လူ ဆိုတာ တစ်သက်မှာ တစ်ခါတော့ မှားတတ်တာပဲ'

ဂျင်နီဖာမှာ မျက်နှာ တစ်ပြင်လုံး ထူပူသွားသည်။ သူလည်းပဲ ငါ့အကြောင်း သိနေပါရော့လား။

ကင်းနက် ဘယ်လီသည် စားပွဲတွင် ထိုင်၍ အထုပ် တစ်ထုပ်ကို ဖောက်ဖွင့်လိုက်သည်။ ဝက်သားသွတ် မုန့်ကြီး တစ်တုံး ထွက်လာသည်။


mgyoe.com

mgyoe.com SAMPLE BOOK

'စားပါဦးလား'

စားတော့ စားချင်စရာပဲ။ သို့သော်လည်း ဂျင်နီဖာက 'နေပါစေ၊ ကျေးဇူး တင်ပါတယ်၊ ကျွန်မ နေ့လယ်စာ လုံးဝ မစားပါဘူး' ဟု ခပ်တည်တည်ဖြင့် ပြန်ပြောလိုက်သည်။

'ကောင်းပြီလေ'

ကင်းနက် ဘယ်လီသည် မုန့်ကို မြိန်မြိန်ရှက်ရှက် ကိုက်စားနေသည်။ ဂျင်နီဖာမှာတော့ သွားရည် တမြားမြား ကျလျက်။

ဘယ်လီက ဂျင်နီဖာ၏ အမူအရာကို သတိထားမိသည်။

'စားပါ ညီမရဲ့၊ ရပါတယ်'

'အို နေပါစေ၊ ကျေးဇူးတင်ပါတယ်၊ ကျွန်မ.. ကျွန်မ သွားစရာ ရှိသေး လို့ပါ'

ယင်းသို့ ပြောပြီး ဂျင်နီဖာသည် ရုံးခန်းထဲမှ ထွက်သွားသည်။ ဘယ်လီက သူမ၏ နောက်ကျောကို လှမ်းကြည့်ပြီး အတွေးနက် ကျန်ရစ်သည်။ သူသည် သူ့ကိုယ်သူ လူကဲခတ် ကောင်းသူ တစ်ယောက်ဟု အမြဲတမ်း ဂုဏ်ယူခဲ့သည်။ ယခုတော့ ဂျင်နီဖာကို အကဲခတ်လို့ မရအောင် ဖြစ်နေသည်။ ရုပ်မြင်သံကြား နှင့် စာနယ်ဇင်း သတင်းတွေ ဖတ်ခဲ့ရတုန်းက မိုက်ကယ် မိုရက်တီ၏ အမှု ပျက်ရန် အတွက် တစ်စုံတစ်ယောက်က ဒီသူငယ်မကို လာဘ် ထိုးပြီး ဖျက် ဆီးခဲ့ခြင်း ဖြစ်မည်ဟု ကျိန်းသေပေါက် ယူဆခဲ့သည်။ ယခု ဂျင်နီဖာနှင့် နီးနီး ကပ်ကပ် ပေါင်းကြည့်သော အခါတွင်မူ သူ၏ ထင်မြင်ချက်မှာ တစ်နေ့ထက် တစ်နေ့ အခြေအမြစ် မရှိသလို ဖြစ်လာခဲ့သည်။

ဘယ်လီသည် အိမ်ထောင် တစ်ဆက် ပျက်ခဲ့ဖူးပြီ။ အိမ်ထောင်သက် တစ် လျှောက်လုံးတွင် သူ့မှာ ငရဲပြည် ရောက်ခဲ့သည်နှင့် မခြား။ ပြဿနာ မျိုးစုံ၊ ဒုက္ခ မျိုးစုံ တွေ့ခဲ့ရသည်။ ထို့ကြောင့်လည်း သူက မိန်းမတွေကို အထင် သေး သည်။ နောက်ဆုံး မုန်းပင် မုန်းချင်လာသည်။

သို့သော် သည်မိန်းကလေးကို မြင်ရတော့ မိန်းမတွေ အပေါ် သူ၏ သဘောထားမှာ တစ်မျိုး ဖြစ်လာသည်။ သည်မိန်းကလေးတွင် တခြား မိန်းမ များနှင့် မတူသော အရည်အသွေး တစ်ခု ရှိနေသည်ဟု သူက အကဲခတ်မိ သည်။

သည်သူငယ်မက လှလည်း အလွန် လှသည်။ ဉာဏ်ကလည်း အလွန် ထက်သည်။ ပြီးတော့ မာနကလည်း အပြည့်။

mgyoe.com

mgyoe.com SAMPLE BOOK

*ဘုရားရေ ငါ ဘာတွေ စိတ်ကူးနေပါလိမ့်။ ဘယ်လီရေ မင်း မမိုက်စမ်းပါနှင့်၊ မမိုက်စမ်းပါနှင့်ကွယ်။ တစ်ခါ သေဖူးပြီးပြီပဲ၊ ဒီလောက်ဆို ပျဉ်ဖိုးနားလည်သင့်ရောပေါ့။*

နောက်ဆုံးတော့ ဂျင်နီဖာမှာ ပိုက်ဆံ ၁၈ ဒေါ်လာသာ ကျန်တော့သည်။ အိမ်ခန်း လခကလည်း မပေးနိုင်သေး။ အလုပ်ခန်း လခမှာလည်း နှစ်ရက်ကောင်လွန်လာပြီ။ သည်အတိုင်း ဆိုလျှင် နယူးယောက် မြို့တွင် ဆက်နေလို့ မဖြစ်နိုင်တော့။ တခြား တစ်နေရာ သွားဖို့ကလည်း လမ်းစရိတ် မရှိ။

သူမသည် သတင်းစာ ကြော်ငြာ ကဏ္ဍများတွင် ရှေ့နေ လုပ်ငန်း ဌာနများကို အက္ခရာစဉ်အတိုင်း အသေးစိတ် ဖတ်ပြီး နီးရာ တယ်လီဖုန်း ရုံများမှ တစ်ဆင့် တစ်ဌာနပြီး တစ်ဌာန ဆက်ပြန်သည်။ အလုပ်ခန်း တယ်လီဖုန်းမှ မဆက်ခြင်းမှာ ဘယ်လီနှင့် ဝင်ဇယ်တို့ သိသွားမည် စိုးသောကြောင့် ဖြစ်သည်။

တယ်လီဖုန်းတွေ အကြိမ်ကြိမ် ဆက်သော်လည်း အဖြေကတော့ အတူတူချည်းပင် ဖြစ်သည်။ သူမကို အလုပ် ပေးရန် ဘယ်ဌာနကမှ စိတ်မဝင်စားကြ။ ကယ်ဆို မြို့သို့ ပြန်သွားပြီး သူမ ဖခင်ကြီး၏ မိတ်ဆွေ ရှေ့နေ တစ်ယောက်ယောက်ထံတွင် ဥပဒေရေးရာ လက်ထောက် ဖြစ်ဖြစ်၊ အတွင်းရေးမှူး ဖြစ်ဖြစ် သွားလုပ်ရ ကောင်းမလားဟု စိတ်ကူးမိသည်။ ဖခင်ကြီးသာ အသက်ထင်ရှား ရှိခဲ့လျှင် သည်လို စိတ်ကူးမျိုး ကူးရပါမည်လားဟု သူမအား အကြီးအကျယ် ဆူပူ ကြိမ်းမောင်းမည်မှာ သေချာသည်။

တခြား လုပ်စရာ ဟူ၍ ဘာအလုပ်မှ မမြင်တော့လည်း ဇာတိ မြို့ကိုပဲ အရှုံးထဲက အရှုံး ဘဝမျိုးနှင့် ပြန်ရတော့မည်။

သို့သော် လောလောဆယ် ပြဿနာက ပြန်ဖို့ လမ်းစရိတ် မရှိခြင်း ဖြစ်သည်။

သူမသည် ညနေပိုင်းထုတ် နယူးယောက် ပို့စ် သတင်းစာကို လှန်ကြည့်ပြန်သည်။

ကံအားလျော်စွာပင် ဆိတယ် မြို့သို့ စပ်တူ ကားငှားစီးလိုသူ တစ်ဦး၏ ကြော်ငြာ တစ်ခုကို သွားတွေ့သည်။ သို့ဖြင့် ကြော်ငြာပါ တယ်လီဖုန်း နံပါတ် အတိုင်း ဆက်ကြည့်သည်။ ဘာမှ စကားပြန် မရ။ နောက်တစ်နေ့ မနက်ကျတော့မှ ထပ်ဆက်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

နောက်နေ့ မနက်တွင် သူမသည် နောက်ဆုံး အကြိမ် အဖြစ် အလုပ်ခန်းသို့ လာခဲ့သည်။

ဝင်ဇယ်က အပြင် ထွက်နေသည်။ ရုံးခန်းထဲတွင် ဘယ်လီ တစ်ယောက်တည်းသာ ရှိသည်။ သူက ထုံးစံအတိုင်း တယ်လီဖုန်း ဆက်နေသည်။ သူသည် အပြာရောင် ဂျင်းပင်နှင့် သိုးမွေး ဆွယ်တာကို ဝတ်ထားသည်။

'ခင်ဗျား မိန်းမ ကျွန်တော် တွေ့ထားပြီဗျ၊ ဒီမှာ သူငယ်ချင်း၊ ပြဿနာက သူက အိမ် မပြန်ချင်ဘူးတဲ့ဗျ၊ ဟုတ်ပါတယ်၊ ကျွန်တော် သိပါတယ်၊ မိန်းမတွေကို ဘယ်သူမှ အကဲခတ်လို့ မရနိုင်ပါဘူး၊ ကောင်းပါပြီ၊ သူ အခု ဘယ်မှာ နေနေတယ် ဆိုတာ ခင်ဗျားကို ကျွန်တော် ပြောပါ့မယ်၊ ခင်ဗျားက သူ့ဆီ သွားပေါ့၊ ဟိုရောက်တော့မှ ပြေလည်အောင် ချော့ချက် ပြောပြီး ပြန်ခေါ်လာခဲ့ပေါ့ဗျာ ဟုတ်လား' သူက မြို့လယ် ဟိုတယ် တစ်ခု၏ လိပ်စာကို ပေးလိုက်သည်။ 'ဝမ်းသာပါတယ်ဗျာ၊ ပြေလည်ပါစေလို့ ဆုတောင်းပါတယ်'

သူက တယ်လီဖုန်းကို ပြန်ချပြီး ဂျင်နီဖာဘက်သို့ လှည့်လိုက်သည်။

'ဒီနေ့ မင်း နောက်ကျလှချည်လား'

'ကျွန်မ ဒီက ထွက်သွားတော့မယ် အစ်ကိုကြီး၊ အစ်ကိုကြီးကို ကျွန်မ ပေးစရာ ရှိတဲ့ ရုံးခန်း လခကို ကျွန်မ ပြေလည်တာနှင့် ချက်ချင်း တင်ပို့လိုက်ပါ့မယ်၊ လောလောဆယ်တော့ ကျွန်မကို ခွင့်လွှတ်စေချင်ပါတယ်'

ဘယ်လီက ကုလားထိုင်တွင် နောက်ပစ် မှီချလိုက်သည်။ ပြီးတော့ ဂျင်နီဖာကို စိုက်ကြည့်နေသည်။ သူ့ အကြည့်ကြောင့် ဂျင်နီဖာမှာ အနေရ ခက်နေသည်။

'အဲဒီလို ဆိုရင် ဖြစ်ပါ့မလား' သူမက မေးလိုက်သည်။

'မင်းက ဝါရှင်တန်ကို ပြန်မှာလား'

ဂျင်နီဖာက ခေါင်းညိတ်လိုက်သည်။

'မင်း မသွားခင် ငါ့ကို အလုပ် တစ်ခု ကူညီခဲ့စေချင်တယ်၊ ငါ့မိတ်ဆွေ ရှေ့နေ တစ်ယောက် သူ့အလုပ် အတွက် ဆင့်စာတွေကို ကူပြီး ပို့ပေးဖို့ ငါ့ကို အကူအညီ တောင်းနေတယ်၊ ငါ့မှာက မင်း သိတဲ့အတိုင်း လုံးဝ အချိန် မပေးနိုင်ဘူး၊ သူက သမ္မန်စာ တစ်စောင်ကို ၁၂ ဒေါ်လာခွဲ ပေးမယ် ပြောတယ်၊ ပြီးတော့ ခရီးစရိတ်လည်း ရဦးမယ်၊ အဲဒါ မင်း ကူညီနိုင်မလား'


mgyoe.com

mgyoe.com SAMPLE BOOK

နောက်တစ်နာရီ အကြာတွင် ဂျင်နီဖာသည် ပီယာ ဘော်ဒီနှင့် ပီယာ ဘော်ဒီ ရှေ့နေ လုပ်ငန်း ဌာန ရုံးခန်းကြီးထဲသို့ ရောက်သွားသည်။ ရုံးခန်းကြီးမှာ ခေတ်မီ အဆင်အပြင်၊ ခေတ်မီ ပရိဘောဂများဖြင့် အလွန် ခမ်းနားသည်။ ဂျင်နီဖာ့ စိတ်ထဲ အမြဲတမ်း တွေးမိသော ရုံးခန်းမျိုးပင် ဖြစ်သည်။ သည်လို အလုပ် ဌာနမျိုးတွင် စပ်တူ ပါဝင် လုပ်ကိုင်ခွင့် ရလျှင် ဘယ်လောက် ကောင်း မလဲဟု စိတ်ကူးယဉ်ကြည့်မိသည်။

သူမအား ရုံးခန်း နောက်ရှိ အခန်းကလေး တစ်ခန်းသို့ ခေါ်သွားပြီး အတွင်းရေးမှူး စာရေးမက သမ္မန်စာတွေ တစ်ပုံကြီး ပေးသည်။

'လုပ်ရမှာက ဒါတွေပဲ၊ ခရီးသွားတဲ့ မိုင်တွေကိုလည်း မှတ်ထားပါ၊ ဒါနှင့် ရှင့်မှာ ကား ရှိသလား'

'မရှိပါဘူး၊ ကျွန်မ'

'အဲဒီတော့ မီးရထားတွေ ဘာတွေ စီးရင်လည်း လက်မှတ်တော့ သိမ်း ထားပေါ့၊ ဟုတ်လား'

'ကောင်းပါပြီ'

ဂျင်နီဖာသည် ထိုနေ့ တစ်နေ့လုံး မိုးရွာကြီးထဲတွင် ဘရွန်းဇ်၊ ဘရွတ် ကလင်နှင့် ကွင်းစ် နယ်မြေ အတွင်း၌ ဆင့်စာများ လိုက်ပို့ရသည်။ ည ရှစ် နာရီ ထိုးတော့ သူမ အတွက် ဒေါ်လာ ငါးဆယ် ရနေပြီ။

သူမသည် ချမ်းချမ်းစီးစီး မောမောပန်းပန်းဖြင့် တိုက်ခန်းသို့ ပြန်လာ ခဲ့သည်။ သည်ပိုက်ဆံသည် သူမ နယူးယောက် မြို့သို့ ရောက်လာသည့် အချိန်မှ စ၍ ပထမဆုံး အကြိမ် ချွေးနှင့် ရင်း၍ ရရှိသော ပိုက်ဆံပင် ဖြစ်သည်။

ပို့စရာ ဆင့်စာတွေ အများကြီး ကျန်သေးသည်ဟု စာရေးမက ပြောသည်။ အလုပ်က မသက်သာ၊ တော်တော် ပင်ပန်းသည်။ တစ်မြို့လုံး အနှံ့ သွားရ သည်။ သွားရတာက ကိစ္စ မရှိ၊ အနိုမ် ခံရတာက ပိုဆိုးသည်။ တချို့များ အိမ်ထဲပင် ဝင်ခွင့် မပြုဘဲ တံခါးကို ဂျိမ်းခနဲ ပြန်ပိတ်သွားကြသည်။ တချို့က တော့ ကျိန်ဆဲကြသည်။ တချို့က ရမ်းရမ်းကားကား ပြောသည်။ ရည်းစား စကားတောင် နှစ်ကြိမ် အပြောခံလိုက်ရသေးသည်။ နောက်တစ်နေ့တွင် သည် လို အခြေအနေမျိုးနှင့် ရင်ဆိုင်ရမည်ကို သူမက တွေးကြောက်နေမိသည်။ စိတ်လည်း အတော်ကလေး ပျက်မိသည်။


mgyoe.com

mgyoe.com SAMPLE BOOK

သို့သော် မျှော်လင့်ချက် ရောင်ခြည်က ဘယ်လောက်ပင် မှေးမှိန်စေကာမူ နယူးယောက် မြို့မှာ နေ၍ ရသမျှတော့ နေရမည်သာ ဖြစ်သည်။

ဂျင်နီဖာသည် ရေနွေးဖြင့် ရေချိုးသည်။ တစ်ကိုယ်လုံးကို ရေချိုးကန်ထဲတွင် စိမ်ထားသည်။ သူမသည် နွေးထွေးသော ရေထု၏ အတွေ့အထိတွင် သာယာ ယစ်မူးနေမိသည်။

ရေချိုးကန်ထဲတွင် ခြေပစ် လက်ပစ် လှဲချလိုက်တော့မှ သူမ အလွန် ပင်ပန်းနေကြောင်း သတိပြုမိတော့သည်။ တစ်ကိုယ်လုံး ညောင်းညာ ကိုက်ခဲ နေသလို ခံစားမိသည်။ သည်နေ့တော့ ပိုက်ဆံ ဘယ်လောက်ပဲ ကုန်ကုန် အကောင်းဆုံး ညစာ တစ်နပ် စားပစ်လိုက်မည်ဟုလည်း ဆုံးဖြတ်လိုက်သည်။ စားသောက်ဆိုင် ကောင်းကောင်းကို သွားမယ်၊ ဂီတ နားထောင်မယ်၊ ဝိုင်ဖြူ တစ်ခွက် သောက်မယ်၊ ပြီးတော့..။

သူမ၏ အတွေး မပြတ်ခင် တံခါးဝမှ တံခါး ခေါက်သံ ကြားရသည်။ အသံက ကြားနေကျ အသံမျိုး မဟုတ်။ လွန်ခဲ့သော နှစ်လ အတွင်း သူမ အိမ်ခန်းသို့ ဘယ်ဧည့်သည်မျှလည်း မလာရောက်ခဲ့စဖူး။ ဧကန္တတော့ အိမ်ရှင် အဘွားကြီး အိမ်လခ လာတောင်းတာ ဖြစ်နိုင်သည်။

ရေချိုးကန်ထဲမှ မထသေးဘဲ တံခါး သွားဖွင့်ရ ကောင်းမလား၊ မဖွင့်ဘဲ ထားလိုက်ရ ကောင်းမလား စဉ်းစားနေသည်။

ခေါင်းလောင်းသံ ထွက်ပေါ်လာပြန်သည်။ ရေချိုးကန်ထဲမှ မထချင် ထချင် ထလိုက်သည်။ ပြီးတော့ အကြမ်းစား ကိုယ်သုတ် ဝတ်ရုံကြီး ကောက်ခြုံကာ တံခါးဝသို့ လာခဲ့သည်။

'ဘယ်သူပါလဲ'

'မစ္စ ဂျင်နီဖာ ပါကာပါလား'

အပြင်ဘက်မှ အသံသည် ယောက်ျားသံ ဖြစ်သည်။

'ဟုတ်ပါတယ်'

'ကျွန်တော့် နာမည် အဒမ် ဝါနာပါ၊ ရှေ့နေ တစ်ယောက်ပါ'

သူမက ဇဝေဇဝါ ဖြစ်သွားသည်။ တံခါးကို သံကြိုးဖြင့် ထိန်းထားပြီး ဟရုံမျှ ဖွင့်ကြည့်လိုက်သည်။ အပြင်တွင် ရပ်နေသူမှာ အသက် သုံးဆယ် ကျော်ခန့် ရှိပြီ။ အရပ် ရှည်ရှည်၊ ပခုံး ကျယ်ကျယ်၊ ဆံပင်က ရွှေရောင်။

mgyoe.com

mgyoe.com SAMPLE BOOK

သူ၏ စူးရှသော မျက်လုံးပြာများ အပေါ်တွင် ကျဲကော်ကိုင်း မျက်မှန် တပ်ထားသည်။ သူသည် အဖိုးတန် အော်ဒါချုပ် ဝတ်စုံကို ဝတ်ထားသည်။

'ကျွန်တော် ဝင်လာလို့ ရပါသလား'

တေလေကြမ်းပိုး လူစားမျိုး ဆိုလျှင် ယခုလို အော်ဒါချုပ် အကောင်းစား ဝတ်စုံကို ဝတ်နိုင်မည် မဟုတ်။ ရှူးဖိနပ်ကလည်း အထူးချုပ် အကောင်းစား၊ လည်စည်းကလည်း ပိုးသား လည်စည်း။ ပြီးတော့ လက်ချောင်းတွေကလည်း ရှည်ရှည်မျောမျော၊ နူးနူးညံ့ညံ့။ လက်သည်းတွေကိုလည်း လှပ သေသပ်စွာ ဖြတ်ထားသည်။

'ခဏလေး စောင့်ပါနော်'

ဂျင်နီဖာက သံကြိုးကို ဖြုတ်ပြီး တံခါးကို ဖွင့်သည်။ အဒမ် ဝါနာက အခန်းထဲ ဝင်လာသည်။ ဂျင်နီဖာက သူ့ အခန်းကျဉ်းကလေးကို သူ ပြန်ကြည့်ပြီး မျက်နှာကို တစ်ချက် ရှုံ့မဲ့လိုက်သည်။ အဒမ် ဝါနာက အကောင်းစား ပစ္စည်းတွေနှင့်ပဲ ယဉ်ပါးနေသူ ထင်ပါရဲ့။

'ကျွန်မ ဘာ အကူအညီ ပေးရမှာလဲ မစ္စတာ ဝါနာ'

ပြောလိုက်ပြီးတော့မှ ဂျင်နီဖာက အဒမ် ဝါနာ သည်နေရာသို့ ဘာကြောင့် ရောက်လာကြောင်း ရုတ်တရက် သတိ ရလိုက်မိသောကြောင့် တော်တော်ပင် စိတ်လှုပ်ရှားသွားမိသည်။ သူမသည် အဒမ် ဝါနာတို့ အလုပ် ဌာနတွင် အလုပ် လျှောက်ခဲ့ဖူးသည်။ ထိုကိစ္စကြောင့် သူ ရောက်လာတာ ဖြစ်မည်။

သူမက ဆံပင်ကို သေသေသပ်သပ် ဖြီးသင်ပြီး အပြာရင့်ရောင် အော်ဒါချုပ် အကောင်းစား ဝတ်စုံနှင့် ဆိုလျှင် ဘယ်လောက် ကောင်းလိမ့်မလဲဟု စိတ်ထဲမှ ကျိတ်၍ တောင့်တလိုက်မိသည်။

အဒမ် ဝါနာက ပြောသည်။

'ကျွန်တော်က နယူးယောက်မြို့ ရှေ့နေများ အသင်းရဲ့ စည်းကမ်း ထိန်းသိမ်းရေး ကော်မတီ အဖွဲ့ဝင် တစ်ယောက်ပါ မစ္စ ပါကာ၊ ခရိုင် အစိုးရ ရှေ့နေ ရောဘတ် ဒီဆီးလဗားနှင့် တရားသူကြီး လောရင့် ဝေါ့ဒ်မန်းတို့က ခင်ဗျားကို ရှေ့နေ အဖြစ် မှတ်ပုံတင် ရုပ်သိမ်းဖို့ အတွက် အယူခံ ဌာနကို စာတင်လိုက်ကြပြီးပြီ'

mgyoe.com

mgyoe.com SAMPLE BOOK

# ၄

နီဒမ်း၊ ဖင့်ချ်၊ ပီးယားနှင့် ဝါနာတို့၏ ရှေ့နေ လုပ်ငန်း ဌာနသည် ဝေါစထရီ လမ်းတွင် ရှိပြီး တိုက် အပေါ်ထပ် တစ်ခုလုံးကို ယူထားသည်။ သည်ဌာန တွင် အမှုထမ်း ရှေ့နေပေါင်း ၁၂၅ ယောက် ရှိသည်။ ရုံးခန်းများမှာ ငွေစက္ကူ အရောင်း အနု နုံနေပြီး ရှေ့နေ လုပ်ငန်းတွင် နာမည် အကျော်ဆုံး လုပ်ငန်း ကြီး တစ်ခု၏ ဂုဏ်သိက္ခာနှင့် လိုက်ဖက်အောင် ရုံးခန်းများကို တည်တည် ငြိမ်ငြိမ် ကျက်သရေ ရှိရှိဖြင့် ခမ်းခမ်းနားနား ပြင်ဆင်ထားသည်။

ယနေ့ နံနက်တွင် အဒမ် ဝါနာနှင့် စတီးဝပ် နီဒမ်းတို့ နှစ်ယောက်သည် ထုံးစံအတိုင်း ရုံးခန်းထဲတွင် လက်ဖက်ရည် သောက်နေကြသည်။

စတီးဝပ် နီဒမ်းမှာ ရုပ်ရည် သပ်ရပ် ခံ့ညားပြီး အသက် ခြောက်ဆယ် ကျော် ခုနစ်ဆယ် နီးပါးခန့် ရှိပြီ။ မုတ်ဆိတ်မွှေးကို တိုတိုနှင့် သပ်သပ်ရပ်ရပ် ညှပ်ထားသည်။ ဝတ်စုံက အကောင်းစား သက္ကလတ် ဝတ်စုံ။

သူသည် အသက်အရွယ်အားဖြင့် မျိုးဆက်ဟောင်းတွင် ပါဝင်သော်လည်း ရှေးဆန်သော အဘိုးကြီး တစ်ယောက် မဟုတ်၊ ခေတ်မီသော နှစ်ဆယ် ရာစု အဘိုးကြီး ဖြစ်သည်။ သူ့နာမည်ကို ဥပဒေ လောကသားများကသာ သိသော် လည်း သူသည် ကန့်လန့်ကာ နောက်ကွယ်မှ အရေးပါသော ပုဂ္ဂိုလ်ကြီး တစ်ဦး ဖြစ်သည်။ တရားဥပဒေရေး၊ အစိုးရ ရာထူး ခန့်ထားရေးနှင့် နိုင်ငံရေး လောက များတွင် ဩဇာ တိက္ကမ ရှိသော ပုဂ္ဂိုလ် ဖြစ်သည်။ ဇာတိက နယူး အင်္ဂလန် နယ်သား၊ စကား နည်းနည်း ပြော၍ အလုပ် များများ လုပ်တတ်သည်။

အဒမ် ဝါနာက စတီးဝပ် နီဒမ်း၏ တူမနှင့် အိမ်ထောင်ကျပြီး နီဒမ်း၏ လက်ရင်း တပည့် တစ်ဦးလည်း ဖြစ်သည်။ အဒမ်၏ ဖခင်မှာ ထင်ရှားသော အထက် လွှတ်တော် အမတ် တစ်ဦး ဖြစ်သည်။ အဒမ် ကိုယ်တိုင်ကလည်း နာမည်ကျော် ဥပဒေ ပညာရှင် တစ်ယောက် ဖြစ်သည်။

သူသည် ဟားဗတ် တက္ကသိုလ်မှ ဥပဒေ ဘွဲ့ကို ဂုဏ်ထူးနှင့် အောင်မြင် ခဲ့သည်။ ထိုစဉ်က သူ့အား နိုင်ငံ တစ်ဝန်းမှ ထင်ရှားသော ရှေ့နေ လုပ်ငန်း ဌာနကြီး အတော်များများက အလုပ် ပေးရန် ကမ်းလှမ်းခဲ့ကြသည်။



mgyoe.com

mgyoe.com SAMPLE BOOK

အဒမ်က နီဒမ်း၊ ဖင့်ချ်နှင့် ပီးယား ရှေ့နေ လုပ်ငန်း ဌာနကို ရွေးချယ်ခဲ့သည်။ နောက်ခုနစ်နှစ် ကြာသော အခါ သူကိုယ်တိုင် အစုရှယ်ယာပိုင် တစ်ဦး ဖြစ်လာခဲ့သည်။

အဒမ်သည် ဥပဓိ ရုပ်ရည်အားဖြင့်လည်း ခံ့ညား ချောမောသည်။ ပညာ ဉာဏ်နှင့်လည်း ပြည့်စုံသည်။

သူ့အား မိန်းမတွေက ကြိုက်ကြသော်လည်း လိင်မှုရေးရာ ရှုပ်ရှုပ်ပွေပွေ ကိစ္စမျိုးကို လုံးဝ စွန့်လွှတ်ထားခဲ့သည်မှာ အတော် ကြာခဲ့ပြီ ဖြစ်သည်။ မေရီ ဘတ်သ်နှင့် အိမ်ထောင်သက် ၁၄ နှစ် ရှိခဲ့ပြီ။ မယားငယ် ယူခြင်း၊ အပျော် မယား ထားခြင်း လုံးဝ မရှိ။

'လက်ဖက်ရည် ထပ်ယူပါဦးလား အဒမ်'

'တော်ပါပြီ ဦး'

အဒမ်က လက်ဖက်ရည် မကြိုက်။ မကြိုက်ဘဲနှင့် နေ့စဉ် နံနက်တိုင်း သောက်လာခဲ့သည်မှာ ရှစ်နှစ်လုံးလုံး ရှိခဲ့ပြီ။ သူက အဘိုးကြီး စိတ်မကောင်း ဖြစ်မှာစိုး၍ သူ ကျေနပ်အောင် သောက်နေရခြင်း ဖြစ်သည်။ လက်ဖက်ရည် က ရိုးရိုး မဟုတ်၊ အဘိုးကြီး ကိုယ်တိုင် အဆီချပြီး ဖျော်ထားသော လက် ဖက်ရည် ဖြစ်သည်။ ဖန်လွန်း အားကြီး၍ အစတုန်းက ဆိုလျှင် အဒမ်မှာ တစ် ကျိုက်တောင်မှ မနည်း ကြိတ်မှိတ် သောက်ခဲ့ရသည်။

စတီးဝပ် နီဒမ်း၏ စိတ်ထဲတွင် လက်ဖက်ရည် သောက်ရင်း ပြောစရာ နှစ်ခု ရှိသည်။ သူက ထုံးစံအတိုင်း မင်္ဂလာ ရှိသော အကြောင်းအရာကို အလျင် စပြောသည်။

'ငါ မနေ့ ညက မိတ်ဆွေ တချို့နှင့် စကား ပြောဖြစ်တယ်' မိတ်ဆွေ တချို့ ဆိုသည်မှာ ဩဇာ အာဏာ ရှိသော ထိပ်တန်း ပုဂ္ဂိုလ်ကြီးများကို ရည် ညွှန်း ပြောလိုက်ခြင်း ဖြစ်ကြောင်း အဒမ်က သိထားပြီး ဖြစ်သည်။ 'သူတို့က မင်းကို အထက် လွှတ်တော် အမတ် ရွေးကောက်ပွဲ ဝင်ဖို့ တိုက်တွန်းမလို့တဲ့'

သည်စကား ကြားရတော့ အဒမ်က အတော်ပင် ဝမ်းသာသွားသည်။ ကိုယ့် ကိုယ်ကိုယ် ဂုဏ်ယူလိုစိတ်လည်း ဖြစ်ပေါ်မိသည်။

အဘိုးကြီးသည် စကား တစ်ခွန်းကို အကြောင်းမဲ့ ပြောလေ့ မရှိ။ ထို့ ကြောင့် သူ ပြောလိုက်သော စကားသည် ခရီးသွားဟန်လွှဲ အမှတ်မထင် ပြော လိုက်ခြင်းမျိုး မဟုတ်၊ တမင်တကာ ရည်စူး၍ လေးလေးနက်နက် ပြောခြင်း ဖြစ်ကြောင်း အဒမ်က သဘော ပေါက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

'အဓိက အချက်ကတော့ မင်းအနေနှင့် စိတ်ဝင်စားမှု ရှိ မရှိ ဆိုတဲ့ အချက်ပဲ၊ ဒီအလုပ်ဟာ မင်းရဲ့ ဘဝ တစ်ခုလုံးကို အပြောင်းအလဲတွေ အများကြီး ဖြစ်စေနိုင်တယ်'

သည်အချက်ကို အဒမ်ကလည်း စဉ်းစားမိသည်။ သူ ရွေးကောက်ပွဲ နိုင်လျှင် ဝါရှင်တန်သို့ ပြောင်းရမည်။ ရှေ့နေ လုပ်ငန်းကို စွန့်လွှတ်ပြီး ဘဝသစ်တစ်ခုကို စတင်ရမည်။ မေရီ ဘတ်သ်ကတော့ အထက် လွှတ်တော် အမတ်ကတော် ဘဝကို အလွန် သဘောကျမည်မှာ သေချာသည်။ အဒမ် အနေနှင့်တော့ ကိုယ့်ကိုယ်ကိုယ် အပိုင် မဆုံးဖြတ်နိုင်သေး။ သို့သော်လည်း သူသည် တာဝန်ကို ကြောက်သူ မဟုတ်၊ နိုင်ငံရေး အာဏာ ဟူသည် လောကတွင် တပ်မက်စရာ အကောင်းဆုံး ဖြစ်ကြောင်းကိုလည်း သူက နားလည်ပါသည်။

'ကျွန်တော် စိတ်ဝင်စားပါတယ် ဦး'

စတီးဝပ် နီဒမ်းက ကျေနပ်သွားဟန်ဖြင့် ခေါင်း တညိတ်ညိတ် လုပ်နေသည်။

'ကောင်းတယ်၊ သူတို့ကလည်း ဝမ်းသာကြမှာပဲ' သူက လက်ဖက်ရည် ထပ်ထည့်ပြီး အခြား အကြောင်းအရာ တစ်ခုသို့ မသိမသာ ပြောင်းလိုက်သည်။ 'ဒါနှင့် ရှေ့နေများ အသင်း စည်းကော်မတီမှာ အလုပ်ကလေး တစ်ခု ရှိနေတယ်၊ အဲဒီ အလုပ်ကို မင်း သဘောကျမှာပဲ'

'ဘာအလုပ်ပါလိမ့်'

'မိုက်ကယ် မိုရက်တီ အမှုပေါ့၊ ကြည့်ရတာတော့ ဘော်ဘီ ဒီဆီးလဗားရဲ့ လက်ထောက်ကလေးကို တစ်ယောက်ယောက်က စည်းရုံးပြီး လာဘ်ထိုးလိုက်တာနှင့် တူတယ်'

'အဲဒီ အကြောင်း ကျွန်တော် ဖတ်ရပါတယ်၊ ဟို ကနေရီ ငှက်သေ ကိစ္စ မဟုတ်လား'

'အစစ်ပေါ့၊ တရားသူကြီး ဝေါ်ဒ်မန်းနှင့် ဘော်ဘီတို့က အဲဒီ သူငယ်မရဲ့ နာမည်ကို ဂုဏ်ရှိတဲ့ ရှေ့နေ လုပ်ငန်း မှတ်တမ်း စာအုပ်ထဲက ပယ်ဖျက်ပစ်ချင်ကြတယ်၊ ငါလည်း အဲဒီလိုပဲ သဘောရတယ်၊ နို့မဟုတ်ရင် မြင့်မြတ်တဲ့ တို့ ရှေ့နေ လောက သိက္ခာ ကျလိမ့်မယ်'

'သူတို့က ကျွန်တော့်ကို ဘာလုပ်စေချင်လို့လဲ'

'အမြန်ဆုံး စစ်ကြည့်စေချင်တယ်၊ ဒီသူငယ်မကလေးက အဲဒီလို လုပ်တာဟာ တရားဥပဒေနှင့် ဆန့်ကျင်သလား၊ လူ့ကျင့်ဝတ်နှင့် ဆန့်ကျင်သလား ဆိုတာ



mgyoe.com

mgyoe.com SAMPLE BOOK

စစ်ဆေးကြည့်စေချင်တယ်၊ အမှန်တကယ် ဆန့်ကျင်နေရင် သူ့ကို ရှေ့နေ့ဖြစ်မှတ်ပုံတင် ရုပ်သိမ်းဖို့ အတွက် ထောက်ခံချက် ရေးပေးလိုက်ရုံပဲ၊ ကျန်တဲ့ အပိုင်းကတော့ သူတို့က ကြည့်လုပ်လိမ့်မယ်၊ ဒါက သာမန် လုပ်နေကျ အလုပ်ပါ'

အဒမ်က တစ်ခုခုကို ဇဝေဇဝါ ဖြစ်နေမိသည်။

'ကျွန်တော့်ကိုပဲ ဘာလို့ ခိုင်းရတာလဲ ဦး၊ ဒီအလုပ် လုပ်နိုင်တဲ့ ရှေ့နေကလေးတွေ တစ်ပုံကြီး ရှိသားပဲ'

'တို့ ခရိုင် အစိုးရ ရှေ့နေကြီးက မင်းကိုပဲ အထူး လုပ်ငန်း တစ်ခု အနေနှင့် တာဝန် ပေးချင်တယ်၊ ဒီအမှုနှင့် ပတ်သက်ပြီး အစစအရာရာ ပိပိရိရိ ဖြစ်စေချင်တယ်၊ တို့အားလုံး သိတဲ့အတိုင်း ဘော်ဘီက ဘယ်တော့မှ ခွင့်လွှတ်တတ်တဲ့လူ မဟုတ်ဘူး၊ သူက ဒီသူငယ်မရဲ့ အရေကို ခွာပြီး သူ့ရုံးခန်း နံရံမှာ ကပ်ထားချင်တယ်'

အဒမ်က ဘာမှ ပြန်မပြောဘဲ စဉ်းစားနေသည်။

'ခရိုင် အစိုးရ ရှေ့ကြီးက ဒီလို ချဉ်းကပ်လာတာဟာ တို့အတွက် ဂုဏ်ယူစရာပဲ အဒမ်၊ အဲဒီတော့ လုပ်သာ ပေးလိုက်စမ်းပါ၊ အလာ ရှိရင် အသွား ရှိရမှာပေါ့'

'ကောင်းပါပြီ ဦး'

အဒမ်က ထိုင်ရာမှ ထလိုက်သည်။

'မင်း တကယ် လက်ဖက်ရည် ထပ်မယူတော့ဘူးလား'

'မယူတော့ဘူး ဦး၊ ကျေးဇူးပါပဲ၊ တော်တော်လည်း ကောင်းပါတယ်'

အဒမ် ဝါနာသည် သူ့ရုံးခန်းထဲ ရောက်တော့ သူ၏ တရားဥပဒေ ပြင်ပ လုပ်ငန်းဆိုင်ရာ လက်ထောက် လူစင်ဒါကို ခေါ်လိုက်သည်။ လူစင်ဒါမှာ ထက်မြက်သော လူမည်း ရှေ့နေမလေး တစ်ဦး ဖြစ်သည်။

'စင်ဒီ၊ ဂျင်နီဖာ ပါကာ ဆိုတဲ့ ရှေ့နေ အမျိုးသမီးကလေးနှင့် ပတ်သက်ပြီး ရနိုင်သမျှ အချက်အလက်တွေကို ငါ လိုချင်တယ်'

လူစင်ဒါက ပြုံးလိုက်ပြီး

'ဩော် ဟို အဝါရောင် ကနေရီ ငှက်ကလေးလား'

သူမ အကြောင်းကို လူတိုင်း သိနေကြပါရော့လား။



mgyoe.com

mgyoe.com SAMPLE BOOK

ထိုနေ့ ညနေပိုင်းတွင် အဒမ် ဝါနာသည် ‘နယူးယောက် မြို့သူမြို့သားများနှင့် မိုက်ကယ် မိုရက်တီ အမှု’ နှင့် ပတ်သက်သော တရားခွင် မှတ်တမ်းကို အသေးစိတ် ဖတ်ရှု လေ့လာလျက် ရှိသည်။ ယင်းအမှုတွဲ မှတ်တမ်းကို ခရိုင် အစိုးရ ရှေ့နေကြီး ရောဘတ် ဒီဆီးလဗားက သူ့ထံသို့ အထူး စာပို့သမားဖြင့် ပို့ခိုင်းလိုက်ခြင်း ဖြစ်သည်။ အဒမ်သည် တော်တော် ညဉ့်နက်မှ အမှုတွဲကို ဖတ်၍ ပြီးသွားသည်။ သူက သူ့ ဇနီးသည်အား ညစာ စားပွဲ တစ်ခုသို့ သူ မပါဘဲ တက်ရောက်ရန် အိမ်သို့ ဖုန်းဆက် ပြောလိုက်သည်။

အဒမ်သည် အမှုတွဲ မှတ်တမ်းကို ဖတ်ရင်း အတွေး နက်နေသည်။

အကယ်၍ ဂျင်နီဖာ ပါကာ၏ ကိစ္စသာ ဝင်မရှုပ်ခဲ့လျှင် မိုက်ကယ် မိုရက်တီအား ဂျူရီ အဖွဲ့က ပိုင်ပိုင်နိုင်နိုင် အပြစ်ပေး ဆုံးဖြတ်နိုင်မည် ဆိုသည်ကို သူက သံသယ မရှိ ယုံကြည်သည်။ သည်အမှုကို ခရိုင် ရှေ့နေကြီးက အကွက် စေ့စေ့ ကိုင်ထားသည်။

အဒမ်သည် တရားသူကြီး ဝေါ့ဒ်မန်း၏ ရုံးခန်းထဲတွင် စစ်ဆေးချက် မှတ်တမ်းကို လှန်လိုက်သည်။

ဒီဆီးလဗား ॥ ॥ မင်းက တက္ကသိုလ် ဘွဲ့ရလား။

ဂျင်နီဖာ ॥ ॥ ဟုတ်ပါတယ်ရှင်။

ဒီဆီးလဗား ॥ ॥ ပြီးတော့ ဥပဒေ ဘွဲ့လည်း ရခဲ့တယ် မဟုတ်လား။

ဂျင်နီဖာ။ ॥ ॥ ဟုတ်ပါတယ်ရှင်။

ဒီဆီးလဗား ॥ ॥ ပြီးတော့ မင်းကို လူစိမ်း တစ်ယောက်ယောက်က အထုပ် လာပေးတယ်။ သူက အဲဒီ အထုပ်ကို လူသတ်မှု အခင်းက သက်သေကို သွားပေးပါလို့ ပြောတယ်။ မင်းက သူ ပြော တဲ့ အတိုင်း သွားပေးလိုက်တယ်။ ဒီအပြုအမူကို အတော နတာလို့ မခေါ်နိုင်ဘူး ဆိုတာ မင်း မစဉ်းစားမိဘူးလား။

ဂျင်နီဖာ ॥ ॥ ဖြစ်ပုံက အဲဒီလို မဟုတ်ပါဘူး။

ဒီဆီးလဗား ॥ ॥ မင်းကပဲ အဲဒီလို ဖြစ်တယ်လို့ ပြောတာပဲ မဟုတ်လား။

ဂျင်နီဖာ ॥ ॥ ကျွန်မ ဆိုလိုတာက အဲဒီ လူဟာ လူစိမ်း တစ်ယောက်လို့ ကျွန်မ မထင်ဘူး ဆိုတာပါ။ ကျွန်မက အဲဒီလူဟာ ရှေ့နေ ကြီးရဲ့ အမှုထမ်း တစ်ယောက်လို့ ထင်ခဲ့ပါတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK

ဒီဆီးလဗား ။ ။ မင်းက အဲဒီလို ဘာ့ကြောင့် ထင်ရတာလဲ။

ဂျင်နီဖာ ။ ။ ကျွန်မ ပြောခဲ့ပြီးပါပြီ။ သူက ရှေ့နေကြီးကို စကား ပြောနေတာ ကျွန်မ မြင်ပါတယ်။ ပြီးတော့ စာအိတ်ကြီး တစ်အိတ် ကိုင်ပြီး ကျွန်မဆီ လျှောက်လာပါတယ်။ အဲဒီ စာအိတ်ကို ကျွန်မက တစ်ဆင့် သက်သေကို သွားပေးဖို့ ရှေ့နေကြီးက ခိုင်းလိုက်တယ်လို့ သူက ပြောပါတယ်၊ အဖြစ်အပျက်က သိပ်ပြီး မြန်··။

ဒီဆီးလဗား ။ ။ ငါက အဲဒီလို မထင်ဘူး။ သိပ်ပြီး မမြန်ပါဘူး။ ဒီလို အကွက် ဆင်ဖို့ အတွက် အချိန် ယူပြီး လုပ်ခဲ့ရတယ်လို့ ငါက ယူဆတယ်။ အဲဒီ စာအိတ်ကို ပေးဖြစ်အောင် မင်းကို တစ်ယောက်ယောက်က ပိုက်ဆံ ပေးဖို့ အတွက် အချိန် ယူ စီစဉ်ခဲ့ရတယ်လို့ ငါ ထင်တယ်။

ဂျင်နီဖာ ။ ။ အဲဒါ မမှန်ပါဘူး၊ ကျွန်မ··။

ဒီဆီးလဗား ။ ။ ဘာ မမှန်တာလဲ။ မင်းက စာအိတ်ကို သွားပေးတာကို မင်း မသိဘူး ဆိုတာ မမှန်တာလား။

ဂျင်နီဖာ ။ ။ အဲဒီ စာအိတ်ထဲမှာ ဘာပါတယ် ဆိုတာ ကျွန်မ မသိပါဘူး။

ဒီဆီးလဗား ။ ။ ဒီလိုဆို မင်းကို တစ်ယောက်ယောက်က ပိုက်ဆံ ပေးတယ် ဆိုတာ မှန်တယ်ပေါ့။

ဂျင်နီဖာ ။ ။ ကျွန်မကို အဲဒီလို စကားကျ ကောက်ပြီး အစ်နေလို့ မရပါဘူး။ ကျွန်မကို ဘယ်သူကမှ ဘာမှ မပေးပါဘူး။

ဒီဆီးလဗား ။ ။ ဒါဖြင့် မင်းက မလွှဲမရှောင်သာလို့ ပိုက်ဆံ မယူဘဲ ကူညီခဲ့တဲ့ သဘောပေါ့။

ဂျင်နီဖာ ။ ။ မဟုတ်ပါဘူး။ ရှေ့နေကြီး ညွှန်ကြားတဲ့ အတိုင်း ကျွန်မ လုပ်ခဲ့တာလို့ပဲ ကျွန်မ ထင်ခဲ့ပါတယ်။

ဒီဆီးလဗား ။ ။ အဲဒီလူက မင်းနာမည်ကို ခေါ်ပြီး ပေးတယ်လို့ မင်း ပြောတယ်။

ဂျင်နီဖာ ။ ။ ဟုတ်ပါတယ်။

ဒီဆီးလဗား ။ ။ သူက မင်းနာမည် ဘယ်လိုလုပ်ပြီး သိတာလဲ။

ဂျင်နီဖာ ။ ။ ကျွန်မ မသိပါဘူး။



mgyoe.com

mgyoe.com
SAMPLE BOOK

ဒီဆီးလဗား ။ ။ ဩော် ဟုတ်ပါပြီ။ ဒီလို ဖြစ်မှာပါ။ ဒါကို မင်းလည်း စိတ်ကူးမိပါလိမ့်မယ်။ အဲဒီလူက တရားရုံးထဲ အကဲခတ် ကြည့်လိုက်တော့ သူ့နာမည်ကို ဂျင်နီဖာ ပါကာလို့ ခေါ် တာကို ကြိုက်တဲ့ လူတစ်ယောက် ရှိလိမ့်မယ်လို့ တွေးမိပုံ ရတယ်။ သူ့အတွေးက ကံအားလျော်စွာ မှန်သွားပုံရတယ်။ အဲဒီလို ဖြစ်လိမ့်မယ်လို့ မင်း ထင်သလား။

ဂျင်နီဖာ ။ ။ ကျွန်မ ပြောခဲ့ပြီးပါပြီ။ ကျွန်မ မသိပါဘူး။

ဒီဆီးလဗား ။ ။ မင်းနှင့် မိုက်ကယ် မိုရက်တီနှင့် သမီးရည်းစား ဖြစ်နေတာ ဘယ်လောက် ကြာပြီလဲ။

ဂျင်နီဖာ ။ ။ မစ္စတာ ဒီဆီးလဗား၊ ကျွန်မကို မေးနေတာ ငါးနာရီတိတိ ရှိသွားပါပြီ။ ကျွန်မ သိပ်ပြီး ပင်ပန်းနေပါပြီ။ ကျွန်မ နောက်ထပ် ဘာမှ ပြောစရာ မရှိတော့ပါဘူး။ ကျွန်မကို ပြန်ခွင့်ပြုပါတော့။

ဒီဆီးလဗား ။ ။ မင်း ဒီကုလားထိုင်က ထသွားရင် မင်းကို ငါ ဖမ်းရလိမ့်မယ်။ မင်း အကြီးအကျယ် ဒုက္ခ ဖြစ်နေပြီ သူငယ်မ။ မင်းမှာ ထွက်ပေါက် တစ်ပေါက်ပဲ ရှိတော့တယ်။ အဲဒါက တခြား မဟုတ်ဘူး။ အခုလို ညာနေတာကို ရပ်တန်းက ရပ်ပြီး အမှန်အတိုင်း ဖြောင့်ချက်ပေးဖို့ပဲ။

ဂျင်နီဖာ ။ ။ ကျွန်မ အမှန်ကို ပြောပြီးပါပြီ။ ကျွန်မ သိသမျှ တစ်ခု မကျန် ပြောပြီးပါပြီ။

ဒီဆီးလဗား ။ ။ ဒါပေမဲ့ မင်းက မင်းကို စာအိတ် ပေးတဲ့ လူရဲ့ နာမည်ကို မပြောသေးပါဘူး။ ငါ သူ့ နာမည်ကို သိချင်တယ်။ မင်းကို ပိုက်ဆံ ဘယ်လောက် ပေးတယ် ဆိုတာကို သိချင်တယ်။

အမှု စစ်ဆေးချက် မှတ်တမ်းမှာ စုစုပေါင်း စာမျက်နှာ ၃၀ ကျော်သည်။ ခရိုင် အစိုးရ ရှေ့နေကြီး ရောဘတ် ဒီဆီးလဗားက ဂျင်နီဖာအား ထွက်ပေါက် မရှိအောင် လေးဖက်လေးတန် ပိတ်ဖမ်းသည်။ သို့သော် ဂျင်နီဖာအား ဖမ်းလို့ မမိနိုင်။ လက်ထဲက ရုန်းပြီး ထွက်ထွက် ပြေးနေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အဒမ် ဝါနာသည် အမှု စစ်ဆေးချက် မှတ်တမ်း ဖိုင်ကို ပြန်ပိတ်လိုက်ပြီး အိပ်ချင်မူးတူး ဖြစ်နေသော မျက်လုံးများကို လက်နှင့် ပွတ်လိုက်သည်။

အချိန်မှာ နံနက် နှစ် နာရီ ထိုးသွားပြီ။

မနက်ဖြန် ဆိုလျှင် ဂျင်နီဖာ ပါကာ ကိစ္စကို အပြတ် ရှင်းရမည်။

မူလက သည်ကိစ္စကို အလွယ်ကလေးဟု ထင်ခဲ့သည်။ ယခု ထင်တာထက် ခက်နေတာ တွေ့ရတော့ အဒမ်က အံ့သြနေမိသည်။ အဒမ်သည် အလုပ် တစ်ခု ကို လုပ်လျှင် စနစ်တကျ လုပ်တတ်သည်။ ထို့ကြောင့် သူသည် ဂျင်နီဖာ၏ နောက်ကြောင်း သမိုင်းကို စေ့စေ့စပ်စပ် လေ့လာခဲ့သည်။ ယခု သူ လေ့လာ ပြီးသလောက် ဆိုလျှင် ဂျင်နီဖာသည် မိုရက်တီ အမှုနှင့် ပတ်သက်၍ ဘယ်လို ဆက်စပ်မှုမျိုးမှ မရှိ ဆိုသည်ကို သိနေရပြီ။

သို့သော် သူ့စိတ်ထဲ ဇဝေဇဝါ ဖြစ်နေသည့် အချက် တစ်ချက်တော့ ရှိ သည်။ ယင်းမှာ အခြား မဟုတ်၊ ဂျင်နီဖာ ပါကာ၏ ခုခံ ထွက်ဆိုချက်သည် ခိုင်မာမှု အလွန် နည်းနေသည်။ လျော့ရိလျော့ရဲ ထွက်ဆိုချက်မျိုး ဖြစ်နေ သည်။ နောက်တစ်ချက်က အကယ်၍ သူမသည် မိုရက်တီ အတွက် အလုပ် လုပ်ပေးခဲ့ရသည် ဆိုလျှင် မိုရက်တီ အနေနှင့် သူမ အတွက် သိသိသာသာကြီး ကာကွယ် ထွက်ဆိုမည်မှာ သေချာသည်။

နေ့လယ်ပိုင်းတွင် ခရိုင် အစိုးရ ရှေ့နေကြီးထံမှ တယ်လီဖုန်း လာသည်။

'ဘယ့်နှယ်လဲ အဒမ်'

'အခြေအနေ ကောင်းပါတယ် ရှောဘတ်'

'ဂျင်နီဖာ ပါကာ အမှုမှာ ခင်ဗျားက ပါးကွက် အာဏာသား လုပ်နေ ရပြီပေါ့ ဟုတ်လား'

အဒမ်က ယင်းအသုံးအနှုန်း အတွက် မျက်နှာ တစ်ချက် ရှုံ့မဲ့လိုက်သည်။

'ဟုတ်ပါတယ်၊ ကျွန်တော့် အနေနှင့် မှတ်ချက် ပေးဖို့ သဘော တူပါ တယ်'

'ကျုပ်တော့ ဒီသူငယ်မကို မှတ်လောက်သားလောက် ဖြစ်သွားအောင် တော်တော် ကြာကြာကလေး ဖယ်ထုတ်ထားလိုက်ချင်တယ်'

ဒီလူ တော်တော် အငြိုး ကြီးတာပဲဟု တွေးပြီး အဒမ်က ကျောချမ်းသွား မိသည်။



mgyoe.com

mgyoe.com SAMPLE BOOK

'လွယ်ပါတယ် ရောဘတ်၊ အခု အထိတော့ သူ့ကို မှတ်ပုံတင် မရပ်သိမ်း ရသေးပါဘူး'

ဒီဆီးလဗားက ခပ်သဲ့သဲ့ ရယ်လိုက်သည်။

'အဲဒါ ကိုယ့်လူကိုပဲ လွှဲရမှာပဲ၊ ဒါနှင့် ခင်ဗျားက မကြာခင်မှာ ဝါရင် တန် ပြောင်းတော့မယ်လို့ သတင်း ထွက်နေပါလား၊ ကျုပ် အနေနှင့်တော့ ခင်ဗျားကို အကြွင်း မရှိ ရာခိုင်နှုန်းပြည့် ထောက်ခံမယ် ဆိုတာ ယုံပါဗျာ'

ခရိုင် အစိုးရ ရှေ့နေကြီးက လူပါး။ ဘယ်သူတွေ ဘယ်မှာ ရှိပြီး ဘယ် သတင်း ဘယ်လို ညှစ်ယူရမယ် ဆိုသည်ကို ကောင်းကောင်း သိသည်။

'ကျေးဇူးတင်ပါတယ် ရောဘတ်'

'ကျုပ်လည်း ဝမ်းသာပါတယ် အဒမ်၊ ဒါနှင့် အဲဒီကိစ္စကိုသာ ခပ်မြန်မြန် ကလေး လုပ်လိုက်ပါ၊ ခင်ဗျားဆီက အကြောင်း ပြန်ချက် ကျုပ် မျှော်နေမယ်၊ ဒါပဲနော်'

အဲဒီ ကိစ္စ ဆိုသည်မှာ ဂျင်နီဖာ ကိစ္စ ဖြစ်သည်။ အဒမ်၏ ဥပဒေပညာ ဆရာကြီး စတီးဝပ် နီဒမ်းကလည်း သည်မိန်းကလေးကို ခုတုံး လုပ်ပြီး 'အလာ ရှိရင် အသွားလည်း ရှိရမှာပေါ့' ဟု ပြောခဲ့သည်။

အဒမ်က ရောဘတ် ဒီဆီးလဗား၏ စကားကို ပြန်တွေးနေမိသည်။ 'ကျုပ် တော့ ဒီသူငယ်မကို မှတ်လောက်သားလောက် ဖြစ်သွားအောင် တော်တော် ကြာကြာကလေး ဖယ်ထုတ်ထားလိုက်ချင်တယ်' သို့သော် အမှုတွဲ မှတ်တမ်း အရ ဆိုလျှင် ဂျင်နီဖာကို စွဲချက်တင်ရန် သက်သေ အထောက်အထား ခိုင်ခိုင် လုံလုံ မရှိဟု အဒမ်က ကောက်ချက်ချသည်။ သူမ ကိုယ်တိုင် ဖြောင့်ချက် မပေးမချင်း ဒါမှမဟုတ် သူမ အနေဖြင့် ရာဇဝတ်မှုတွင် ပါဝင် ပတ်သက်နေ ကြောင်း တစ်စုံတစ်ယောက်က သက်သေ အထောက်အထား ခိုင်လုံစွာ မပြ နိုင်မချင်း ခရိုင် အစိုးရ ရှေ့နေကြီးက သည်သူငယ်မကို လုံးဝ ထိလို့ မရ။

တကယ်တော့ သည်မိန်းကလေးကို လက်စားချေလိုသည့် အတွက် သူက အဒမ်ကို အလွန်အမင်း အားထားနေခြင်း ဖြစ်သည်။

စစ်ဆေးချက် မှတ်တမ်းထဲမှ အေးစက် မာကျောနေသော စကားလုံးများ မှာ အဓိပ္ပာယ် ရှင်းနေသည်။ သို့သော်လည်း သူမ အနေဖြင့် ပြစ်မှု ကျူးလွန် ခြင်း မရှိကြောင်း ဂျင်နီဖာ ကိုယ်တိုင် ထွက်ဆိုချက်ကို အဒမ်က ကြားချင် သည်။ လောလောဆယ်တွင် သူ့မှာ အခြား အမှုကြီးတွေ လိုက်ရန် တစ်ပုံကြီး ရှိနေသည်။ ထို့ကြောင့် စတီးဝပ် နီဒမ်း၊ တရားသူကြီး လောရင့် ဝေါ့ဒ်မန်းနှင့်



mgyoe.com

mgyoe.com SAMPLE BOOK

ရောဘတ် ဒီဆီးလဖားတို့၏ ဆန္ဒအတိုင်း လုပ်လိုက်လျှင် လွယ်လွယ်နှင့် ပြီးသွားနိုင်သည်။ သို့သော် သူ့စိတ်ထဲတွင် မတင်မကျ ဖြစ်နေသော အချက် တစ်ချက်ကြောင့် သူ့အနေဖြင့် သည်ကိစ္စကို မြန်မြန်ထက်ထက် ပြီးစလွယ် လုပ်ရန် တုံ့ဆိုင်းဆိုင်း ဖြစ်နေမိသည်။

သူက ဂျင်နီဖာ၏ ဖိုင်တွဲကို ပြန်ဖွင့်လိုက်သည်။ မှတ်စာ စာရွက်တွင် ဟိုဟိုသည်သည် ရေးခြစ်သည်။ ပြီးတော့ ရပ်ဝေး တယ်လီဖုန်းများကို တစ်ခုပြီး တစ်ခု ဆက်သည်။

ဤကိစ္စ အတွက် သူ့ကို တာဝန် အပြည့် ပေးထားသည်။ သူကလည်း သူ့ အစွမ်းအစကို အကောင်းဆုံး ပေါ်လွင်နိုင်အောင် ဆောင်ရွက်မည်ဟုလည်း ဆုံးဖြတ်ထားရသည်။ ရှေ့နေ တစ်ယောက် ဖြစ်လာဖို့ အတွက် နှစ်ပေါင်းများစွာ ကျောင်းတက်ခဲ့ရသည်။ ဥပဒေ စာအုပ်တွေကို တစ်အုပ်ပြီး တစ်အုပ် အပတ်တကုတ် လေ့လာခဲ့ရသည်။ ထို့ကြောင့် ပြစ်မှု မထင်ရှားဘဲနှင့် ရှေ့နေ တစ်ယောက်အား ဥပဒေ အသိုင်းအဝိုင်းမှ ဖယ်ထုတ်ဖို့ ဆိုသည်မှာ စိတ်ထဲမှာပင် မရွယ်စူးကောင်းသော အလုပ် ဟူ၍ သူက ယုံကြည်သည်။

နောက်တစ်နေ့ နံနက်တွင် အဒမ်သည် ဝါရှင်တန် ပြည်နယ် ဆီတယ် မြို့သို့ လေယာဉ်ဖြင့် ထွက်လာခဲ့သည်။

သူသည် ဂျင်နီဖာ၏ ဆရာ ဥပဒေ ပါမောက္ခများနှင့် တွေ့ဆုံသည်။ နွေရာသီ ကျောင်းပိတ်ရက် အတွင်း သူမ အလုပ် လုပ်ခဲ့ဖူးသော ရှေ့နေ လုပ်ငန်း ဌာန တစ်ခုမှ အကြီးအကဲနှင့်လည်း တွေ့သည်။ ဂျင်နီဖာ၏ ကျောင်းနေဖက် မိတ်ဆွေများနှင့်လည်း စကား ပြောသည်။

စတီးဝပ် နီဒမ်းက ဆီတယ်သို့ ရောက်နေသော အဒမ်ဆီသို့ တယ်လီဖုန်း လှမ်းဆက်သည်။

'အင်း အဲဒီမှာ ဘာတွေ လုပ်နေတာလဲ အဒမ်၊ ဒီမှာ လိုက်စရာ အမှုကြီးတွေ တောင်ပုံရာပုံ ဖြစ်နေပြီ၊ အဲဒီ ဂျင်နီဖာ အမှုက ဒီလောက် အချိန် ယူစရာ မလိုပါဘူး၊ တစ်ထိုင်တည်းနှင့် ဆုံးဖြတ်လို့ ရတဲ့ ကိစ္စပါကွ'

အဒမ်က လေးလေးနက်နက် ပြန်ပြောလိုက်သည်။

'စဉ်းစားစရာ အချက်တွေ ပေါ်လာလို့ပါ ဦး၊ ဒီမှာ ကိစ္စ ပြီးလုပါပြီ၊ ကျွန်တော် တစ်ရက် နှစ်ရက် အတွင်း ဆက်ဆက် ပြန်ခဲ့ပါမယ်'



mgyoe.com

mgyoe.com SAMPLE BOOK

နီဒမ်းက ခေတ္တ တုံ့ဆိုင်းနေပြီးမှ

'ကောင်းပြီလေ၊ ငါက သူ့ကိစ္စထက် တို့ကိစ္စက ပို အရေးကြီးတယ် ဆိုတာ သိစေချင်လို့ပါ'

ဆိတယ် မြို့မှ ပြန်ခဲ့ပြီးသည့် နောက်တွင် မိမိ အနေဖြင့် ဂျင်နီဖာ အကြောင်း တစ်ခု မကျန် သိခဲ့ရပြီးပြီဟု အဒမ် ယုံကြည်မိသည်။

သူသည် ဂျင်နီဖာအား စာသင်ပေးခဲ့သော ဥပဒေ ပါမောက္ခများ၊ ဂျင်နီဖာ အချိန်ပိုင်း အလုပ် ဝင်လုပ်ခဲ့သော ရှေ့နေ လုပ်ငန်း ဌာနများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဂျင်နီဖာ၏ ကျောင်းနေဖက် သူငယ်ချင်းများနှင့် ဂျင်နီဖာ နေထိုင်ခဲ့သော အိမ်ခန်းရှင် အဘွားကြီးတို့၏ ပြောပြချက်များကို ဆက်စပ်ပြီး ဂျင်နီဖာသည် ဘယ်လို မိန်းကလေးမျိုး ဖြစ်မည်ကို စိတ်ကူးဖြင့် ပုံဖော်ကြည့်သည်။

သူ မြင်ရသော ဂျင်နီဖာ၏ ရုပ်ပုံလွှာသည် အစိုးရ ရှေ့နေကြီး ပေးသော ရုပ်ပုံလွှာနှင့် တစ်စက်ကလေးမှ မတူ ဖြစ်နေသည်။

ဂျင်နီဖာ အနေဖြင့် အပျံစား ရုပ်ရှင် မင်းသမီး တစ်ယောက် မဟုတ်ခဲ့လျှင် မိုက်ကယ် မိုရက်တီလို လူတစ်ယောက် အပြစ် လွတ်အောင် အတွက် ပရိယာယ် ဆင်သော လုပ်ငန်းမျိုးတွင် ဘယ်နည်းနှင့်မျှ ပါဝင် ပတ်သက်ခြင်း မရှိနိုင်ဟုလည်း အဒမ်က လေးလေးနက်နက် ယုံကြည်မိသည်။

စတီးဝပ် နီဒမ်းနှင့် တယ်လီဖုန်းဖြင့် စကား ပြောသည့် နေ့မှ နောက်ရက်သတ္တ နှစ်ပတ် အကြာတွင်တော့ အဒမ် ဝါနာသည် ဂျင်နီဖာ၏ နောက်ခံ သမိုင်း အကြောင်းကို ပြည့်ပြည့်စုံစုံ သိရှိခဲ့ရပြီး ဖြစ်သည်။

သူသည် သတင်းစာတွေထဲမှ ဂျင်နီဖာ၏ ဓာတ်ပုံတွေကို တစ်ခု မကျန် စေ့စေ့စပ်စပ် ကြည့်သည်။ သို့သော် သတင်းစာတွေထဲမှ ဓာတ်ပုံများကို ကြည့်ရသည်မှာ သူမအား လူကိုယ်တိုင် မြင်ရတာလောက် သူ့စိတ်ထဲတွင် ထိထိ ခိုက်ခိုက် မရှိလှဟု ထင်မိသည်။ သူမအား လူကိုယ်တိုင် မြင်ခဲ့ရတုန်းကတော့ ရေစို ဆံပင် ဖားလျားနှင့် ရေချိုး ဝတ်ရုံကြီး ခြုံပြီး မပြုမပြင် သည်အတိုင်း မြင်ရသည်မှာပင် အဒမ် အဖို့ ရင်သပ်ရှုမော ဖြစ်ခဲ့ရသည်။

ထိုစဉ်က အဒမ်က ပြောလိုက်သည်။



mgyoe.com

mgyoe.com
SAMPLE BOOK

'မိုက်ကယ် မိုရက်တီ အမှုမှာ ခင်ဗျား ပါဝင်နေတာနှင့် ပတ်သက်ပြီး စစ်ဆေးဖို့ အတွက် ကျုပ်ကို တာဝန် ပေးတယ် မစ္စ ပါကာ'

'ဩော် ရှင့်ကို တာဝန် ပေးတယ် ဟုတ်လား'

ဂျင်နီဖာက တော်တော်ကလေး ဒေါသ ထွက်သွားသည်။ ပထမတော့ မီးပွားလောက် ခုတော့ မီးတောက်ကြီး ဖြစ်လာသည်။ သူတို့က သူမ အပေါ် ယခုထိ ရန်ငြိုး မပြေကြသေး။ သူတို့က သူမ ဘဝ တစ်ခုလုံးကို ဖျက်ဆီး ပစ်ချင်နေကြသည်။ ကောင်းပြီ၊ လုပ်နိုင်တုန်း လုပ်ကြပေါ့။

သူမက ပြန်ပြောလိုက်သည်။ ဒေါသကြောင့် အသံတွေ တုန်နေသည်။

'ကျွန်မမှာ ရှင်နှင့် ပြောစရာ ဘာမှ မရှိဘူး၊ ရှင် သူတို့ဆီ ပြန်သွားပြီး ရှင် ပြောချင်သလို ပြန်ပြောလိုက်ပါ၊ ကျွန်မဟာ ရှေ့နေပါး မဝသေးလို့ နုံအလို့ အမှား တစ်ခု လုပ်မိခဲ့တယ်၊ ဒါပေမဲ့ ကျွန်မ သိသလောက် ဆိုရင် နုံအတာကို တရား စွဲဆိုဖို့ ဥပဒေ မရှိပါဘူး၊ ခရိုင် အစိုးရ ရှေ့နေကြီးက ကျွန်မ တစ် ယောက်ယောက်ဆီက လာဘ်ယူတယ်လို့ ထင်တယ်၊ သူ ထင်သလို ကျွန်မသာ လာဘ်ယူခဲ့ရင် ဒီလို စုတ်ချာ မွန်းကျပ်နေတဲ့ အခန်းမျိုးမှာ နေမှာတဲ့လား၊ ရှင်တို့ ဘာပဲလုပ်လုပ် ကျွန်မ ဂရုမစိုက်ပါဘူး၊ ဒီတော့ ကျွန်မဘာသာ ကျွန်မ နေပါရစေ၊ ရှင် ပြန်သွားပါတော့'

ဂျင်နီဖာက ချာခနဲ လှည့်ကာ ရေချိုးခန်းထဲ ဝင်သွားပြီး တံခါးကို ဂျိမ်း ခနဲ ဆောင့်ပိတ်လိုက်သည်။ သူမသည် ရေချိုးကန်နားတွင် ရပ်ပြီး သက်မ ချလိုက်သည်။ ပြီးတော့ မျက်ရည်တွေကို သုတ်ပစ်နေသည်။

သူမ၏ မိုက်မဲမှုကို သူမ ချက်ချင်း သတိရလိုက်သည်။ မိုက်တာ တစ်ခါ တည်း မဟုတ်၊ နှစ်ခါတောင် ထပ်မိုက်ခဲ့သည်။

တကယ်တော့ အဒမ် ဝါနာကို သူမ အနေဖြင့် ယခုလို ရိုင်းရိုင်းစိုင်းစိုင်း မဆက်ဆံသင့်။ အကျိုးအကြောင်းကိုသာ အေးအေးဆေးဆေး ရှင်းပြသင့်သည်။ အဲသည်လို ဆိုလျှင် အဒမ်က အဖြစ်မှန်ကို လိပ်ပတ်လည်သွားပြီး သူမ၏ ရှေ့နေဖြစ် မှတ်ပုံတင်ကို မရုပ်သိမ်းရန် ထောက်ခံချက် ရေးကောင်း ရေးနိုင် သည်။

သို့သော် ဤသည်က သူမ၏ အတွေး၊ သူမ ဖြစ်စေချင်သော ဆန္ဒ။

တကယ့် လက်တွေ့ အဖြစ်ကတော့ မကြာမီတွင် သူမအား ရုံးတင် တရား စွဲကြတော့မည်။ သူမ၏ ရှေ့နေဖြစ် မှတ်ပုံတင်ကို ရုပ်သိမ်း၍ ရှေ့နေများ အသင်း စည်းကော်မတီသို့ ထောက်ခံ တင်ပြကြတော့မည်။ စည်းကော်မတီကမှ


mgyoe.com

mgyoe.com
SAMPLE BOOK

တစ်ဆင့် ပြည်နယ် အုပ်ချုပ်ရေးမှူးများ ဘုတ်အဖွဲ့သို့ အစီရင်ခံစာ တင်မည်။ သည်အတိုင်း ဆိုလျှင် သူမ အနေဖြင့် နယူးယောက် ပြည်နယ်တွင် ရှေ့နေ လုပ်စား၍ မရတော့။ ယင်းအတွေးကြောင့် သူမသည် အတော်ပင် ဝမ်းဆို့ ဝမ်းနည်း ဖြစ်သွားမိသည်။

ဒါပေမဲ့ တစ်ခုတော့ ရှိပါတယ်၊ အကောင်းဘက်က ကြည့်လျှင် ဥပဒေ လောကတွင် ရှေ့နေ သက်တမ်း အတိုဆုံး ရှေ့နေကလေး အဖြစ် 'ကမ္ဘာ့ စံချိန်ဝင် ဂီးနက်စ် မှတ်တမ်း စာအုပ်' မှာ ဖော်ပြခံရမှာတော့ သေချာပါတယ် ဟု သူမက စိတ်နာနာဖြင့် ကိုယ့်ကိုယ်ကိုယ် သရော်တွေး တွေးလိုက်မိသည်။

သူမသည် ရေချိုးကန်ထဲ ပြန်ဆင်းပြီး ပက်လက် လှန်ချလိုက်သည်။ နွေးထွေးသော ရေထုက သူမ တစ်ကိုယ်လုံးကို လွှမ်းခြုံ ပွေ့ပိုက်လိုက်သည်။ မွန်းကျပ်နေသော ဝေဒနာ ပြယ်လွင့်သွားသည်။ မျက်စိကို မှိတ်လိုက်သည်။ စိတ်ကို သက်သက်သာသာ လွတ်လွတ်လပ်လပ် မျှောထားလိုက်သည်။ တစ် ကိုယ်လုံး အေးစိမ့်လာတော့မှ နိုးတစ်ဝက် အိပ်ပျော်နေရာမှ ပြန်နိုးလာခဲ့သည်။ ရေချိုးကန်ထဲတွင် ဘယ်လောက် ကြာသွားမှန်းပင် မသိတော့။ ရေချိုးကန်ထဲမှ မထချင် ထချင် ထပြီး အပြင်သို့ လှမ်းထွက်လိုက်သည်။ ပြီးတော့ တစ်ကိုယ် လုံးကို ရေသုတ်သည်။ ထမင်း စားချင်စိတ်လည်း လုံးဝ မရှိတော့။ အဒမ် ဝါနာနှင့် တွေ့လိုက်ရခြင်းက သူမ၏ ချင်ခြင်းစိတ်ကို ဖျက်ဆီးပစ်လိုက်ပြီ။

သည်နေ့ည ညစာ မစားဘဲ အိပ်ရာ ဝင်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ မနက်ကျတော့လည်း ဆိတယ်သို့ ကားကြုံ စပ်တူ စီးဖို့ ကိစ္စ အတွက် ဖုန်း ဆက်ရဦးမည်။ ရေချိုးခန်း တံခါးကို ဖွင့်ပြီး ဧည့်ခန်းထဲသို့ ဝင်လိုက်သည်။

အဒမ်သည် ပြန်မသွားသေးဘဲ ကုလားထိုင်တွင် ထိုင်ရင်း မဂ္ဂဇင်း တစ် အုပ်ကို လှန်လှောကြည့်နေသည်။ အခန်းထဲသို့ ဂျင်နီဖာ ဝင်လာတော့ သူက ခေါင်းကို မော်ကြည့်လိုက်သည်။ ဂျင်နီဖာ့ ကိုယ်ပေါ်တွင် ဘာအဝတ်မှ မရှိ။

'ဆောရီး ကျုပ်'

'ဒီမှာ ရှင့်၊ အမှု စစ်တာ ပြီးသွားပြီ၊ ရှင် ဒီအခန်းထဲက အခု ချက်ချင်း ထွက်သွားပါ'

အဒမ်က မဂ္ဂဇင်းကို စားပွဲပေါ် ပြန်ချလိုက်ပြီး လေသံ အေးအေးဖြင့် ပြန်ပြောလိုက်သည်။

'ဒီကိစ္စကို ကျုပ်တို့ နှစ်ယောက် နှစ်မိနစ်လောက် အေးအေးဆေးဆေး ဆွေးနွေးသင့်တယ်လို့ မထင်ဘူးလား မစ္စ ပါကာ'



mgyoe.com

mgyoe.com SAMPLE BOOK

'မထင်ဘူး၊ လုံးဝ မထင်ဘူး၊ ကျွန်မမှာ ရှင့်ကိုလည်း ဘာမှ ပြောစရာ မရှိဘူး၊ ရှင်တို့ စည်းကော်မတီ ဆိုတာကိုလည်း ဘာမှ ပြောစရာ မရှိဘူး၊ ကျွန်မကို ရာဇဝတ်ကောင်လို ဆက်ဆံနေကြတာကို ကျွန်မ မခံနိုင်တော့ဘူး'

'ကျုပ်က ခင်ဗျားကို ရာဇဝတ်ကောင်လို့ ပြောပြီးပြီလား'

'ဒါကြောင့်မို့လို့ပဲ ရှင် ဒီကို လာတာ မဟုတ်ဘူးလား'

'ကျုပ် ဒီကို ဘာကြောင့် လာတယ် ဆိုတာ ခင်ဗျားကို ပြောပြီးပြီပဲ၊ ကျုပ်မှာ ခင်ဗျား ရှေ့နေ မှတ်ပုံတင်ကို ရုပ်သိမ်းဖို့ ထောက်ခံနိုင်ခွင့်ရော မရုပ်သိမ်းဖို့ ကန့်ကွက်နိုင်ခွင့်ရော ရှိတယ်၊ ဒါပေမဲ့ ကျုပ်က ဒီကိစ္စနှင့် ပတ်သက်ပြီး ခင်ဗျားဘက်က ဘယ်လို ပြောမလဲ ဆိုတာကို ကြားချင်တယ်'

'သြော် ဒီလိုလား၊ ဒါနှင့် ဒီအတွက် ရှင်က ပိုက်ဆံ ဘယ်လောက် ရလို့လဲ'

အဒမ်က မျက်နှာ တင်းသွားသည်။

'ဝမ်းနည်းပါတယ် မစ္စ ပါကာ'

သူက ထိုင်ရာမှ ထပြီး တံခါးဝသို့ လျှောက်လာသည်။

'ခဏ နေပါဦး၊ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မ‥ ကျွန်မက လူတိုင်းကို ရန်သူလို အောက်မေ့နေလို့ပါ၊ ကျွန်မ တောင်းပန်ပါတယ်'

အဒမ်က ပြန်လှည့်လာသည်။

'ခင်ဗျား တောင်းပန်တာ လက်ခံပါတယ်'

'ရှင်က ကျွန်မကို မေးစရာ ရှိသေးရင် ခဏ စောင့်ပါဦး၊ ကျွန်မ အဝတ်သွားလဲလိုက်ဦးမယ်'

'အဲဒါ အကောင်းဆုံးပါပဲ၊ ဒါနှင့် ခင်ဗျား ထမင်း စားပြီးပလား'

သူမက တော်တော်နှင့် မဖြေ။

'ကျွန်မ‥ ကျွန်မ'

'ကဲပါ၊ အဝတ်သာ မြန်မြန် သွားလဲစမ်းပါ၊ အမှု စစ်ဆေးဖို့ ကောင်းတဲ့ ပြင်သစ် ထမင်းဆိုင်ကလေး တစ်ဆိုင်ကို ကျုပ် သိပါတယ်'

ထမင်းဆိုင်ကလေးမှာ အရှေ့ဘက် ရပ်ကွက် ၅၆ လမ်းထဲတွင် ရှိသည်။ သပ်သပ်ရပ်ရပ်နှင့် တိတ်တိတ်ဆိတ်ဆိတ် ရှိသည်။

'ဒီနေရာကို လူတွေ သိပ် မသိကြသေးဘူး၊ ပြင်သစ် လူငယ် လင်မယားနှစ်ယောက်က ဖွင့်ထားတာ၊ အစားအသောက် သိပ်ကောင်းတယ်'



mgyoe.com

mgyoe.com
SAMPLE BOOK

အဒမ် ပြောတာ မှန်ပါသည်။ ဟင်းပွဲတွေ လာချတော့ ဂျင်နီဖာမှာ အနံ့ ခံရင်းနှင့်ပင် သွားရည် တမြားမြား ကျနေမိသည်။ သူမသည် တစ်နေ့လုံး ဘာမှ မစားရသေး။ စိတ်က လှုပ်ရှားနေသဖြင့် ထမင်းနှင့် ဟင်းတွေကို မျို မကျအောင် ဖြစ်နေသည်။ သူမက သက်သောင့်သက်သာ ဖြစ်အောင် စိတ်အာရုံ ကို ကြိုးစားပြီး လျှော့သည်။ သို့သော် မရ။ သူမ၏ ရှေ့တွင် ထိုင်နေသူသည် မည်မျှပင် ဟန်ဆောင် ကောင်းစေကာမူ တကယ်တော့ သူမ၏ ရန်သူပင် ဖြစ် သည်။ သူ့ရုပ်ရည်က ဆွဲဆောင်မှု ရှိတာတော့ အမှန်။ ဒါကို ဂျင်နီဖာက လက်ခံသည်။ တခြား အခြေအနေမျိုးသာ ဆိုလျှင် အခုလို သူနှင့် အတူ ညစာ စားရသည်ကို ဂျင်နီဖာ အနေဖြင့် အလွန် ပျော်မိမည် ဖြစ်သည်။ ယခုတော့ သူမ၏ ဘဝ တစ်ခုလုံးမှာ သည်လူစိမ်း၏ လက်ထဲတွင် ရှိနေသည်။ နောက် တစ်နာရီ နှစ်နာရီ ဆိုလျှင် သူ၏ ဘဝသည် မည်သည့်ဘက်သို့ ဦးတည်ရတော့ မည် ဆိုသည်ကို သိရပေတော့မည်။

ဂျင်နီဖာ အနေဖြင့် စိတ်လှုပ်ရှားမှုကြောင့် စိမ်းစိမ်းကြီး ဖြစ်နေသည်ကို အဒမ်က အကဲခတ်မိသည်။ ထို့ကြောင့် တင်းမာနေသော သူမ၏ အခြေအနေ ကို သက်သောင့်သက်သာ ဖြစ်စေရန် အဒမ်က သောင်းပြောင်းထွေလာ စကား တွေ ပြောပြီး ကြိုးစား ဖြေဖျော်သည်။

သူသည် မကြာမီက ဂျပန် နိုင်ငံသို့ သွားရောက်ခဲ့သည်။ ထိပ်တန်း အရာရှိတွေနှင့် တွေ့ဆုံခဲ့သည်။ သူ့အား ဂုဏ်ပြု ညှော်ခံပွဲကိုလည်း တခမ်းတနား ပြုလုပ်ခဲ့သည်။

'ဒါနှင့် ခင်ဗျား ပုရွက်ဆိတ် ချော့ကလက် စားဖူးသလား'

အဒမ်က မေးသည်။

'မစားဖူးပါဘူး'

သူက ပြုံးသည်။

'နံကောင် ချောကလက်ထက် ကောင်းတယ်'

ပြီးတော့ သူက လွန်ခဲ့သော နှစ်က အလာစကာ ပြည်နယ်သို့ အမဲလိုက် ခရီးထွက်ခဲ့သည့် အကြောင်းကို သူက ပြောပြသည်။ သူ့အား ဝက်ဝံ တစ် ကောင် လိုက်၍ အသက်လုပြီး ထွက်ပြေးခဲ့ရသည့် အကြောင်းကို ပြောပြသည်။

သို့သော် ဂျင်နီဖာ၏ စိတ်ထဲတွင်တော့ ဟိုကိစ္စ သူ ဘယ်တော့ စပြောပါ လိမ့်မလဲဟု တွေးပြီး တထင့်ထင့် ဖြစ်နေမိသည်။ သူက တကယ် စပြောတော့ သူမ တစ်ကိုယ်လုံး တောင့်တင်းသွားသလို ခံစားလိုက်ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အချုပ်ပွဲ ပြီးတော့ အဒမ်က တည်ငြိမ်စွာဖြင့် ပြောသည်။

'ခင်ဗျားကို ကျုပ် မေးချင်တာကလေးတွေ ရှိတယ်၊ ဒီလို မေးလို့ စိတ်မကောင်းတော့ မဖြစ်စေချင်ဘူး'

ဂျင်နီဖာက လည်ချောင်းထဲ အလုံး ဆို့သွားသလို ခံစားလိုက်ရသည်။ သူမေးတာ ငါ ပြန်မျှား ဖြေနိုင်ပါ့မလားဟု တွေးလိုက်မိသည်။

သူမက ခေါင်းညိတ်ပြလိုက်သည်။

'အဲဒီ နေ့က တရားရုံးထဲမှာ ဘယ်လို ဖြစ်တယ် ဆိုတာ ကျုပ်ကို အမှန်အတိုင်း ပြောပြစေချင်တယ်၊ ခင်ဗျား မှတ်မိတာ အားလုံး ပြောပြပါ၊ စိတ်ထဲမှာ ခံစားရတာကို ပြောပြပါ၊ သေသေချာချာ စဉ်းစားပြီး ဖြည်းဖြည်းပဲ ပြောပါ'

ဂျင်နီဖာက သူမ ကိစ္စနှင့် ပတ်သက်ပြီး ကြိုက်သလိုသာ လုပ်ကြရန် အဒမ်အား အပြတ် ပြောလိုက်မည် စိတ်ကူးထားခဲ့သည်။ သို့သော် ယခုလို အဒမ် ရှေ့မှာ ထိုင်ပြီး လေအေးအေးဖြင့် ပြောနေသော သူ့စကားများကို ကြားရသော အခါမှာတော့ ဂျင်နီဖာမှာ ခုခံအား မရှိအောင် ဖြစ်သွားတော့သည်။

သူမသည် သည်အကြောင်းကို စဉ်းစားလိုက်တိုင်း ရင်ထဲမှာ ဆို့တက်လာပြီး မချိအောင် ခံစားရသည်။ ထို့ကြောင့်လည်း သည်အကြောင်းကို လုံးဝ မစဉ်းစားဘဲ မေ့ထားရန် တစ်လကျော်ကျော်မျှ အပြင်းအထန် ကြိုးစားခဲ့ရသည်။ ယခုတော့ သူမထံသို့ အဒမ် ရောက်လာပြီး သည်အကြောင်းကို ပြန်လည် ပြောပြရန် တောင်းဆိုနေပြန်ပြီ။

သူမက လေးလေးလံလံ သက်ပြင်း တစ်ချက် ချလိုက်သည်။

'ကောင်းပြီလေ၊ ဒီလို ဆိုရင်လည်း ပြောပြရတာပေါ့'

ထို့နောက် ဂျင်နီဖာက တရားရုံးထဲတွင် ပေါ်ပေါက်ခဲ့သော ဖြစ်ရပ်ကို တုံ့ဆိုင်း တုံ့ဆိုင်းဖြင့် ဖြည်းဖြည်းချင်း ပြောပြသည်။ ပြောရင်း ပြောရင်း အရှိန်ရလာပြီး တစ်ချိန်ထက် တစ်ချိန် သွက်သွက်လက်လက်နှင့် အသက်ပါပါ ပြောပြနိုင်လာသည်။

အဒမ်က ကြားဖြတ် မေးမြန်းခြင်း လုံးဝ မပြုဘဲ သူမအား လေ့လာရင်း ငြိမ်သက်စွာ နားထောင်နေသည်။

နောက်ဆုံး ဂျင်နီဖာက ပြောပြီးသွားသော အခါမှ အဒမ်က မေးသည်။

'ခင်ဗျားကို စာအိတ် ပေးတဲ့ လူဟာ အဲဒီနေ့ မနက် ခရိုင် အစိုးရ ရှေ့နေကြီး ရုံးခန်းထဲမှာ ရှိနေသလား'


mgyoe.com

mgyoe.com
SAMPLE BOOK

'အဲဒီ အချက်ကို ကျွန်မလည်း ပြန်ပြီး စဉ်းစားကြည့်ပါတယ်၊ အမှန်အတိုင်း ပြောရရင် ကျွန်မ လုံးဝ မမှတ်မိပါဘူး၊ အဲဒီ နေ့က ရုံးခန်းထဲမှာ လူတွေက အများကြီးပဲ၊ အဲဒီ လူတွေကို ကျွန်မ တစ်ယောက်မှ မမှတ်မိပါဘူး'

'အဲဒီလူကို ဟိုတုန်းက တခြား တစ်နေရာရာမှာ ခင်ဗျား မြင်ဖူးခဲ့သလား'

ဂျင်နီဖာက ခေါင်းကို ခါယမ်းလိုက်သည်။

'ကျွန်မ မမှတ်မိပါဘူး၊ မြင်ဖူးတယ်လို့လည်း မထင်ပါဘူး'

'အဲဒီလူက ခင်ဗျားဆီကို စာအိတ် လာမပေးခင်ကလေးမှာ ခရိုင် အစိုးရရှေ့နေကြီးနှင့် စကား ပြောနေတာကို ခင်ဗျား မြင်တယ်လို့ ပြောတယ်၊ အဲဒီတော့ ခရိုင် ရှေ့နေကြီးက အဲဒီ လူကို စာအိတ် ကမ်းပေးလိုက်တာ ခင်ဗျား မြင်လိုက်သလား'

'ကျွန်မ·· ကျွန်မ မမြင်ပါဘူး'

'ဒီလူဟာ ရှေ့နေကြီးနှင့် တကယ် စကား ပြောနေတာကို မြင်သလား၊ ဒါမှမဟုတ် သူက ရှေ့နေကြီးနားမှာ ဝိုင်းနေတဲ့ လူအုပ်ထဲမှာ ရပ်နေတာလား'

ဂျင်နီဖာက မျက်လုံးကို မှိတ်ပြီး ခေတ္တ စဉ်းစားနေသည်။ ပြီးတော့မှ 'ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မ ဘာမှ ကွဲကွဲပြားပြား မမှတ်မိတော့ပါဘူး၊ ကျွန်မ ဘာမှ မသိတော့ပါဘူး'

'ခင်ဗျား နာမည်ကို အဲဒီလူ ဘယ်လိုလုပ်ပြီး သိတယ်လို့ ထင်သလဲ'

'ကျွန်မ မသိပါဘူး'

'ဒါနှင့် သူက ခင်ဗျားကို ရွေးပြီး ဘာကြောင့် လာပေးရတယ်လို့ ထင်သလဲ'

'ဒါက လွယ်ပါတယ်၊ သူက ဒီလူတွေထဲမှာ ဘယ်သူဟာ အအဆုံး အနုံဆုံးလဲ ဆိုတာကို မျက်နှာ မြင်ရုံနှင့် ခန့်မှန်းပြီး သိတာလည်း ဖြစ်နိုင်ပါတယ်' သူမက ခေါင်းကို ခါယမ်းရင်း 'အို ကျွန်မ ဘာမှ မသိတော့ပါဘူး မစ္စတာဝါနာ၊ ကျွန်မ ဝမ်းနည်းပါတယ်ရှင်'

'ဒီအချက်မှာ စဉ်းစားစရာတွေ အများကြီး ရှိပါတယ်၊ ခရိုင် ရှေ့နေကြီး ဒီဆီးလဗားဟာ မိုက်ကယ် မိုရက်တီကို ရုံးတင် တရား စွဲနိုင်ဖို့ အတွက် ကြိုးစားနေတာ ကြာပါပြီ၊ သူက ဒီအမှုနှင့် ပတ်သက်လို့ လုပ်ဆောင်ချက် မှန်သမျှကို လစ်ဟင်းမှု တစ်စုံတစ်ရာ မရှိနိုင်အောင် သတိ ဝီရိယ ထားပြီး လုပ်ခဲ့တယ်၊ အဲဒီလို လုပ်နေတဲ့ ကြားက ခင်ဗျား ပြဿနာ ပေါ်လာတော့ သူက ခင်ဗျား အပေါ်မှာ အကြီးအကျယ် မကျေမနပ် ဖြစ်သွားတယ်'

mgyoe.com

mgyoe.com SAMPLE BOOK

'ကျွန်မလည်း ကိုယ့်ကိုယ်ကိုယ် အကြီးအကျယ် မကျေမနပ် ဖြစ်မိပါတယ် မစ္စတာ ဝါနာ'

ယခုတော့ ဂျင်နီဖာသည် အဒမ် အပေါ်တွင် အပြစ် မမြင်တော့ပါ။ အဒမ်က သူ့တာဝန်ကို သူ လုပ်နေသူသာ ဖြစ်သည်။ သည်လုပ်ရပ် အတွက် အဒမ်တွင် အပြစ် မရှိဟု သူမ ယူဆမိသည်။ ထိုခဏ၌ ဂျင်နီဖာ၏ စိတ်ထဲတွင် ဘယ်သူနှင့်မျှ စကား မပြောဘဲ တစ်ယောက်တည်းသာ နေချင်သည့် စိတ်ဆန္ဒသည် ပြင်းပြင်းပြပြ ဖြစ်ပေါ်လာသည်။ သူမသည် ကိုယ့်အပူနှင့် ကိုယ်သာ တစ်ယောက်တည်း နေချင်စိတ် ဖြစ်ပေါ်လာသည်။

'ကျွန်မကို ခွင့်လွှတ်ပါရှင်၊ ကျွန်မ ကောင်းကောင်း နေမကောင်းချင်သလိုပဲ၊ ကျွန်မ အိမ်ပြန်ပါရစေတော့'

အဒမ်က သူမအား ခေတ္တမျှ အကဲခတ် ကြည့်နေသည်။

'ခင်ဗျားရဲ့ ရှေ့နေဖြစ် မှတ်ပုံတင် မရုပ်သိမ်းဖို့ ကျုပ်က ထောက်ခံချက်ရေးလိုက်မယ် ဆိုရင် ခင်ဗျား စိတ်ချမ်းသာမှာလား'

ဂျင်နီဖာမှာ ရုတ်တရက်အားဖြင့် ဆွံ့အနေသူပမာ ဘာမှ မပြောတတ်သလို ဖြစ်သွားသည်။ သူ ပြောလိုက်တာ ဟုတ်မှ ဟုတ်ပါရဲ့လားဟု တွေးပြီး ကိုယ့်နားကိုယ် မယုံကြည်နိုင်အောင် ဖြစ်နေမိသည်။ သူမသည် ကျွဲကော်ကိုင်းမျက်မှန် အောက်မှ အဒမ်၏ မျက်လုံးပြာကြီးများကို စိုက်ကြည့်နေမိသည်။

အတန် ကြာတော့မှ 'ဒါ ရှင် တကယ် ပြောလိုက်တာလား ဟင်'

'ရှေ့နေ ဘဝဟာ ခင်ဗျား အတွက် အလွန် အရေးကြီးပါတယ်၊ ကျုပ်ပြောတာ မဟုတ်ဘူးလား'

'အို ဘယ့်နှယ် ပြောပါလိမ့်၊ ဟုတ်တာမှ အလွန့် အလွန်ကို ဟုတ်တာပေါ့'

ဂျင်နီဖာသည် သူမ ဖခင်ကြီး၏ မျက်နှာကို မြင်ယောင်လာမိသည်။ ဖခင်ကြီး၏ အလုပ်ခန်းကလေးကို မြင်ယောင်လာမိသည်။ ဖခင်ကြီးနှင့် ပြောခဲ့သော စကားများကို ကြားယောင်လာမိသည်။ ဥပဒေ ပညာ ဆည်းပူးခဲ့ရသည့် ရှည်လျားသော နှစ်ကာလများ၊ အနာဂတ် မျှော်မှန်းချက်များနှင့် စိတ်ကူးယဉ်အိပ်မက်များကို ပြန်လည် စဉ်းစားမိလာသည်။ အထူးသဖြင့် သူမ ဆယ်တန်းအောင်ပြီးနောက် တက္ကသိုလ် ဆက်မသွားတော့ဘဲ ဖခင်ကြီး အလုပ်ကိုသာ ကူညီ လုပ်ကိုင်တော့မည်ဟု ဆုံးဖြတ်ခဲ့တုန်းက ဖခင်ကြီး ပြောခဲ့သော စကားကို နားနှင့် ဆတ်ဆတ် ကြားယောင်လာမိသည်။ *'ဖေဖေတို့ အစုစပ် ရှေ့နေ*

mgyoe.com

mgyoe.com SAMPLE BOOK

*လုပ်ငန်းကြီး ထူထောင်တော့မယ် သမီး၊ အဲဒီတော့ သမီး အနေနှင့် ဥပဒေ ဘွဲ့သာ မြန်မြန် ယူပေတော့'*

'ဟုတ်ပါတယ်' ဂျင်နီဖာက တိုးတိုးကလေး ရေရွတ်လိုက်သည်။

'ခင်ဗျား အနေနှင့် ဒီအခက်အခဲတွေကို ကျော်လွန်သွားပြီးတဲ့ နောက်မှာ နာမည်ကျော် ရှေ့နေကောင်း တစ်ယောက် ဖြစ်လာနိုင်တယ် ဆိုတာ ကျုပ် ယုံကြည်ပါတယ်'

ဂျင်နီဖာက အဒမ်အား ကျေးဇူးတင် အပြုံးဖြင့် ကြည့်လိုက်သည်။

'ကျေးဇူးတင်ပါတယ် မစ္စတာ ဝါနာ၊ ကျွန်မ ဖြစ်အောင် ကြိုးစားပါ့မယ်'

သူမသည် ထိုစကားကို စိတ်ထဲမှ တိုးတိုးကလေး ရွတ်ဆိုနေမိသည်။ *'ကျွန်မ ဖြစ်အောင် ကြိုးစားပါ့မယ်၊ ကျွန်မ ဖြစ်အောင် ကြိုးစားပါ့မယ်'*

သူမ၏ အလုပ်ခန်းသည် မှောင်မှောင်မည်းမည်းနှင့် ကျဉ်းကျဉ်းကျပ်ကျပ် အခန်းလေး ဖြစ်သော်လည်း သူမက ယင်း အချက်ကို ဂရုမစိုက်တော့ပါ။ အဝတ်အစား စုတ်ချာချာဖြင့် လင်ပျောက် မယားပျောက် လိုက်ရှာနေသော ပုဂ္ဂလိက စုံထောက် ရှေ့နေကလေး တစ်ယောက်နှင့် အကြွေး မဆပ်နိုင်သူများ ထံမှ ပစ္စည်းများ ပြန်သိမ်းနေသော လူတစ်ယောက်နှင့် အတူတူ လုပ်ကိုင်နေရ သော်လည်း သူမ အနေဖြင့် စိတ်မပျက်တော့ပါ။

တကယ်တော့ ခမ်းနားသည် ဖြစ်စေ၊ စုတ်ချာသည် ဖြစ်စေ ရှေ့နေ ရုံး ခန်းသည် ရှေ့နေ ရုံးခန်းပင် ဖြစ်သည်။ သူမသည် မြင့်မြတ်သော ရှေ့နေ လုပ်ငန်း၏ အဖွဲ့ဝင် တစ်ယောက် ဖြစ်သည်။ ယခုအခါ သူတို့က သူမအား ရှေ့နေ လုပ်ငန်းဖြင့် ဆက်လက်၍ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သွားရန် ခွင့်ပြုကြတော့မည်။

သည်အတွေးကြောင့် သူမ တစ်ကိုယ်လုံး ပီတိ လှိုင်းဂယက်တွေ တဖျတ် ဖျတ် ရိုက်ခတ်သွားကြသည်။ သူမသည် အဒမ်၏ မျက်နှာကို ကြည့်လိုက်သည်။ သည်ပုဂ္ဂိုလ်ကို တစ်သက်လုံး ကျေးဇူးတင်နေရပေတော့မည်။

ထိုအခိုက် စားပွဲထိုး ရောက်လာပြီး စားပွဲပေါ်မှ ပန်းကန်များကို ပြန် သိမ်းနေသည်။

ဂျင်နီဖာက စကား ပြောရန် အားယူပြီး ပါးစပ် ဖွင့်လိုက်သည်။

ငိုတစ်ဝက် ပြုံးတစ်ဝက်ဖြင့် သူမ ပါးစပ်မှ ထွက်လာသော စကားက တော့ 'မစ္စတာ ဝါနာ'

အဒမ်က တည်ငြိမ် လေးနက်သော အသံဖြင့်



mgyoe.com

mgyoe.com
SAMPLE BOOK

'ကျုပ်တို့ နှစ်ယောက် အခုလို သဘောတူ ပြေလည်မှု ရပြီးတဲ့ နောက်မှာတော့ အဒမ်လို့ပဲ ခေါ်သင့်ပြီ ထင်ပါတယ်'

'အဒမ်'

'ပြောပါ'

သူမက လေသံဖြင့် တိုးတိုးကလေး ညည်းပြောလိုက်သည်။

'ကျွန်မကို ခွင့်လွှတ်ပါ အဒမ်၊ ကျွန်မဟာ မေတ္တာရော ထမင်းရော ငတ်နေတဲ့ မိန်းကလေး တစ်ယောက်ပါ အဒမ်'

## ၅

ရက်သတ္တ သုံး လေးပတ်မျှ ကုန်လွန်သွားခဲ့သည်။

ဂျင်နီဖာသည် တရားခံများထံ သမ္မန်စာများ ပေးပို့ခြင်း၊ သက်သေများထံ ဆင့်စာများ ပေးပို့ခြင်းတို့ဖြင့် နေထွက်မှ နေဝင် မိုးချုပ် အလုပ်များလျက်ရှိသည်။ သူ၏ ရှေ့နေ ဘဝ ပထမဆုံး နေ့တွင် အတွေ့အကြုံ မရှိသေး၍ ခြေချော် လက်ချော် မှားယွင်းမှု တစ်ခုကြောင့် သူမအား မည်သူကမျှ အလုပ် ခန့်ထားလိုခြင်း မရှိကြသဖြင့် ရှေ့နေ လုပ်ငန်း ဌာနကြီး တစ်ခုခုတွင် ဝင်လုပ်မည် ဟူသော ရည်မှန်းချက်များလည်း ရေစုန် မျောသွားခဲ့ပြီ ဖြစ်သည်။

မအောင်မြင်ခင် ကတည်းက နာမည် ပျက်ခဲ့ရသော သူမ၏ ဘဝကို ကကြီးက ပြန်စရန် နည်းလမ်း တစ်ခုခုတော့ ရှာရတော့မည်။

သည်ကြားထဲ ပီယာ ဘော်ဒီ ရှေ့နေ လုပ်ငန်း ဌာန အတွက် ပုတ်ပြတ် လုပ်ပေးရသော သမ္မန်စာနှင့် ဆင့်စာတွေကလည်း စားပွဲပေါ်တွင် တောင်ပုံရာပုံ ဖြစ်နေသည်။

သည်လုပ်ငန်းမှာ ရှေ့နေ လုပ်ငန်းဟု မဆိုနိုင်သော်လည်း သူမ အတွက် စာတစ်စောင်လျှင် ၁၂ ဒေါ်လာခွဲ အပြင် လမ်းစရိတ်ပါ ရသဖြင့် လောလောဆယ် ဘဝ ရပ်တည်ရေး အတွက် တစ်စုံတစ်ခုသော အတိုင်းအတာ အထိတော့ အထောက်အကူ ရပေသေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ရံဖန်ရံခါ ဂျင်နီဖာ နေဝင် မိုးချုပ် အလုပ် လုပ်သော နေ့များတွင် ကင်းနက် ဘယ်လီ (ကင် ဘယ်လီ) က သူမအား အပြင် ခေါ်သွားပြီး ညစာ ကျွေးတတ်သည်။

အစတုန်းက ကင် ဘယ်လီအား တစ်ကိုယ်ကောင်းဆန်သူ တစ်ယောက်ဟု ထင်ခဲ့သည်။ နောက်တော့မှ သူ့အား ယင်းသို့ ထင်ရခြင်းမှာ အပြင်ပန်း အပြောအဆို အမူအရာကြောင့် ထင်ရခြင်းသာ ဖြစ်ကြောင်း သူမ နားလည်လာခဲ့သည်။

တကယ်တော့ ကင် ဘယ်လီမှာ တစ်ကောင်ကြွက် အထီးကျန် တစ်ယောက်သာ ဖြစ်သည်။ သူသည် ဘရောင်း တက္ကသိုလ်မှ ဥပဒေဘွဲ့ ရခဲ့သည်။ သူ့ ပညာရပ်တွင် ကျွမ်းကျင် ထက်မြက်သည်။ စာလည်း အလွန် ဖတ်သည်။ ဒါနှင့်တောင် အခုလို စိတ်ပျက်စရာ အခန်းစုတ်ကလေးမှာ ထိုင်ပြီး ဘာမဟုတ်တဲ့ လင်ပျောက် မယားပျောက် ရှာတဲ့ လုပ်ငန်းမျိုးကို ဒီလူ ဘာကြောင့် လာလုပ်နေရတာပါလိမ့်ဟု ဂျင်နီဖာက တွေးပြီး အံ့ဩမိသည်။

သူ့ကို ကြည့်ရသည်မှာ သူ့ကိုယ်သူ အရှုံးသမား တစ်ယောက်ဟု သဘောထားပြီး အောင်မြင်မှု အတွက် ကြိုးစားရန် မဝံ့မရဲ ဖြစ်နေသူ တစ်ယောက်ဟု ထင်မှတ်စရာ ဖြစ်နေသည်။

တစ်ခါတုန်းက စကားစပ်မိသဖြင့် သူ၏ အိမ်ထောင်ရေး ကိစ္စကို ဂျင်နီဖာက စပ်စုမိသည်။ သည်တော့ သူက စိတ်ဆိုးမာန်ဆိုးနှင့် ပြန်ဟောက်သည်။

'ဒါ မင်းအလုပ် မဟုတ်ပါဘူး'

နောက်တော့ ဂျင်နီဖာက သည်အကြောင်းကို ဘယ်တော့မှ မမေးတော့။

အိုတို ဝင်ဇယ်ကတော့ ကင် ဘယ်လီနှင့် တခြားစီ ဖြစ်သည်။ သူက အရပ် ပုပု၊ ဗိုက်ရွဲရွဲနှင့် လူဖလံကလေး။ အိမ်ထောင်ရေးကတော့ အဆင်ပြေသည်။ အိုတို ဝင်ဇယ်က ဂျင်နီဖာကို သမီး အရင်းလို သဘောထားသည်။ သူ့ မိန်းမ လက်ရာ စွပ်ပြုတ် ဟင်းနှင့် ကိတ်မုန့်တွေ ယူလာပြီး ဂျင်နီဖာအား မကြာခဏ ကျွေးလေ့ ရှိသည်။ သူ့မိန်းမက အချက်အပြုတ် တော်တော် ညံ့သည်။ သို့ပေမဲ့ ဂျင်နီဖာက အိုတို ဝင်ဇယ် ကျွေးသမျှ ကြိတ်မှိတ်ပြီး စားသည်။ သူမက သူ့ စိတ်မကောင်းမှာကို စိုး၍ ဖြစ်သည်။

သောကြာနေ့ တစ်နေ့တွင် ဝင်ဇယ်တို့ လင်မယားက ဂျင်နီဖာအား သူတို့ အိမ်တွင် ညစာ လာစားရန် ဖိတ်သည်။ မစ္စက် ဝင်ဇယ်က ဂေါ်ဖီထုပ် အသား သွပ် ချက်ရာတွင်တော့ နာမည် ကြီးသည်။ ထိုနေ့ကတော့ ဂေါ်ဖီထုပ်က ရေ

mgyoe.com

mgyoe.com
SAMPLE BOOK
စမ်းစမ်း ဖြစ်နေပြီး အထဲမှ အသားက မာနေသည်။ ဂျုံနှစ်ကလည်း မကျက်။ ဂျင်နီဖာက မြိန်မြိန်ရှက်ရှက် စားဟန်ဆောင်ကာ အတုံးသေးသေးကလေးတွေကိုသာ ယူစားပြီး ကျန်တာတွေကို စားပွဲဘေး ဖယ်ဖယ်ထားသည်။

'ဘယ့်နှယ်နေသလဲ၊ စားလို့ ကောင်းရဲ့လား တူမရဲ့'

မစ္စက် ဝင်ဇယ်က ကျေနပ်ပြုံးဖြင့် မေးလိုက်သည်။

'သိပ် ကောင်းတယ် အန်တီ၊ ဒါ ကျွန်မ အကြိုက်ဆုံး ဟင်းပဲ'

ထိုနေ့က စပြီး ဂျင်နီဖာသည် ဝင်ဇယ်တို့ အိမ်တွင် သောကြာနေ့တိုင်း ညစာ လာစားရသည်။ မစ္စက် ဝင်ဇယ်ကလည်း ဂျင်နီဖာ 'အကြိုက်ဆုံး ဟင်း' ကို စပါယ်ရှယ် ချက်ကျွေးတော့သည်။

တစ်နေ့ နံနက်စောစောတွင် ဂျင်နီဖာထံသို့ တယ်လီဖုန်း လာသည်။ ပီယာ ဘော်ဒီ ရှေ့နေ လုပ်ငန်း ဌာနမှ မစ္စတာ ပီယာ ဘော်ဒီ (ဂျူနီယာ) ၏ ကိုယ်ရေးအတွင်းရေးမှူးထံမှ ဖြစ်သည်။

'ဒီနေ့ မနက် ၁၁ နာရီမှာ မစ္စတာ ပီယာ ဘော်ဒီက ညည်းကို တွေ့ချင်သတဲ့၊ ဆက်ဆက် လာဖို့ မမေ့ပါနှင့်'

'ဟုတ်ကဲ့ပါ မမ'

ယခင်က ဆိုလျှင် ပီယာ ဘော်ဒီ ရှေ့နေ ဌာနတွင် ဂျင်နီဖာမှာ အတွင်းရေးမှူး အမျိုးသမီးများ၊ စာရေး ဝန်ထမ်းများနှင့်သာ ဆက်ဆံခွင့် ရခဲ့သည်။ သည်ဌာနက ကြီးကျယ်သည်။ ဂုဏ် ရှိသည်။ အလုပ်သင် ရှေ့နေ ပေါက်စကလေးတွေ စိတ်ကူးယဉ်ရသော ဌာနကြီး ဖြစ်သည်။

ယခု ဂျင်နီဖာလည်း ယင်းဌာနကြီးသို့ လာရင်း လမ်းတွင် စိတ်ကူးယဉ် လာခဲ့သည်။ ကေန္တတော့ မစ္စတာ ပီယာ ဘော်ဒီက ငါ့ကို အခုလို ခေါ်တွေ့တာဟာ အရေးကြီးတဲ့ ကိစ္စ တစ်ခုခုပဲ ဖြစ်မယ်၊ သူက ငါ့လုပ်ရည်ကိုင်ရည် သဘောကျသွားပြီး သူ့ဌာနမှာ အလုပ် ခန့်ချင်လို့ ခေါ်တာ ဖြစ်နိုင်တယ်၊ အဲဒီလိုသာ ဖြစ်ခဲ့ရင်တော့ ငါ့အနေနှင့် ကံကော်တာပဲ၊ ငါ့မျှော်မှန်းချက် အောင်ပြီ။

သူမသည် စိတ်ကူးယဉ်လို့ ကောင်းကောင်းဖြင့် ကံကောင်းရင် တစ်နေ့မှာ မစ္စတာ ပီယာ ဘော်ဒီက ငါ့ကိုတောင် လက်ထပ်ယူချင် ယူမှာ၊ အဲဒီလို


mgyoe.com

mgyoe.com SAMPLE BOOK

ဆိုရင် သူ့ဌာန နာမည်လည်း ပီယာ ဘော်ဒီနှင့် ပါကာ ရှေ့နေ လုပ်ငန်း ဌာန လို့ ပြောင်းလဲသွားမှာပဲ ဟူ၍ပင် တွေးလိုက်သေးသည်။

ဟိုရောက်တော့ သူမက ရုံးခန်းထဲ ချက်ချင်း မဝင်သေး။ စင်္ကြံဆောင် တွင် ထိုင်ကာ မိနစ် သုံးဆယ်လုံးလုံး အချိန် ဖြုန်းလိုက်ပြီး ၁၁ နာရီ တိတိ တွင်မှ ဧည့်ခန်းထဲသို့ ဝင်လာခဲ့သည်။

သူမသည် အငမ်းမရ စိတ်စောနေဟန်မျိုး မပေါ်အောင် စိတ်ကို ထိန်းပြီး ဧည့်ခန်းတွင် ထိုင်စောင့်နေသည်။ နှစ်နာရီတိတိ ကြာတော့မှ မစ္စတာ ပီယာ ဘော်ဒီ (ဂျူနီယာ) ၏ ရုံးခန်းထဲသို့ ဝင်ခွင့်ရသည်။

မစ္စတာ ပီယာ ဘော်ဒီမှာ အရပ် ရှည်ရှည်နှင့် ပိန်ပိန် သွယ်သွယ် ဖြစ် သည်။ သူသည် ပခုံးပြတ် ဝတ်စုံကို ဝတ်ထားသည်။ ရှူးဖိနပ်က လန်ဒန် မြို့မှ အထူး မှာယူသော အကောင်းစား ဖိနပ်။

သူက ဂျင်နီဖာအား နေရာ မပေး။

'မစ္စ ပိုကာ' သူ့အသံက နဝင်ပီယံ မရှိသော အသံကြီး။

'ပါကာပါ'

သူက စားပွဲပေါ်မှ စာရွက် တစ်ရွက်ကို ကောက်ကိုင်ပြီး

'ဒါက သမ္မန်စာ တစ်စောင်ပါ၊ ဒီစာကို သက်ဆိုင်သူဆီ ပို့ပြီး တရား ရုံးကို မပျက်မကွက် လာရောက်အောင် လုပ်ပေးစေချင်တယ်'

သည်တော့မှ သူမအား အလုပ် ခန့်ရန် ခေါ်တွေ့ခြင်း မဟုတ်ကြောင်း ဂျင်နီဖာက ရှင်းရှင်းလင်းလင်း သိရတော့သည်။

မစ္စတာ ပီယာ ဘော်ဒီ ဂျူနီယာက သမ္မန်စာကို ဂျင်နီဖာအား ကမ်းပေး သည်။

'ဒီကိစ္စ အောင်မြင်ရင် ဒေါ်လာ ငါးရာ ပေးမယ်'

'ဒေါ်လာ ငါးရာ ပေးမယ် ဟုတ်လား' ဂျင်နီဖာက သူမ နားကြား လွဲ သွားသည် အောက်မေ့၍ ပြန်မေးလိုက်သည်။

'ဟုတ်ပါတယ်၊ အောင်မြင်ရင် ဒေါ်လာ ငါးရာ ပေးမယ်'

'ပြဿနာ ရှိနေလို့လား'

'ဟုတ်ပါတယ်၊ ကျုပ်တို့က ဒီပုဂ္ဂိုလ်ကို သမ္မန်စာ ပေးဖို့ ကြိုးစားခဲ့တာ တစ်နှစ် ကျော်ပြီ၊ သူ့နာမည်က ဝီလျံ ကားလစ္စလေတဲ့၊ သူက လောင်းအိုင် လင်း ကျွန်းမှာ ခြံကြီး ဝင်းကြီးနှင့် နေတယ်၊ သူ့အိမ်က ဘယ်မှ မထွက်ဘူး၊ အမှန်အတိုင်း ပြောရရင် သူ့ကို သမ္မန်စာ ပေးဖို့ ကြိုးစားခဲ့တာ လူပေါင်း

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ဒါဇင်လောက် ရှိပြီ၊ တစ်ယောက်မှ မအောင်မြင်ခဲ့ကြဘူး၊ သူ့မှာ လုံခြုံရေး အစောင့် တစ်ယောက် ရှိတယ်၊ အဲဒီ အစောင့်က လူတိုင်းကို မောင်းထုတ်တယ်'

'ဒီလိုဆိုတော့ ကျွန်မက ဘယ်.. ဘယ်လို'

မစ္စတာ ပီယာ ဘော်ဒီက ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်ပြီး

'ဒီအမှုက ပိုက်ဆံတွေ အများကြီး ဆုံးရှုံးသွားနိုင်တယ်၊ ဒါပေမဲ့ ကျုပ်က ဝီလျံ ကားလစ္စလေကို သမ္မန်စာ ပေးလို့ မရတော့ တရားခွင်ကို သူက လုံးဝ မလာလို့ အခက် တွေ့နေရတယ် မစ္စ ပိုကာ'

ဂျင်နီဖာက သူမ၏ နာမည်ကို ပြင်ရန် လုံးဝ မကြိုးစား။

'အဲဒါ ဒီကိစ္စကို မစ္စ ပိုကာ လုပ်နိုင်မလား'

အင်း ပိုက်ဆံက နည်းတာ မဟုတ်ဘူး။ ဒေါ်လာ ငါးရာကြီးများတောင်မှ။

'ကောင်းပါပြီ၊ ကျွန်မ ကြိုးစားကြည့်ပါ့မယ်'

ထိုနေ့ မွန်းလွဲ နှစ်နာရီတွင် ဂျင်နီဖာ ပါကာသည် ဝီလျံ ကားလစ္စလေ၏ ကျယ်ဝန်းလှသော ခြံကြီး အပြင်ဘက်တွင် ရပ်နေသည်။ ဆယ်ဧကကျယ် ဥယျာဉ်ခြံကြီး အလယ်တွင် ဂျော်ဂျီယံ တိုက်အိမ်ကြီးကို ခမ်းနား ထည်ဝါစွာ ဆောက်လုပ်ထားသည်။ ကွေ့ဝိုက် ကားလမ်းကလေးက အိမ်ရှေ့ ဆင်ဝင်အောက်ဆီသို့ ဦးတိုက်နေသည်။ လမ်း တစ်ဖက်တစ်ချက်တွင် ထင်းရှူးပင်တွေ စီတန်းနေကြသည်။

ဂျင်နီဖာသည် သည်အိမ်ကြီးသို့ မလာခင်ကပင် အကြံကြီး အကြံထုတ်ခဲ့သည်။ အိမ်ထဲသို့ ဝင်ရောက်ရန် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်သဖြင့် မစ္စတာ ဝီလျံ ကားလစ္စလေအား အိမ်ပြင်သို့ ထွက်လာအောင် လုပ်နိုင်မည့် နည်းလမ်းကို ရှာဖွေရန်သာ ရှိတော့သည်။

တစ်လမ်းကျော်ကျော်လောက်တွင် သစ်ပင်စိုက် အဖွဲ့ ထရပ်ကား တစ်စီးကို ရပ်ထားသည်။ ဂျင်နီဖာက ထရပ်ကားကို ခေတ္တမျှ အကဲခတ် ကြည့်နေသည်။ ထို့နောက် ကားဆီသို့ လျှောက်သွားပြီး သစ်ပင်စိုက် လုပ်သားများကို ဟိုဟိုသည်သည် ရှာကြည့်သည်။ လမ်းဘေး တစ်နေရာတွင် သစ်ပင်စိုက်နေသော လုပ်သား သုံးယောက် တွေ့ရသည်။ အားလုံးပင် ဂျပန် အမျိုးသားများ ဖြစ်ကြသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ဂျင်နီဖာက ၄င်းတို့ အနီးသို့ လျှောက်သွားပြီး 'ဒီမှာ ခေါင်းဆောင် ဘယ်သူပါလဲရှင်'

တစ်ယောက်က မတ်တတ် ရပ်လိုက်ပြီး 'ကျုပ်ပါပဲ'

'ကျွန်မမှာ ရှင်တို့ အတွက် အလုပ် တစ်ခု ရှိပါတယ်'

'ဆောရီး မစ္စ၊ ကျုပ်တို့ မအားပါဘူး'

'ငါးမိနစ်လောက်ပဲ ကြာမှာပါ'

'မဖြစ်နိုင်လို့ပါ'

'ရှင်တို့ကို ကျွန်မ ဒေါ်လာ တစ်ရာ ပေးမယ်လေ'

အလုပ်သမား သုံးယောက်က သူမကို တအံ့တသြ ရပ်ကြည့်နေကြသည်။ ခေါင်းဆောင် လုပ်သူက ပြောသည်။

'ခင်ဗျားက ကျုပ်တို့ကို ငါးမိနစ် အလုပ် အတွက် ဒေါ်လာ တစ်ရာ တကယ် ပေးမတဲ့လား'

'ဟုတ်ပါတယ်၊ တကယ် ပေးမှာပါ'

'ဒါဖြင့် ကျုပ်တို့က ဘာလုပ်ပေးရမှာလဲ'

နောက်ငါးမိနစ် ကြာတော့ သစ်ပင်စိုက် ထရပ်ကားသည် ဝီလျံ ကားလစ္စလေ၏ ခြံဝင်းကြီးထဲသို့ မောင်းဝင်လာပြီး အိမ်ရှေ့တွင် ထိုးရပ်လိုက်သည်။ ဂျင်နီဖာနှင့် အလုပ်သမားများ ကားပေါ်မှ ဆင်းလိုက်ကြသည်။

ဂျင်နီဖာက ဘေးဘီသို့ မျက်လုံး ဝေ့ကြည့်လိုက်ပြီး အိမ်ရှေ့ တံခါးဝ အနီးမှ လှပသော သစ်ပင် တစ်ပင်ကို ရွေးချယ်လိုက်သည်။

'ကဲ အဲဒီ အပင်ကို တူးကြတော့'

သူမက အလုပ်သမားများအား အမိန့် ပေးလိုက်သည်။ အလုပ်သမားများက ကားပေါ်မှ ပေါက်တူး ပေါက်ချွန်းများ ယူပြီး သစ်ပင် ခြေရင်းကို တူးကြတော့သည်။ တစ်မိနစ် မကြာခင်မှာပင် အိမ်ရှေ့ တံခါး ပွင့်လာပြီး လုံခြုံရေး ယူနီဖောင်း ဝတ်ထားသော လူထွားကြီး တစ်ယောက် ပြေးထွက်လာသည်။

'ဒါက ဘာလုပ်တာတဲ့လဲ' သူက စိတ်ဆိုးမာန်ဆိုးဖြင့် မေးသည်။

'ကျွန်မတို့က လောင်းအိုင်လင်း ဥယျာဉ်ပန်းမန် စိုက်ပျိုးရေး ဌာနကပါ၊ အခု ဒီသစ်ပင်တွေ အားလုံး လှဲပစ်မလို့'

သူမက ခပ်တည်တည်ဖြင့် ပြောလိုက်သည်။



mgyoe.com

mgyoe.com
SAMPLE BOOK

လူထွားကြီးက သူမအား စိုက်ကြည့်ရင်း 'မင်းက ဘယ်သူလဲ'

ဂျင်နီဖာက လက်ထဲမှ စာရွက်ကို မြှောက်ပြပြီး 'ဒီသစ်ပင်တွေ နုတ်ပစ်ဖို့ အမိန့် ကျွန်မမှာ ပါလာတယ်'

'ဒါ လုံးဝ မဖြစ်နိုင်ဘူး၊ မစ္စတာ ကားလစ္စလေ သိရင် ဒေါသူပုန် ထနေလိမ့်မယ်' သူက အလုပ်သမားများဘက်သို့ လှည့်ပြီး 'ဟေ့ မလုပ်ကြနှင့်'

'ဒီမှာ မစ္စတာ၊ ကျွန်မက ကိုယ့်အလုပ် ကိုယ်လုပ်နေတာပါ၊ ကဲ ရှင်တို့ ဆက်တူးကြပါ'

'မတူးရဘူး' လုံခြုံရေး အစောင့်က အော်ပြောလိုက်သည်။ 'မင်းတို့ လုပ်တာ မှားနေပြီ ထင်တယ်၊ မစ္စတာ ကားလစ္စလေကလည်း ငါ့ကို ဘာမှ မပြောဘူး'

ဂျင်နီဖာက ပခုံးကို တွန့်လိုက်သည်။

'ကျွန်မရဲ့ အထက်လူကြီးက သူ ပြောပြီးပြီလို့ ပြောပါတယ်'

'မင်းရဲ့ အထက်လူကြီးက ဘယ်မှာလဲ၊ ငါ သူနှင့် စကား ပြောချင်တယ်'

ဂျင်နီဖာက လက်ပတ် နာရီကို ကြည့်ရင်း

'အခု သူက ဘရွတ်ကလင်ကို အလုပ် ကိစ္စနှင့် သွားနေတယ်၊ ညနေ ခြောက်နာရီလောက်မှ ရုံးကို ပြန်ရောက်မှာ'

'ဒါဖြင့် ခဏ နေဦး၊ ငါ မပြန်လာမချင်း ဘာမှ မလုပ်နှင့်ဦး'

'ဆက်သာ တူးကြပါ'

ဂျင်နီဖာက အလုပ်သမားများအား ပြောလိုက်သည်။ လုံခြုံရေး အစောင့်က ပြန်လှည့်ပြီး အိမ်ထဲ ပြန်ဝင်သွားသည်။ တံခါး ဆောင့်ပိတ်သံ ဂျိမ်းခနဲ မြည်သွားသည်။ မကြာမီတွင် တံခါး ပြန်ပွင့်လာသည်။ လုံခြုံရေး အစောင့် ပြန်ထွက်လာသည်။ သူ့နောက်မှ လူလတ်ပိုင်း အရွယ် ပုပုညှညှက် လူ တစ်ယောက် ပါလာသည်။ ထိုသူက ဂျင်နီဖာကို မေးလိုက်သည်။

'ပြောစမ်းပါဦး၊ မင်းက ဘာသဘောနှင့် ဒီလို လာလုပ်ရတာတဲ့လဲ'

ဂျင်နီဖာက အသံ မာမာဖြင့်

'ဒါ ရှင့်အလုပ် မဟုတ်ပါဘူး'

'အို ငါ့အလုပ် မဟုတ်ဘူး ဟုတ်လား၊ ဝီလျံ ကားလစ္စလေ ဆိုတာ ငါပဲကွ၊ ဒီပစ္စည်းဟာ ငါ ပိုင်တဲ့ ပစ္စည်း'

'အဲဒီလို ဆိုရင် ကျွန်မ တစ်ခု ပြောပါရစေ မစ္စတာ ကားလစ္စလေ၊ ကျွန်မမှာ ရှင့်အတွက် ပစ္စည်း တစ်ခု ပါလာပါတယ်' သူမက သမ္မန်စာကို

mgyoe.com

mgyoe.com
SAMPLE BOOK

သူ့လက်ထဲသို့ ထိုးထည့်လိုက်သည်။ ပြီးတော့ အလုပ်သမားများဘက်သို့ လှည့်ပြီး 'ကဲ ဆက်တူးဖို့ မလိုတော့ပါဘူး'

နောက်တစ်နေ့ မနက် အစောကြီးတွင် အဒမ် ဝါနာထံမှ တယ်လီဖုန်း လာသည်။ ဂျင်နီဖာက သူ့အသံကို ချက်ချင်း မှတ်မိသည်။

'မင်း သိချင်နေလိမ့်မယ် ထင်လို့ ငါ ဖုန်းဆက်တာပါ၊ ရှေ့နေဖြစ် မှတ်ပုံတင် ရုပ်သိမ်းရေး ကိစ္စကို တရားဝင် ပယ်ဖျက်လိုက်ပြီ၊ မင်းအနေနှင့် ဘာမှ ပူစရာ မလိုတော့ဘူး'

ဂျင်နီဖာက မျက်လုံးများကို ခေတ္တမျှ မှိတ်ထားလိုက်သည်။ ဝမ်းသာလွန်းသဖြင့် အသံတိတ် ဆုတောင်းမေတ္တာ ပို့နေမိသည်။

'ရှင့်ကို ကျွန်မ ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး'

'တရား ဥပဒေဟာ အမြဲတမ်း မျက်စိ ကန်းမနေပါဘူး'

အဒမ်က စတီးဝပ် နီဒမ်းနှင့် ဒီဆီးလဗားတို့နှင့် အကြိတ်အနယ် တိုက်ပွဲဆင်ခဲ့ရသည်ကို လုံးဝ ဖော်မပြော။ နီဒမ်းကလည်း သည်လုပ်ရပ်ကို လုံးဝ သဘော မတူချင်။ သို့သော် သူက အမှန်တရားကိုတော့ လက်ခံသည်။

ဒီဆီးလဗားကတော့ နွားသိုးကြီးလို အသေအလဲ တိုက်ခိုက် ပြောဆိုသည်။

'ဒီကောင်မကို ခင်ဗျားက တရားသေ လွှတ်လိုက်တာပေါ့ ဟုတ်လား၊ ဘုရား ဘုရား လုပ်မှ လုပ်ရက်ပလေတယ် အဒမ်ရယ်၊ ဒီကောင်မက သာမန်ကောင်မ မဟုတ်ဘူးဗျ၊ မာဖီးယား ဂိုဏ်းသား သိရဲ့လား၊ လက်စသတ်တော့ ဒီကောင်မက ခင်ဗျားကို ပညာပြသွားတာကိုး'

သူက ပြောပြီးရင်း ပြောရင်း ဆက်ပြောနေသည်။ နောက်ဆုံး အဒမ်က သည်းမခံနိုင်တော့သဖြင့်

'သူ့အမှုနှင့် ပတ်သက်တဲ့ သက်သေခံ အထောက်အထား အားလုံးဟာ ထန်းသီး ကြွေခိုက် ကျီးနားခိုက် သဘောမျိုး အခြေအနေ အရ တိုက်ဆိုင်ပြီး ဖြစ်သွားတာပါ ရောဘတ်၊ တကယ်တော့ သူ့ခမျာမှာ ဘာအပြစ်မှ မရှိပါဘူး၊ သူဟာ မရောက်သင့်တဲ့ အချိန်မှာ မရောက်သင့်တဲ့ နေရာ ရောက်သွားတာပါ၊ အဖြစ်မှန်က သူဟာ ထောင်ဖမ်းခံရတဲ့ သားကောင်ပါ၊ မာဖီးယား ဂိုဏ်းသား ဆိုတာ လုံးဝ မဟုတ်ပါဘူး'

နောက်ဆုံးတော့ ဒီဆီးလဗားမှာ လက်လျှော့ရတော့သည်။


mgyoe.com

mgyoe.com SAMPLE BOOK

'အေးလေ ဒီလို ဆိုရင်လည်း ပြီးရောပေါ့၊ ဒီကောင်မတော့ ရှေ့နေ ဖြစ်နေဦးမှာပေါ့၊ နယူးယောက်မှာ အမူ လိုက်ပါစေလို့ပဲ ကျုပ်က ဆုတောင်းပါတယ်၊ ကျုပ် တရားရုံးထဲ ဝင်လာလို့ကတော့ ဒီကောင်မကို ချက်ချင်း မောင်းထုတ်လိုက်မှာပဲ၊ သိကြရောပေါ့'

ယခု ဂျင်နီဖာအား တယ်လီဖုန်းဖြင့် သတင်း ပို့ရာတွင် သည်အကြောင်းတွေကို အဒမ်က တစ်ခွန်းမျှ မဟ။ ဂျင်နီဖာမှာတော့ ကမ္ဘာ့ရန် တစ်ဦး တိုးလာခဲ့ရပြီ။ သို့သော် ဘယ်လိုမှ မတတ်နိုင်ပါ။ ခရိုင် အစိုးရ ရှေ့နေကြီး ရောဘတ်ဒီဆီးလဗားက ရန်ငြိုးကြီးသော မုဆိုး၊ ဂျင်နီဖာက အကာအကွယ် မရှိသော သားကောင်။ သူ့ကို ငါ နောက်ထပ် ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ပါဘူး ဟူ၍ အဒမ်က စိတ်ပျက် ညှိုးငယ်စွာ တွေးလိုက်မိသည်။

ဂျင်နီဖာ ပါကာ၊ ဥပဒေ အကျိုးဆောင် ရှေ့နေ။

ရုံးခန်းဝမှ ဆိုင်းဘုတ်ကလေးမှာ နဂိုအတိုင်းပင် ရှိနေသေးသည်။ သို့သော် သူမမှာ လက်တွေ့အားဖြင့် မည်သည့် ဥပဒေ အကျိုးဆောင် လုပ်ငန်းကိုမျှ ရှေ့နေ မလိုက်သေးပါ။ သူမအား မုန်းတီးနေကြသော လူတွေထံ သွားပြီး မိုးထဲ နှင်းထဲတွင် သမ္မန်စာများနှင့် ဆင့်စာများ ပေးပို့ရသော လုပ်ငန်းဖြင့်သာ အချိန် ကုန်နေတော့သည်။ ရံဖန်ရံခါ ဆင်းရဲသား ရပ်ကွက်များမှ ကုမ္ပဏီများနှင့် အခြား အနိမ့်ခံ လူမျိုးများ၏ သာမန် အမှုသေး အမှုမွှားကလေးတွေကိုတော့ ကူညီ လိုက်ပါပေးရ၏။ သို့သော် သူမက သည်မျှနှင့် မကျေနပ်နိုင်။ သူမကိုယ် သူမ စိတ်ရှိတိုင်း လုပ်ခွင့် မရသည့် ထောင်ချောက် မိနေသူလိုပင် ခံစားနေမိသည်။

သူမအဖို့ နေ့ဘက်ထက် ညဘက်က ပိုဆိုးသည်။ အဆုံး မရှိသော ညများ၊ အိပ်မပျော်သော ညများ။ အိပ်ပျော်ပြန်လျှင်လည်း စိတ် ချောက်ချားစရာ အိပ်မက်ဆိုးတွေ မက်သည်။ သူမနှင့် သူမ၏ ဖခင်ကြီးတို့အား ပစ်သွားသော မိခင်ကြီးကို အိပ်မက်ထဲတွင် မကြာခဏ ပြန်တွေ့ရသည်။ သူမ သည်အကြောင်းကို လုံးဝ မတွေးပါဘဲလျက် ဘာကြောင့်များ အိပ်မက် မက်နေရပါလိမ့်ဟု မစဉ်းစားတတ်အောင် ဖြစ်မိသည်။

သူမသည် အထီးကျန် အဖော်မဲ့ ဘဝဖြင့် အချိန်နာရီတွေကို ငြီးငွေ့ဖွယ်ရာ ကုန်လွန်နေရသည်။ စိတ်ပြေလက်ပျောက် သဘောဖြင့် ရံဖန်ရံခါ လူငယ်

mgyoe.com

mgyoe.com SAMPLE BOOK
ရေ့နေကလေးများနှင့် တွဲပြီး လျှောက်လည်ကြည့်သည်။ သို့သော်လည်း သူမ မပျော်။ သူတို့ကို အဒမ်နှင့် နှိုင်းယှဉ်ကြည့်မိတတ်သည်။ ထိုအခါ သူမက သူတို့အား သဘောမကျတော့။ သူတို့သည် ဘယ်ဘက်ကမျှ အဒမ်ကို ယှဉ်လို့ မရ။ အဒမ့်ကို မမီကြ။

သူတို့နှင့် အတူ ညစာ စားသည်။ ပြဇာတ် သို့မဟုတ် ရုပ်ရှင် ကြည့်သည်။ ပြီးတော့ သူမ အခန်း ရှိရာ တိုက်ရှေ့ လှေကားဝ အထိ လိုက်ပို့ကြသည်။ သူတို့က သူမ အခန်း အထိ လိုက်ပို့ရန် အတင်းရော အဓမ္မရော တောင်းပန်ကြသည်။ တကယ်တော့ သူတို့က သူမကို ထမင်းကျွေး ရုပ်ရှင် ပြပြီး အပေးအယူ သဘောဖြင့် သူမနှင့် အိပ်ချင်ကြသောကြောင့် ဖြစ်သည်။ ထိုအခါမျိုးတွင် သူမ အနေနှင့် လိုက်လျောချင်စိတ်တွေ တစ်ခါတစ်ရံ ဖြစ်ပေါ်မိသည်။ သူမအား ပွေ့ဖက်ထားရန်၊ သူမ၏ ဝေဒနာကို မျှဝေ ခံစားရန် တစ်ယောက်ယောက်ကို သူမ တောင့်တမိတာတော့ အမှန်။ သို့သော် တကယ်ကျတော့ သူမ အနေဖြင့် သူတို့ဆီက တဏှာကို မလိုချင်ပါ။ မေတ္တာကိုသာ လိုချင်ပါသည်။ သူမက ကြင်နာရမည့် သူကိုသာ လိုချင်ပါသည်။ သူမကို ကြင်နာမည့် သူကိုသာ လိုချင်ပါသည်။

ထူးဆန်းသည်မှာ သူမအား အငမ်းမရ ဖြစ်နေကြသူ အများစုမှာ မယားနှင့် လူအိုတွေသာ ဖြစ်ကြသည်။ သူတို့က ချစ်စကား ကြိုက်စကား ပြောလာလျှင် သူမက ပြောင်ပြောင်ပင် ငြင်းပစ်လိုက်သည်။

သူမ၏ မိခင်ကြီးသည် သာယာသော အိမ်ထောင် တစ်ခုကို ရက်ရက်စက်စက် ဖျက်ဆီးပစ်ခဲ့သည်။ သူမ၏ ဖခင်ကြီးကို ညှဉ်းသတ်သွားခဲ့သည်။ သည်အဖြစ်ဆိုးကြီးကို သူမ တစ်သက် မမေ့နိုင်တော့။

ခရစ္စမတ် ပွဲတော်ချိန်သို့ ရောက်လာခဲ့သည်။ သို့သော် ဂျင်နီဖာမှာ ခရစ္စမတ်ပွဲတော်သို့ အတူတကွ ပျော်ပျော်ပါးပါး ဆင်နွှဲရန် မိတ်ဆွေ အပေါင်းအသင်း မရှိ၊ မိသားစု မရှိ၊ သူမမှာ အဖော် မရှိ၊ တစ်ကိုယ်တည်း။

ခရစ္စမတ် အကြို ညတွင် တစ်မြို့လုံးကို ဆီးနှင်းတွေ ပိတ်ဖုံးထားသည်။ သူမသည် လမ်းပေါ်တွင် ဦးတည်ရာ မရှိ လျှောက်သွားနေမိသည်။ လမ်းတကာတွင် လူတွေသည် သုတ်သုတ် သုတ်သုတ်ဖြင့် လျှောက်သွားနေကြသည်။ သူတို့သည် မိမိတို့ အိမ်ဆီသို့ လျှောက်သွားနေကြခြင်း ဖြစ်မည်။ မိမိတို့ မိသားစု

mgyoe.com

mgyoe.com SAMPLE BOOK

ဆီသို့ လျှောက်သွားကြခြင်း ဖြစ်မည်။ သူမမှာတော့ မိသားစု မရှိ။ အဖော်ကင်းမဲ့ခြင်း၊ အထီးကျန် ဖြစ်ရခြင်း၏ ပြင်းထန်သော ဝေဒနာကို ရင်နှင့်အောင် ခံစားမိသည်။ သူမသည် ဖခင်ကြီးကို တသသ သတိရမိသည်။

ဂျင်နီဖာ အလွန် စိတ်ဓာတ်ကျနေသော အခါများတွင် ကင် ဘယ်လီက အပြင် ခေါ်ထုတ်သွားပြီး ဆပ်ကပ်ပွဲ ပြတတ်သည်။ ရုပ်ရှင် ပြတတ်သည်။ ဒစ္စကို ဂီတ ကလပ်သို့ သွားကြသည်။ သူမသည် ကင် ဘယ်လီကို ခင်မင်သည်။ အကယ်၍ သူက ချစ်စကား ပြောလာလျှင်ပင် လက်ခံနိုင်သည့် အခြေအနေ ရှိသည်ကို သူမကိုယ် သူမ သိပါသည်။ သို့သော် ကင် ဘယ်လီက သည်ကိစ္စကို လုံးဝ စိတ်ဝင်စားပုံ မရ။ သူက သူမကို ဆက်ဆံနေပုံမှာ ညီမလေး တစ်ယောက်လိုသာ ခင်မင်နေပုံမျိုး။

မတ်လ ရောက်တော့ အိုတို ဝင်ဇယ်တို့ လင်မယားက ဖလော်ရီဒါ ပြည်နယ်သို့ ပြောင်းရန် စီစဉ်သည်။ 'နယူးယောက်က အအေး လွန်ကဲလွန်းတယ်၊ အရိုးကွဲမတတ် အေးတာ ငါ မခံနိုင်တော့ဘူး' ဟု အိုတိုက ပြောသည်။

'ကျွန်မတော့ အန်ကယ်တို့ကို သိပ်ပြီး အောက်မေ့နေတော့မှာပဲ'

ဂျင်နီဖာက အမှန်အတိုင်းပင် ပြောလိုက်သည်။ သူမသည် အိုတို ဝင်ဇယ်ကို ဦးလေး အရင်း တစ်ယောက်လို ခင်မင်နေပြီ။

'တို့ မရှိတဲ့ အချိန်မှာ ကင်ကိုတော့ ဂရုစိုက်ပါ ဂျင်နီဖာ'

ဂျင်နီဖာက အိုတို၏ စကားကြောင့် ဇဝေဇဝါ ဖြစ်သွားမိသည်။

'မင်းကို သူ ဘာမှ ပြောမပြဘူးလား'

'ရှင် ကျွန်မကို သူက ဘာကို ပြောပြရမှာလဲ အန်ကယ်'

အိုတိုက ခေတ္တ စဉ်းစားသလို တုံ့ဆိုင်းနေပြီးတော့မှ

'သူ့မိန်းမက ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတယ်၊ အဲဒါ သူ့ အပြစ်ကြောင့် ဆိုပြီး ကင်က သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်အောင် ဖြစ်နေတယ်'

ဂျင်နီဖာက အံ့အားသင့်သွားသည်။

'ဘုရားရေ ကြောက်စရာကြီးပါလား အန်ကယ်ရယ်၊ ဒါနှင့် သူ့မိန်းမက ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားရတာလဲ'

'ကင့်ကို လူငယ် ချောချောကလေး တစ်ယောက်နှင့် အိပ်ရာထဲမှာ ပက်ပင်း မိလို့တဲ့'


mgyoe.com

mgyoe.com SAMPLE BOOK

'အို ဘုရားရေ'

'ဒါနှင့် သူ့မိန်းမက ကင်ကို သေနတ်နှင့် ပစ်တယ်၊ ပြီးတော့ သူ့ကိုယ်သူလည်း ပစ်တယ်၊ ကင်က မသေဘူး၊ သူက သေသွားတယ်'

'ကြားရတာ စိတ်မချမ်းသာစရာ ကောင်းလိုက်တာ အန်ကယ်ရယ်၊ ကျွန်မဖြင့် ဘယ်လိုမှ မယုံနိုင်အောင်'

'ဟုတ်ပါတယ်၊ မယုံနိုင်စရာပါဘဲ၊ ကင့်ကို ဘယ်အချိန်ပဲ ကြည့်လိုက်ကြည့်လိုက် အမြဲတမ်း ပြုံးနေတာချည်းပဲ၊ ဘာမှ မဖြစ်တဲ့ လူတစ်ယောက်အတိုင်းပဲ၊ ဒါပေမဲ့ သူက အပေါ်ယံ ဟန်ဆောင်နေတာပါ၊ တကယ်တော့ သူ့ရင်ထဲမှာတော့ အမြဲတမ်း ငိုနေတဲ့ လူတစ်ယောက်ပေါ့'

'ဒီလို သိရတာ ကျေးဇူးတင်ပါတယ် အန်ကယ်'

ဂျင်နီဖာ အလုပ်ခန်း ရောက်သွားတော့ ကင်က ဆီးပြောသည်။

'အိုတိုတို့ လင်မယား ပြောင်းတော့မယ် ဆိုပါလား'

'ဟုတ်တယ်၊ ကျွန်မကိုလည်း ခုနကပဲ ပြောပြလိုက်တယ်'

ကင် ဘယ်လီက ပြုံးသည်။

'အင်း ဒီအတိုင်း ဆိုရင်တော့ လောကကြီး အပြင်ဘက် ရောက်နေတဲ့လူ ဆိုလို့ မင်းနှင့် ငါနှင့်ပဲ ကျန်တော့မှာပေါ့'

'ဟုတ်ပါတယ်၊ ကျွန်မလည်း အဲဒီလိုပဲ တွေးမိပါတယ် ကင်'

တကယ်လည်း ဟုတ်ပါသည်။ သူတို့ နှစ်ယောက်သည် လောကကြီးထဲမှာနေရင်း လောကကြီးနှင့် ကင်းကွာနေသူတွေပင် ဖြစ်ပါသည်။

ယခုတော့ ဂျင်နီဖာက ကင် ဘယ်လီကို ရှုထောင့် အမျိုးမျိုးမှ ကြည့်ရှုလာသည်။ သူတို့ နှစ်ယောက် နေ့လယ်စာ အတူ စားကြသည်။ ညစာ အတူ စားကြသည်။ ကင် ဘယ်လီ၏ အပြောအဆို အပြုအမူများတွင် မိန်းမလျှာ လက္ခဏာများ လုံးဝ မတွေ့ရ။ သို့သော် အိုတို ဝင်ဇယ်က သူမအား ညာပြောမည်ဟုတော့ မထင်။ တကယ်တော့ အိုတို ပြောသလို ကင် ဘယ်လီက အပေါ်ယံ ဟန်ဆောင်ကောင်းသူ တစ်ဦးပင် ဖြစ်သည်။ သူ့နည်း သူ့ဟန်ဖြင့် စခန်း သွားနေသူပင်ဖြစ်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

ဂျင်နီဖာထံသို့ အမှုသည် တချို့တော့ လာကြပါ၏။ သို့သော် ၄င်းတို့မှာ ပိုက်ဆံ တစ်ပြားမှ မပေးနိုင်သော ဆင်းရဲသားများနှင့် ရှုးကြောင်ကြောင်များသာ ဖြစ်ကြသည်။

ပြည့်တန်ဆာတွေလည်း အာမခံ ရရေး အတွက် သူမထံ အကူအညီ လာတောင်းကြသည်။ အချို့မှာ ဆယ်ကျော်သက်ရွယ် မိန်းကလေးများ ဖြစ်ပြီး ရုပ်ရည်ကလည်း တော်တော် ချောကြသည်။ သူတို့ထံမှ ပိုက်ဆံ များများ မဟုတ်သော်လည်း ဝင်ငွေတော့ မှန်နေသည်။ သူမထံသို့ သူတို့ကို ဘယ်သူကများ ညွှန်လိုက်တာပါလိမ့်ဟု တွေးကြည့်မိသည်။ သူမက သည်အကြောင်းကို ကင် ဘယ်လီအား ပြောပြတော့ သူက လုံးဝ မသိသလို ပခုံး တွန့်ပြပြီး ဘာမှ မပြောဘဲ လှည့်ထွက်သွားတတ်သည်။

ဂျင်နီဖာထံသို့ အမှုသည် တစ်ယောက်ယောက် ရောက်လာလျှင် ကင် ဘယ်လီသည် မသိလိုက် မသိဘာသာ ဟန်မျိုးဖြင့် အခန်းထဲမှ ထွက်သွားလေ့ရှိသည်။ သူ့ အမူအရာမှာ သမီး ဖြစ်သူအား ကိုယ်စွမ်း ကိုယ်စဖြင့် ယုံယုံကြည်ကြည် လုပ်ကိုင်ရန် အားပေးအားမြှောက် လုပ်နေသော ဖခင် တစ်ယောက်၏ ပုံမျိုး ဖြစ်နေသည်။

နောက်တော့ ဂျင်နီဖာထံသို့ လင်ကွာ မယားကွာ အမှုတွေ တစ်မှုပြီး တစ်မှု ရောက်လာသည်။ သူမက တစ်မှုမှ လက်မခံ။ အားလုံး ငြင်းပယ်လိုက်သည်။ တစ်ချိန်က သူမ၏ ဆရာ ဥပဒေ ပါမောက္ခ တစ်ဦး ပြောဖူးခဲ့သည့် စကားကို သူမ ဘယ်တော့မှ မမေ့။

*'ဥပဒေသမား တစ်ယောက် အနေနှင့် လင်ကွာ မယားကွာမှုကို လိုက်ရတာ ဆရာဝန် တစ်ယောက် အနေနှင့် လူနာ တစ်ယောက်ရဲ့ စအိုဝကို ခွဲစိတ်ကုသရတာနှင့် အတူတူပဲ'*

လင်ကွာ မယားကွာမှုကို လိုက်သော ရှေ့နေ အများစုသည် နာမည် ပျက်တတ်ကြသည်။ သည်ကိစ္စနှင့် ပတ်သက်၍ ဆိုရိုး တစ်ခု ရှိသည်။ လင်ကွာ မယားကွာ အမှုသည်တွေက အနီကို မြင်လျှင် ရှေ့နေတွေက အစိမ်းကို မြင်တတ်သည်တဲ့။ ထို့ကြောင့်လည်း ကြေးကြီး ယူနေသော လင်ကွာ မယားကွာ ရှေ့နေများကို 'ပုံး ဖောက်ခွဲသူများ' ဟူ၍ ခေါ်နေကြခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့ အနေဖြင့် သူတို့ လိုက်ရသော အမှု အောင်နိုင်ဖို့ကိုသာ



mgyoe.com

mgyoe.com
SAMPLE BOOK

အဓိက ထားပြီး ဥပဒေ အချက်အလက်များကို ဖုံးလို သဘောထား အသုံးချ တတ်ကြသောကြောင့် ဖြစ်သည်။ အမှု ပြီးသွားတော့ ဘယ်သူ အကျိုး ရှိသနည်း။ သူတို့သာ အကျိုး ရှိကြသည်။ ကွာရှင်းလိုက်ရသော လင်နှင့် မယား ပြီးတော့ သူတို့၏ သားငယ် သမီးငယ်များမှာတော့ ဘဝ တစ်ခုလုံး ပျက်စီးသည် အထိ အကျိုး ယုတ်သွားတတ်ကြသည်။

သူမ၏ အလုပ်ခန်းသို့ လုံးဝ မမျှော်လင့်သော အမှုသည် အချို့ ရောက်လာသောကြောင့် သူမမှာ အံ့သြနေမိသည်။ သူတို့က ဝတ်ကောင်းစားလှတွေ ဝတ်လာကြသည်။ အထက်စီး လေမျိုးနှင့် စကား ပြောကြသည်။ သူတို့ ယူလာသော အမှုများမှာ ဂျင်နီဖာ လိုက်နေကျ ဖြစ်သော ခြောက်ပြား တစ်ပဲ အမှုမျိုးတွေ မဟုတ်။ ရှေ့နေခ တော်တော်များများ ရနိုင်သော ဥယျာဉ်ခြံမြေ အမှုကြီးတွေ ဖြစ်သည်။ နာမည်ကြီး ရှေ့နေ လုပ်ငန်း ဌာနတွေ သွားရည်ကျမည့် အမှုကြီးတွေ ဖြစ်သည်။

'ရှင်တို့က ကျွန်မ အကြောင်း ဘယ်လို သိကြတာလဲ'

ဂျင်နီဖာက သူတို့အား မေးကြည့်သည်။

သူတို့ အဖြေများက မရေမရာ ဝေ့လည်ကြောင်ပတ်တွေသာ ဖြစ်နေသည်။ မိတ်ဆွေ တစ်ယောက်က ပြောလိုက်လို့ပါ၊ ခင်ဗျား အကြောင်း သတင်းစာမှာ ဖတ်ရလို့ပါ၊ ပါတီပွဲ တစ်ခုမှာ ခင်ဗျား အကြောင်း စကား စပ်မိကြလို့ပါ စသည့် ခပ်ဝါးဝါး အဖြေမျိုးသာ ဖြစ်နေတတ်သည်။

တစ်နေ့တော့ အမှုသည် တစ်ယောက်က သူ့ ပြဿနာကို တင်ပြရင်း အဒမ် ဝါနာ နာမည်ကို ထုတ်ဖော် ပြောပြသည့် အခါမှ အဖြစ်မှန်ကို ဂျင်နီဖာ နားလည်သွားရသည်။

'ရှင့်ကို မစ္စတာ ဝါနာက ကျွန်မဆီ လွှတ်လိုက်တာ မဟုတ်လား'

အမှုသည်က တုံ့ဆိုင်းဆိုင်း ဖြစ်နေပြီးတော့မှ 'ဟုတ်ပါတယ်၊ သူက လွှတ်လိုက်လို့ပါ၊ ဒါပေမဲ့ အမှန်အတိုင်း ပြောရရင် သူက လွှတ်လိုက်လို့ ဆိုတာကို ခင်ဗျားကို မပြောဖို့ သူက ကျုပ်ကို စကား ပိတ်လိုက်ပါတယ်'

ဂျင်နီဖာက အဒမ် ဝါနာဆီ တယ်လီဖုန်း ဆက်ရန် ဆုံးဖြတ်လိုက်သည်။ ဘယ်လိုပင် ဖြစ်စေ သူမ အပေါ်တွင် သူ့ကျေးဇူး ရှိသည်ကတော့ အမှန်ပင်။ ဒါကြောင့် သူ့ကို ပြေပြေပြစ်ပြစ် ဆက်ဆံရမည်။ ပြီးတော့ သူမက သူ့ကို ကျေးဇူးတင်ကြောင်း ပြောလို၍ ဆက်ခြင်းမျိုး မဟုတ်ဘဲ တခြား အကြောင်း တစ်ခုခုဖြင့် ဆက်ခြင်းမျိုး ဖြစ်အောင်လည်း ကြိုးစား ဟန်ဆောင်ရမည်။

mgyoe.com

mgyoe.com
SAMPLE BOOK

သူမသည် အဒမ်အား ပြောမည့် စကားကို အစမ်း လေ့ကျင့်သည့် အနေဖြင့် အကြိမ်ကြိမ် ပြောကြည့်သည်။

သေချာ စိတ်ချရပြီ ဆိုတော့မှ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ အဒမ်နှင့် မတွေ့။ သူ၏ အတွင်းရေးမှူး စာရေးမ၏ အသံကိုသာ ကြားရသည်။ လောလောဆယ်တွင် အဒမ် ဝါနာ ဥရောပသို့ ခရီး ထွက်နေကြောင်း၊ ရက်သတ္တ သုံးလေးပတ် ကြာမည် ဖြစ်ကြောင်း စာရေးမက ပြန်ကြားသည်။

ဂျင်နီဖာသည် အလွန် စိတ်ဓာတ် ကျသွားသည်။

သူမသည် အဒမ် ဝါနာကို တစ်ချိန်လုံး သတိရနေသည်။ သူမ၏ အခန်းသို့ သူ ပထမဦးဆုံး အကြိမ် လာရောက်ခဲ့သော ညကို ပြန်လည် သတိရမိသည်။ သူမက ရှိုင်းရှိုင်းစိုင်းစိုင်း ပြန်လည် ပြောဆို ဆက်ဆံခဲ့မိသည်ကို တွေးပြီး စိတ်မကောင်း ဖြစ်ရသည်။ ထိုစဉ်က သူမ၏ ကလေးဆန်သော အပြုအမူကို သူက လုံးဝ စိတ်မဆိုးဘဲ ပြေပြေလည်လည် ဖြစ်အောင် သည်းခံပြီး ဆက်ဆံ ပြောဆိုခဲ့သည်။ နောက်ဆုံး ထမင်း ငတ်နေသော သူမအား ထမင်းပင် ကျွေးသွားသေးသည်။ ယခုလည်း သူက သူမထံသို့ အမှုသည်တွေ တစ်ယောက်ပြီး တစ်ယောက် ပို့လွှတ်နေပြန်ပြီ။

ဂျင်နီဖာသည် ရက်သတ္တ သုံးပတ် စောင့်နေပြီးနောက် အဒမ်၏ ရုံးခန်းသို့ တယ်လီဖုန်း ပြန်ဆက်သည်။ သူ ပြန်မရောက်သေး။ တောင် အာဖရိက တိုက်ဘက် ခရီး ဆက်သွားသည်ဟု သိရသည်။

'ဘာမှာစရာ ရှိပါသလဲ' ဟု စာရေးမက မေးသည်။

'ဘာမှ မှာစရာ မရှိပါဘူး' ဟု ပြန်ပြောပြီး ဂျင်နီဖာက ဖုန်းကို ပြန်ချလိုက်သည်။

ဂျင်နီဖာသည် အဒမ် အကြောင်းကို နောက်ထပ် တွေးမနေတော့ဘဲ လုံးဝ မေ့ပစ်လိုက်ရန် ကြိုးစားသည်။ သို့သော် မေ့၍ မရ။

သူဟာ လူပျိုလား၊ အိမ်ထောင်သည်လား ဒါမှမဟုတ် စေ့စပ်ကြောင်းလမ်းပြီးပြီလား။ ဂျင်နီဖာက အတွေးကောင်းကောင်းဖြင့် စိတ်ထင်တိုင်း လျှောက် တွေးကြည့်မိသည်။ သူမသာ အဒမ်၏ ဇနီးမယား ဖြစ်ခဲ့လျှင် ဘယ်လိုများ



mgyoe.com

mgyoe.com SAMPLE BOOK

နေလိမ့်မလဲဟုပင် တွေးကြည့်မိသည်။ ကိုယ့်အတွေး ကိုယ် ပြန်ရှက်မိပြီး ငါ ရူးနေပြီလား မသိဟုလည်း ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိသည်။

သည်ကြားထဲ မိုက်ကယ် မိုရက်တီ နာမည်ကိုလည်း နေ့စဉ် သတင်းစာများနှင့် အပတ်စဉ် ဂျာနယ်များတွင် မကြာခဏ ဖတ်နေရသည်။

နယူးယောက် မြို့သား မဂ္ဂဇင်းကြီးက ဆိုလျှင် မိုရက်တီ၏ ယောက္ခမ အန်တိုနီယို ဂရာနယ်လီ အကြောင်းနှင့် အရှေ့ပိုင်း မာဖီးယား ဂိုဏ်းကြီးတွေ အကြောင်းကို အတွင်းရေး သတင်း ဆောင်းပါးရှည်ကြီးဖြင့် ပြည့်ပြည့်စုံစုံ ဖွင့်ချထားသည်။ အန်တိုနီယို ဂရာနယ်လီမှာ ကျန်းမာရေး ချွတ်ယွင်းနေပြီ ဖြစ်သောကြောင့် သူ၏ လုပ်ငန်းအဝဝကို သားသမက် မိုက်ကယ် မိုရက်တီက ဦးစီး အုပ်ချုပ်လျက် ရှိကြောင်း ရေးသားထားသည်။

လိုက်ဖ် မဂ္ဂဇင်းကြီးက မိုက်ကယ် မိုရက်တီ၏ အတွင်းရေး အတ္ထုပ္ပတ္တိကို ဆောင်းပါးရှည်ကြီးဖြင့် နှိုက်နှိုက်ချွတ်ချွတ် တင်ပြထားသည်။ ဆောင်းပါး အဆုံးတွင် မကြာမီက ရုံးတင် တရားစွဲခြင်း ခံရသော မိုရက်တီ၏ လူသတ်မှု အကြောင်းကို ရေးသားထားသည်။ မိုရက်တီမှာ အမှုမှ လုံးဝ လွတ်သွားပြီး အစိုးရ သက်သေ ဖော်ကောင် ကာမီလို စတီလာမှာ လီဗင်ဝါ့သ် အကျဉ်း ထောင်တွင် အချိန်ပိုင်း အကျဉ်းကျ ခံနေရကြောင်း ယင်းဆောင်းပါးတွင် ဖော်ပြထားသည်။ ထို့ပြင် မိုရက်တီအား သေဒဏ် မကျအောင် ဖန်တီးလိုက်သူမှာ ဂျင်နီဖာ ပါကာပင် ဖြစ်သည်ဟုလည်း ရေးသားထားသည်။

သည်ဆောင်းပါးကို ဖတ်ရတော့ ဂျင်နီဖာ၏ စိတ်ထဲတွင် မခံချင်စိတ်နှင့် ဒေါသစိတ်တွေ လှိုက်လှိုက် တက်လာမိသည်။

ယခုအခါ ဂျင်နီဖာ လိုက်ရသော အမှုများမှာ အရေးမပါသော သာမန် အမှုကလေးများသာ ဖြစ်သည်။ သို့သော် သူမ အနေဖြင့် ပညာတော့ အများကြီး ရသည်။ အတွေ့အကြုံတွေလည်း တစ်မျိုးပြီး တစ်မျိုး တိုးလာသည်။

ရက်တွေ လတွေ အတော်ကလေး ကြာလာတော့ ဗဟို လမ်းမကြီး အမှတ် ၁၀၀ ရှိ ရာဇဝတ် မှုခင်း တရားရုံးမှ အခန်းတိုင်းကိုလည်း ကျွမ်းကျွမ်းကျင်ကျင် သိလာခဲ့သည်။ ယင်းအခန်းများတွင် အလုပ် လုပ်နေကြသော အမှုထမ်းတွေ အကြောင်းကိုလည်း အတွင်းကျကျ သိလာခဲ့သည်။ သူမ၏ အမှုသည်တွေက ဈေးဆိုင် အလစ်သုတ်မှု၊ ရိုက်မှု၊ ခိုးမှု၊ ပြည့်တန်ဆာမှု၊ မူးယစ်ဆေးဝါးမှုများ

mgyoe.com

mgyoe.com
SAMPLE BOOK

ဖြင့် သူမဆီ ရောက်လာကြသော အခါ အာမခံ ရရေး အတွက် သူမမှာ တရားရုံးသို့ အပြေးအလွှား သွားရောက်ပြီး အကြိတ်အနယ် အရေး ဆိုရသည်။

'အာမခံ ငွေကို ဒေါ်လာ ငါးရာ သတ်မှတ်လိုက်တယ်'

'တရားသူကြီးမင်းရှင့်၊ တရားခံမှာ အဲဒီလောက် ပိုက်ဆံ မချမ်းသာပါဘူး၊ ရုံးတော်က အာမခံ ငွေကို ဒေါ်လာ နှစ်ရာသို့ လျှော့ချပေးစေလိုပါတယ်၊ အဲဒီလို ဆိုရင် တရားခံဟာ အလုပ်ကိုလည်း ပြန်ဝင်နိုင်ပါမယ်၊ ထမင်း ငတ်နေတဲ့ သူ့မိသားစုကိုလည်း အခြေအနေ မပျက် ဆက်လက် ထောက်ပံ့နိုင်ပါလိမ့်မယ်'

'ကောင်းပြီ၊ ဒေါ်လာ နှစ်ရာ ပြင်ဆင် သတ်မှတ်လိုက်ပါတယ်'

'ကျေးဇူးတင်ပါတယ် တရားသူကြီးမင်းရှင့်'

ဂျင်နီဖာသည် တရားစွဲဆိုရေး ဌာနသို့ လာခဲ့သည်။ သူမသည် သည်ဌာနမှ ကြီးကြပ်ရေးမှူးနှင့် ရင်းနှီးနေပြီ။

'ဟလို မစ္စ ပါကာ၊ ညကြီးမင်းကြီး အချိန်မတော် ပေါက်လာပြန်ပြီလား၊ ဒါနှင့် မင်းက ညညကျ အိပ်မှ အိပ်ရဲ့လား'

'အိပ်လို့ မဖြစ်ဘူးရှင့်၊ ဒီမှာ ကျွန်မ အမှုသည် တစ်ယောက်က အိမ်ခြေ ရာခြေ မရှိမှုနှင့် အဖမ်းခံနေရတယ်၊ အဲဒါ အမှုတွဲ ခဏ ကြည့်ပါရစေ၊ သူ့ နာမည်က လောရင့် ကွန်နရီတဲ့'

'ဒါနှင့် မယ်မင်းကြီးမက လမ်းပေါ်က ငလေ ငလွင့် တစ်ယောက်ကို ကယ်တင်ဖို့ အတွက် အခုလို မနက် သုံးနာရီကြီးမှာ ဘာလို့ လာရတာလဲ'

ဂျင်နီဖာက ပြုံးပြီး ပြန်ပြောလိုက်သည်။

'ဒါမှ ကျွန်မလည်း လမ်းထွက်ရတာပေါ့'

ဂျင်နီဖာသည် ညတွင်းချင်း ရုံးတင် စစ်ဆေးသော တရားရုံးများနှင့် တဖြည်းဖြည်း ရင်းနှီးလာခဲ့သည်။ ယင်းတရားရုံးများတွင် လူတွေ အမြဲတမ်း ပြည့်ကျပ် နေတတ်သည်။ ဆိုးဆိုးရွားရွား အနံ့အသက်တွေကလည်း အလွန် နံသည်။ သုံးနှုန်းသော စကားတွေကလည်း လမ်းပေါ်မှ စကားတွေ။

'မစ္စ ပါကာ၊ ခင်ဗျား အမှုသည်ကို ညဖောက် ကြံစည်မှုနှင့် တရားစွဲထားတယ်'



mgyoe.com

mgyoe.com SAMPLE BOOK

'ဘာအမှုနှင့် စွဲထားတယ်'

'ညဖောက် ကြံစည်မှုနှင့်၊ ညကြီးမင်းကြီး အိမ်ထဲ ဖောက်ဝင်တယ်၊ အိမ်ရှင်ကို သတ်ဖို့ ကြိုးစားတယ်၊ သဘောပေါက်ပြီလား'

'ဟုတ်ကဲ့၊ သဘောပေါက်ပါပြီ'

'မစ္စ လူနာ တားနား အမှုမှာ ကျွန်မ လိုက်မလို့ပါ'

'ဘုရားရေ'

'သူ့ကို ဘာအမှုနှင့် စွဲချက်တင်ထားသလဲ ဆိုတာ ကျွန်မ သိချင်ပါတယ်'

'ခဏ နေဦး၊ ကျုပ် ကြည့်လိုက်ဦးမယ်၊ ဟုတ်ပြီ၊ လူနာ တားနားတဲ့၊ ဒီငနဲမက စာတ်ပြားဟောင်းကြီးပဲ၊ စွဲချက်က ဒီလို ကြက်မှု၊ အောက်ဘက်မှာ တိုက်ဖျက်ရေးက ဖမ်းသည်တဲ့'

'ကျွန်မ မရှင်းလို့ ရှင်းပြပါဦး'

'ဟုတ်သားပဲ၊ ခင်ဗျားက ရှေ့နေ ပေါက်စမို့လို့ နား မယဉ်သေးတာ၊ ကြက်မှု ဆိုတာက ပြည့်တန်ဆာ အမှု၊ တိုက်ဖျက်ရေး ဆိုတာက မြို့တော် တစ်ခွင် ရာဇဝတ်မှု တိုက်ဖျက်ရေး တပ်ဖွဲ့၊ အောက်ဘက် ဆိုတာက ၄၂ လမ်း အောက်ဘက်၊ ရှင်းပြီလား'

'ရှင်းပါပြီ'

ည တရားရုံးမှာ အတော် စိတ်ပျက်စရာ ကောင်းသည်။ အမှု မျိုးစုံ တရားခံများမှာ တရားရုံးထဲသို့ ဝင်လာလိုက် ပြန်ထွက်သွားလိုက်ဖြင့် ရှုပ်ယှက်ခတ်လျက် ရှိသည်။ သူတို့ကား တရားဥပဒေ သောင်ကမ်းပေါ်သို့ တက်ရောက်လာပြီး ပြန်လည် လျှောကျသွားကြသော လူ့ရေလှိုင်းများပင် ဖြစ်တော့သည်။

တစ်ည တစ်ညတွင် အနည်းဆုံး အမှုပေါင်း ၁၅၀ ကျော်မျှ စစ်ဆေးသည်။ အများစုမှာ ပြည့်တန်ဆာမှု၊ လိင်တူချင်း ဆက်ဆံမှု၊ မူးယစ် ရမ်းကားမှုနှင့် မူးယစ်ဆေးဝါးမှု၊ မုဒိမ်းမှု၊ ခိုးမှု၊ ဖောက်ထွင်းမှု၊ လက်နက်မှု၊ တိုက်ခိုက်မှုနှင့် အိမ်ခြေရာခြေ မရှိမှုများ ဖြစ်ကြသည်။ တရားခံများမှာ ကျူးလွန်သော ပြစ်မှုချင်း မတူသော်လည်း တူညီသော အချက် တစ်ရပ်ကတော့ ဆင်းရဲခြင်းပင် ဖြစ်သည်။ သူတို့သည် ဆင်းရဲလွန်းသဖြင့် လူ့အဖွဲ့အစည်း အပြင်ဘက် ရောက်

mgyoe.com

mgyoe.com SAMPLE BOOK

နေကြသော အပယ်ခံများ ဖြစ်ကြသည်။ တိုးတက် ယဉ်ကျေးပါသည် ဆိုသော လူသားတွေ၏ ဝိုင်းပယ်ခြင်း ခံနေရသူများ ဖြစ်ကြသည်။ အကျဉ်းထောင် နေရာ အခက်အခဲကြောင့် အမှုကြီးများမှ တစ်ပါး အများစု လုံးဝ လွတ်ပစ်ခြင်း၊ ဒဏ်ရိုက်ခြင်းတို့ဖြင့် ဖြေရှင်းပစ်ရသည်။

သူတို့သည် အမှုမှ လွတ်ပြီးနောက် မိမိတို့ နေထိုင်ရာ စိန့်နီကိုလပ်၊ မောနင်းဆိုက်နှင့် မင်ဟတ်တန် ရပ်ကွက်များသို့ ပြန်သွားကြသည်။ ယင်းရပ်ကွက်များ၏ စုစုပေါင်း အကျယ်အဝန်းမှာ စတုရန်း သုံးမိုင်ခွဲ ရှိပြီး လူမည်း နှစ်သန်းကျော်၊ ပြူတိုရီကန် ရှစ်ထောင်ကျော်နှင့် ကြွက်ပေါင်း တစ်သန်းကျော် နေထိုင်ကြသည်။

ဂျင်နီဖာထံသို့ လာရောက်သော အမှုသည် အများစုမှာ ဆင်းရဲခြင်းနှင့် လူမှုရေး စနစ်တို့၏ အဖိအထောင်းကို လူစဉ်မမီအောင် ခံစားနေကြရသူများ ဖြစ်သည်။ သူတို့သည် ဘဝကို လုံးဝ အရှုံး ပေးထားသူများ ဖြစ်သည်။ ဘဝလုံခြုံမှု မရှိခြင်း၊ ဆင်းရဲခြင်း၊ အနှိမ်ခံရခြင်းတို့ကြောင့် မိမိကိုယ်ကို ယုံကြည်မှု ကင်းမဲ့နေသူများ ဖြစ်သည်။

ဂျင်နီဖာသည် ၄င်းတို့အား ဘဝတူ လူတန်းစားများသဖွယ် ဆက်ဆံသည်။ သူမကိုယ် သူမ ၄င်းတို့ထက် ပို၍ ထူးခြားသော လူသား တစ်ယောက် ဟူ၍ မထင်။ သို့သော် သူမတွင် ၄င်းတို့နှင့် မတူသော ခြားနားချက်ကြီး တစ်ရပ်တော့ ရှိသည်။ ယင်းမှာ တခြား မဟုတ်၊ သူမသည် ဘဝကို ဘယ်တော့မှ အရှုံး မပေး။ လောကခံကို ဘယ်တော့မှ လက် မမြှောက်။

တစ်နေ့တွင် ကင် ဘယ်လီက ဂျင်နီဖာအား ဘုန်းတော်ကြီး ဖရန့်စစ် ဂျူးဇက် ရိုင်ယန်းနှင့် မိတ်ဆက်ပေးသည်။ ဘုန်းတော်ကြီး ရိုင်ယန်းမှာ ငါးဆယ်ကျော် ခြောက်ဆယ် နီးပါး ရှိပြီး အရွယ်နှင့် မလိုက်အောင် တက်ကြွ ဖျတ်လတ်သည်။ သူ၏ အဖြူ တစ်ဝက် အနက် တစ်ဝက် ဆံပင်များက နားရွက်ဖုံးမျှ ရှည်နေကြပြီ။ သူ့ကို ကြည့်ရသည်မှာ ဘယ်တော့မှ ဆံပင် ညှပ်ပုံ မရ။ ဂျင်နီဖာက ဘုန်းတော်ကြီးအား မြင်မြင်ချင်း ခင်မင် လေးစားသွားသည်။

သူ့နယ်မြေမှ ဒကာ ဒကာမ တစ်ယောက်ယောက် ပျောက်ဆုံးသွားလျှင် ဘုန်းတော်ကြီးက ကင် ဘယ်လီထံ ရောက်လာပြီး အမြဲတမ်း အကူအညီ တောင်းတတ်သည်။ ထိုအခါ ကင် ဘယ်လီက လင်ပျောက် မယားပျောက် သားပျောက်

mgyoe.com

mgyoe.com SAMPLE BOOK

သမီးပျောက်များကို စုံစမ်း ရှာဖွေ ပေးရသည်။ သို့သော် အခကြေးငွေကား တစ်ပြားမှ မရ။

'ကုသိုလ် ဖြစ်တာပေါ့ ဒကာလေးရာ၊ သူတစ်ပါး အကျိုးဆောင် ကိုယ့် အကျိုး အောင်ဆို မဟုတ်လားကွယ့်' ဟူ၍ ဘုန်းတော်ကြီးက အမြဲတမ်း ပြော လေ့ ရှိသည်။

တစ်ညနေတွင် ရုံးခန်းထဲ၌ ဂျင်နီဖာ တစ်ယောက်တည်း ရှိနေတုန်း ဘုန်း တော်ကြီး ရိုင်ယန်း ကြွလာသည်။

'ကင် အပြင် ထွက်သွားတယ် ဘုန်းဘုန်း၊ ဒီနေ့ ပြန်လာတော့မှာ မဟုတ် ဘူး'

'ငါက မင်းနှင့် တွေ့ချင်လို့ လာတာပါ ဂျင်နီဖာ' ဘုန်းတော်ကြီးက ဂျင်နီဖာ စားပွဲ ရှေ့မှ ကုလားထိုင်ဟောင်း တစ်လုံးတွင် ဝင်ထိုင်သည်။ 'ကိစ္စ ကတော့ တခြား မဟုတ်ပါဘူး၊ ငါ့ဒကာ တစ်ယောက် ပြဿနာကလေး တစ်ခု ဖြစ်နေလို့ပါ'

ဘုန်းတော်ကြီးသည် ကင် ဘယ်လီထံသို့ လာတိုင်း သည်စကားမျိုးကို အမြဲတမ်း ပြောတတ်သည်။

'မှန်ပါ့ အမိန့်ရှိပါ ဘုရား'

'အဘွားကြီးက အသက် ကြီးပါပြီ၊ အခု သူ့မှာ လူမှုဖူလုံရေး အာမခံငွေ ပြန်ရရေး အတွက် အခက် တွေ့နေရှာတယ်၊ ကွန်ပျူတာ ဌာနမှာ သူနှင့် ပတ် သက်တဲ့ စာရင်း မှတ်တမ်းတွေ ပျောက်နေလို့တဲ့၊ ဒီငွေသာ မရရင်တော့ အဘွားကြီး ခမျာ တော်တော် ဒုက္ခ ရောက်ရှာတော့မယ်'

'မှန်ပါ့ ဘုရား'

'အဲဒါ ဒီကိစ္စကို ဒကာမလေးက စေတနာထားပြီး ကူညီပေးရင် ဖြစ် နိုင်မယ်လို့ ငါ ယုံကြည်ပြီး လာခဲ့တာပဲ' ဘုန်းတော်ကြီးက ကုလားထိုင်မှ ပြန်ထရင်း 'ဒါပေမဲ့ အားတော့ နာပါတယ်၊ ရှေ့နေခကတော့ ကုသိုလ်ဖြစ်ပဲ ထားလိုက်ပါတော့'

ဂျင်နီဖာက ပြုံးလိုက်သည်။ 'ရပါတယ် ဘုရား၊ ပိုက်ဆံ ကိစ္စ အရေး မကြီးပါဘူး၊ တပည့်တော်မ ကြည့်ပြီး လုပ်ပေးပါ့မယ်'

ပထမတော့ ဒီကိစ္စကို နေ့ချင်းပြီး ဆောင်ရွက်နိုင်သည့် ကိစ္စဟု ဂျင်နီဖာ ထင်ခဲ့သည်။ သို့သော် လက်တွေ့ လုပ်ကြည့်သော အခါကျတော့ သူမသည် သည်ကိစ္စ အတွက် သုံးရက်လုံးလုံး အချိန် ပေးခဲ့ရသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

နောက် တစ်လခန့် ကြာတော့ ဂျင်နီဖာထံသို့ ဘုန်းတော်ကြီး ရိုင်ယန်း ပေါက်ချ လာပြန်သည်။

'ဒကာမလေးကို အနှောင့်အယှက် ပေးရတာ အားနာလှပါပြီ၊ ဒါပေမဲ့ ငါ့ဒကာ တစ်ယောက် ပြဿနာကလေး တစ်ခု ဖြစ်နေလို့ မလွှဲမရှောင်သာ လာခဲ့ရတာပဲ၊ သူ့ခများမှာ ဆင်းရဲလွန်း'

'ပိုက်ဆံ ကိစ္စ ပြောတာလား ဘုရား'

'အေး ဟုတ်ပါတယ် ဟုတ်ပါတယ်၊ ပိုက်ဆံ ကိစ္စပါပဲ၊ သူ့ခများမှာ ဆင်းရဲလွန်းလို့ ခြူး တစ်ပြားတောင် မရှိရှာပါဘူး'

'အဲဒီကိစ္စ ထားလိုက်ပါ ဘုရား၊ တပည့်တော်မကို သူ့အကြောင်းပဲ ပြော ပြပါ'

'သူ့နာမည်က အောဘရာဟင် ဝီလဆင်တဲ့၊ ငါ့ဒကာ တစ်ယောက်ရဲ့ သား ပါ၊ သူက အခုခု လူသတ်မှုနှင့် ဆင်ဆင် ထောင်မှာ တစ်သက်တစ်ကျွန်း ကျနေ တယ်၊ အမှုက အရက်ဆိုင်ကို ဓားပြ တိုက်ရင်း ဆိုင်ရှင်ကို သတ်ခဲ့တဲ့ အမှု'

'ပြစ်မှု ထင်ရှားလို့ ထောင်ကျနေပြီးတဲ့ လူကို တပည့်တော်မ အနေနှင့် ကူညီနိုင်ဖို့ လမ်း မမြင်တော့ပါလား ဘုရား'

'ဒါပေမဲ့ အဲဒါက လောလောဆယ် ပြဿနာ မဟုတ်သေးဘူး'

'အမိန့်ရှိပါ ဘုရား'

'အောဘရာဟင်က လွန်ခဲ့တဲ့ နှစ်ပတ် သုံးပတ်လောက်က ထောင်ထဲမှာ နောက်တစ်ယောက်ကို ထပ်ပြီး သတ်ပြန်တယ်၊ သေသူကလည်း ထောင်ကျ တရားခံ တစ်ယောက်ပါပဲ၊ သူ့နာမည်က ရေမွှန် သော့ပ်တဲ့၊ အဲဒါ အာဏာပိုင် တွေက အောဘရာဟင်ကို လူသတ်မှုနှင့် ရုံးတင် တရားစွဲဆိုပြီး သေဒဏ် ပေးဖို့ လုပ်နေကြတယ်'

သည်အမှုကို ဂျင်နီဖာ သိသည်။ သတင်းစာထဲမှာ ဖတ်လိုက်ရသည်။

'တပည့်တော်မ သိသလောက်တော့ အောဘရာဟင်က အဲဒီ လူကို အသေ ရိုက်သတ်လိုက်တယ် မဟုတ်လား'

'အဲဒီလို ပြောကြတာပဲ'

ဂျင်နီဖာက မှတ်စာ စာအုပ်နှင့် ဖောင်တိန် ကောက်ကိုင်လိုက်သည်။

'ဒီအမှုမှာ သက်သေများ ရှိသလား ဘုရား'


mgyoe.com

mgyoe.com SAMPLE BOOK

'ဟာ အများကြီး ရှိပေါ့'

'ဘယ်လောက် ရှိပါသလဲ၊ ခန့်မှန်းခြေပေါ့'

'တစ်ရာ တစ်ရာကျော်လောက် ရှိတယ်၊ အခင်း ဖြစ်ပွားတာက အကျဉ်းထောင်ထဲမှာ ဆိုတော့ ထောင်သားတွေ အများကြီးပေါ့'

'အဲဒီတော့ ဒီအမှုကို တပည့်တော်မက ဘာလုပ်ပေးရမလဲ'

'အောဘရာဟင်ကို ကူညီပါလို့ ငါ မေတ္တာရပ်ခံပါတယ်'

ဂျင်နီဖာက လက်ထဲမှ ဖောင်တိန်ကို စားပွဲပေါ် ပြန်ချလိုက်ပြီး 'ဒီပြဿနာမှာ အရှင်ဘုရား လူက ကိုယ့်ကိုယ်ကိုယ် ကူညီမှပဲ ဖြစ်မယ် ဘုရား' ဂျင်နီဖာက ကုလားထိုင်တွင် နောက်မှီ ထိုင်ချလိုက်သည်။ 'သူ့မှာက ချွတ်ယွင်းချက် သုံးချက်တောင် ရှိနေတယ်၊ သူဟာ လူမည်း ဖြစ်တယ်၊ လူသတ်မှုနှင့် ထောင်ကျ နေပြီးတဲ့ တရားခံ ဖြစ်တယ်၊ နောက်တစ်ခါ မျက်မြင် သက်သေတွေ တစ်ရာကျော် ရှေ့မှာ နောက်ထပ် လူတစ်ယောက်ကို ထပ်ပြီး သတ်ပြန်တယ်၊ ဒီအတိုင်းသာ မှန်ရင် သူ့အတွက် ကာကွယ် လျှောက်လဲဖို့ အကွက်တစ်ကွက်မှ မရှိတော့ပါဘူး၊ တခြား အကျဉ်းသား တစ်ယောက်က သူ့ကို ရန်ပြု တိုက်ခိုက်လာရင် ထောင်စောင့် ထောင်ကြပ်တွေကို အကူအညီ တောင်းနိုင်တယ်၊ ဒါပေမဲ့ သူက အဲဒီလို မလုပ်ဘူး၊ ဥပဒေဘောင်ကို ကျူးကျော်ပြီး အဲဒီလူကို အသေ သတ်ပစ်လိုက်တယ်၊ အဲဒီတော့ သူ့ကို အပြစ် မရှိပါဘူးလို့ ဆုံးဖြတ်မယ့် ဂျူရီ အဖွဲ့ ဒီကမ္ဘာမှာ ရှိလိမ့်ဦးမယ်လို့ တပည့်တော်မ လုံးဝ မထင်ပါဘူး'

'ဒါပေမဲ့ သူလည်း လူသား တစ်ယောက်ပါပဲ၊ ကူညီနိုင်သမျှ ကူညီပါဦး၊ ဘာပဲဖြစ်ဖြစ် သူနှင့် တွေ့ပြီးတော့ စကား ပြောကြည့်စေချင်တယ်'

ဂျင်နီဖာက သက်မ ချလိုက်သည်။

'ဘုန်းဘုန်းက ပြောစေချင်ရင် တပည့်တော်မ သွားပြီး ပြောကြည့်ပါ့မယ်လေ၊ ဒါပေမဲ့ တပည့်တော်မ အနေနှင့် ဘာကတိမှတော့ မပေးချင်ပါဘူး'

ဘုန်းတော်ကြီးက ခေါင်းညိတ်ရင်း 'ဟုတ်ပါတယ်၊ ဒါကို နားလည်ပါတယ်၊ ပြစ်ဒဏ် မသက်သာတောင်မှ လူသိရှင်ကြားတော့ ဖြစ်သွားမှာပါ'

ဆင်ဆင် အကျဉ်းထောင်သည် ဟတ်ဆင်မြစ် အရှေ့ဘက် ကမ်းရှိ မင်ဟာတ်တန် အထက် မိုင်သုံးဆယ် အကွာ အိုစင်နင် မြို့တွင် တည်ရှိသည်။ ဂျင်နီဖာသည်


mgyoe.com

mgyoe.com SAMPLE BOOK

ဘတ်စ်ကား စီး၍ လာခဲ့သည်။ သူမသည် လက်ထောက် ထောင်မှူးကို တယ်လီဖုန်းဖြင့် ကြိုတင် အကြောင်းကြားထားခဲ့ပြီး ဖြစ်သည်။ သူမသည် ကားစီးလာရင်း စိတ်ထဲတွင် ဝမ်းသာသလိုလို ခံစားမိသည်။ ယခု သူမသည် လူသတ်မှု တရားခံ တစ်ယောက်နှင့် တွေ့ဆုံရန် ဆင်ဆင် ထောင်သို့ သွားနေပြီ။ သည်အမှုသည် သူမ လေ့လာ ဆည်းပူးခဲ့သော၊ သူမ အလွန် လိုက်ချင်နေသော အမှုမျိုး ဖြစ်သည်။ ယခုမှပင် သူမကိုယ် သူမ ရှေ့နေ တစ်ယောက်လို ထင်လာမိသည်။ ဒါပေမဲ့ အဖြစ်မှန်ကို သူမ သိပါသည်။ အမှုသည် တစ်ယောက်နှင့် တွေ့ရန် သွားနေခြင်း မဟုတ်၊ လူသတ်မှု တရားခံ တစ်ယောက်အား သူ့အမှုတွင် သူမ မလိုက်နိုင်ကြောင်း ပြောရန် သွားနေခြင်းသာ ဖြစ်သည်။ မိမိဘက်မှ နိုင်ကွက် လုံးဝ မရှိသော ပြစ်မှုကြီး တစ်ခုတွင် သူမ အနေဖြင့် လူသိရှင်ကြား ဖြစ်အောင် ပါဝင် ပတ်သက်နိုင်မည့် အခြေအနေနှင့် အစွမ်းအစ လုံးဝ မရှိပါချေ။

တရားခံ အောဘရာဟင် ဝီလဆင် အနေဖြင့် တခြား ရှေ့နေ တစ်ယောက်ကိုသာ ငှားရမ်းပါစေတော့။

ဂျင်နီဖာသည် ဘတ်စ်ကားဂိတ်မှ တစ်ဆင့် အငှားကားစုတ်ကလေး တစ်စီးဖြင့် အကျဉ်းထောင်သို့ လာခဲ့သည်။ အကျဉ်းထောင်မှာ ဟင်ဆင်မြစ် အနီးမှ ဧကခုနစ်ဆယ်ကျယ် ဝင်းကြီး အတွင်း၌ တည်ရှိသည်။

သူမသည် တံခါးဝမှ လူခေါ် ခေါင်းလောင်းကို နှိပ်လိုက်သည်။ အစောင့်တစ်ယောက် ထွက်လာသည်။ သူက လက်ထဲမှ စာရင်းတွင် ဂျင်နီဖာ၏ နာမည်ကို ရှာကြည့်သည်။ ထို့နောက် သူမအား လက်ထောက် ထောင်မှူး၏ ရုံးခန်းသို့ ခေါ်လာခဲ့သည်။ ထောင်မှူးမှာ ကိုယ်လုံးကိုယ်ဖန် အလွန် ထွားကျိုင်းပြီး ဆံပင်ကို ခေါင်းတုံး ဆံတောက် ညှပ်ထားသည်။ မျက်နှာက အနူမျက်နှာလို ပွပြီး ထူအန်းအန်းကြီး ဖြစ်နေသည်။ သူ့နာမည်က ဟောင်းဝပ် ပက်တာဆင်။

'ကျွန်မကို ကျေးဇူးပြုပြီး အောဘရာဟင် ဝီလဆင် အကြောင်း ပြောပြစေချင်ပါတယ်'

'ဒီမှာ လာမေးလို့တော့ သူ့အကြောင်း ဘာ တစ်ခုမှ အကောင်း ကြားရမှာ မဟုတ်ဘူး' ထောင်မှူးက စားပွဲပေါ်ရှိ ကိုယ်ရေး ရာဇဝင် ဖိုင်ကို မျက်စောင်း တစ်ချက် ထိုးလိုက်ပြီး 'ဝီလဆင်ကတော့ ထောင်ကို သူ့အိမ်လို သဘော ထား



mgyoe.com

mgyoe.com
SAMPLE BOOK

နေတဲ့ အကောင်ပဲ၊ တစ်သက်လုံး ဝင်လိုက် ထွက်လိုက် လုပ်နေတဲ့လူ၊ ၁၁ နှစ်သားမှာ ကားခိုးမှုနှင့် အဖမ်းခံရတယ်၊ ၁၃ နှစ်သားမှာ လုယက် တိုက်ခိုက်မှုနှင့် အဖမ်း ခံရတယ်၊ ၁၅ နှစ်သားမှာ မုဒိမ်းမှုနှင့် ထောင်ကျတယ်၊ ၁၈ နှစ်သားမှာ ပြည့်တန်ဆာခေါင်း ဖြစ်လာပြီး ပြည့်တန်ဆာမကလေး တစ်ယောက်ကို ဆေးရုံ တက်ရလောက်အောင် ရိုက်မှုနှင့် ထောင်ကျတယ်' ထောင်မှူးက ဖိုင်တွဲကို စာရွက် ထပ်လှန်လိုက်ပြီး 'ပြီးတော့ ဓားထိုးမှု၊ လက်နက် ခိုးမှုတွေ ဆက်တိုက် ကျူးလွန်တယ်၊ အခု နောက်ဆုံးတော့ လူသတ်မှု'

ကြားရသည်ကတော့ တကယ်ပင် ဝမ်းသာစရာ မကောင်းတာချည်း ဖြစ်နေသည်။

'အောဘရာဟင်က ရေမွှန် သော့ပ်ကို သတ်တာ မဟုတ်ဘူး ဆိုတာ လုံးဝ မဖြစ်နိုင်ဘူးလား'

'ဒီအကြောင်း မေးမနေပါနှင့်၊ သူကိုယ်တိုင်က ဖြောင့်ချက် ပေးပြီးပြီ၊ ဒါပေမဲ့ သူက သူ မသတ်ပါဘူးလို့ ငြင်းရင်လည်း ဘာမှ မထူးပါဘူး၊ ကျုပ်တို့မှာ မျက်မြင် သက်သေပေါင်း ၁၂၀ တောင် ရှိတယ်'

'သူ့ကို ကျွန်မ တွေ့နိုင်ပါသလား'

လက်ထောက် ထောင်မှူး ဟောင်းဝပ် ပက်တာဆင်က ထိုင်ရာမှ ထလိုက်သည်။

'တွေ့ချင်ရင် ရပါတယ်၊ ဒါပေမဲ့ ခင်ဗျား အနေနှင့် အလကား အချိန်ဖြုန်းရာ ရောက်နေလိမ့်မယ်'

အောဘရာဟင် ဝီလဆင်မှာ ဂျင်နီဖာ မြင်ဖူးသမျှ လူတွေထဲတွင် အရုပ် အဆိုးဆုံး လူတစ်ယောက် ဖြစ်နေသည်။ အသားရောင်က ကျောက်မီးသွေးလို မည်းချိပ်နေသည်။ နှာခေါင်းက နေရာ များစွာတွင် ကျိုးပြီး ပိပြားနေသည်။ မျက်နှာတွင် ကန့်လန့်ဖြတ် ဓားဒဏ်ရာ တစ်ချက် ရှိသည်။ ရှေ့သွားတွေကလည်း တစ်ချောင်းမှ မရှိတော့။ မျက်ပေါက် ကျဉ်းကျဉ်းနှင့် ကောက်ကျစ် စဉ်းလဲမည့် ပုံမျိုး ပေါ်လွင်နေသည်။

သူ့အရပ်က ခြောက်ပေ လေးလက်မ၊ ကိုယ်လုံးကိုယ်ထည်က ဆင်ပေါက်လောက် ထွားသည်။ ခြေထောက်ကြီးတွေက ပြားချပ်နေပြီး ပေါက်တူးပြားလောက် ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဂျင်နီဖာက သူ့ရုပ်ကို ကြည့်ပြီး နာမည် ပေးရန် စကားလုံး ရှာကြည့်သည်။ အသင့်တော်ဆုံး စကားလုံး တစ်လုံး စဉ်းစားမိသည်။ 'လူသတ်ကောင်'။ သည်လို ဘီလူး သရဲရုပ် ပေါက်နေသော လူသတ်မှု တရားခံ တစ်ယောက်ကို ဘယ် တရားသူကြီး၊ ဘယ် ဂျူရီ လူကြီးတွေကများ သနား မေတ္တာ ကရုဏာ ပွားနိုင်ပါ့မလဲ။

အဘောရာဟင်နှင့် ဂျင်နီဖာတို့သည် အစောင့်အကြပ် ထူထပ်စွာ ချထားသော အခန်းထဲတွင် ထိုင်နေကြသည်။ သူတို့ နှစ်ယောက် အကြားတွင် သံဆူးကြိုး ထရံ ကာထားသည်။ တံခါးဝတွင် အစောင့် တစ်ယောက် ရပ်နေသည်။ ဝီလဆင်အား သီးသန့် အခန်းတွင် ဝိုက်ပိတ်ထားရာမှ မကြာမီကလေးက ခေါ်ထုတ်ခဲ့ခြင်း ဖြစ်သည်။ သူ၏ ပုတီးစေ့ခန့်ရှိ မျက်လုံးများမှာ အလင်းရောင်ကို မကြည့်နိုင်၍ တဖျတ်ဖျတ်နှင့် ပိတ်လိုက် ဖွင့်လိုက် လုပ်နေသည်။ ဂျင်နီဖာ အနေဖြင့် သူ့အမှုကို လက်ခံရန် လုံးဝ စိတ်မကူးခဲ့ပါက ယခု သူ့ကို တွေ့မြင်ရသည်နှင့်ပင် ထိုစိတ်ကူး မှန်ကန်ကြောင်း အထောက်အထား ရရှိနေပြီ ဖြစ်သည်။ သူ့ရှေ့မှာ ထိုင်ကာ သူ့မျက်နှာကို ကြည့်နေရင်းမှပင် အလိုလို ရွံရှာ မုန်းတီးစိတ် ပွားချင်စရာ ဖြစ်လာမိသည်။

ဂျင်နီဖာက စပြောသည်။

'ကျွန်မ နာမည် ဂျင်နီဖာ ပါကာပါ၊ ရှေ့နေ တစ်ယောက် ဖြစ်ပါတယ်၊ ဘုန်းတော်ကြီး ရိုင်ယန်းက ရှင်နှင့် သွားတွေ့ပါ ဆိုလို့ ကျွန်မ လာခဲ့တာ'

ဝီလဆင်က ထွီခနဲ တံတွေး တစ်ချက် ထွေးလိုက်သည်။ ဂျင်နီဖာ၏ မျက်နှာကို တံတွေး စဉ်သွားသည်။

'အား ဟုတ်လား၊ မအေ... သူတော်ကောင်းကြီး'

စကတည်းက မဟုတ်တော့ပါလားဟု ဂျင်နီဖာက တွေးလိုက်မိသည်။ သူမသည် မျက်နှာပေါ်မှ တံတွေးများကို ဟန်မပျက် သုတ်ပစ်လိုက်သည်။

'မစ္စတာ ဝီလဆင် စိတ်ထဲမှာ ဘာလုပ်ချင်သလဲ၊ လုပ်ချင်တာ ရှိရင် ပြောပါ'

သူက သွား မရှိဘဲ ပြုံးလိုက်ပြီး

'အား ငါ့ လိုချင်တာ ပြောရမလား၊ ငါ လိုချင်တာက ပေါင်တွင်းသားပဲ လိုချင်တယ် သူငယ်မရဲ့၊ အဲဒါ မင်းက ပေးမလို့လား'

သူမက မကြားချင်ယောင်ဆောင်လျက်

'ရှင် ဘာတွေ ဖြစ်ခဲ့တယ် ဆိုတာ ကျွန်မကို ပြောပြပါလား'



mgyoe.com

mgyoe.com SAMPLE BOOK

'ဟေး မင်းက ငါ့အတ္တုပ္ပတ္တိ လိုချင်တယ်ပေါ့ ဟုတ်လား၊ မင်းက ငါ့ကို ပိုက်ဆံ ပေးမလား၊ ငါက ရုပ်ရှင် ရိုက်ဖို့ ဇာတ်လမ်း ရှောင်းမလို့ စိတ်ကူး နေတာ၊ ငါကိုယ်တိုင်တောင် ရုပ်ရှင်မင်းသား လုပ်လိုက်ဦးမယ်၊ ဟဲ ဟဲ'

သူ့မျက်နှာမှာ ကြည့်ရင်း ကြည့်ရင်း ကြောက်စရာ ကောင်းလာသည်။ သူသည် လူတွေကို စိတ်နာနေပုံ ရသည်။ ဒေါသ ဖြစ်နေပုံ ရသည်။

ဂျင်နီဖာမှာ နေရာမှ ချက်ချင်း ပြေးထွက်သွားလိုက်ချင်စိတ် ဖြစ်ပေါ်လာမိသည်။ ထောင်မှူး ပြောတာ မှန်နေပြီ။ သူမ အနေဖြင့် အလကားသက်သက် အချိန် လာဖြုန်းသလို ဖြစ်နေပြီ။

'ကျွန်မ ပြောတာကို သေသေချာချာ စဉ်းစားကြည့်ပါ မစ္စတာ ဝီလဆင်၊ ကျွန်မက ကိုယ့်စရိတ်နှင့် ကိုယ် ကူညီဖို့ လာခဲ့တာပါ၊ ရှင့်အပေါ် စေတနာ ထားမိလို့ လာတာပါပဲ၊ ဒီတော့ ရှင်က ကျွန်မကို အရင် ကူညီပါ၊ ဒါမှ ကျွန်မက ရှင့်ကို ကူညီနိုင်ပါလိမ့်မယ်'

'အား အချစ်ကလေးက သိပ်လှတာပဲ၊ ငါ့ကို ပေါင်တွင်းသား မပေး တော့ဘူးလားကွယ့်၊ မင်း စိတ်ပြောင်းသွားပြီလား အချစ်ရဲ့'

ဂျင်နီဖာက ထိုင်ရာမှ ထရပ်လိုက်သည်။ တော်ပြီ။ သည်လောက်ဆို သူမ တာဝန် ကျေပြီ။

'ရှင်က လူတိုင်းကို မုန်းနေသလား ဟင်'

'နေပါဦး သူငယ်မရဲ့၊ မင်းက ငါ့အရေခွံထဲ ဝင်ကြည့်ပါ၊ ငါကလည်း မင်း အရေခွံထဲ ဝင်ကြည့်မယ်၊ အဲဒီလို ဆိုရင် မင်းနှင့် ငါနှင့် စကား ပြောလို့ ဖြစ်တယ်'

ဂျင်နီဖာက နေရာတွင် ရပ်ရင်း အရုပ်ဆိုးသော လူမည်း အကျဉ်းသားကို စေ့စေ့စပ်စပ် အကဲခတ် ကြည့်နေသည်။ သူ့စကားကို သူမက စဉ်းစားကြည့် နေသည်။ ထို့နောက် သူမက ပြန်ထိုင်လိုက်သည်။

'ရှင့်စိတ်ထဲမှာ ရှိတာတွေ ကျွန်မကို ပြောပြမလား မစ္စတာ ဝီလဆင်'

သူက ဘာမျှ ပြန်မပြော။ ဂျင်နီဖာ၏ မျက်နှာကိုသာ တွေတွေကြီး ကြည့်နေသည်။ ဂျင်နီဖာက စောင့်နေသည်။ စိတ်ရှည်စွာ စောင့်နေသည်။ ဒဏ်ရာ ဒဏ်ချက်တွေ ပြည့်နှက်နေသော သည်အရေပြား မည်းမည်းကြီးထဲ ဝင်ကြည့်လျှင် ဘယ်လို နေလိမ့်မလဲဟု တွေးကြည့်နေသည်။ ဝီလဆင်၏ ခန္ဓာ ကိုယ်ထဲတွင် မမြင်နိုင်သော ဘယ်လို ဒဏ်ရာတွေများ ရှိနေဦးမှာလဲဟု တွေး ကြည့်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ယောက်သား တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ကာ စကား တစ်ခွန်းမှ မပြောကြဘဲ အကြာကြီး ထိုင်နေကြသည်။

တော်တော် ကြာတော့မှ ဝီလဆင်က စတင် ပြောသည်။

'အဲဒီ ခွေးမသားကို ငါ သတ်ပစ်လိုက်တယ်'

'ဘာဖြစ်လို့ သတ်ရတာလဲ'

ဝီလဆင်က ပခုံး တစ်ချက် တွန့်လိုက်ပြီး 'ခွေးမသားက အမဲသတ် ဓား ကြီး ကိုင်ပြီး ငါ့ကို သတ်မလို့ လာတယ်၊ နောက်ပြီး'

'ကျွန်မကို အမှန်အတိုင်း ပြောပါ၊ ဒီမှာ အကျဉ်းသားတွေဟာ အမဲသတ် ဓားကြီး ကိုင်လို့ မရပါဘူး'

ဝီလဆင်၏ မျက်နှာသည် တင်းမာသွားသည်။

'ငါလခွီးမှပဲ၊ ဒီနေရာက ထွက်သွားစမ်းပါ သူငယ်မ' သူက ထိုင်ရာမှ ထရပ်လိုက်သည်။ 'ဒီကို လာပြီး ငါ့ကို ဒုက္ခ မပေးပါနှင့်တော့၊ ငါ ပြောတာ နားလည်ရဲ့လား၊ ငါက အလုပ် များတယ်၊ မင်းနှင့် တွေ့ဖို့ အချိန် မရှိဘူး'

သူက ပြန်လှည့်ပြီး အစောင့် အနီးသို့ လျှောက်သွားသည်။ ခဏ ကြာ တော့ သူတို့ နှစ်ယောက် အခန်းထဲမှ ပြန်ထွက်သွားကြသည်။

အဖြစ်ကတော့ သည်အတိုင်းပါပဲ။

ဂျင်နီဖာ အဖို့ အနည်းဆုံးတော့ ဝီလဆင်နှင့် စကား ပြောခဲ့ရပါသည် ဆိုသည်ကိုတော့ ဘုန်းတော်ကြီး ရိုင်ယန်းအား ပြောပြနိုင်ပါသေးသည်။ သူမ အနေဖြင့် သည့်ထက် ပိုပြီး ဘာမှ မတတ်နိုင်တော့။

ဂျင်နီဖာသည် လုံခြုံရေး အစောင့် တစ်ယောက် နောက်မှ လိုက်ကာ အဆောက်အအုံ အပြင်ဘက်သို့ ပြန်ထွက်လာခဲ့သည်။ သူမသည် အကျဉ်းထောင် ရှေ့မှ ကွက်လပ်ကို ဖြတ်ကာ ဂိတ်ဝဆီသို့ လျှောက်လာခဲ့သည်။ လျှောက်လာ ရင်းမှ အေဘရာဟင် ဝီလဆင် အကြောင်းကိုသာ စဉ်းစားလာသည်။ သူမက သူ့ကို လုံးဝ သဘောမကျ။ အရုပ်ဆိုးသလို စိတ်ထားလည်း ဆိုးသူ ဖြစ်သည်။ ထို့ကြောင့်လည်း သူမက လုပ်ပိုင်ခွင့် မရှိသော အလုပ် တစ်ခုကို စိတ်ကူးဖြင့် လုပ်မိသည်။ တခြား မဟုတ်၊ သူမကိုယ်သူမ တရားသူကြီး နေရာမှ နေကြည့် ပြီး ဝီလဆင်၏ အမှုကို ဆုံးဖြတ်ချက် ချကြည့်ခြင်းပင် ဖြစ်သည်။ သူမက သူ့ အား အပြစ် ကျူးလွန်ကြောင်း ထင်ရှားသည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။

သို့သော် သူ့အား တရားခွင်တွင် စစ်ဆေးခြင်း လုံးဝ မပြုလုပ်ရသေး။ သူ့အား သေဆုံးသူ ရေမွန် သော့ပ်က ဓားနှင့် မဟုတ်ဘဲ ကျောက်ခဲနှင့်သော်



mgyoe.com

mgyoe.com SAMPLE BOOK

လည်းကောင်း၊ အုတ်ခဲနှင့်သော် လည်းကောင်း ထုသတ်ရန် ကြံစည်ကောင်း ကြံစည်နိုင်သည်။

ဂျင်နီဖာသည် ခြေလှမ်းများ ရပ်သွားသည်။ သူမသည် ဆုံးဖြတ်ချက် မချနိုင်အောင် ဖြစ်နေမိသည်။ သူမ၏ ပင်ကို စိတ်ကတော့ အောဘရာဟင် ဝီလဆင် အကြောင်း လုံးဝ မေ့ပစ်လိုက်ပြီး မင်ဟတ်တန်သို့ ပြန်သွားရန် တိုက်တွန်းနေသည်။ သို့သော် သူမသည် နောက်ပြန်လှည့်ပြီး လက်ထောက် ထောင်မှူး ရုံးခန်းသို့သာ ပြန်လည် လျှောက်မိလျက်သား ဖြစ်နေသည်။

'ဒီလူက ချွတ်လို့ မကျွတ်တဲ့ လူတစ္ဆေပါ' ထောင်မှူး ဟောင်းဝပ် ပက်တာဆင်က ပြောသည်။ 'တို့က သူ့ကို အပြစ် မပေးဘဲ လူကောင်းသူကောင်း တစ်ယောက် ဖြစ်လာအောင် ပြုပြင်ရေးနည်းနှင့် အများကြီး ကြိုးစားခဲ့ပြီးပြီ၊ ဒါပေမဲ့ မရပါဘူး၊ ဘယ်တော့မှလည်း ရတော့မှာ မဟုတ်ပါဘူး၊ ဒီတော့ သူ့ကို တစ်သက်လုံး ငြိမ်သွားအောင် လုပ်ဖို့က လျှပ်စစ် ကုလားထိုင်ပဲ ရှိတော့တယ်'

အင်း တော်တော် ရူးတဲ့ စိတ်ကူးပဲဟု ဂျင်နီဖာက စိတ်ထဲမှ တွေးလိုက်သည်။ ပါးစပ်ကတော့ 'သူက ကျွန်မကို ပြောတော့ သူ သတ်လိုက်တဲ့ လူက သူ့ကို သားသတ်ဓားနှင့် ခုတ်မလို့ လုပ်တယ် ဆိုပါလား'

'အင်း အဲဒါလည်း ဖြစ်တော့ ဖြစ်နိုင်တာပဲ'

ထောင်မှူး၏ စကားကြောင့် ဂျင်နီဖာ စိတ်ထဲ လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။

'ဖြစ်နိုင်တယ် ဆိုတာက ဘာကို ဆိုလိုတာပါလဲ၊ အကျဉ်းသား တစ်ယောက် အနေနှင့် ထောင်ထဲမှာ သားသတ်ဓား ရနိုင်ဖို့ အခြေအနေ ရှိတယ်လို့ ဆိုလိုတာပါလား'

ထောင်မှူးက ပခုံး တစ်ချက် တွန့်လိုက်ပြီး

'ဒီမှာ မစ္စ ပါကာ၊ အခု ဒီထောင်ထဲမှာက ထောင်သားပေါင်း ၁၂၀၄၀ အထိ ရှိနေတယ်၊ အဲဒီအထဲက အချို့ လူတွေက ခေတ့် လူတွေ မဟုတ်ဘူး၊ တီထွင် ဖန်တီးမှု စွမ်းရည် အပြည့် ရှိတဲ့ လူတွေ၊ ကဲ လာပါ ခင်ဗျားကို ကျုပ် လက်တွေ့ပြလိုက်မယ်'

ထောင်မှူး ပက်တာဆင်က ဂျင်နီဖာအား စင်္ကြံလမ်းအတိုင်း ခေါ်သွားသည်။ သော့ခတ်ထားသော အခန်း တစ်ခန်း ရှေ့တွင် ရပ်လိုက်ကြသည်။ ပက်တာဆင်က သော့တွဲကြီးထဲမှ သော့တစ်ချောင်းကို ရွေးထုတ်ပြီး အခန်း

mgyoe.com

mgyoe.com
SAMPLE BOOK
သော့ကို ဖွင့်သည်။ ပြီးတော့ မီးကို ဖွင့်သည်။ ဂျင်နီဖာက သူ့နောက်မှ ဝင်လိုက်သွားသည်။ အခန်းက သေးသေးကလေး။ အခန်းထဲတွင် နံရံကပ် စင်တွေ လုပ်ထားသည်။

'ထောင်သားတွေရဲ့ လက်ရာတွေကို ဒီအခန်းထဲမှာ သေတ္တာနှင့် ထည့်ပြီး သိမ်းထားတယ်'

သူက သေတ္တာကြီး တစ်လုံး အနီးသို့ ကပ်သွားပြီး အဖုံးကို ဖွင့်လိုက်သည်။ ဂျင်နီဖာက မယုံကြည်နိုင်သော မျက်လုံးဖြင့် သေတ္တာထဲမှ ပစ္စည်းများကို စိုက်ကြည့်နေမိသည်။ အတန်ကြာတော့မှ သူမက ထောင်မှူး မျက်နှာကို မော့ကြည့်လိုက်ပြီး 'ကျွန်မ အေဘရာဟင် ဝီလဆင်နှင့် အခု ထပ်တွေ့ချင်သေးတယ်'

၆

ဂျင်နီဖာသည် သူမ တစ်သက်တာတွင် တစ်ခါမျှ မကြိုးစားခဲ့စဖူးသော ကြိုးစားမှုမျိုးဖြင့် အေဘရာဟင် ဝီလဆင်၏ အမှု အတွက် မအိပ်မနေ ကြိုးစားသည်။ ဥပဒေ စာကြည့်တိုက်တွင် နာရီပေါင်း များစွာ ထိုင်ကာ စီရင်ထုံးများနှင့် ချေပ လျှောက်လဲချက်များကို လေ့လာသည်။ အကျဉ်းထောင်သို့ သွားရောက်၍ ဝီလဆင်နှင့် တွေ့ဆုံကာ ရနိုင်သမျှ အချက်အလက်များကို စိတ်ရှည်လက်ရှည် ဖျောင်းဖျောင်းဖျဖျ မေးမြန်းရသည်။ တကယ်တော့ သည်အလုပ်မှာ လွယ်ကူသော အလုပ် မဟုတ်။ ဝီလဆင်မှာ ဘယ်လိုမှ ထိန်း၍ မရသော နွားရိုင်းတစ်ကောင်လို ရိုင်းချင်တိုင်း ရိုင်းပြီး ကြမ်းချင်တိုင်း ကြမ်းနေသည်။

'အား မင်းက ငါ့အကြောင်း သိချင်တယ် ဟုတ်လား အချစ်ကလေးရဲ့၊ အေး သိချင်ရင် ပြောပြမှာပေါ့၊ ငါက ဆယ်နှစ်သားကတည်းက မိန်းမ ရဖူးတဲ့ အကောင်ကွ၊ မင်းက အသက် ဘယ်လောက်ရှိပြီလဲ'

ဂျင်နီဖာသည် ဝီလဆင် ဘာပဲ ပြောပြော ကြိတ်မှိတ်ပြီး သည်းခံသည်။ သူ့ဒေါသ သူ့အစော်ကားကို လုံးဝ ခွင့်လွှတ်ထားလိုက်သည်။ တကယ်တော့ ဝီလဆင်သည် သူ၏ ရင်ထဲတွင် ကျောက်တည်နေသော ကြောက်စိတ်ကို ဖုံးဖိလို၍ ယခုလို ပြုမူနေခြင်း ဖြစ်ကြောင်း ဂျင်နီဖာက သဘောပေါက်မိသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

ထို့ကြောင့်လည်း သူမသည် စိတ်ပျက် လက်လျှော့ခြင်း လုံးဝ မရှိဘဲ ဝီလဆင်၏ ကလေး ဘဝ ဖြစ်စဉ်များကို မရအရ ကုတ်ကတ် မေးမြန်းသည်။ သူ့မိဘတွေ အကြောင်းနှင့် သည်ဘဝသို့ ရောက်လာအောင် မည်သည့် အခြေ အနေတွေက လှုံ့ဆော်ပေးလိုက်ကြောင်း သိရအောင် ချော့မော့ပြီး မေးယူသည်။

သည်လိုနှင့် ရက်သတ္တ နှစ်ပတ် သုံးပတ်လောက် ကြာတော့ ဝီလဆင်မှာ မူလကလို မဟုတ်တော့ဘဲ တဖြည်းဖြည်းနှင့် စိတ်ထားတွေ ပြောင်းလဲလာ သည်။ သူသည် ဂျင်နီဖာ မေးသမျှကို လိုလိုချင်ချင် စိတ်ပါလက်ပါ ဖြေဆို လာသည်။ သူ့ကိုယ်သူလည်း စိတ်ဝင်စားလာသည်။ ငါ ဘယ်သူလဲ၊ ငါ ဘာ ကြောင့် ဒီလို ဖြစ်ရတာလဲ ဆိုသည်ကိုလည်း ဆင်ခြင်ရကောင်းမှန်း သိလာခဲ့ သည်။

ဂျင်နီဖာ၏ မေးခွန်းများက ဝီလဆင်အား အတိတ် ကာလ အမှောင်ထု ထဲတွင် မြုပ်နေသော ဖြစ်ရပ်များကို ပြန်လည် ဖော်ထုတ်ပေးသလို ဖြစ်နေသည်။ သူ၏ အတိတ်ဘဝ ဖြစ်စဉ်များတွင် ကောင်းတာ ဆို၍ ဘာတစ်ကွက်မျှ မရှိ။ ဝီလဆင် အဖို့ အချို့ ဖြစ်ရပ်များကို ပြန်လည် ပြောပြရာတွင် သာမန် စိတ် မကောင်းရုံမျှသာ ခံစားရသော်လည်း အချို့ ဖြစ်ရပ်များကတော့ ပြန်ပြောဖို့ မဆိုထားဘိ၊ ပြန်တွေးရုံမျှနှင့်ပင် ရင်ထဲတွင် မချိအောင် နာကျင်လာမိသလို ခံစားရသည်။ အထူးသဖြင့် သူ ငယ်စဉ် ဘဝက သူ့အား သေလုမြောပါး ရိုက် လေ့ ရှိသော သူ့အဖေ အကြောင်းကို ဂျင်နီဖာက မေးသော အခါမျိုးတွင် လုံးဝ အမေး မခံသည့် အပြင် ဂျင်နီဖာကိုပင် သူ့အနားမှ ချက်ချင်း ထွက်သွားရန် ဒေါနှင့် မာန်နှင့် အကြိမ်ကြိမ် မောင်းထုတ်တတ်သည်။

ထိုအခါမျိုးတွင် ဂျင်နီဖာမှာ နေရာမှ အသာကလေး ထွက်သွားလေ့ ရှိပြီး ဝီလဆင် စိတ်ဆိုးပြေလောက်ပြီ ထင်ရသော အချိန်တွင်မှ သူ့အနားသို့ ပြန်လာ လေ့ ရှိသည်။

ဂျင်နီဖာမှာ ဟိုတုန်းက ကိုယ်ရေးကိုယ်တာ ကိစ္စတွေ ရှိခဲ့သော်လည်း ယခု အချိန်တွင်တော့ လုံးဝ မရှိတော့။

သူ့ဘဝ တစ်ခုလုံးသည်ပင် အောဘရာဟင် ဝီလဆင်၏ ဘဝ ဖြစ်သွားခဲ့ပြီ။

သူမသည် စိတ်ကူးရတိုင်း ဝီလဆင်ဆီသို့ သွားရောက်ပြီး သူမ သိချင် တာတွေကို ချော့မော့ မေးမြန်းယူတတ်သည်။ ဝီလဆင်ဆီသို့ မသွားလျှင် ရုံး မှာပင် တစ်နေကုန် ထိုင်ပြီး လူသတ်မှုနှင့် လူသေမှု ဆိုင်ရာ ဖြတ်ထုံးများ၊ လျှောက်လဲချက်များကို လေ့လာသည်။ သူမ အဖို့ ခုနစ်ရက် တစ်ပတ်တွင်

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ရက်မျှ နားရက် မရှိ။ နေထွက်သည်မှ နေဝင်သည် အထိ ရုံးတွင်သာ အချိန် ကုန်သည်။ အမှုတွဲများကို လေ့လာရင်း ညသန်းခေါင်ကျော်သွားသည့် အကြိမ်ပေါင်းလည်း မနည်းတော့။

သူမသည် အယူခံရုံးသို့ ဆုံးဖြတ်ချက်များ၊ ဥပဒေ အချက်အလက် အကျဉ်းချုပ်များ၊ ကျမ်းကျိန် ထွက်ဆိုချက်များ၊ သက်သေခံ ပစ္စည်းများ၊ စီရင်ချက် ချရန် အဆိုပြုချက်များနှင့် တရားခွင် စစ်ဆေးချက် မှတ်တမ်းများကို စေ့စေ့စပ်စပ် လေ့လာသည်။ ကြံစည်မှု၊ ကြိုတင် ကြံစည်မှု၊ မိမိကိုယ်ကို ကာကွယ်မှုနှင့် တဒင်္ဂ ရူးသွပ်ခြင်း ဆိုင်ရာ ဥပဒေ စာအုပ်များနှင့် အမှုတွဲ ဖြတ်ထုံးများကို နှံ့နှံ့စပ်စပ် လေ့လာသည်။

အထူးသဖြင့် လူသတ်မှုမှ လူသေမှု အဖြစ် လျှော့ပေါ့ စွဲဆိုနိုင်မည့် နည်းလမ်းများကို ကြံစည် စိတ်ကူးသည်။

ယခု အမှုတွင် တရားခံ အောဘရာဟင် ဝီလဆင်သည် သေဆုံးသူ ရေမွှန် သော့ပ်အား သတ်ရန် ကြိုတင် ကြံစည် စိတ်ကူးထားခြင်း လုံးဝမ မရှိ။ သို့သော် သည်အချက်ကို ဂျူရီ လူကြီးများက ယုံပါမည်လား။ အထူးသဖြင့် ဒေသန္တရ ဂျူရီ အဖွဲ့ဝင်တွေက ယုံနိုင်ပါမည်လား။ မြို့သူ မြို့သားတွေက အကျဉ်းသား တွေကို မုန်းတတ်သည်။

ထို့ကြောင့် ဂျင်နီဖာက အောဘရာဟင် ဝီလဆင်၏ အမှု တရားရုံး ပြောင်း၍ စစ်ဆေးခွင့်ပြုရန် လျှောက်ထားလိုက်သည်။ မင်ဟတ်တန် တရားရုံးတွင် ပြောင်းရွှေ့ စစ်ဆေးခွင့် ရသည်။

လောလောဆယ်တွင် ဂျင်နီဖာ အဖို့ ပြဿနာ တစ်ရပ် ကြုံရပြန်သည်။ ဝီလဆင်အား တရားခွင်သို့ ခေါ်ယူ အစစ်ဆေးခံမည်လား။

ယင်းသို့ ပြုလုပ်လျှင် သူ့ရုပ်ရည်ကို ဂျူရီ လူကြီး တွေ့မြင်ရုံနှင့် လန့်ဖျပ် ကုန်ကြလိမ့်မည်။ ယင်းသို့ ဆိုလျှင် တရား ဆုံးဖြတ်ရာတွင် အမှန်တရားကို ရနိုင်ဖို့ မလွယ်။

တစ်ခုတော့ စဉ်းစားစရာ ရှိသည်။ တရားခံ၏ ပါးစပ်မှ ထွက်ဆိုချက်ကို အမှန်အတိုင်း ကြားရလျှင် ဂျူရီ လူကြီးတွေက သနားပြီး ပြစ်ဒဏ် သက်သာ နိုင်သည်။ သို့သော် ညောင်မြစ် တူးတော့ ပုတ်သင်ဥ ပေါ် ဆိုသလို ဝီလဆင် အား တရားခွင် တင်၍ စစ်ဆေးခြင်းဖြင့် အတိတ်ကာလမှ သူ ကျူးလွန်ခဲ့သော ပြစ်မှုများကို ဂျူရီ လူကြီးများ ပြန်လည် သတိရအောင် လုပ်ပေးသလိုများ ဖြစ်သွားလေမည်လား။



mgyoe.com

mgyoe.com
SAMPLE BOOK

သည်အချက်ကိုလည်း ဂျင်နီဖာက ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်သေး။

သည်ကြားထဲ စဉ်းစားစရာ တစ်ခု ပေါ်လာပြန်သည်။ အစိုးရဘက်မှ တရားလို ရှေ့နေ အဖြစ် ခရိုင် အစိုးရ ရှေ့နေကြီး ဒီဆီးလဗားက မည်သူ့ကို ရွေးချယ်မည်နည်း။ သူ့လက်အောက်တွင် အရည်အချင်း ပြည့်ဝသော လက်ထောက် ခရိုင် အစိုးရ ရှေ့နေတွေ တစ်ပုံကြီး ရှိသည်။ သူတို့ အနေဖြင့် တရား စွဲဆို လျှောက်လဲရာတွင် အလွန် တော်ကြောင်း ဂျင်နီဖာ သိသည်။ သို့သော် ကိစ္စတော့ မရှိ၊ သူတို့ နည်းပရိယာယ်တွေကို ဂျင်နီဖာက တစ်ခု မကျန် အသေးစိတ် လေ့လာထားပြီး ဖြစ်သည်။

သည်အတောအတွင်း သူမသည် ဆင်ဆင် အကျဉ်းထောင်သို့ အခွင့်သာတိုင်း သွားရောက်သည်။ အခင်း ဖြစ်ပွားရာ နေရာကို စေ့စေ့စပ်စပ် ကြည့်ရှုလေ့လာသည်။ အစောင့်များနှင့် တွေ့ဆုံ မေးမြန်းသည်။ ဝီလဆင်နှင့် ထပ်တွေ့သည်။ မျက်မြင် သက်သေများနှင့် ဆွေးနွေးသည်။

'ရေမွှန် သော့ပ်က အေဘရာဟင် ဝီလဆင်ကို သားသတ် ဓားနှင့် ခုတ်မလို့ လုပ်တယ်၊ အဲဒါကို ရှင် မြင်လိုက်တယ် မဟုတ်လား'

ဂျင်နီဖာက သက်သေ တစ်ယောက်ကို မေးကြည့်သည်။

'ကျုပ်ကို မေးတာလား၊ ဟင့်အင်း၊ ကျုပ် လုံးဝ မမြင်ပါဘူး၊ ဘာဓားမှ မမြင်ပါဘူး'

'ရှင် မြင်ကို မြင်ရမယ်၊ အခင်း ဖြစ်ပွားချိန်မှာ ရှင်က အဲဒီ အနားမှာ ရှိနေတာပဲ'

'ကျုပ် ဘာမှ မမြင်ပါဘူး မဒမ်၊ တကယ် ပြောတာပါ၊ ဘုရားစူး မိုးကြိုးပစ်'

အဖြစ်ကတော့ ရှင်းနေပါပြီ။ သည်အမှုတွင် ဘယ်သူမှ ပါဝင် ပတ်သက်လိုခြင်း မရှိသည်မှာ ရှင်းနေပါပြီ။

ဂျင်နီဖာသည် ရံဖန်ရံခါတော့ အချိန်မှန် စားသောက်ရပါ၏။ သို့သော် အေးအေးလူလူ စားသောက်ရခြင်းမျိုး မဟုတ်။ တရားရုံး လက်ဖက်ရည်ဆိုင်တွင် အစာသွတ်မုန့်ကို ကျိုးကန်း တောင်းမှောက် ဖုတ်ပူ မီးတိုက် စားသောက်ရခြင်းမျိုးသာ ဖြစ်သည်။ အစားအသောက် မမှန်သဖြင့် သူမသည် ကိုယ်အလေးချိန် ကျလာသည်။ အားနည်းပြီး မူးချင် ဝေချင် ဖြစ်လာသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ထိုအခါ ကင် ဘယ်လီမှာ သူမ၏ ကျန်းမာရေး အတွက် စိုးရိမ်မကင်း ဖြစ်လာသည်။ ထို့ကြောင့် သူက ဂျင်နီဖာအား တရားရုံး ရှေ့မှ ဖော်လီနီ စား သောက်ဆိုင်သို့ ခေါ်သွားပြီး နေ့လယ်စာ ကောင်းကောင်း မှာကျွေးသည်။

'ဘာလဲ၊ မင်းက ကိုယ့်ကိုယ်ကိုယ် သတ်သေမလို့ ကြိုးစားနေတာလား' ဟု ကင် ဘယ်လီက ကရုဏာ ဒေါသောဖြင့် မေးသည်။

'မဟုတ်ပါဘူး' လောက်သာ ဂျင်နီဖာက ဖြေသည်။

'မင်းရုပ်ကို မင်း မှန်ထဲမှာ ကြည့်မိရဲ့လား'

'မကြည့်မိသေးဘူး' သူက သူမကို စိုက်ကြည့်နေသည်။ ပြီးတော့မှ 'မင်း ဦးနှောက် မပျက်သေးဘူး ဆိုရင် ဒီအမှုကို မလိုက်သင့်ဘူး'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲ ဆိုရင် မင်းက မင်းကိုယ်မင်း သားကောင် ဖြစ်အောင် လုပ်နေလို့ပေါ့၊ မင်းအကြောင်း လူတိုင်းက ပြောနေကြပြီ ဂျင်နီဖာ၊ သတင်းစာ ဆရာတွေက မင်းကို ဝိုင်းအုပ်ဖို့ လုပ်နေကြတယ်၊ ဒီတစ်ကြိမ် အအုပ်ခံရရင် မင်းအနေနှင့် သက်သာမှာ မဟုတ်ဘူး'

'ကျွန်မက ရှေ့နေ တစ်ယောက်ပဲ' သူမက အသံ မာမာဖြင့် ပြန်ပြော သည်။ 'အေဘရာဟင် ဝီလဆင်ဟာ တရား မျှတတဲ့ တရား စီရင်မှုကို ခံယူ ထိုက်တယ်လို့ ကျွန်မ ယုံကြည်တယ်၊ အဲဒီ အတွက်ပဲ ကျွန်မ ကြိုးစားနေတာပဲ၊ ကျွန်မ အတွက် မပူပါနှင့် ကင်၊ ဒီအမှုက အများကြီး လူသိရှင်ကြား ဖြစ်သွား မယ့် အမှုပါ'

'ဒါနှင့် ဒီအမှုကို စွဲချက်တင်မယ့် အစိုးရ ရှေ့နေကို မင်း သိပြီးပြီလား'

'ဟင့်အင်း မသိရသေးဘူး'

'အေး မသိရသေးရင် အခု သိတော့ပေါ့၊ တခြားလူ မဟုတ်ဘူး၊ မင်းရဲ့ ကမ္ဘာရန်ကြီး ဒီဆီးလဗား ကိုယ်တိုင် စွဲချက်တင်လိမ့်မယ်'

ဂျင်နီဖာသည် လီယိုနတ် လမ်းရှိ ရာဇဝတ် တရားရုံး အဆောက်အအုံသို့ လာခဲ့ သည်။ ဧည့်ခန်းထဲတွင် လူတွေ ပြည့်ကျပ်နေကြသည်။ သူမသည် အစောင့် ရဲသားများ၊ စုံထောက်များနှင့် ရှေ့နေများ ကြားမှ တိုးဝင်ပြီး ပြန်ကြားရေး ဌာန စားပွဲသို့ လာခဲ့သည်။ စားပွဲတွင် လူတစ်ယောက်မျှ မရှိ။ ထိုမှ တစ်ဆင့် ခြောက်ထပ်သို့ တက်ရန် ဓာတ်လှေကားထဲ ဝင်ရပ်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူမသည် ခရိုင် အစိုးရ ရှေ့နေကြီး ရောဘတ် ဒီဆီးလဗားနှင့် တွေ့ဆုံရန် လာခဲ့ခြင်း ဖြစ်သည်။ ဒီဆီးလဗားကို မတွေ့ရသည်မှာ တစ်နှစ်ခန့် ရှိပြီ။ ယခုလို တွေ့ရလိမ့်မည်ဟုလည်း ဘယ်တုန်းကမျှ မမျှော်လင့်ခဲ့။

သို့သော် မတွေ့ မဖြစ်သော အကြောင်းကြောင့် ယခုလို လာခဲ့ရခြင်း ဖြစ်သည်။ သူမသည် အေဘရာဟင် ဝီလဆင် အမှုတွင် တရားခံ ရှေ့နေ အဖြစ်မှ ပြန်လည် ရုပ်သိမ်းကြောင်း တရားဝင် အကြောင်းကြားရန် လာခဲ့ခြင်း ဖြစ်သည်။

သည်ဆုံးဖြတ်ချက်ကို ချနိုင်ရန် အတွက် ဂျင်နီဖာသည် သုံးညလုံးလုံး အိပ်ရေး ပျက်ခဲ့ရသည်။ ပထမဆုံး အဓိကထား၍ စဉ်းစားသည်မှာ မိမိ အမှုသည်၏ အကျိုး အတွက် ဖြစ်သည်။ အမှန် ဆိုလျှင် ဝီလဆင်၏ အမှုမှာ ခရိုင် အစိုးရ ရှေ့နေကြီး ကိုယ်တိုင် ကိုင်ရလောက်အောင် အရေးကြီးသော အမှု မဟုတ်။ သို့ပါလျက် ယခု သည်အမှုကို သူကိုယ်တိုင် ကိုင်ရန် စီစဉ်နေခြင်းမှာ သည် အမှုတွင် ဂျင်နီဖာ ပါဝင်လာခြင်းကြောင့်သာ ဖြစ်သည်။ သူက ဂျင်နီဖာကို လက်စား ပြန်ချေလိုသည်။ ဂျင်နီဖာကို မှတ်လောက်သားလောက် သင်ခန်းစာ ပေးချင်သည်။

ထို့ကြောင့် သူမ အနေဖြင့် သည်အမှုကို မလိုက်တော့ရန် ဆုံးဖြတ်လိုက်ရခြင်း ဖြစ်သည်။ သူမကို အကြောင်းပြပြီး ဝီလဆင် အဖို့ လိုအပ်သည်ထက် ပို၍ အထိနာမည်ကို သူမက မလိုလား။ သည်အမှုကို ဂျင်နီဖာ မလိုက်တော့လျှင် ဒီဆီးလဗား အနေဖြင့် ဝီလဆင့် အပေါ်တွင် သက်သက်ညှာညှာ စဉ်းစား နိုင်စရာ ရှိသည်။ ထို့ကြောင့် ယခု အချိန်တွင် သူမသည် ဝီလဆင်၏ အသက် ကို ကယ်ဆယ်ရန် အတွက် ဒီဆီးလဗားထံသို့ လာခဲ့ခြင်း ဖြစ်သည်။

ခြောက်ထပ် ရောက်၍ ဓာတ်လှေကားထဲမှ ထွက်လိုက်သော အခါ အတိတ် ဖြစ်ရပ်များက အသက် ပြန်ဝင်လာသလို ခံစားလိုက်မိသည်။ ခရိုင် အစိုးရ ရှေ့နေကြီး ရုံးခန်းထဲသို့ ဝင်လာခဲ့သည်။

ရုံးခန်းထဲတွင် ယခင် စားပွဲ၌ ယခင် အတွင်းရေးမှူး စာရေးမပင် ထိုင်နေ သည်။

'ကျွန်မ ဂျင်နီဖာ ပါကာပါ၊ ခရိုင် ရှေ့နေကြီးနှင့် ချိန်းထား..'

'ဝင်သွားပါ၊ ခရိုင် ရှေ့နေကြီးက ညည်းကို စောင့်နေတယ်'



mgyoe.com

mgyoe.com
SAMPLE BOOK

ရောဘတ် ဒီဆီးလဗားသည် စားပွဲ နောက်တွင် ရပ်ပြီး လက်ထောက် နှစ်ယောက်အား ညွှန်ကြားချက်များ ပေးနေသည်။ ဂျင်နီဖာ ဝင်လာတော့ သူက စကား ရပ်လိုက်သည်။

'ငါက မင်း လာမှ လာပါဦးမလားလို့'

'ဟုတ်ကဲ့၊ ကျွန်မ အခု လာပါပြီ'

'ငါက အခုလောက် ဆိုရင် မင်း အမြီးကုပ်ပြီး မြို့ထဲကတောင် ထွက် ပြေးသွားပြီ မှတ်နေတာ၊ ကိုင်း ဆိုစမ်းပါဦး ဘာကိစ္စ'

စားပွဲ ရှေ့တွင် ကုလားထိုင်လွတ် နှစ်လုံး ရှိသော်လည်း ဒီဆီးလဗားက ဂျင်နီဖာအား ထိုင်ပါဟု လုံးဝ မပြော။

'ကျွန်မ အခု လာတာက ကျွန်မရဲ့ အမှုသည် အေဘရာဟင် ဝီလဆင်နှင့် ပတ်သက်လို့ ပြောစရာ ရှိတာ ပြောဖို့ လာတာပါ'

ဒီဆီးလဗားက ကုလားထိုင်တွင် ထိုင်ချလိုက်သည်။ ကုလားထိုင်တွင် နောက်ပစ်မှီရင်း စဉ်းစားဟန်ဆောင်နေသည်။

'ဘယ်သူတဲ့၊ အေဘရာဟင် ဝီလဆင် ဟုတ်လား၊ သြော် ဟုတ်ပြီ ဟုတ်ပြီ၊ ငါ သတိရပြီ၊ ထောင်ထဲမှာ လူတစ်ယောက်ကို အသေ ရိုက်သတ်တဲ့ မေညီး လူသတ်သမားကိုး၊ ဒီကောင့်ဘက်က မင်း လိုက်တာ ဘာမှ အခက်အခဲ မရှိ နိုင်ပါဘူး'

သူက လက်ထောက် နှစ်ယောက်ကို စောင်းကြည့်လိုက်သည်။ လက် ထောက် နှစ်ယောက် အခန်းထဲမှ ထွက်သွားကြသည်။

'ကဲ ပြောပါ'

'ကျွန်မ အယူခံ ကိစ္စနှင့် ပတ်သက်ပြီး ပြောချင်ပါတယ်'

ဒီဆီးလဗားက ဂျင်နီဖာအား တအံ့တသြ စိုက်ကြည့်နေသည်။

'လက်စသတ်တော့ မင်းက ငါနှင့် စေ့စပ် ဆွေးနွေးဖို့ လာတာကိုး၊ အင်း အံ့သြစရာပါပဲလား၊ တကယ်တော့ မင်းလို အရည်အချင်း ရှိတဲ့ ရှေ့နေ တစ် ယောက် အနေနှင့် ဒီအမှုကို အသာကလေး ကိုင်တွယ်သွားနိုင်ပါတယ်၊ ငါက အဲဒီလိုပဲ စဉ်းစားနေတာ'

'ဒီအမှုဟာ အဖွင့် အပိတ် လုပ်လို့ရတဲ့ အမှုမျိုး ဆိုတာ ကျွန်မ သိပါ တယ်၊ ဒါပေမဲ့ ပြစ်ဒဏ် လျှော့ချနိုင်တဲ့ အခြေအနေတွေလည်း ရှိနေပါတယ်၊ အေဘရာဟင် ဝီလဆင်က..'

ဒီဆီးလဗားက ဖြတ်ပြောလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

'မင်း နားလည်မယ့် ဥပဒေ စကားနှင့် ငါ ပြောမယ်၊ မင်းဟာမင်း ပြစ်ဒဏ် လျှော့နိုင်တဲ့ အခြေအနေတွေကို ယူချင်သလို ယူပြီး လုပ်ချင်သလို လုပ်ပါ' သူက ထိုင်ရာမှ ထရပ်လိုက်သည်။ ဒေါသကြောင့် အသံတွေလည်း တုန်နေသည်။ 'ဒီမှာ သူငယ်မ၊ မင်းဟာ ငါ့ကို အရူး ဖြစ်အောင် လုပ်သွားခဲ့တယ်၊ ဘာပဲလုပ်လုပ် သေပြီးတဲ့လူ ပြန်မရှင်နိုင်ဘူး ဆိုတာတော့ သိထားပါ၊ ဒီကောင့်ကို လျှပ်စစ် ကုလားထိုင်ပေါ် ရောက်အောင် ငါကိုယ်တိုင် စွဲချက် တင်မယ် သိရဲ့လား'

'အခု ကျွန်မ လာတာက ဒီအမှုမှာ ကျွန်မ မလိုက်တော့ဘူး ဆိုတာကို အကြောင်းကြားဖို့ လာတာပါ၊ ဖြစ်နိုင်ရင် ဒီအမှုကို လူသေမှု အဖြစ် လျှော့ပေးစေချင်ပါတယ်၊ ဝီလဆင်က တစ်သက်တစ်ကျွန်းလည်း ပြစ်ဒဏ် ရထားပြီးပါပြီ၊ ပြီးတော့ ရှေ့နေကြီး အနေနှင့်ကလည်း..'

'မလုပ်နှင့်၊ ဘာလမ်းမှ မရှိတော့ဘူး၊ လူသတ်မှုဟာ လူသတ်မှုပဲ၊ လူသတ်မှုကို လူသေမှု လုပ်လို့ မရဘူး၊ ဒါဟာ ရှင်းနေတာပဲ'

ဂျင်နီဖာက ဒေါသကို ကြိုးစားပြီး ထိန်းထားသည်။

'ဒီအချက်ကို ဂျူရီ အဖွဲ့က ဆုံးဖြတ်လိမ့်မယ်လို့ ကျွန်မ ယူဆပါတယ်'

ဒီဆီးလဗားက သရော်ပြုံး ပြုံးလိုက်ပြီး 'အင်း မင်းလို ဥပဒေ ပါရဂူ တစ်ယောက်က ငါ့ရုံးခန်းထဲ ဝင်လာပြီး ငါ့ကို ဥပဒေ အကြောင်း လက်ချာ ပေးတာကိုတော့ ဝမ်းသာ ဂုဏ်ယူစရာပဲ ဟေ့'

'ကျွန်မတို့ ကိုယ်ရေးကိုယ်တာတွေ မေ့ပစ်လိုက်ရင် ကောင်းလိမ့်မယ် ထင်ပါတယ်၊ ကျွန်မ..'

'ဟေ့ တစ်သက်လုံး မမေ့ဘူးဟေ့၊ ငါ အသက် ရှင်နေသမျှ မမေ့ဘူး သိရဲ့လား၊ ဒီမှာ မင်း အပေါင်းအသင်း မိုက်ကယ် မိုရက်တီကို ငါ နှုတ်ဆက်လိုက်တယ်လို့ ပြောလိုက်စမ်းပါ'

နောက် နာရီဝက် အကြာတွင် ဂျင်နီဖာသည် ကင် ဘယ်လီနှင့် ကော်ဖီ သောက်နေသည်။

'ကျွန်မတော့ ဘာလုပ်ရမှန်း မသိတော့ဘူး ကင်၊ ကျွန်မ စဉ်းစားတာကတော့ ဒီအမှုက ကျွန်မ နုတ်ထွက်လိုက်ရင် အောဘရာဟင် ဝီလဆင် အနေနှင့် ပိုပြီး အကျိုး ရှိလိမ့်မယ်လို့ ထင်တယ်၊ ဒါပေမဲ့ ဒီဆီးလဗားက စေ့စပ်လို့

mgyoe.com

mgyoe.com SAMPLE BOOK

လုံး၀ မရဘူး၊ တိုက်ပွဲကိုပဲ သဲသဲမဲမဲ တောင်းဆိုနေတယ်၊ တကယ်တော့ သူဟာ ဝီလဆင်ကို တိုက်ချင်လို့ မဟုတ်ပါဘူး၊ သူ ရည်ရွယ်တဲ့ ပစ်မှတ်က ကျွန်မပါ၊ သူက ကျွန်မကိုသာ တိုက်ချင်နေတာပါ'

ကင် ဘယ်လီက စဉ်းစဉ်းစားစားဟန်ဖြင့် ဂျင်နီဖာကို စိုက်ကြည့်နေသည်။

'မင်းကို သူက စိတ်ဓာတ် စစ်ဆင်ရေး လုပ်နေတာပါ၊ မင်း သွေးလန့်ပြီး ထွက်ပြေးသွားအောင် လုပ်နေတာပါ'

'ဟုတ်တယ်၊ ကျွန်မ သွေးလန့်ပြီး ထွက်ပြေးချင်နေပြီ' သူမက ကော်ဖီတစ်ကျိုက် သောက်လိုက်သည်။ တော်တော် အရသာ ဆိုးသည်။ 'အမှုက တော်တော် ဆိုးတဲ့ အမှု ကင်၊ အေဘရာဟင် ဝီလဆင်ကို ရှင် သွားကြည့်ဖို့ ကောင်းတယ်၊ သူ့ရုပ်ရည်ရော အပြောအဆိုရော သနားစရာ တစ်ကွက်မှ မရှိဘူး၊ သူ့ကို ဂျူရီ လူကြီးတွေ မြင်ရရုံနှင့် တကယ် ပြစ်မှု ကျူးလွန်သူ အဖြစ် သေဒဏ် ပေးကြမှာ သေချာတယ်'

'အမှုက ဘယ်နေ့ စစ်မှာလဲ'

'လေးပတ် လိုသေးတယ်'

'ငါ ဘယ်လို ဘာကူညီရမှာလဲ'

'ဟား ဟား ဒီဆီးလဗားနှင့် စေ့စပ် ဆွေးနွေးရေး လုပ်ပေးပါလား'

'ဝီလဆင်ကို တရားသေ လွတ်အောင် လုပ်နိုင်ဖို့ အလားအလာ ရှိတယ်လို့ မင်း ထင်သလား'

'မကောင်းမြင် ရှုထောင့်က ကြည့်ပြီး ပြောရမယ် ဆိုရင် ကျွန်မဟာ ကျွန်မရဲ့ ပထမဆုံး အမှုကို ကျွန်မ အပေါ်မှာ အခဲမကြေ လက်စားချေချင်တဲ့ ဒီတိုင်းပြည်မှာ အတော်ဆုံး ခရိုင် အစိုးရ ရှေ့နေကြီး တစ်ဦးနှင့် ပြိုင်ပြီး တိုက်ခိုက်နေရတယ်၊ ပြီးတော့ ကျွန်မရဲ့ အမှုသည်ကလည်း မျက်မြင် သက်သေပေါင်း ၁၂၀ ရှေ့မှာ ဒုတိယ အကြိမ် လူသတ်မှု ကျူးလွန်တဲ့ ထောင်ကျလူမည်း အမျိုးသား တစ်ဦး ဖြစ်နေတယ်'

'အင်း လန့်စရာ ကောင်းတဲ့ အခြေအနေပဲ၊ ဒါနှင့် အကောင်းမြင် ရှုထောင့်နှင့် ကြည့်ရင် ဘယ်လို ရှိမလဲ'

'ဒီညနေမှာ ကျွန်မကိုယ် ကျွန်မ ထရပ်ကားအောက် ဝင်ပြီး သတ်သေလိုက်ဖို့ပါပဲ'

mgyoe.com

mgyoe.com SAMPLE BOOK

အမှု စစ်ဆေးရန် ရက်သတ္တ သုံးပတ်သာ လိုတော့သည်။ ဂျင်နီဖာက ဝီလဆင်အား ရိုက်ကား ကျွန်းရှိ အကျဉ်းထောင်သို့ ပြောင်းရွှေ့ပေးရန် လျှောက်ထားသဖြင့် သက်ဆိုင်ရာမှ ခွင့်ပြုလိုက်သည်။ ဝီလဆင်ကို ရိုက်ကား ကျွန်းပေါ်မှ အကြီးဆုံးနှင့် သက်တမ်း အရှည်ဆုံး အမျိုးသား အကျဉ်းထောင်သို့ ပြောင်းရွှေ့ပေးသည်။ သည်ထောင်မှ အကျဉ်းသား ၉၅ ရာခိုင်နှုန်းမှာ မုဒိမ်းမှု၊ လူသတ်မှု၊ ဓားပြမှု၊ လက်နက်မှု၊ မီးရှို့မှုနှင့် ယောကျ်ားချင်း ကာမ ဆက်ဆံမှု စသည့် အမှု ပေါင်းစုံဖြင့် ရုံးတင် စစ်ဆေးရန် စောင့်ဆိုင်းနေကြသူများ ဖြစ်သည်။

သည်ကျွန်းသို့ ပုဂ္ဂလိက ကားများ လုံးဝ လာခွင့် မပြု။ ဂျင်နီဖာအား အစိမ်းရောင် ဘတ်စ်ကားကလေးဖြင့် မီးခိုးရောင် အုတ်တိုက် အဆောက်အအုံ တစ်ခု ရှေ့သို့ ခေါ်လာခဲ့ကြသည်။ အဆောက်အအုံ လက်ဝဲဘက်ရှိ အစိမ်းရောင် ကင်းရုံကလေးတွင် လက်နက်ကိုင် အစောင့် ရဲသား နှစ်ယောက် စောင့်နေကြသည်။ သည်နေရာတွင် ဂျင်နီဖာက မှတ်ပုံတင်ကို ထုတ်ပြရသည်။

ကင်းရုံ အလွန်တွင် ဂိတ်တံခါး ရှိသည်။ သက်ဆိုင်ရာမှ ခွင့်ပြုချက် မပါသူများအား ဂိတ်ဝမှ စစ်ဆေးပြီး ဝင်ခွင့် မပြုဘဲ ပြန်လွှတ်သည်။

ထိုနေရာမှ တစ်ဆင့် ဂျင်နီဖာအား ဘတ်စ်ကားဖြင့်ပင် ဆက်လက် ခေါ်ဆောင်လာကြသည်။ ဟာဇင် လမ်းအတိုင်း မောင်းလာပြီး မကြာမီတွင်ပင် အကျဉ်းထောင်သို့ ရောက်လာကြသည်။

ရှေ့နေနှင့် အမှုသည် တရားခံများ တွေ့ဆုံ ဆွေးနွေးရန် အတွက် သီးသန့်အခန်း ရှစ်ခန်း ပြုလုပ်ထားသည်။ ဂျင်နီဖာသည် ယင်းအခန်း တစ်ခန်းတွင် သူမ၏ အမှုသည် ထောင်ကျ တရားခံ အေဘရာဟင် ဝီလဆင်နှင့် တွေ့ရမည် ဖြစ်သည်။

အေဘရာဟင် ဝီလဆင်နှင့် တွေ့ဆုံရန် စင်္ကြံလမ်း အတိုင်း လျှောက်လာစဉ်တွင် ဒီနေရာဟာ ငရဲပြည် မဆင်းခင် ခဏ စောင့်ရတဲ့ ကွန်းထောက်စခန်းပဲဟု ဂျင်နီဖာက တွေးလိုက်မိသည်။

ပတ်ဝန်းကျင်တွင် အသံ ပေါင်းစုံ ပေါ်ထွက်လျက် ရှိသည်။ အကျဉ်းထောင်ကို အုတ်၊ သံမဏိ၊ ကျောက်တုံးနှင့် ကွန်ကရစ်တို့ဖြင့် အခိုင်အမာ ဆောက်လုပ်ထားသည်။ အကျဉ်းသား အဆောင် တစ်ခုတွင် အကျဉ်းသားပေါင်း အနည်းဆုံး တစ်ရာကျော်စီ ရှိကြသည်။ တစ်နေရာတွင် တယ်လီဗီးရှင်းစက် နှစ်လုံး တွေ့ရသည်။ အသံလွှင့်စက်မှ 'အရူးချီးပန်း' သီချင်းသံ ပေါ်ထွက်နေသည်။ အကျဉ်းထောင်ကို လက်နက်ကိုင် အစောင့် သုံးရာတို့ဖြင့် စောင့်

mgyoe.com

mgyoe.com SAMPLE BOOK

ကြပ်ထားသည်။ လက်နက်ကိုင် အစောင့်များ၏ အော်ဟစ် အမိန့်ပေးသံ၊ ဟိန်းဟောက် ဆဲဆိုသံများကို အသံချဲ့စက်မှ တစ်ဆင့် မပြတ် ကြားနေရသည်။

'ထောင်သားတွေဟာ လောကမှာ အယဉ်ကျေးဆုံး လူသားတွေပဲဗျ၊ ထောင်သား တစ်ယောက်က တခြား တစ်ယောက်နှင့် ဝင်တိုက်မိရင် သူက ချက်ချင်းပဲ မတော်လို့ပါ ခင်ဗျာ ဆိုပြီး တောင်းပန်စကား ဆိုတတ်တယ်၊ တကယ်တော့ သူတို့မှာလည်း ရင်ထဲမှာ ခံစားချက်တွေ အများကြီးပါပဲ' ဟု အစောင့် တစ်ယောက်က ဂျင်နီဖာအား ပြောသည်။

ဂျင်နီဖာသည် အောာရာဟင် ဝီလဆင်နှင့် မျက်နှာချင်းဆိုင် ထိုင်ကာ အတွေးနက်နေသည်။

*ဒီလူရဲ့ အသက်ဟာ ငါ့လက်ထဲမှာ ရှိတယ်။ တကယ်လို့ သူ ကြိုးပေးခံရလို့ သေသွားရင် ငါ့ကြောင့် သေတာပဲ ဖြစ်မယ်။ ငါ အသုံးမကျလို့ သေတာပဲ ဖြစ်မယ်။*

ဂျင်နီဖာက ဝီလဆင်၏ မျက်လုံးများကို စိုက်ကြည့်လိုက်သည်။ စိတ်ပျက် အားငယ်သော အရိပ်အယောင်များကို မြင်နေရသည်။

ထို့ကြောင့် သူမက ယုံကြည်ချက် အပြည့်ဖြင့် အားပေးစကား ပြောလိုက်သည်။

'ဘာမှ မစိုးရိမ်ပါနှင့် မစ္စတာ ဝီလဆင်၊ မစ္စတာ ဝီလဆင် အသက်ရှင်ရေး အတွက် ကျွန်မ တတ်နိုင်သလောက် အစွမ်းကုန် ကြိုးစားပါ့မယ်'

အောာရာဟင် ဝီလဆင်အား ရုံးတင် မစစ်ဆေးမီ သုံးရက်ခန့်တွင် သဘာပတိ တရားသူကြီး အဖြစ် လောရင့် ဝေါ့ဒ်မန်းက ဆောင်ရွက်မည် ဖြစ်ကြောင်း ဂျင်နီဖာ သိရှိရသည်။

တရားသူကြီး ဝေါ့ဒ်မန်းမှာ မိုက်ကယ် မိုရက်တီ အမှုတုန်းက သဘာပတိ တရားသူကြီး အဖြစ် ဆောင်ရွက်ခဲ့သူ ဖြစ်ပြီး ဂျင်နီဖာအား ရှေ့နေဖြစ် မှတ်ပုံတင် ရာသက်ပန် ရုပ်သိမ်းရန် ကြိုးစားခဲ့သည့် ပုဂ္ဂိုလ်ကြီးပင် ဖြစ်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

# ၇

၁၉၇၀ ပြည့်နှစ် စက်တင်ဘာလ နောက်ဆုံးပတ်၊ တစ်ခုသော တနင်္လာနေ့။

ယနေ့သည် အောဘရာဟင် ဝီလဆင်၏ အမှုကို ရုံးတင် စစ်ဆေးမည့်နေ့ ဖြစ်သည်။

ယနေ့ နံနက် လေးနာရီတွင် ဂျင်နီဖာသည် အိပ်ရာမှ လန့်နိုးလာသည်။ သူမသည် ရင်ထဲတွင် ဖုတ်လိုက် ဖုတ်လိုက် ဖြစ်ကာ မောပန်းနေသည်။ မျက်ခွံတွေ လေးလံပြီး မျက်လုံးကို မဖွင့်ချင်အောင် ဖြစ်နေသည်။ သူမသည် အိပ်မက်ဆိုးတွေ မက်ပြီး လန့်နိုးလာခဲ့ခြင်း ဖြစ်သည်။ တရားခွင်ကို စိတ်စွဲပြီး သွေးလန့်စရာ အိပ်မက်ဆိုးတွေ မြင်မက်ခဲ့သည်။ အိပ်မက်က တစ်မျိုးတည်း မဟုတ်၊ တစ်မျိုးပြီး တစ်မျိုး မက်သည်။ သို့သော် အကျိုး သက်ရောက်မှုက တော့ အတူတူချည်းပင် ဖြစ်ကြသည်။ အိပ်မက် အားလုံးပင် မကောင်းသော အမင်္ဂလာ အိပ်မက်တွေချည်း ဖြစ်ကြသည်။

အိပ်မက် တစ်ခုတွင် သူမသည် သက်သေ ဝက်ခြံထဲ ရောက်နေသည်။ ခရိုင် အစိုးရ ရှေ့နေကြီး ဒီဆီးလဗားက သူမအား မေးခွန်းတွေ တစ်မျိုးပြီး တစ်မျိုး မေးသည်။ နောက်ဆုံး မိုက်ကယ် မိုရက်တီ အကြောင်းကို မေးတော့ သူမက ဖြေဆိုရန် ပါးစပ် ဟလိုက်တိုင်း ဂျူရီ လူကြီးတွေက *'ညာတယ်၊ ညာတယ်၊ ညာတယ်'* ဟူ၍ ဝိုင်းအော်ကြသည်။

နောက်ဆုံး မက်သော အိပ်မက်တွင် အောဘရာဟင် ဝီလဆင်အား လျှပ်စစ် ကုလားထိုင်ပေါ်တွင် ကြိုးနှင့် တုပ်ထားသည်။ ဂျင်နီဖာက သူ့အား နှစ်သိမ့် စကား ပြောရန် သူ့မျက်နှာနားသို့ ငုံ့လိုက်တော့ ဝီလဆင်က သူမ၏ မျက်နှာကို ဖတ်ခနဲ တံတွေး ထွေးလိုက်သည်။

ဤတွင် သူမသည် တစ်ကိုယ်လုံး ခိုက်ခိုက်တုန်ပြီး အိပ်ရာမှ လန့်နိုးလာခဲ့တော့သည်။ ပြန်အိပ်ရန် ကြိုးစားသော်လည်း လုံးဝ အိပ်၍ မရတော့။

သို့ဖြင့် အရုဏ်တက် ရောင်နီ လာသည် အထိ ကုလားထိုင်တွင် ငုတ်တုတ်ကြီး ထိုင်နေသည်။ ရင်ထဲတွင် တလှပ်လှပ် ခံစားနေရသဖြင့် အစာ စားချင်စိတ်လည်း မရှိတော့။



mgyoe.com

mgyoe.com SAMPLE BOOK

သူမသည် ဖြစ်နိုင်လျှင် လွန်ခဲ့သော ညက အိပ်ရေးဝဝ အိပ်ဖြစ်ခဲ့ချင်သည်။ ကြောင့်ကြ စိုးရိမ်စိတ် လုံးဝ မရှိဘဲ စိတ်နှလုံး တည်တည်ငြိမ်ငြိမ် ဖြစ်နေစေချင်သည်။ ယနေ့ တစ်နေ့တာကို အမြန်ဆုံး ကုန်လွန် သွားစေချင်သည်။ သူမ ရေမိုးချိုးပြီး အဝတ်အစား လဲသည်။ စိတ်ရော ကိုယ်ရော ထိုင်းမှိုင်းနေသည်။ စက်ရုပ်သဖွယ် လှုပ်ရှားနေသည်။ ကြည်လင် ရွှင်လန်းမှု ကင်းမဲ့နေသည်။ ယနေ့ တိုက်ပွဲသည် မတိုက်ခင်က အရှုံး ပေါ်နေပြီဟု တွေးလိုက်မိသည်။

တရားရုံးသို့ အနက်ရောင် ဝတ်စုံကို ဝတ်သွားမည်ဟု ဆုံးဖြတ်လိုက်သည်။ သို့သော် တကယ် ဝတ်ဆင်သော အခါတွင်ကား အစိမ်းရောင် ဝတ်စုံကို ရွေးမိလျက်သား ဖြစ်နေသည်။

ရှစ်နာရီခွဲတွင် ဂျင်နီဖာသည် ရာဇဝတ် တရားရုံး အဆောက်အအုံ ရှေ့သို့ ရောက်လာသည်။ မကြာမီ အချိန်ပိုင်း အတွင်း 'နယူးယောက် မြို့သူမြို့သားများနှင့် အေဘရာဟင် ဝီလဆင် အမှု' တွင် သူမသည် တရားခံ အကျိုးဆောင် ရှေ့နေအဖြစ်ဖြင့် ခုခံ လျှောက်လဲရတော့မည်။

တရားရုံး အဝင်ဝတွင် လူအုပ်ကြီးက ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။ မတော်တဆ မှုခင်း တစ်ခုခုများ ဖြစ်နေသလားဟု ဂျင်နီဖာက ရုတ်တရက် တွေးလိုက်မိသည်။ ရုပ်မြင်သံကြား ကင်မရာမင်းများနှင့် မိုက်ကရိုဖုန်းတွေကိုလည်း မြင်လိုက်ရသည်။ သူမက ဘာဖြစ်နေမှန်း ကွဲကွဲပြားပြား မသိရခင်မှာပင် သူမ အနီးသို့ သတင်းထောက်တွေ ဝိုင်းအုံ ရောက်ရှိလာကြသည်။

သတင်းထောက် တစ်ယောက်က မေးလိုက်သည်။

'မစ္စ ပါကာ ခင်ဗျား၊ မိုက်ကယ် မိုရက်တီ အမှုမှာ ခရိုင် အစိုးရ ရှေ့နေကြီးကို ခင်ဗျားက အလဲ ထိုးပြီးတဲ့ နောက်ပိုင်းမှာ ဒီအကြိမ်ဟာ ခင်ဗျား အနေနှင့် တရားရုံးကို ပထမဆုံး အကြိမ် လာရောက်ခြင်းပဲ ဖြစ်ပါတယ်၊ အဲဒါ ဟုတ်ပါသလား ခင်ဗျား'

သည်ကိစ္စနှင့် ပတ်သက်ပြီး ကင် ဘယ်လီက သူမကို ကြိုတင် သတိပေးခဲ့ဖူးသည်။ တကယ့် ပစ်မှတ်မှာ တရားခံ ဝီလဆင် မဟုတ်ဘဲ ဂျင်နီဖာသာ ဖြစ်နေသည်။ သတင်းစာဆရာများသည် သည်အမှုကို စမ္မခိဋ္ဌာန်ကျကျ လေ့လာရန် လာရောက်ကြခြင်း မဟုတ်။ သူတို့က အစာရှာ ထွက်လာသော ကျီးကန်း



mgyoe.com

mgyoe.com SAMPLE BOOK

အုပ်နှင့်သာ တူနေသည်။ ဂျင်နီဖာမှာ သူတို့ အတွက် ခွေးသေကောင်ပုပ် ဖြစ်နေသည်။

ခေါင်းလောင်း ဘောင်းဘီ ဝတ်ထားသော အမျိုးသမီး သတင်းထောက် တစ်ယောက်က မိုက်ကရိုဖုန်းကို ဂျင်နီဖာ၏ ပါးစပ်နားသို့ ထိုးကပ်လိုက်သည်။

'ခရိုင် အစိုးရ ရှေ့နေကြီးက ရှင့်ကို တရားရုံးထဲက မောင်းထုတ်မလို့ ကြိုးစားနေတယ် ဆိုတာ ဟုတ်ပါသလား'

ဂျင်နီဖာက 'ကျွန်မ ဘာမှ မပြောလိုပါဘူး' ဟူ၍ ပြန်ပြောလိုက်ပြီး နောက် တရားရုံး တံခါးဝသို့ သုတ်သုတ်ကလေး လျှောက်လာခဲ့သည်။

'မစ္စ ပါကာကို နယူးယောက် မြို့မှာ ရှေ့နေ လိုက်ခွင့် မပြုဖို့ ကိစ္စနှင့် ပတ်သက်ပြီး ခရိုင် အစိုးရ ရှေ့နေရုံးက မနေ့ညက ပြန်တမ်း တစ်စောင် ထုတ်ပြန်ခဲ့ပါတယ်၊ ဒီကိစ္စနှင့် ပတ်သက်ပြီး မစ္စ ပါကာက ဘာပြောချင်ပါသလဲ' ဟု သတင်းထောက် တစ်ယောက်က အတင်း လိုက်မေးသည်။

'ကျွန်မ ဘာမှ မပြောလိုပါဘူး'

ဂျင်နီဖာသည် တရားရုံး တံခါးဝသို့ ရောက်လာခဲ့သည်။

'မနှစ်တုန်းက တရားသူကြီး ဝေါ့ဒ်မန်းက မစ္စ ပါကာကို ရှေ့နေဖြစ် မှတ်ပုံတင် ရုပ်သိမ်းဖို့ ကြိုးစားခဲ့ပါတယ်၊ ဒီတော့ အဲဒီ အချက်ကြောင့် သူ့ အနေနှင့် ဒီအမှုမှာ သဘာပတိ တရားသူကြီး လုပ်ဖို့ အရည်အချင်း မရှိ..'

သတင်းထောက်၏ မေးခွန်း မဆုံးခင် ဂျင်နီဖာက တရားရုံးထဲ ဝင်ရောက် သွားခဲ့ပြီ ဖြစ်သည်။

အမှုကို တရားရုံး အခန်း အမှတ် ၃၇ တွင် စစ်ဆေးရန် စီစဉ်ထားသည်။ အပြင်ဘက် စင်္ကြံလမ်းတွင် ရုံးခန်းထဲ ဝင်ရန် ကြိုးစားနေကြသူတွေ ရှုပ်ယှက်ခတ် ဖြစ်နေကြသည်။ ရုံးခန်းထဲတွင်လည်း ထိုင်စရာ လုံးဝ မရှိတော့။ ကုလားထိုင် တွေ တစ်လုံး မကျန် လူပြည့်နေကြပြီ ဖြစ်သည်။

အခန်းထဲတွင် စကား ပြောသံများ ဝုန်းဝုန်း ဝုန်းဝုန်းနှင့် ဖြစ်နေသည်။ လူတွေကို ကြည့်ရသည်မှာ ပွဲတော် တစ်ခုသို့ လာရောက်ကြသူတွေနှင့် တူနေသည်။

သူတို့သည် သတင်းစာများတွင် ဟိုးလေးတကျော် ရေးသားခဲ့ကြသော အမျိုးသမီး ရှေ့နေ ပေါက်စကလေးနှင့် နာမည်ကျော် ခရိုင် အစိုးရ ရှေ့နေကြီး



mgyoe.com

mgyoe.com SAMPLE BOOK
တို့၏ အကြိတ်အနယ် စကား စစ်ထိုးပွဲကို မျက်ဝါးထင်ထင် ကြည့်ရှုကြရ တော့မည် ဖြစ်၍ အလွန် စိတ်အား ထက်သန်နေကြဟန် တူသည်။

သတင်းစာဆရာများ အတွက် မူလ စီစဉ်ထားသော ကုလားထိုင်နှင့် မလောက်၍ နောက်ထပ် ကုလားထိုင်များ ချပေးရသည်။

*အစိုးရ ရှေ့နေကြီးကတော့ စံပဲ၊ တော်တော် အကွက် မြင်တဲ့လူ* ဟူ၍ ဂျင်နီဖာက တွေးလိုက်သည်။

အောဘရာဟင် ဝီလဆင်သည် တောင်ကြီး တစ်လုံးပမာ တခြား လူတွေကို စီးမိုးပြီး တရားခံ စားပွဲတွင် ထိုင်နေသည်။ သူသည် နက်ပြာရောင် ကုတ် အင်္ကျီနှင့် ဘောင်းဘီတို့ကို ဝတ်ထားသည်။ ကုတ်အင်္ကျီနှင့် ဘောင်းဘီမှာ သူ့ ကိုယ်လုံးကိုယ်ထည်နှင့် ဆိုလျှင် ကြည့်မကောင်းအောင် ကျပ်စည်းနေသည်။ ရှပ်အင်္ကျီနှင့် လည်စည်းက အဖြူရောင်။ ဂျင်နီဖာ ဝယ်လာပေးတာ ဖြစ်သည်။ အဝတ်အစား ကျကျနန ဝတ်ထားသော်လည်း သူ့အဖို့ ဘာမှ မထူး။ နက်ပြာ ရောင် ဝတ်စုံဖြင့် လူသတ်သမားကြီးမှာ ပို၍ပင် အရုပ် ဆိုးနေသလို ထင်ရ သောကြောင့် ဖြစ်သည်။

*ထောင် အဝတ်အစား ဝတ်လာတာတောင်မှ ပိုကောင်းလိမ့်ဦးမယ်* ဟု တွေးမိပြီး ဂျင်နီဖာမှာ တော်တော်ပင် စိတ်ဓာတ် ကျသွားမိသည်။

ဝီလဆင်သည် မထီမဲ့မြင် အကြည့်မျိုးဖြင့် တရားခွင် တစ်ခုလုံးကို မျက် လုံး ဝေ့ကြည့်လိုက်သည်။ သူနှင့် မျက်လုံးချင်း ဆုံမိသူများကိုလည်း ဒေါသ မျက်လုံးဖြင့် စူးစူးဝါးဝါး စိုက်ကြည့်သည်။

ဂျင်နီဖာက သူမ၏ အမှုသည် ဝီလဆင်သည် ကြောက်စိတ်ကို ဖုံးလို သောကြောင့် ဒေါသ လက္ခဏာများကို ပြနေခြင်း ဖြစ်ကြောင်း ကောင်းစွာ သဘောပေါက်မိသည်။ သို့သော် သူ့မျက်နှာပေါ်မှ ဒေါသရိပ်နှင့် ရန်လိုသော လက္ခဏာများကို မြင်ရသော အခါ တရားသူကြီးနှင့် ဂျူရီ လူကြီးတွေ အပါ အဝင် လူတိုင်းကပင် သူ့ကို တစ်စက်ကလေးမျှ မေတ္တာ ထားနိုင်ကြမည် မဟုတ် သည်မှာ အထူး ပြောစရာ မလို။ ဝီလဆင်ကား လူရိုင်း လူကြမ်းကြီး တစ် ယောက်။

သူ့မျက်နှာကို မြင်ရလျှင် တရားသူကြီးနှင့် ဂျူရီ လူကြီးတွေက ကျော စိမ့်အောင် ကြောက်လန့်မိကြမည်မှာ သေချာသည်။


mgyoe.com

mgyoe.com SAMPLE BOOK

တစ်ချိန်တည်းတွင် လျှပ်စစ် ကုလားထိုင်ပေါ် တင်ပြီး သေဒဏ် ပေးပစ်ချင်စိတ် ဖြစ်ပေါ်မိကြမည်မှာလည်း သေချာပါသည်။

ဝီလဆင်၏ တစ်ကိုယ်လုံးတွင် ချစ်စရာ ဆို၍ တစ်ကွက်မျှ မမြင်ရ။ သနားစရာ ဆို၍ တစ်ကွက်မျှ မရှိ။ အမာရွတ်ကြီးနှင့် မျက်နှာ၊ ကျိုးနေသော နှာခေါင်း၊ သွား မရှိသော ပါးစပ်၊ ဆင်ပေါက်လောက် ရှိသော အတ္တဘောကြီးတို့၏ ပိုင်ရှင် ဤလူသားကို လူသား တစ်ယောက် ဟူ၍ မြင်ကြမည် မဟုတ်၊ ကြောက်စရာ ကောင်းသော သားရဲတိရစ္ဆာန် တစ်ကောင်လို မြင်ပြီး ကြောက်လန့်စိတ်သာ ဖြစ်ပေါ်မိကြမည် ဖြစ်သည်။

ဂျင်နီဖာသည် ဝီလဆင် ထိုင်နေသော တရားခံ စားပွဲနားသို့ လျှောက်သွားကာ ဝီလဆင်နှင့် ကပ်လျက် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

'မင်္ဂလာ နံနက်ပါ အဘောရာဟင်'

သူက ဂျင်နီဖာကို လှည့်ကြည့်ပြီး

'ငါက မင်း လာမယ် မထင်ဘူး'

ဂျင်နီဖာက သူမ၏ အိပ်မက်ကို သွားပြီး သတိရမိသည်။ သူမက သူ၏ မျက်လုံး ကျဉ်းကျဉ်း သေးသေးကလေးများကို စိုက်ကြည့်ရင်း ပြောလိုက်သည်။

'ကျွန်မ လာကို လာမယ် ဆိုတာ ရှင် သိပါတယ်'

သူက ပခုံးကို တွန့်လိုက်သည်။

'ဘာမှ မထူးပါဘူး၊ သူတို့က ငါ့ကို ဖမ်းတယ်၊ လူသတ်မှုနှင့် တရားစွဲတယ်၊ နောက်ပြီး ငါ့ကို ဆီအိုးထဲ ထည့်ကြော်နိုင်အောင် ဥပဒေ ပြဋ္ဌာန်းမယ်၊ ဒါ တရား စီရင်တာလား၊ တရား စီရင်တာ မဟုတ်ဘူး၊ ဒါ ပြပွဲ၊ သူတို့ နာမည် ကြီးအောင် လုပ်တဲ့ ပြပွဲ၊ ဒီတော့ မင်းလည်း နာမည် ကြီးပါစေလို့ ငါ ဆုတောင်းတယ်'

အစိုးရ ရှေ့နေ စားပွဲဘက်တွင် လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ ဂျင်နီဖာက လှမ်းကြည့်လိုက်သည်။ ခရိုင် အစိုးရ ရှေ့နေကြီး ဒီဆီးလဗားသည် လက်ထောက် ရှေ့နေတွေ ဝိုင်းရံပြီး အခန့်သား ထိုင်နေသည်။ သူက ဂျင်နီဖာဘက် လှည့်ပြီး ပြုံးပြသည်။ ဂျင်နီဖာ၏ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။

'အားလုံး မတ်တတ် ရပ်ကြပါ ခင်ဗျား'

တရားရုံး အရာရှိ၏ အသံ။ တရားသူကြီး လောရင့် ဝေါ့ဒ်မန်း တရားခွင်သို့ ဝင်လာသည်။ တရားရုံး အရာရှိ၏ အသံ ပေါ်လာပြန်သည်။



mgyoe.com

mgyoe.com
SAMPLE BOOK

'အားလုံး နားထောင်ကြပါ၊ အားလုံး နားထောင်ကြပါ၊ တရားရုံး အခန်း အမှတ် ၃၇ အတွင်းရှိ လူထု ပရိသတ် အားလုံး ဂရုစိုက်ပြီး နားထောင်ကြပါ၊ အခု စစ်ဆေးမယ့် အမှုမှာ တရားသူကြီးမင်း မစ္စတာ လောရင့် ဝေါ့ဒ်မန်းက သဘာပတိ တရားသူကြီး အဖြစ် ဆောင်ရွက်ပါလိမ့်မယ် ခင်ဗျား'

နေရာမှ မတ်တတ် ထရပ်ရန် ငြင်းဆန်သူမှာ အေဘရာဟင် ဝီလဆင် တစ်ယောက်သာ ရှိသည်။

ဂျင်နီဖာက လေသံဖြင့် တိုးတိုးကလေး ပြောလိုက်သည်။

'ထရပ်ပါ၊ ထရပ်ပါ'

'မရပ်ဘူး၊ အလကား ခွေးမသားတွေ၊ သူတို့ ငါ့ကို လာပြီး ဆွဲထုတ်ချင် ထုတ်ပါစေ'

ဂျင်နီဖာက ဝီလဆင်၏ လက်မောင်းကြီးကို ဆုပ်ကိုင်လိုက်သည်။

'ထပါ အေဘရာဟင်၊ ကျွန်မတို့က သူတို့ကို အနိုင် ရတော့မှာပဲ ဥစ္စာ'

သူက သူမကို အတော်ကြာ စိုက်ကြည့်နေသည်။ ပြီးတော့မှ မထချင် ထချင်ဖြင့် သူမ၏ ဘေးတွင် စီးမိုးပြီး ရပ်လိုက်သည်။

တရားသူကြီး ဝေါ့ဒ်မန်းက သူ့စားပွဲတွင် ထိုင်လိုက်သည်။ ပရိသတ် အားလုံးလည်း ကိုယ့်နေရာကိုယ် ပြန်ထိုင်ကြသည်။ တရားရုံး အရာရှိက အမှုတွဲ မှတ်တမ်း စာအုပ်ကို တရားသူကြီး လက်သို့ ကမ်းပေးလိုက်သည်။

'ရေမွှန် သော့ပ်အား သတ်မှုဖြင့် တရားစွဲဆိုခြင်း ခံရသော အေဘရာဟင် ဝီလဆင်အား 'နယူးယောက် မြို့သူမြို့သားများက ရုံးတင် စစ်ဆေးသော အမှု'

ဂျူရီ အဖွဲ့ဝင် အားလုံးလိုလိုပင် လူမည်းများသာ ဖြစ်လိမ့်မည်ဟု ဂျင်နီဖာက တွေးရိုးတွေးစဉ် တွေးခဲ့မိသည်။ သို့သော် တခြား တစ်ဖက်က တွေးကြည့်ပြန် တော့လည်း ယင်းသို့ လုံးဝ မဖြစ်နိုင်ဟု တွေးမိပြန်သည်။ အဘယ်ကြောင့် ဆိုသော် အဓိက အကြောင်းရင်းမှာ တရားခံသည် အေဘရာဟင် ဝီလဆင် ဖြစ်နေသောကြောင့်ပင်။

ဝီလဆင်သည်လည်း လူမည်း အမျိုးသားပင် ဖြစ်သည်။ သို့သော် သူသည် တခြားသော လူမည်း အမျိုးသားများနှင့် မတူ။ သူသည် အပယ်ခံ လူမည်း အမျိုးသား၊ လူသတ်သမား၊ ကိုယ့်လူမျိုးကို ကိုယ် သိက္ခာ ချသူ။ ထို့ကြောင့် သူ့ကို လူမည်း အမျိုးသား အားလုံးကပင် မုန်းတီးကြသည်။


mgyoe.com

mgyoe.com SAMPLE BOOK

အကယ်၍ လူဖြူများအား ဂျူရီ လူကြီးများ အဖြစ် မရွေးချယ်ဘဲ လူမည်းများကိုသာ ရွေးချယ်ခဲ့မည် ဆိုပါက ဝီလဆင် အပေါ်တွင် လူမည်းများက လူဖြူများထက် ရက်ရက်စက်စက် ပြစ်ဒဏ် ပေးကြလိမ့်မည် ဖြစ်သည်။ ထို့ကြောင့် သည်ကိစ္စတွင် ဂျင်နီဖာ အနေဖြင့် ဂျူရီ အဖွဲ့ဝင်တွင် အာဃာတ ကြီးသော၊ အကြင်နာ တရား မဲ့သော ပုဂ္ဂိုလ်များ မပါဝင်စေရန် တတ်နိုင်သမျှ ကြိုးစားဖို့ ရှိတော့သည်။ သို့သော် ယင်းပုဂ္ဂိုလ်များမှာ အပြင်ပန်းအားဖြင့် မခုတ်တတ်သော ကြောင်လို ဣန္ဒြေသမွတ္တိတွေ တစ်ခွဲသားဖြင့် ရှိနေသောကြောင့် သည်ကိစ္စကို ကိုင်တွယ်ရသည်မှာ မလွယ်လှပါ။

ဂျူရီ လူကြီးများအား သတ်မှတ်ထားသော စည်းကမ်း ဥပဒေနှင့် အညီ ရွေးချယ်ခြင်း ရှိ မရှိ စစ်မေးရာတွင် ခရိုင် အစိုးရ ရှေ့နေကြီး၏ စစ်မေးချက်များသည် ကျွမ်းကျင် ပါးနပ် ချောမွတ် ပြေပြစ်လှသလောက် ဂျင်နီဖာ၏ စစ်မေးချက်များမှာမူ ကချွတ်ကချော်နှင့် အိုးနင်းခွက်နင်း ဖြစ်နေသည်။

ခရိုင် အစိုးရ ရှေ့နေကြီးမှာ အတွေ့အကြုံ ရင့်ကျက်သည်နှင့်အမျှ ဂျူရီ လူကြီးများနှင့် ပြောဆို ဆက်ဆံရာတွင် အကွက် စေ့လှသည်။

ဂျူရီ လူကြီးတွေ ကျေနပ်အောင် ဘယ်လို ဆက်ဆံရမည်၊ ၎င်းတို့အား မိမိ လိုချင်သလို ကြိုးဆွဲနိုင်အောင် ဘယ်လို စည်းရုံးရမည် စသည့် နည်းဗျူဟာများကို ခရိုင် အစိုးရ ရှေ့နေကြီးက အရည်ကျို သောက်ထားပြီး ဖြစ်သည်။

*အင်း သူကတော့ တကယ့် သရုပ်ဆောင် ကောင်းတဲ့ ဇာတ်လိုက် မင်းသားပဲ* ဟူ၍ ဂျင်နီဖာက တွေးလိုက်မိသည်။

တကယ်တော့ သည်အမှု စစ်ဆေးပွဲကို ခရိုင် အစိုးရ ရှေ့နေကြီးက ကြိုတင် ဇာတ်တိုက်၍ အကွက် ဆင်ထားပြီး ဖြစ်သည်။ ဂျူရီ လူကြီး ရွေးချယ်ခြင်း တရား မျှတမှု ရှိ မရှိ ဂျင်နီဖာက စစ်မေးပြီးနောက် ခြေကုန်လက်ပန်း ကျနေချိန်တွင်မှ ခရိုင် အစိုးရ ရှေ့နေကြီးက စစ်မေးသည်။ ဘာကြောင့် သူ သည်လို လုပ်ကြောင်း ဂျင်နီဖာ အနေဖြင့် မစဉ်းစားတတ်အောင် ဖြစ်မိသည်။ နောက်တော့မှ သူမက အဖြေမှန်ကို သိခဲ့ရသည်။ သို့သော် သူမ အနေဖြင့် နောက်ကျသွားခဲ့ပြီ။ စင်စစ် ခရိုင် အစိုးရ ရှေ့နေကြီးက သူမအား တစ်ပတ်ရိုက်ပြီး ပညာ ပြသွားခြင်း ဖြစ်သည်။



mgyoe.com

mgyoe.com
SAMPLE BOOK

ဂျူရီ လူကြီး အားလုံးပင် သူ စိတ်ကြိုက် ရွေးထားသော သူ့လူတွေချည်း ဖြစ်နေသည်။ သည်အချိန်ကျမှတော့ သူမ အနေဖြင့် ဘာမှ မတတ်နိုင်တော့။ ဒီဆီးလဗားကား သူမအား အလဲ ထိုးသွားခဲ့ပြီ ဖြစ်သည်။

ရောဘတ် ဒီဆီးလဗားသည် ထိုင်ရာမှ ထရပ်လိုက်သည်။ သူက တရားသူကြီး ကို လှမ်းကြည့်လိုက်သည်။

'သဘာပတိ တရားသူကြီးမင်းရဲ့ ခွင့်ပြုချက် အရ' သူက ဂျူရီ လူကြီး များဘက်သို့ လှည့်လိုက်ပြီး 'ကျွန်တော် ပထမဦးဆုံး အစီရင်ခံလိုတာကတော့ ဂျူရီ လူကြီးများ အနေနှင့် မိမိတို့ရဲ့ အဖိုးတန်လှတဲ့ အချိန်တွေကို အကုန်ခံပြီး အခုလို ဒီအမှုစစ်ပွဲမှာ ကြွရောက် ချီးမြှင့် ကူညီကြတဲ့ အတွက် ကျွန်တော် အနေနှင့် အလွန့် အလွန် ကျေးဇူးတင်ရှိပါတယ် ဆိုတာကို လှိုက်လှိုက်လှဲလှဲ ပြောလိုပါတယ် ခင်ဗျား'

သူက ပျားရည် လူးထားသော မျက်နှာပေးဖြင့် ဆက်ပြောသည်။

'ဂျူရီ လူကြီး တာဝန်ကို ထမ်းဆောင်ရခြင်းကြောင့် လူကြီးမင်းများ အဖို့ အများကြီး လစ်ဟင်း ဆုံးရှုံးမှုတွေ ရှိနိုင်တယ် ဆိုတာကို ကျွန်တော် ကိုယ် ချင်းစာပြီး သဘောပေါက်မိပါတယ်၊ လူကြီးမင်းတို့ အနေနှင့် မိမိတို့ ဆိုင်ရာ ဆိုင်ရာ အလုပ် တာဝန်တွေကို ဘေးဖယ်ထားခဲ့ပြီးတော့ မိသားစု အတွက် အရေးကြီးတဲ့ တာဝန် ဝတ္တရားတွေကို ပစ်ထားခဲ့ပြီးတော့ အခုလို တရားရုံး ကို ကြွရောက်လာကြရတာဟာ စွန့်လွှတ်မှုကြီး တစ်ရပ်ပဲ ဖြစ်ပါတယ် ခင်ဗျား'

*အင်း သူကတော့ တကယ် လုပ်နေပြီ၊ သူ့ကိုယ်သူ ဂျူရီ လူကြီး တစ် ယောက်ပုံမျိုး ရောက်အောင် အကွက် ဆင်သွားပြီ* ဟု ဂျင်နီဖာက တွေးလိုက် မိသည်။

'ဒါကြောင့်မို့လို့ လူကြီးမင်းတို့ အတွက် အလဟဿ အချိန် မကုန် ရအောင် ဒီနေ့ တရား စစ်ဆေးပွဲကို မြန်နိုင်သမျှ မြန်မြန် ပြီးပြတ်နိုင်ဖို့ အတွက် ကျွန်တော့် အနေနှင့် တိုတိုနှင့် လိုရင်းကိုပဲ အစီရင်ခံပါ့မယ် ခင်ဗျား။

'တကယ်တော့ ဒီအမှုဟာ ဘာမှ မဆန်းပါဘူး၊ အင်မတန် ရှင်းနေတဲ့ အမှုပါ၊ ဒီလို ရှင်းနေတာကလည်း တရားခံ ကိုယ်တိုင်ကြောင့်ပဲ ဖြစ်ပါတယ်၊ အခု ဟိုမှာ တရားခံ အေဘရာဟင် ဝီလဆင် ထိုင်နေပါတယ်၊ တရားခံဟာ ဆင်ဆင် ထောင်ထဲမှာ ဘဝတူ ထောင်သား တစ်ယောက် ဖြစ်တဲ့ ရေမွန်

mgyoe.com

mgyoe.com SAMPLE BOOK

သော့ပ် ဆိုသူကို သတ်မှုနှင့် နယူးယောက် မြို့သူမြို့သားတွေက တရား စွဲဆို ခြင်း ခံရသူ ဖြစ်ပါတယ်၊ ဒီအမှုကို သူ ကျူးလွန်ကြောင်း သံသယ ဖြစ်စရာ လုံးဝ မရှိပါဘူး၊ သူကိုယ်တိုင်ကလည်း ဖြောင့်ချက် ပေးထားပြီးပါပြီ၊ တရားခံ မစွတာ ဝီလဆင်ဘက်က အကျိုးဆောင် ရှေ့နေက ထုချေ လျှောက်လဲမှာ ဖြစ်ပါတယ်'

ခရိုင် အစိုးရ ရှေ့နေကြီးက အောဘရာဟင် ဝီလဆင်ဘက်သို့ လှည့်ကြည့် လိုက်သည်။ ဂျူရီ လူကြီးတွေ၏ မျက်လုံးများကလည်း ဝီလဆင်ဆီသို့ အလို အလျောက် ရောက်သွားကြသည်။ ဂျူရီ လူကြီးများ၏ မျက်နှာ အမူအရာ ချက်ချင်း ပြောင်းလဲသွားသည်ကို ဂျင်နီဖာက သတိပြုမိလိုက်သည်။

သူမသည် ရောဘတ် ဒီဆီးလဗား၏ စကားကိုသာ ဂရုစိုက်ပြီး နားစွင့် နေလိုက်သည်။

'လွန်ခဲ့တဲ့ နှစ်ပေါင်း တော်တော် ကြာကြာတုန်းက လူကြီးမင်းများလိုပဲ ဂျူရီ လူကြီး ၁၂ ယောက်တို့ဟာ အောဘရာဟင် ဝီလဆင်ကို ထောင်ဒဏ် အပြစ်ပေးဖို့ ဆုံးဖြတ်ခဲ့ကြဖူးပါတယ်၊ အဲဒီတုန်းက သူ ကျူးလွန်ခဲ့တဲ့ ပြစ်မှု အကြောင်းကို တရားရုံး စည်းကမ်း အရ ထုတ်ဖော် ပြောပြခွင့် မရှိတာကြောင့် အခု အချိန်မှာ ကျွန်တော့် အနေနှင့် ပြန်လည် ပြောပြလို့ မဖြစ်နိုင်ပါဘူး၊ အဲဒီ တုန်းက အောဘရာဟင် ဝီလဆင်ကို အကျဉ်းထောင် အချုပ်ခန်းထဲမှာ ပိတ် လှောင်ထားလိုက်ခြင်းသာသည်လျှင် သူ့အနေနှင့် နောက်ထပ် ပြစ်မှုတွေ ဆက် တိုက် မကျူးလွန်နိုင်အောင် တားဆီးရာ ရောက်လိမ့်မယ်လို့ ဂျူရီ လူကြီးတွေ က ရိုးသားစွာ စဉ်းစား ဆုံးဖြတ်ခဲ့ကြတယ် ဆိုတာကိုတော့ ကျွန်တော် သေသေ ချာချာ ပြောနိုင်ပါတယ်၊ သို့ပေမဲ့ ဝမ်းနည်းစရာ ကောင်းတာကတော့ ဂျူရီ လူကြီးတွေရဲ့ စေတနာဟာ ဝေဒနာ ဖြစ်သွားခဲ့ရတဲ့ အချက်ပါပဲ၊ ဘာကြောင့်လဲ ဆိုတော့ အောဘရာဟင် ဝီလဆင်ဟာ အကျဉ်းထောင်ထဲမှာ အချုပ် ခံနေရတဲ့ အထဲကတောင်မှ သူ့ရဲ့ ပင်ကို သဘာဝအတိုင်း သွေးဆာလာတာကို ဖြေသိမ့် နိုင်ဖို့ အတွက် ဘဝတူ အကျဉ်းသား တစ်ယောက်ကို ပွဲချင်းပြီး သေဆုံးသွား အောင် ရိုက်သတ်ခဲ့တဲ့ အတွက်ပဲ ဖြစ်ပါတယ်။

'နောက်ပိတ်ဆုံး ကျွန်တော်တို့ အခု နားလည်လာတာကတော့ အောဘရာ ဟင် ဝီလဆင်ကို နောက်ထပ် လူသတ်မှု မကျူးလွန်အောင် တားဆီးနိုင်တဲ့ နည်းဟာ တစ်နည်းပဲ ရှိတော့တယ် ဆိုတာပါပဲ၊ အဲဒီ နည်းကတော့ တခြား မဟုတ်ပါဘူး၊ သူ့ကို ပြစ်မှု အလျောက် သေစား သေစေ သတ်ပစ်လိုက်တဲ့

mgyoe.com

mgyoe.com SAMPLE BOOK

နည်းပဲ ဖြစ်ပါတယ်၊ ဒီလို လုပ်ခြင်းအားဖြင့် သေဆုံးသွားသူ ရေမွန် သော့ပ် ဟာ အသက် ပြန်ပြီးတော့ မရှင်လာနိုင်တော့တာကတော့ အမှန်ပါပဲ၊ ဒါပေမဲ့ တရားခံကို ဒီအတိုင်း လွှတ်ထားခဲ့ရင် နောက်ထပ် လူသတ်မှုတွေ ဆက်လက် ကျူးလွန်ဦးမှာမို့ သူ့ကို သေဒဏ် ပေးခြင်းအားဖြင့် အဲဒီ ပုဂ္ဂိုလ်တွေရဲ့ အသက် ကို ကြိုတင် ကာကွယ်ရာ ရောက်ကြောင်း ကျွန်တော့် အနေနှင့် လေးလေး နက်နက် ယုံကြည်မိပါတယ်'

ဒီဆီးလဗားသည် ဂျူရီ လူကြီးတွေ ထိုင်နေသော စားပွဲ အနီးသို့ လျှောက် သွားပြီး တစ်ယောက်စီ၏ မျက်နှာကို အကဲခတ် ကြည့်လိုက်သည်။ ထို့နောက် ဆက်ပြောသည်။

'ဒီအမှုကို စစ်ဆေးရာမှာ အချိန် ကုန်စရာ မရှိတဲ့ အကြောင်း လူကြီးမင်း များကို စောစောက ကျွန်တော် အစီရင်ခံခဲ့ပါတယ်၊ အဲဒီလို ဘာကြောင့် ပြောရ သလဲ ဆိုရင်တော့ ဟောဟိုမှာ ထိုင်နေတဲ့ တရားခံ အေဘရာဟင် ဝီလဆင်ဟာ လူတစ်ယောက်ကို သွေးအေးအေးနှင့် အသေ သတ်ခဲ့တဲ့ အတွက်ကြောင့်ပဲ ဖြစ်ပါတယ်၊ သူ သတ်ခဲ့တာ မှန်ပါတယ် ဆိုတာကို သူကိုယ်တိုင်လည်း ဝန်ခံ ခဲ့ပါတယ်၊ အကယ်၍ သူက ဝန်မခံခဲ့သည့်တိုင် သူ သွေးအေးအေးနှင့် သတ် ခဲ့တာကို မျက်စိနှင့် တပ်အပ် မြင်ခဲ့တဲ့ မျက်မြင် သက်သေတွေလည်း အများ ကြီး ရှိပါတယ်၊ မျက်မြင် သက်သေပေါင်း တစ်ရာကျော် အထိ ရှိပါတယ်။

'အဲဒီတော့ သွေးအေးအေးနှင့် ဆိုတဲ့ စကားကို ကျွန်တော်တို့ လေ့လာ ဆန်းစစ်ဖို့ လိုအပ်လာပါတယ်၊ မည်သည့် အကြောင်းကြောင့်ပဲ လူသတ်မှု ကျူးလွန် ကျူးလွန် ကျွန်တော်တို့ အနေနှင့် ခွင့်လွှတ်နိုင်စရာ အကြောင်း မရှိ ပါဘူး၊ သို့သော်လည်း တစ်ခါတလေမှာ ကျွန်တော်တို့ အားလုံး နားလည် ခံစားနိုင်တဲ့ အကြောင်း တစ်ခုခုကြောင့် လူသတ်မှု ကျူးလွန်တဲ့ အဖြစ်မျိုး တွေလည်း ရှိတတ်ပါတယ်၊ ဥပမာ ဆိုကြပါစို့၊ သေနိုင်လောက်တဲ့ လက်နက် တစ်စုံတစ်ရာ ကိုင်ထားတဲ့ လူတစ်ယောက်က ကျွန်တော်တို့ရဲ့ မိသားစုဝင် တစ်ဦးဦး သားသမီးကလေးတွေကိုပဲ ဖြစ်ဖြစ် ဇနီးမယားကိုပဲ ဖြစ်ဖြစ် ဒါမှ မဟုတ် လင်ယောကျ်ားကိုပဲ ဖြစ်ဖြစ် အန္တရာယ်ပြုလာတဲ့ အခါမျိုးတွေ ရှိပါ တယ်၊ အဲဒီလို အဖြစ်မျိုး ကြုံလာရလျှင် ကျွန်တော်တို့မှာ သေနတ်လည်း ရှိနေ မယ် ဆိုရင် ကျွန်တော်တို့ရဲ့ ချစ်လှစွာသော သားသမီး ဇနီးမယားနှင့် လင် ယောကျ်ားတွေရဲ့ အသက်ကို ကာကွယ်တဲ့ အနေနှင့် အဲဒီ အန္တရာယ် ပြုလာတဲ့ လူကို ပစ်သတ်မိကောင်း ပစ်သတ်မိပါလိမ့်မယ်၊ ဒီအဖြစ်မျိုးကို ကျွန်တော်တို့



mgyoe.com

mgyoe.com SAMPLE BOOK

အနေနှင့် ခွင့်မလွှတ်နိုင်သော်လည်း ဖြစ်ရပ်ရဲ့ သဘောသကန်ကို ကျွန်တော်တို့ အားလုံး သဘောပေါက် နားလည်ကြတာကတော့ အမှန်ပါပဲ။

'နောက်ထပ် ဥပမာ တစ်ခု တင်ပြပါရစေ၊ သန်းခေါင်ယံ အချိန်မှာ ကျူးကျော် ဝင်ရောက်လာသူ တစ်ဦးက ကျွန်တော်တို့ရဲ့ အသက်ကို အန္တရာယ်ပြုရန် ကြိုးစားလာတဲ့ အခါမျိုးမှာ မိမိ အသက်ကို ကာကွယ်တဲ့ အနေနှင့် အဲဒီလူကို ကျွန်တော်တို့က သတ်ပစ်လိုက်တယ်၊ ဒီနေရာမှာလည်း ဒီလို ဘာကြောင့် ဖြစ်ရတယ် ဆိုတာကို ကျွန်တော်တို့ အားလုံး နားလည် သဘောပေါက်ကြပါတယ်၊ ဒီတော့ အဲဒီလို သတ်လိုက်မိတဲ့ အတွက် ကျွန်တော်တို့ဟာ ရာဇဝတ်ကောင်တွေ ဖြစ်သွားရောလား၊ လူဆိုးတွေ ဖြစ်သွားရောလား၊ ဒီလို မယူဆသင့်ပါဘူး၊ ဒါဟာ အခြေအနေ အရ မလုပ် မဖြစ်တဲ့ မရှောင်သာတဲ့ အလုပ်တစ်ခုကို ကျွန်တော်တို့ လုပ်လိုက်ခြင်းသာ ဖြစ်ပါတယ်။

'သို့သော် *သွေးအေးအေးနှင့် သတ်တဲ့ လူသတ်မှု* ကတော့ အဲဒီလို မဟုတ်ပါဘူး၊ အဲဒီလို ယူဆလို့ မရပါဘူး၊ သူ့ကို အဓိပ္ပာယ် တစ်မျိုး ဖွင့်ဆိုရမှာ ဖြစ်ပါတယ်၊ လူသား တစ်ယောက်က အခြား လူသား တစ်ယောက်၏ အသက်ကို ငွေကြောင့်သော် လည်းကောင်း မူးယစ်ဆေးဝါးကြောင့်သော် လည်းကောင်း အဆုံးစွန် လူသတ်ရတာကို အလိုလို သွေးက ကြိုက်နေတဲ့ အတွက် ကြောင့်သော် လည်းကောင်း သတ်ခြင်းဟာ *သွေးအေးအေးနှင့် သတ်တဲ့ လူသတ်မှု* ပဲ ဖြစ်ပါတယ်၊ ဒီလို လူသတ်မှုမျိုးမှာ လူသတ်မှု ကျူးလွန်သူ အနေနှင့် လုံလောက်တဲ့ စိတ်စေတနာ ခံစားချက် အကြောင်းပြစရာ တစ်စုံတစ်ရာ မရှိတဲ့ အတွက် သူ့ကို ခွင့်လွှတ်နိုင်စရာ လုံးဝ မရှိပါဘူး'

အစိုးရ ရှေ့နေကြီး ဒီဆီးလဗား သည် စကား ပရိယာယ် ကြွယ်ကြွယ်ဖြင့် ဂျူရီ လူကြီးများကို စည်းရုံးနေကြောင်း သိသာလှသည်။

ဂျင်နီဖာက ဂျူရီ လူကြီးများ၏ မျက်နှာကို အကဲခတ် ကြည့်လိုက်သည်။ သူတို့ အားလုံး ဒီဆီးလဗားဘက်တွင် ရှိနေကြောင်း အထူး ပြောစရာ မလို။ သူတို့၏ အမူအရာတွေက သိသိသာသာ ထောက်ခံနေကြသည်။ ဒီဆီးလဗား ပြောသမျှကို သူတို့ အားလုံးက သဘော တူနေကြပြီ။ သူတို့က ခေါင်းကို ခါယမ်းကြသည်။ ခေါင်း တညိတ်ညိတ် လုပ်ကြသည်။ မျက်နှာကြီးတွေ ရှုံ့မဲ့သွားကြသည်။ နောက်ဆုံး လက်ခုပ် မတီးရုံ တစ်မည်သာ ကျန်တော့သည်။

တကယ်တော့ သည်အမှုစစ်ပွဲတွင် ခရိုင် အစိုးရ ရှေ့နေကြီး ဒီဆီးလဗားက တီးဝိုင်း ခေါင်းဆောင် ဖြစ်ပြီး ဂျူရီ လူကြီးတွေက ဝိုင်းတော်သူ ဝိုင်း



mgyoe.com

mgyoe.com SAMPLE BOOK

တော်သားများ ဖြစ်နေကြသည်။ သည်ဖြစ်ရပ်မျိုးကို ဂျင်နီဖာ အနေဖြင့် သည် တစ်ကြိမ်သာ မြင်ဖူးသေးသည်။ ဒီဆီးလဗားက အေဘရာဟင် ဝီလဆင်၏ နာမည်ကို ပြောလိုက်တိုင်း ပြောလိုက်တိုင်း ဂျူရီ လူကြီးတွေက သူ့ဆီသို့ အလိုအလျောက် မျက်လုံး ရောက်သွားကြသည်ချည်း ဖြစ်သည်။ ဂျင်နီဖာက ဝီလဆင်အား အမှု စစ်နေစဉ် ဂျူရီ လူကြီးတွေဘက်သို့ လုံးဝ လှည့်မကြည့်ရန် ကြိုတင် သတိပေးထားခဲ့သည်။ သူ့မျက်နှာတွင် ဒေါသရိပ်တွေ အမြဲတမ်း ထင်ရှားစွာ ပေါ်လွင်နေသောကြောင့် ဂျူရီ လူကြီးတွေကို မကြည့်ဘဲ တခြား တစ်နေရာသို့ မျက်နှာ လွှဲနေရန် ဂျင်နီဖာက ဝီလဆင်အား ဇာတ်တိုက်သလို တိုက်ပြီး အကြိမ်ကြိမ် ပြောကြားထားခဲ့သည်။

သို့သော် ယခု တရားခွင်သို့ လက်တွေ့ ရောက်လာတော့ ဝီလဆင်က ဂျင်နီဖာ၏ စကားကို လုံးဝ ဂရုမစိုက်ဘဲ ဂျူရီ လူကြီးတွေကိုသာ စူးစူး ဝါးဝါး မျက်နှာထားကြီးဖြင့် ပြန်လည် ကြည့်ရှုနေတော့သည်။ သူ့မျက်လုံး များမှ ဒေါသငွေ့များ အလိပ်လိပ် ထွက်နေသလိုပင် ထင်ရသည်။

ဂျင်နီဖာက လေသံဖြင့် ပြောလိုက်သည်။

'အေဘရာဟင် သတိထားပါ၊ ကျွန်မ ပြောထားတာ သတိရပါ'

သူက လှည့်၍ပင် မကြည့်။ ခရိုင် အစိုးရ ရှေ့နေကြီးက သူ၏ လျှောက်လဲချက်ကို နိဂုံးချုပ်လိုက်သည်။

'အဲဒီတော့ ကျွန်တော့် အနေနှင့် တိုတိုနှင့်ပဲ နိဂုံးချုပ်ပါ့မယ်၊ သမ္မာ ကျမ်းစာထဲမှာ မျက်လုံး တစ်လုံး အတွက် မျက်လုံး တစ်လုံး သွား တစ်ချောင်း အတွက် သွား တစ်ချောင်း ဆိုပြီး ဖော်ပြထားတာ ရှိပါတယ်၊ ဒါဟာ လက် စားချေတဲ့ သဘောပဲ ဖြစ်ပါတယ်၊ အခု အမှုမှာတော့ နိုင်ငံတော်က တရားလို တစ်ယောက် အနေနှင့် လက်စား ပြန်ချေဖို့ကိုလည်း မလိုလားပါဘူး၊ တောင်း လည်း မတောင်းဆိုပါဘူး၊ တောင်းဆိုလိုတာကတော့ တရား မျှတမှုကိုပဲ ဖြစ် ပါတယ်၊ တရားခံ အေဘရာဟင် ဝီလဆင်က *သွေးအေးအေးနှင့်* သတ်တာကို ခံသွားရတဲ့ သနားစရာ လူသား တစ်ယောက် အတွက် တရား မျှတမှုကိုပဲ နိုင်ငံတော်က တောင်းဆိုလိုခြင်း ဖြစ်ပါတယ် ခင်ဗျား၊ အားလုံးကို ကျေးဇူး တင်ပါတယ် ခင်ဗျား'

ခရိုင် အစိုးရ ရှေ့နေကြီးက ကုလားထိုင်တွင် ပြန်ထိုင်လိုက်သည်။

တရားခံ အကျိုးဆောင် ရှေ့နေ ဂျင်နီဖာက ထိုင်ရာမှ ထလိုက်သည်။ ဂျူရီ လူကြီးတွေ အားလုံးက သူမအား မနှစ်မြို့သော အမူအရာဖြင့် စူးစူးဝါးဝါး

mgyoe.com

mgyoe.com SAMPLE BOOK

ကြည့်နေကြကြောင်း သူမ သတိပြုမိသည်။ ရှေ့နေတွေက ဂျူရီ လူကြီးများ၏ အတွင်းစိတ်ကို သိအောင် ဘယ်လို အကဲခတ်ရမည် ဆိုသည့် အကြောင်းများကို ရေးသားထားသော စာအုပ်များကို သူမ ဖတ်ဖူးပါသည်။ သို့သော် ယခုတော့ အကဲခတ်စရာပင် မလိုတော့ပါ။ သူတို့၏ မျက်နှာ အမူအရာတွေက သူတို့၏ အတွင်းစိတ်ကို ထင်ထင်ရှားရှားကြီး ဖော်ပြနေကြပြီး ဖြစ်သည်။ သူတို့သည် တရားခံအား အမှု မစစ်ဆေးခင်ကပင် အပြစ် ပေးထားကြပြီး ဖြစ်သည်။ သူတို့၏ မိတ်ဆွေကြီး ဒီဆီးလဗား ပြောသွားသလို သူတို့၏ အဖိုးတန်လှသော အချိန်တွေကို အလဟဿ ဖြုန်းနေသော ဂျင်နီဖာ အပေါ်တွင် သူတို့က မကျေနပ်ကြတော့၊ စိတ်မရှည်ကြတော့။ ဂျင်နီဖာနှင့် အေဘရာဟင် ဝီလဆင်တို့သည် သူတို့၏ ရန်သူ အဖြစ်သို့ အလိုအလျောက် ရောက်ရှိသွားကြပြီ။

ဂျင်နီဖာက သက်မ တစ်ချက် ချလိုက်ပြီးနောက် 'သဘာပတိ တရားသူကြီးမင်း ရှင့်' သူမက ဂျူရီ လူကြီးများဘက်သို့ ပြန်လှည့်လိုက်ပြီး 'ဂုဏ်သရေရှိ ဂျူရီ လူကြီးမင်းများရှင့်၊ ဒီနေ့ ဒီအချိန် ဒီတရားခွင်ကို ကျွန်မတို့ လာရောက်ကြရတဲ့ အကြောင်းကတော့ တရားဥပဒေ ဆိုတာ အမြဲတမ်း ဘက်နှစ်ဖက် အမြင် နှစ်ခု ရှိတယ် ဆိုတာကို သိကြတဲ့ အတွက်ကြောင့်ပဲ ဖြစ်ပါတယ်၊ ကျွန်မရဲ့ အမှုသည် အပေါ်မှာ မညှာမတာ တိုက်ခိုက် ပြောဆိုသွားတဲ့ ခရိုင် အစိုးရ ရှေ့နေကြီးရဲ့ စကားကို ကြားရတော့ ကျွန်မ အနေနှင့် ခုခံလျှောက်လဲချက်တောင် မတင်ချင်တော့လောက်အောင် စိတ်ဓာတ် ကျသွားမိပါတယ်၊ အကြောင်းကတော့ ကြွရောက်လာတဲ့ ပရိသတ် အားလုံး ကြားကြရမြင်ကြရတဲ့ အတိုင်း ခရိုင် အစိုးရ ရှေ့နေကြီးက လူကြီးမင်းတို့ရဲ့ ... ဂျူရီ လူကြီးမင်းတို့ရဲ့ ဆုံးဖြတ်ချက် မပါဘဲနှင့် ကျွန်မရဲ့ အမှုသည်ကို သူကိုယ်တိုင် အပြစ်ပေး ဆုံးဖြတ်သွားတဲ့ အတွက်ကြောင့်ပဲ ဖြစ်ပါတယ်ရှင်၊ တကယ်တော့ လူသားတွေ အတွက် ပြုလုပ်ထားတဲ့ မြင့်မြတ်တဲ့ ဥပဒေ သဘောနှင့် ပြောရရင် ခရိုင် အစိုးရ ရှေ့နေကြီးရဲ့ လုပ်ရပ်ဟာ အင်မတန်မှ မလျော်ကန် မသင့်မြတ်တဲ့ အပြုအမူ ဖြစ်ပါတယ်ရှင်'

သူမအား တစ်စုံတစ်ရာ ထောက်ခံချက် အရိပ်အယောင်များ တွေ့ရမလားဟူသော အတွေးဖြင့် ဂျင်နီဖာက ဂျူရီ လူကြီးများ၏ မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။ ဘာ တစ်ခုမှ မတွေ့ရ။ သူမက အားတင်းပြီး ဆက်ပြောသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

'ခရိုင် အစိုးရ ရှေ့နေကြီး မစ္စတာ ဒီဆီးလဗားက *အောဘရာဟင်မှာ အပြစ် ရှိတယ်* ဆိုတဲ့ စကားကို ထပ်တလဲလဲ သုံးနှုန်း ပြောဆိုသွားပါတယ်၊ အဲဒါဟာ မုသာဝါဒ စကားပါ၊ လိမ်ညာ ပြောဆိုတဲ့ စကားပါ၊ တရားခံ တစ်ယောက်ကို တရားသူကြီးက သို့မဟုတ် ဂျူရီ လူကြီးများက အပြစ် ရှိပါတယ်လို့ မဆုံးဖြတ်သမျှ အဲဒီ တရားခံမှာ အပြစ် လုံးဝ မရှိသေးဘူး ဆိုတာကို သဘာပတိ တရားသူကြီးမင်း မစ္စတာ ဝေါ့ဒ်မန်းက ပြောပြပါလိမ့်မယ်၊ ဒါကြောင့်မို့လို့လည်း ကျွန်မတို့ တစ်တွေဟာ ဒီနေ့ ဒီနေရာကို ရောက်လာကြရတာ မဟုတ်ပါလားရှင်၊ တရားခံမှာ အပြစ် ရှိ မရှိ ဆိုတာကို စုပေါင်း ရှာဖွေဖို့ အတွက် ကျွန်မတို့ ဒီနေရာကို ရောက်လာကြရခြင်းပဲ ဖြစ်ပါတယ်။

'တရားခံ အောဘရာဟင် ဝီလဆင်ဟာ ဆင်ဆင် ထောင်ထဲမှာ အကျဉ်းသား တစ်ယောက်ကို သတ်မှုနှင့် တရားစွဲဆိုခြင်း ခံရသူ ဖြစ်ပါတယ်၊ သို့ပေမဲ့ ဝီလဆင်ဟာ ပိုက်ဆံကြောင့် သတ်ရတာလည်း မဟုတ်ပါဘူး၊ မူးယစ်ဆေးဝါးကြောင့် သတ်ရတာလည်း မဟုတ်ပါဘူး၊ သူ့အသက်ကို ကာကွယ်တဲ့ သဘောနှင့် သတ်ရခြင်းသာ ဖြစ်ပါတယ်။

'ခရိုင် အစိုးရ ရှေ့နေကြီးက သွေးအေးအေးနှင့် သတ်ခြင်း သွေးပူပူနှင့် သတ်ခြင်း အကြောင်းတွေကို ဥပမာ ဥပမေယျတွေ ထုတ်ပြီး လိမ္မာ ပါးနပ်စွာ တင်ပြသွားတာကို သဘာပတိ တရားသူကြီးမင်းနှင့် တကွ ဂျူရီ လူကြီးမင်းများ ကြားခဲ့ကြရပြီး ဖြစ်ပါတယ်၊ သွေးပူပူနှင့် သတ်ခြင်း ဆိုတာဟာ မိမိရဲ့ ချစ်မြတ်နိုးအပ်သော မိသားစုဝင် တစ်ယောက်၏ အသက်ကို ဖြစ်စေ မိမိရဲ့ အသက်ကို ဖြစ်စေ ကာကွယ်တဲ့ အနေနှင့် သတ်ခြင်းကို ဆိုလိုခြင်း ဖြစ်ပါတယ်၊ အခု တရားခံ အောဘရာဟင် ဝီလဆင်ဟာ မိမိရဲ့ အသက်ကို ကာကွယ်တဲ့ အနေနှင့် သတ်ခဲ့ရခြင်း ဖြစ်ပါတယ်၊ အခု ဒီ အခန်းထဲမှာ ကြွရောက် လာကြတဲ့ ပုဂ္ဂိုလ် အားလုံး အနေနှင့်လည်း အလားတူ အခြေအနေမျိုး ကြုံလာရရင် မစ္စတာ ဝီလဆင်လိုပဲ လုပ်မိကြလိမ့်မယ်လို့ ကျွန်မ လေးလေးနက်နက် ယုံကြည်ပါတယ်ရှင်။

'ခရိုင် အစိုးရ ရှေ့နေကြီးနှင့် ကျွန်မတို့က အချက် တစ်ချက်ကိုတော့ သဘောချင်း တိုက်ကြပါတယ်၊ အဲဒါက တခြား မဟုတ်ပါဘူး၊ လူသားတိုင်း လူသားတိုင်းမှာ မိမိရဲ့ အသက် အန္တရာယ်ကို ကာကွယ်နိုင်ခွင့် ရှိတယ် ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်၊ မစ္စတာ ဝီလဆင်ဟာ သူ လုပ်ခဲ့ပြီးတဲ့ အလုပ်ကိုသာ တကယ်လို့ မလုပ်ခဲ့မိရင် သူလည်း မုချ သေသွားရပါလိမ့်မယ်'

mgyoe.com

mgyoe.com SAMPLE BOOK

ဂျင်နီဖာ၏ အသံတွင် မေတ္တာ စေတနာရိပ်တွေ လွှမ်းခြုံနေသည်။ သူမသည် မိမိ၏ လျှောက်လဲချက် အပေါ်တွင် စိတ်ဝင်စားလွန်းသောကြောင့် အသံတွေ တုန်နေခြင်းကိုပင် သတိမရနိုင်အောင် ဖြစ်နေသည်။

'ဂျူရီ လူကြီးမင်းများ အနေနှင့် အချက် တစ်ချက်ကို ဆင်ခြင်ကြည့်စေချင်ပါတယ်ရှင်၊ အဲဒါကတော့ လူသတ်မှု ကျူးလွန်ခြင်းသည် မိမိ၏ အသက်အန္တရာယ်ကို ကာကွယ်လိုသော သဘောဖြင့် ကျူးလွန်ခြင်း မဟုတ် ဆိုတာကို သံသယ ကင်းရှင်းစွာ ယုံကြည်နိုင်သော အထောက်အထား ရှိမှသာလျှင် တရားခံကို အပြစ် ပေးနိုင်ကြောင်း ကျွန်မတို့ နိုင်ငံတော်ရဲ့ ဥပဒေ အရ ပြဋ္ဌာန်းထားတဲ့ အချက်ပဲ ဖြစ်ပါတယ်ရှင်၊ နောက်ဆုံး အနေနှင့် ကျွန်မ အစီရင်ခံချင်တာကတော့ သေဆုံးသူ ရေမွန် သော့ပ်က ကျွန်မရဲ့ အမှုသည်ကို သတ်ဖြတ်ဖို့ ကြိုးစားတဲ့ အတွက်ကြောင့်သာ တရားခံဟာ မိမိရဲ့ အသက် အန္တရာယ်ကို ကာကွယ်တဲ့ အနေနှင့် ပြန်လည် ခုခံရင်း လူသတ်မှု ကျူးလွန်ရခြင်း ဖြစ်ကြောင်း ခိုင်လုံတဲ့ သက်သေခံ ပစ္စည်းတွေကို ကျွန်မ တင်ပြပါမယ်ရှင်၊ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်'

တရားလိုပြ သက်သေများကို စစ်ဆေးခြင်း လုပ်ငန်း စတင်သည်။ ခရိုင် အစိုးရရှေ့နေကြီး ရောဘတ် ဒီဆီးလဗားသည် ရသမျှ အခွင့်အရေးကို တစ်ချက်မျှ လက်မလွှတ်ဘဲ ရနိုင်သမျှ အရ ယူသည်။ သေဆုံးသူ ရေမွန် သော့ပ် အတွက် အကျင့်စာရိတ္တ ဆိုင်ရာ သက်သေများကို သူ့စိတ်ကြိုက် ရွေးချယ် ခေါ်ယူထားသည်။ သက်သေများတွင် ဓမ္မဆရာ တစ်ဦး အပြင် အကျဉ်းထောင် လုံခြုံရေး အမှုထမ်းများနှင့် အကျဉ်းသား တစ်ဦးတို့လည်း ပါဝင်ကြသည်။ တရားလိုပြ သက်သေများက တစ်ယောက်ပြီး တစ်ယောက် အစစ်ခံသွားရာတွင် သေဆုံးသူသည် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း၊ အေးဆေး တည်ငြိမ်စွာ နေထိုင်တတ်သူ ဖြစ်ကြောင်း ထွက်ဆိုသွားကြသည်။

သက်သေ တစ်ယောက် ထွက်ဆိုပြီးသွားတိုင်း ဒီဆီးလဗားက ဂျင်နီဖာဘက်သို့ လှည့်ပြီး 'မေးချင်တာ ရှိရင် မေးပါ' ဟု လှမ်းပြောတတ်သည်။

ဂျင်နီဖာကလည်း သူ မေးလာတိုင်း 'ဘာမှ မမေးလိုပါဘူး' ဟုသာ တွင်တွင်ကြီး ပြန်ဖြေတတ်သည်။ အကျင့်စာရိတ္တ ဆိုင်ရာ သက်သေများအား ပြန်လည် ချေပခြင်းဖြင့် အကျိုး မရှိနိုင်သည်ကို ဂျင်နီဖာ ကောင်းစွာ သဘော


mgyoe.com

mgyoe.com SAMPLE BOOK

ပေါက်သည်။ သူတို့ အားလုံး ထွက်ဆိုပြီးသွားသော အချိန်တွင် သေဆုံးသူ ရေမွှန် သော့ပ်မှာ သာမန် လူသား တစ်ယောက်ပင် မဟုတ်တော့ဘဲ သူတော်စင် ပုဂ္ဂိုလ်ကြီး တစ်ဦးလောက် အဆင့်သို့ ရောက်ရှိသွားသည်။

အကျဉ်းထောင် လုံခြုံရေး အမှုထမ်းများ၏ ထွက်ဆိုသွားချက် အရ ဆိုလျှင် ရေမွှန် သော့ပ်သည် စံပြ အကျဉ်းသား တစ်ယောက် ဖြစ်နေသည်။ ဆင်ဆင် အကျဉ်းထောင်တွင် အများ အကျိုးပြု လုပ်ငန်းများကို လုပ်ကိုင်နေသူ ဖြစ်သည်။ ဘ၀တူ အကျဉ်းသားများအား တတ်နိုင်သည့်ဘက်မှ စေတနာ အပြည့်ဖြင့် ကူညီနေသူ ဖြစ်သည်။ ယင်းအချက်များနှင့်စာလျှင် ရေမွှန် သော့ပ် အနေဖြင့် ဘဏ်တိုက် ဝင်စီးခဲ့ခြင်းနှင့် မုဒိမ်းမှု ကျူးလွန်ခဲ့ခြင်းတို့မှာ မပြောပလောက်သော အသေးအဖွဲ မှားယွင်းမှုကလေးမျှသာ ဖြစ်နေတော့သည်။

ဂျင်နီဖာ၏ အားနည်းသော ခုခံ ချေပချက်ကို ပို၍ အားနည်းအောင် လုပ်လိုက်သော အချက်ကတော့ ရေမွှန် သော့ပ်၏ ရုပ်လက္ခဏာ ထွက်ဆိုချက်ပင် ဖြစ်သည်။

တရားလိုပြ သက်သေများ၏ ထွက်ဆိုချက် အရ သိရှိရသည်မှာ ရေမွှန် သော့ပ်မှာ ပိန်ပိန် သွယ်သွယ် လူဖလံကလေးသာ ဖြစ်သည်။ သူ့ အရပ်က ငါးပေ ကိုးလက်မသာ ရှိသည်။

ဒီဆီးလဗားက သည်အချက်ကို မိမိရရ ဆုပ်ကိုင်ထားသည်။ ဂျူရီ လူကြီးများ အမြဲတမ်း သတိရနေအောင် ထပ်ကာ ထပ်ကာ ပြောသည်။

ဆင်လောက် ကြီးတဲ့ အောဘရာဟင် ဝီလဆင်က ဆိတ်လောက်သာ ရှိတဲ့ ရေမွှန် သော့ပ်အား အုတ်နံရံတွင် မသေမချင်း ရိုက်သတ်ကြောင်းကို ပုံကြီးချဲ့ပြီး အလေးအနက် တင်ပြသည်။ ဒီဆီးလဗားက ယင်းသို့ တင်ပြနေစဉ် ဂျူရီ လူကြီးများက အောဘရာဟင် ဝီလဆင်ဘက်သို့ ခဏ ခဏ လှည့်ကြည့်ကြသည်။ ဝီလဆင်သည် အနီးအနားမှ လူတွေ အားလုံးကို စီးမိုးပြီး တရားခံ စားပွဲတွင် ထီးထီးမားမားကြီး ထိုင်နေသည်။

ခရိုင် အစိုးရ ရှေ့နေကြီးက ဆက်ပြောသည်။

'အခုလို အကာကွယ် မဲ့တဲ့ အန္တရာယ် ကင်းတဲ့ လူသေးသေးကလေး တစ်ယောက်ကို အောဘရာဟင် ဝီလဆင်က ဘာကြောင့်များ ရက်ရက်စက်စက် သတ်ရသလဲ ဆိုတာ ကျွန်တော်တို့ လုံးဝ မတွေးတတ်အောင် ဖြစ်ရပါတယ်'



mgyoe.com

mgyoe.com SAMPLE BOOK

ဤတွင် ဂျင်နီဖာမှာ ဝမ်းသာစိတ်ကြောင့် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိသည်။ ဒီဆီးလဗားသည် သူမ လိုချင်နေသော စကား တစ်ခွန်းကို ပြောလိုက်လေပြီ။

'တရားခံရဲ့ ရိုင်းစိုင်း ရက်စက်တဲ့ အပြုအမူရဲ့ အကြောင်းရင်းကို ကျွန်တော်တို့ အနေနှင့် မသိရပေမဲ့ သေဆုံးသူဟာ တရားခံကို လုံးဝ အန္တရာယ် မပြုခဲ့ဘူး ဆိုတာကိုတော့ ကျွန်တော်တို့ ထင်ထင်ရှားရှား သိနိုင်ပါတယ်' သူက တရားသူကြီးဘက်သို့ လှည့်ပြီး 'တရားသူကြီးမင်း ခင်ဗျား၊ ကျေးဇူးပြုပြီး တရားခံကို မတ်တတ် ရပ်ပြဖို့ ညွှန်ကြားပေးစေလိုပါတယ် ခင်ဗျား'

တရားသူကြီးက ဂျင်နီဖာကို ကြည့်လိုက်သည်။

'တရားခံ အကျိုးဆောင် အနေနှင့် ကန့်ကွက်ရန် ရှိသလား'

ဂျင်နီဖာက ဘာတွေ ဖြစ်ပေါ်လာမည် ဆိုသည်ကို ကြိုတင် မြင်ထားပြီး ဖြစ်သည်။ တစ်စုံတစ်ရာ ကန့်ကွက်လိုက်လျှင် မိမိဘက်မှ နစ်နာရန်သာ ရှိကြောင်း ကြိုသိထားပြီး ဖြစ်သည်။

'ကန့်ကွက်ရန် မရှိပါ တရားသူကြီးမင်းရှင့်'

တရားသူကြီးက ပြောလိုက်သည်။

'ကျေးဇူးပြုပြီး တရားခံ မတ်တတ် ရပ်ပြပါ'

အေဘရာဟင် ဝီလဆင်သည် မကျေနပ်သော မျက်နှာထားဖြင့် ခေတ္တမျှ ထိုင်နေသေးသည်။ ပြီးတော့မှ မထချင် ထချင်နှင့် ထရပ်လိုက်သည်။ သူ့အရပ်က မိုးသို့ ထိုးနေသည်။

ဒီဆီးလဗားက ပြောသည်။

'ဒီမှာ တရားရုံး စာရေး မစ္စတာ ဂါလင်း ဆိုတာ ရှိပါတယ်၊ သူ့အရပ်ကလည်း ငါးပေ ကိုးလက်မပဲ ရှိပါတယ်၊ သေဆုံးသူ ရေမွန် သော့ပ် အရပ်နှင့် အတိအကျ ထပ်တူထပ်မျှပါပဲ၊ မစ္စတာ ဂါလင်း ကျေးဇူးပြုပြီး တရားခံ အနားကို သွားပြီး ဘေးချင်းကပ် ရပ်ပြစေချင်ပါတယ်'

တရားရုံး စာရေးက ထိုင်ရာမှ ချက်ချင်း ထသွားပြီး ဝီလဆင်၏ ဘေးတွင် ဝင်ရပ်လိုက်သည်။ လူနှစ်ယောက်၏ ကွာခြားချက်မှာ ဆိတ်နှင့် ဆင်လို ဖြစ်နေသည်။ သည်တစ်ကြိမ်တွင်လည်း အလဲထိုး ခံလိုက်ရပြန်ပြီဟု ဂျင်နီဖာက တွေးလိုက်မိသည်။ သို့သော် သူမ အနေဖြင့် ဘယ်လိုမျှ မတတ်နိုင်ပါ။ လူနှစ်ယောက်၏ ရပ်ပိုင်းဆိုင်ရာ ကွာခြားချက်ကို မည်သည့် နည်းဖြင့် တူညီအောင် လုပ်၍ ရပါမည်နည်း။



mgyoe.com

mgyoe.com
SAMPLE BOOK

ဒီဆီးလဗားက ၄င်းတို့ နှစ်ယောက်အား အတန်ကြာ စိုက်ကြည့်နေပြီး နောက် ဂျူရီ လူကြီးများဘက်သို့ လှည့်ကာ 'ဒါဟာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်တာတဲ့လား' ဟု လေသံဖြင့် ပြောလိုက်သည်။

·

တရားခွင် အခြေအနေမှာ အိပ်မက်ထဲတွင် ဂျင်နီဖာ မြင်မက်ခဲ့သော ဖြစ်ရပ်များထက် ဆိုးရွားနေသည်။ ဂျူရီ လူကြီးများက တရားခွင်ကို မြန်မြန် ရုပ်သိမ်းပြီး တရားခံအား ပြစ်ဒဏ် စီရင်ချက် ချရန် စိတ်စောနေကြကြောင်း ဂျင်နီဖာက ရိပ်စားမိသည်။

ကင် ဘယ်လီသည် ပရိသတ်များ အကြားတွင် ထိုင်နေသည်။

တရားရုံး ခေတ္တ ရပ်နားချိန်တွင် ဂျင်နီဖာနှင့် ကင် ဘယ်လီတို့ စကားပြောဖြစ်ကြသည်။

'အခြေအနေကတော့ မလွယ်ဘူး' ကင်က မှတ်ချက်ချသည်။ 'မင်းက တရားခံ နေရာမှာ ကင်းကောင်ကြီး ရထားတာကိုး၊ အမယ်လေး ဟိုမှာ ကြည့်လိုက်ပါဦး၊ သူမြင်ရတာ တော်ရုံတန်ရုံလူ ဆိုရင် လန့်ပြီးတောင် ထွက်ပြေးမိလိမ့်မယ်'

'အဲဒါကတော့ ဘယ်လိုမှ မတတ်နိုင်ဘူး ကင်၊ သူ့ ဘဝပေး ကုသိုလ်ပဲပေါ့'

'ဟိုစကားပုံလို သူက အိမ်ထဲမှာပဲ ပုန်းနေဖို့ ကောင်းတာ၊ ဒါနှင့် မင်းနှင့် ခရိုင် အစိုးရ ရှေ့နေကြီးတို့ အခြေအနေက ဘယ်လိုတဲ့လဲ'

ဂျင်နီဖာက မချိုပြုံး ပြုံးလိုက်ပြီး

'ဒီနေ့ မနက်ပဲ သူက ကျွန်မဆီကို သတင်း တစ်ခု ပို့သေးတယ်၊ သူက ကျွန်မကို ရှေ့နေ လောကထဲက ဆွဲထုတ်ပစ်မယ်လို့ ရာဇသံ ပေးလိုက်တယ်'

တရားလိုပြ သက်သေတွေ အားလုံး အစစ်ခံပြီးသွားသော အခါ ခရိုင် အစိုးရ ရှေ့နေကြီးက သူ့ကုလားထိုင်တွင် ပြန်ထိုင်သွားသည်။ ဂျင်နီဖာက ထိုင်ရာမှ ထရပ်လိုက်သည်။

'အခု အချိန်က စပြီး လက်ထောက် ထောင်မှူး မဇ္ဇတာ ဟောင်းဝပ် ပက်တာဆင်ကို စစ်ဆေးရန် ကျွန်မ အဆိုပြုပါတယ်'



mgyoe.com

mgyoe.com SAMPLE BOOK

ဆင်ဆင်ထောင် လက်ထောက် ထောင်မှူး ပက်တာဆင်သည် ထိုင်ရာမှ ဖြည်းဖြည်းချင်း ထရပ်ကာ သက်သေ ဝက်ခြံဆီသို့ လျှောက်လာသည်။ လူတိုင်းက သူ့ကို လိုက်ကြည့်ကြသည်။

ပက်တာဆင် ကျမ်းကျိန်နေချိန်တွင် ခရိုင် ရှေ့နေကြီးက မျက်လုံး ကျွတ်ကျမတတ် စိုက်ကြည့်နေသည်။ သူ့စိတ်ထဲတွင် လှိုင်းထသလို မရပ်မနား လှုပ်ရှားနေသည်။ သူ့ အတွက် အကောင်းဘက်မှ ဖြစ်နိုင်တာတွေကို အားလုံး စုပေါင်းပြီး တွေးကြည့်နေသည်။ ဘာပဲဖြစ်ဖြစ် သည်အမှုကို သူ အနိုင်ရထားပြီ။ အောင်ပွဲခံ မိန့်ခွန်းကိုပင် သူက အဆင်သင့် ပြင်ဆင်ထားပြီး ဖြစ်သည်။

ဂျင်နီဖာ၏ အသံ ထွက်ပေါ်လာသည်။

'မစ္စတာ ပက်တာဆင်ရှင့်၊ ကျေးဇူးပြုပြီး လူကြီးမင်းရဲ့ နောက်ကြောင်း သမိုင်းကို ဂျူရီ လူကြီးများကို ပြောပြစေချင်ပါတယ်'

ဒီဆီးလဗားက ထိုင်ရာမှ ရုတ်တရက် ထရပ်လိုက်ပြီးနောက်

'အချိန်ကုန် သက်သာစေဖို့ အတွက် တရားခံပြ သက်သေရဲ့ နောက်ကြောင်း သမိုင်းကို နိုင်ငံတော်က ပယ်ချပါတယ်၊ မစ္စတာ ပက်တာဆင်ဟာ ဆင်ဆင် ထောင်က လက်ထောက် ထောင်မှူး ဖြစ်ကြောင်း ကျွန်တော်တို့ အားလုံး သိကြပြီး ဖြစ်ပါတယ်'

'ကျေးဇူးတင်ပါတယ်' ဂျင်နီဖာက ပြောသည်။ 'ဒီနေ့ တရားခွင်မှာ မစ္စတာ ပက်တာဆင် အနေနှင့် တရားခံပြ သက်သေ အဖြစ် တက်ရောက်ဖို့ ဂျူရီ လူကြီးမင်းများကို ကြိုတင် အကြောင်းကြားထားပြီး ဖြစ်တယ်လို့ ကျွန်မ ထင်ပါတယ်၊ ဒါကြောင့်မို့ အခု သက်သေ ထွက်ဆိုဖို့ သူ ရောက်လာခြင်း ဖြစ်ပါတယ်' ဂျင်နီဖာက ပက်တာဆင်ဘက်သို့ လှည့်လိုက်ပြီး 'ကျွန်မက မစ္စတာ ပက်တာဆင်ကို တရားရုံးကို ကိုယ့် ဆန္ဒ အတိုင်း လာရောက်ပြီး ကျွန်မရဲ့ အမှုသည် အတွက် သက်သေ ထွက်ဆိုဖို့ တောင်းပန်တဲ့ အခါ မစ္စတာ ပက်တာဆင်က ငြင်းဆန်ခဲ့ပါတယ်၊ အဲဒါ မှန်ပါသလား'

'မှန်ပါတယ်'

'မစ္စတာ ပက်တာဆင်ကို ဒီနေရာကို လာရောက်ဖို့ ဘာ့ကြောင့် ဆင့်ခေါ်ရတဲ့ အကြောင်းကို ဂျူရီ လူကြီးမင်းများကို ပြောပြနိုင်ပါမလား'

'ပြောပြနိုင်ပါတယ်၊ ကျွန်တော်ဟာ အေဘရာဟင် ဝီလဆင်လို လူတွေနှင့် နှစ်ပေါင်း များစွာ ဆက်ဆံလာခဲ့ရပါတယ်၊ အဲဒီလူတွေဟာ မွေးကတည်းက မိုက်လာတဲ့ လူတွေပါ'



mgyoe.com

mgyoe.com
SAMPLE BOOK

ဒီဆီးလဗားက ကုလားထိုင်တွင် နောက်မှီရင်း နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။ သူ့မျက်လုံးများသည် ဂျူရီ လူကြီးတွေဆီသို့ ရောက်သွားသည်။

သူက သူ့အနီးမှ လက်ထောက် တစ်ယောက်ကို လေသံဖြင့် ပြောလိုက်သည်။

'ဒီကောင်မတော့ သူ့လည်ပင်း သူ ကြိုးကွင်း စွပ်နေပြီ'

ဂျင်နီဖာက ပြောသည်။

'မစ္စတာ ပက်တာဆင်ရှင့်၊ အောဘရာဟင် ဝီလဆင် အနေနှင့် အခု ဒီနေရာကို ရောက်လာတာဟာ မွေးကတည်းက မိုက်လာတဲ့ အတွက် ရောက်လာတာ မဟုတ်ပါဘူး၊ သူဟာ သူ အသက် ရှင်ရေး အတွက် အစစ်ခံဖို့ ရောက်လာတာ ဖြစ်ပါတယ်၊ အဲဒီတော့ ကြီးလေးတဲ့ ပြစ်မှုကြီးနှင့် မတရား စွပ်စွဲခံရတဲ့ လူသား တစ်ယောက်ကို မစ္စတာ ပက်တာဆင် အနေနှင့် အကူအညီ ပေးချင်တဲ့ ဆန္ဒ ရှိပါသလား'

'သူဟာ မတရား စွပ်စွဲခံနေရတာ မှန်တယ် ဆိုရင်တော့ ကူညီပါ့မယ်'

*မတရား စွပ်စွဲခံနေရတာ မှန်တယ် ဆိုရင်တော့* ဟူသော စကားကြောင့် ဂျူရီ လူကြီးတွေ အားလုံး နဖူးကြော တင်းသွားကြသည်။

'ဒီအမှု မဖြစ်ပွားခင် ကတည်းကလည်း ထောင်ထဲမှာ လူသတ်မှုတွေ ရှိခဲ့ဖူးတယ်လို့ သိရပါတယ်၊ အဲဒါ ဟုတ်ပါသလား'

'စိတ်ကြမ်း လူကြမ်း စရိုက် ရှိတဲ့ လူပေါင်း များစွာကို သဘာဝ မဟုတ်တဲ့ နေရာ တစ်နေရာတည်းမှာ အတူတူ စုပေါင်းထားခဲ့လို့ ရှိရင် အကြမ်းဖက်မှုတွေ ပေါ်ပေါက်လာမှာကတော့ သဘာဝပါပဲ၊ အဲဒီတော့'

'ကျွန်မ မေးတာကို မှန်တယ် မမှန်ဘူးပဲ ဖြေစေလိုပါတယ် မစ္စတာ ပက်တာဆင်'

'မှန်ပါတယ်'

'မစ္စတာ ပက်တာဆင်ရဲ့ အတွေ့အကြုံ အရ အဲဒီ လူသတ်မှုတွေမှာ အထွေအထူး ရည်စူးချက် တစ်ခုခုများ ရှိကြတယ်လို့ ယူဆပါသလား'

'အဲဒီလို ယူဆစရာတွေလည်း ရှိပါတယ်၊ တစ်ခါတလေမှာတော့'

'မှန်တယ် မမှန်ဘူးပဲ ဖြေပါရှင်'

'မှန်ပါတယ်'

'အဲဒီတော့ အဲဒီ ထောင်တွင်း လူသတ်မှုတွေမှာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်လိုလို့ သတ်ရတဲ့ ဖြစ်ရပ်တွေများ ရှိပါသလား'

mgyoe.com

mgyoe.com SAMPLE BOOK

'တစ်ခါတလေတော့' သူက ဂျင်နီဖာ၏ မျက်နှာကို လှမ်းကြည့်လိုက်ပြီး

'ရှိပါတယ်'

'ဒီတော့ကာ မစ္စတာ ပက်တာဆင်ရဲ့ ကျယ်ပြန့်တဲ့ အတွေ့အကြုံတွေကို အခြေခံပြီး စဉ်းစားကြည့်တဲ့ အခါမှာ အောာရာဟင် ဝီလဆင်ဟာ မိမိရဲ့ အသက်ကို ကာကွယ်တဲ့ သဘောနှင့် ရေမွှန် သော့ပ်ကို သတ်ရခြင်း ဖြစ်တယ် ဆိုတာ လုံးလုံးလျားလျားကြီး ဖြစ်နိုင်တယ်လို့ မထင်မိဘူးလား'

'ကျွန်တော် မထင်ပါဘူး'

'ကျွန်မက ဖြစ်နိုင်သလားလို့ မေးနေပါတယ်၊ မှန်တယ် မမှန်ဘူး ဆိုတာကိုပဲ ဖြေပါ'

'အဲဒီလို ယူဆနိုင်တဲ့ အလားအလာ မရှိပါဘူး'

ဂျင်နီဖာက တရားသူကြီးဘက်သို့ လှည့်ပြီး

'တရားသူကြီးမင်းရှင့်၊ သက်သေက ကျွန်မ မေးတဲ့ အမေးကို မဖြေသေးပါဘူး၊ ကျေးဇူးပြုပြီး ဖြေဆိုဖို့ ပြောပေးပါရှင်'

တရားသူကြီးက ပက်တာဆင်ကို ကြည့်လိုက်သည်။

'သက်သေက မေးခွန်းကို ဖြေဆိုပါ'

'မှန်ပါတယ်'

'တရားရုံးတော်က ခွင့်ပြုပါက သက်သေခံ ပစ္စည်းကို တင်ပြဖို့ တရားခံပြ သက်သေကို ကျွန်မ ဆင့်ခေါ်ထားပါတယ်'

ဒီဆီးလဗားက ထိုင်ရာမှ ထရပ်လိုက်ပြီးနောက်

'ဘယ်လို ပစ္စည်းမျိုးလဲ'

'ကိုယ့်ကိုယ်ကိုယ် ကာကွယ်ခဲ့တယ် ဆိုတာကို အထောက်အထား ပြမယ့် ပစ္စည်းမျိုးပါ'

'တရားသူကြီးမင်း ခင်ဗျား၊ အဲဒီ သက်သေခံ ပစ္စည်း တင်ပြဖို့ တောင်းဆိုချက်ကို ကန့်ကွက်ပါတယ်'

'တရားလို ရှေ့နေကြီးက ဘာတွေကို ကန့်ကွက်နေရတာလဲ၊ ဘာပစ္စည်း ဆိုတာကိုတောင်မှ မျက်စိနှင့် မြင်ရသေးဘဲနှင့် ကန့်ကွက်လို့ ရနိုင်ပါသလား'

ဂျင်နီဖာက အကွက်ကို ထောက်လိုက်သည်။

တရားသူကြီးက ပြောသည်။

'သက်သေခံ ပစ္စည်းကို မြင်ရတဲ့ အထိ တရားရုံးတော်က ဆုံးဖြတ်ချက် တစ်စုံတစ်ရာ မပေးဘဲ ဆိုင်းငံ့ထားပါမယ်၊ အခု အချိန်မှာ လူတစ်ယောက်ရဲ့

mgyoe.com

mgyoe.com SAMPLE BOOK
သေရေး ရှင်ရေး ကိစ္စကို စဉ်းစားနေကြတာဖြစ်လို့ အလွန် အရေးကြီးပါတယ်၊ ဒါကြောင့်မို့ တရားခံကို အတတ်နိုင်ဆုံး ငဲ့ညှာ ထောက်ထားရဖို့ ရှိပါတယ်'

'ကျေးဇူးတင်ပါတယ် တရားသူကြီးမင်းရှင့်' ဂျင်နီဖာက ပက်တာဆင်ဘက်သို့ လှည့်လိုက်ပြီး 'ဟိုပစ္စည်းတွေ ယူလာခဲ့ပါသလား'

ပက်တာဆင်က နှုတ်ခမ်း ကိုက်ပြီး ခေါင်းညိတ်ပြလိုက်သည်။

'ယူလာခဲ့ပါတယ်၊ ဒါပေမဲ့ ဒါတွေက လုံခြုံရေး အစောင့်အရှောက်နှင့် ယူလာခဲ့ရတာပါ'

'အဲဒီ ကိစ္စ အတွက် မစ္စတာ ပက်တာဆင် အနေနှင့် လုပ်သင့်တာတွေ လုပ်လာခဲ့ပြီးပြီလို့ ကျွန်မ ယုံကြည်ပါတယ်၊ အဲဒီတော့ ကျေးဇူးပြုပြီး ရုံးတော်ကို တင်ပြဖို့ မေတ္တာရပ်ခံပါတယ်'

ပက်တာဆင်က ပရိသတ်ထဲသို့ မျက်လုံး ဝေ့ကြည့်လိုက်သည်။ နောက်တစ်နေရာတွင် ထိုင်နေသော လုံခြုံရေး အစောင့် တစ်ယောက်ကို ခေါင်းညိတ်ပြလိုက်သည်။ ထိုသူသည် ထိုင်ရာမှ ထကာ သစ်သား သေတ္တာ တစ်လုံးကို လက်မှ ဆွဲပြီး ရှေ့သို့ ထွက်လာသည်။

ဂျင်နီဖာက သေတ္တာကို လှမ်းယူလိုက်သည်။

'တရားသူကြီးမင်းရှင့်၊ တရားခံ အကျိုးဆောင် အနေနှင့် ဒီပစ္စည်းကို သက်သေခံ ပစ္စည်း အမှတ် ၁ အဖြစ် ရုံးတော်ကို တင်ပြလိုပါတယ်'

'ဘာပစ္စည်းလဲ' ခရိုင် ရှေ့နေကြီးက လှမ်းမေးသည်။

'ပစ္စည်း သေတ္တာလို့ ခေါ်ပါတယ်'

ပရိသတ်များ လှုပ်လှုပ်ရှရှ ဖြစ်သွားကြသည်။

တရားသူကြီး ဝေါ့ဒ်မန်းက ဂျင်နီဖာကို ကြည့်ပြီး ဖြည်းဖြည်းဆေးဆေး ပြောလိုက်သည်။

'ပစ္စည်း သေတ္တာ ဆိုတော့ အဲဒီ သေတ္တာထဲမှာ ဘာတွေ ရှိသလဲ မစ္စပါကာ'

'လက်နက်တွေ ရှိပါတယ်၊ ဆင်ဆင် ထောင်ထဲမှာ အကျဉ်းသားတွေ လုပ်တဲ့ လက်နက်တွေ ရှိပါတယ်၊ အဲဒီ လက်နက်တွေကို'

'ကန့်ကွက်ပါတယ်'

ခရိုင် ရှေ့နေကြီးက ထိုင်ရာမှ ထပြီး အော်ပြောလိုက်သည်။ သူက ရှေ့နားသို့ လျှောက်လာပြီး 'တရားသူကြီးမင်း ခင်ဗျား၊ တစ်ဖက်က ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက် အကျိုးဆောင်ရဲ့ အတွေ့အကြုံ မရှိသေးမှုကို ကျွန်တော့် အနေ


mgyoe.com

mgyoe.com SAMPLE BOOK

နှင့် နားလည် သက်ညှာပါတယ်၊ ဒါပေမဲ့ သူ့အနေနှင့် ရာဇဝတ်မှု ဥပဒေကို လေ့လာဖို့ ရည်ရွယ်ခဲ့လို့ရှိရင် သက်သေခံ ပစ္စည်းဆိုင်ရာ အခြေခံ စည်းကမ်းတွေကို အရင် လေ့လာပါဦးလို့ ကျွန်တော် အကြံပေးလိုပါတယ်၊ အခု ဒီတရားရုံးမှာ စစ်ဆေးနေတဲ့ အမှုမှာ *ပစ္စည်း သေတ္တာ* လို့ ဆိုတဲ့ သက်သေခံ ပစ္စည်းကို တင်ပြနေစရာ လုံးဝ အကြောင်း မရှိပါဘူး'

'ဒီသေတ္တာက သက်သေခံတာကတော့'

'ဒီသေတ္တာက ဘာကိုမှ သက်သေမခံပါဘူး' ခရိုင် ရှေ့နေကြီးက တအားအော်ပြောသည်။ သူ့အသံ တုန်နေသည်။ သူက တရားသူကြီးဘက်သို့ လှည့်ပြီး 'အခု တရားခံဘက်က တင်ပြဖို့ ကြိုးစားတဲ့ ပစ္စည်းကို အထောက်အထား မခိုင်လုံတဲ့ ပစ္စည်း အဖြစ် နိုင်ငံတော်က ကန့်ကွက်ပါတယ်'

'ကန့်ကွက်ချက်ကို လက်ခံပါတယ်'

ဂျင်နီဖာသည် နေရာတွင် မလှုပ်မယှက် ရပ်လျက် ရှိသည်။ သူမ အနေဖြင့် တစ်လုံးပြီး တစ်လုံး အလဲထိုး ခံနေရပြီ။ လူတိုင်းက သူမကို တိုက်ခိုက်နေကြပြီ။ တရားသူကြီး၊ ဂျူရီ အဖွဲ့၊ ခရိုင် ရှေ့နေကြီး၊ သက်သေ ပစ္စည်း၊ အားလုံးက သူမကို ဆန့်ကျင်နေကြပြီ။

သူမ၏ အမှုသည်မှာ လျှပ်စစ် ကုလားထိုင်သို့ ဆိုက်ဆိုက်မြိုက်မြိုက် သွားရန် တစ်လမ်းသာ ရှိတော့သည်။

သူမသည် သက်ပြင်း တစ်ချက် မှုတ်ထုတ်လိုက်သည်။

'တရားသူကြီးမင်းရှင့်၊ ဒီပစ္စည်းဟာ တရားခံ အတွက် အဓိက အရေးကြီးတဲ့ ပစ္စည်း ဖြစ်ပါတယ်၊ ကျွန်မ အနေနှင့်'

တရားသူကြီးက ဖြတ်ပြောလိုက်သည်။

'မစ္စ ပါကာ၊ ဒီရုံးတော် အနေနှင့် မယ်မင်းမကို ဥပဒေပညာ သင်ပြဖို့ ဆန္ဒလည်း မရှိဘူး၊ အချိန်လည်း မရှိဘူး၊ ခရိုင် ရှေ့နေကြီး ပြောတာ အမှန်ဆုံးပါပဲ၊ ဒီရုံးတော်ကို မလာခင် သက်သေခံ ပစ္စည်းဆိုင်ရာ အခြေခံ စည်းမျဉ်းတွေကို ကျေကျေညက်ညက် လေ့လာပြီးတော့မှ လာဖို့သင့်ပါတယ်၊ ပထမဆုံး စည်းမျဉ်းက သက်သေခံ ပစ္စည်း တစ်ခုကို ကြိုတင် ပြင်ဆင်ထားခြင်း မရှိဘဲ ရုံးတော်ကို မတင်ပြရဘူး၊ သေဆုံးသူနှင့် ပတ်သက်တဲ့ စစ်ချက် မှတ်တမ်းမှာလည်း လက်နက် ပါသည် မပါသည် ဆိုတာကို ဘာမှ ရေးမထားဘူး၊ ဒီတော့ အဲဒီ လက်နက် ကိစ္စနှင့် ပတ်သက်ပြီး ဘာမှ စဉ်းစားစရာ မလိုတော့ဘူး၊ ဒါကြောင့် တောင်းဆိုချက်ကို ရုံးတော်က ပယ်ချလိုက်တယ်'

mgyoe.com

mgyoe.com SAMPLE BOOK

ရှက်စိတ်ကြောင့် ဂျင်နီဖာ၏ ပါးတစ်ပြင်လုံး နီရဲသွားသည်။

'ဝမ်းနည်းပါတယ်ရှင်၊ ဒါပေမဲ့ စဉ်းစားစရာ မလိုတော့ဘူး ဆိုတာတော့ မဟုတ်ပါဘူး'

'ဒီလောက် ဆိုရင် လုံလောက်ပါပြီ၊ မကျေနပ်ရင် ခြွင်းချက် အတွက် လျှောက်ထားနိုင်တယ်'

'ခြွင်းချက် မလျှောက်လိုတော့ပါဘူး တရားသူကြီးမင်းရှင့်၊ တရားသူကြီး မင်းက ကျွန်မရဲ့ အမှုသည် အနေနှင့် ရသင့်ရထိုက်တဲ့ အခွင့်အရေးကို ငြင်း ဆန်နေတာ ဖြစ်ပါတယ်'

'ဒီမှာ မစ္စ ပါကာ၊ ဒီစကားကို ဆက်ပြောရင် မယ်မင်းမကို ရုံးတော်ကို မထီမဲ့မြင်မှုနှင့် တရား စွဲဆိုရလိမ့်မယ်'

'လုပ်ချင်သလို လုပ်ကြပါ၊ ကျွန်မ ဂရုမစိုက်ပါဘူး၊ ဒီပစ္စည်းကို တင်ပြဖို့ အတွက် ကြိုတင် ပြင်ဆင်မှု လုပ်ခဲ့ပြီးပါပြီ၊ ခရိုင် ရှေ့နေကြီး ကိုယ်တိုင် လုပ် ခဲ့တာ ဖြစ်ပါတယ်'

'ဘာလဲ၊ ဘာပြောတာလဲ၊ ကျုပ် ဘာမှ မလုပ်ပါဘူး'

ဂျင်နီဖာက တရားရုံး လက်ရေးတို စာရေးကို လှမ်းပြောလိုက်သည်။

'လျှောက်လဲချက် မှတ်တမ်းကို ကျေးဇူးပြုပြီး ပြန်ဖတ်ပြပါ၊ အဲဒီမှာ ခရိုင် ရှေ့နေကြီးက အခုလို အကာကွယ် မဲ့တဲ့ အန္တရာယ် ကင်းတဲ့ လူသေးသေးကလေး တစ်ယောက် ဆိုပြီး လျှောက်လဲသွားတာ ရှိပါတယ်၊ အဲဒီက စပြီး ကျေးဇူးပြုပြီး ဖတ်ပြပါ'

ခရိုင် ရှေ့နေကြီးက တရားသူကြီး မျက်နှာကို လှည့်ကြည့်လိုက်သည်။

'တရားသူကြီးမင်း ခင်ဗျား၊ ဒီတောင်းဆိုချက်ကို ခွင့်ပြုဖို့ ရည်ရွယ်ပါ သလား'

တရားသူကြီးက လက်တစ်ဖက်ကို အပေါ်သို့ မြှောက်လိုက်ပြီး ဂျင်နီဖာ ဘက်သို့ လှည့်ရင်း 'မစ္စ ပါကာ၊ မယ်မင်းမကို ဥပဒေ ပညာ သင်ပေးဖို့ ရုံး တော် အနေနှင့် ဆန္ဒ မရှိပါဘူး၊ ဒီအမှု စစ်ဆေးပြီးသွားတဲ့ အခါ မယ်မင်းမ ကို ရုံးတော်ကို မထီမဲ့မြင်ပြုမှုနှင့် တရား စွဲဆိုရလိမ့်မယ်၊ ဒါပေမဲ့ ဒီအမှုဟာ အထူး အမှု ဖြစ်တဲ့ အတွက် ဒီတစ်ချက်ကိုတော့ ကျုပ် ခွင့်ပြုလိုက်မယ်'

သူက လက်ရေးတို စာရေးဘက်သို့ လှည့်ပြီး 'ကဲ ဖတ်ပြလိုက်ပါ'

လက်ရေးတို စာရေးက စာရွက်ကို လှန်လှောပြီး ဖတ်ပြသည်။ *'အခုလို အကာအကွယ် မဲ့တဲ့ အန္တရာယ် ကင်းတဲ့ လူသေးသေးကလေး တစ်ယောက်ကို*



mgyoe.com

mgyoe.com SAMPLE BOOK

*အောရာဟင် ဝီလဆင်က ဘာကြောင့်များ ရက်ရက်စက်စက် သတ်ရသလဲ ဆိုတာ ကျွန်တော်တို့ လုံးဝ မတွေးတတ်အောင် ဖြစ်ရပါတယ်'*

'ဒီလောက်ဆို လုံလောက်ပါပြီ' ဂျင်နီဖာက ဖြတ်ပြောလိုက်သည်။ 'ကျေးဇူးတင်ပါတယ်' သူမက ဒီဆီးလဗားဘက်သို့ ကြည့်ပြီး ဖြည်းဖြည်းသက်သာ ပြောလိုက်သည်။ 'ဒီစကားတွေဟာ မစ္စတာ ဒီဆီးလဗားရဲ့ စကားတွေ ဖြစ်ပါတယ်၊ *အခုလို အကာအကွယ် မဲ့တဲ့ အန္တရာယ် ကင်းတဲ့ လူသေးသေးကလေးကို ဘာကြောင့်များ ရက်ရက်စက်စက် သတ်ရလဲ ဆိုတာ ကျွန်တော်တို့ လုံးဝ မတွေးတတ်အောင် ဖြစ်ရပါတယ်'* ထို့နောက် တရားသူကြီးဘက်သို့ လှည့်ပြီး 'တရားသူကြီးမင်းရှင့်၊ အဓိက သော့ချက် စကားလုံးက *အကာအကွယ် မဲ့တဲ့* ဆိုတဲ့ စကားလုံးပဲ ဖြစ်ပါတယ်၊ ခရိုင် ရှေ့နေကြီးက သေဆုံးသူဟာ *အကာအကွယ် မဲ့တဲ့ ဓားစာခံ* ဖြစ်တဲ့ အကြောင်း ဂျူရီ လူကြီးများကို လျှောက်လဲသွားပါတယ်၊ ဒီအချက်ကို ထောက်ရင် သေဆုံးသူဟာ အကာအကွယ် မဲ့သူ မဖြစ်နိုင်ဘူး ဆိုတဲ့ အချက်ကို ရှာဖွေဖို့ အတွက် ကျွန်မတို့ကို တံခါး ဖွင့်ပေးသွားသလို ဖြစ်နေပါတယ်၊ တကယ်တော့ သေဆုံးသူမှာ လက်နက် စွဲကိုင်ထားကြောင်း ကျွန်မတို့ဘက်က အထောက်အထား ပြနိုင်အောင် လမ်းဖွင့်ပေးသွားတဲ့ စကားပဲ ဖြစ်ပါတယ်၊ ဒါကြောင့်မို့ သူ့စကားကို ပြန်လည် ချေပဖို့ အတွက် ကျွန်မတို့မှာ တာဝန် ရှိလာပါတယ်'

တစ်ခန်းလုံး တိတ်ဆိတ်သွားသည်။

တရားသူကြီးက ခရိုင် ရှေ့နေဘက်သို့ လှည့်ကြည့်လိုက်သည်။

'မစ္စ ပါကာရဲ့ တောင်းဆိုချက်ဟာ ခိုင်လုံမှု ရှိပါတယ်၊ ခရိုင် ရှေ့နေကြီးရဲ့ လျှောက်လဲချက်က တံခါး ဖွင့်ပေးလိုက်သလို ဖြစ်သွားတယ်'

ဒီဆီးလဗားက တရားသူကြီးကို တအံ့တသြ ပြန်ကြည့်လိုက်ပြီး

'ဒါပေမဲ့ ကျွန်တော် လျှောက်လဲလိုတာက'

'သက်သေခံ ပစ္စည်း အမှတ် ၁ ကို ရုံးတော်က တင်ပြခွင့် ပြုပါတယ်'

ဂျင်နီဖာက ကျေးဇူးတင်စွာဖြင့် သက်မ ချလိုက်သည်။

'ကျေးဇူးတင်ပါတယ် တရားသူကြီးမင်းရှင့်' သူမက သေတ္တာကို ကောက်ယူပြီး ဂျူရီ လူကြီးမင်းများဘက်သို့ မြှောက်ပြရင်း 'ဂျူရီ လူကြီးမင်းများရှင့်၊ ခရိုင် အစိုးရ ရှေ့နေကြီးက လူကြီးမင်းများကို နောက်ပိတ်ဆုံး လျှောက်လဲသွားတဲ့ စကားထဲမှာ အခု ဒီသေတ္တာထဲက ပစ္စည်းတွေဟာ တိုက်ရိုက် သက်သေခံ ပစ္စည်း မဟုတ်ကြောင်း ထည့်သွင်း ပြောကြားသွားပါတယ်၊ သူ ပြောတာ

mgyoe.com

mgyoe.com SAMPLE BOOK

မှန်ပါလိမ့်မယ်၊ ဒီလက်နက်တွေဟာ သေဆုံးသူနှင့် ဘယ်လိုမှ မပတ်သက်ဘူး ဆိုတာကို သူက တင်ပြသွားပါတယ်၊ သူ ပြောတာ မှန်ပါလိမ့်မယ်။

'ကျွန်မ အနေနှင့် ဒီသက်သေခံ ပစ္စည်းကို အခြား အကြောင်း တစ်ခုနှင့် တင်ပြလိုခြင်း ဖြစ်ပါတယ်၊ ရိုင်းစိုင်း ကြမ်းတမ်းလှတဲ့ ရက်စက် မိုက်မဲလှတဲ့ အရပ် ခြောက်ပေ လေးလက်မ ရှိတဲ့ တရားခံဟာ အရပ် ငါးပေ ကိုးလက်မသာ ရှိတဲ့ ရေမွှန် သော့ပ်ကို ရက်ရက်စက်စက် ရိုက်သတ်ခဲ့ကြောင်း ခရိုင် အစိုးရ ရှေ့နေကြီးရဲ့ လျှောက်လဲချက် အရ ဂျူရီ လူကြီးမင်းများ ကြားခဲ့ရပြီး ဖြစ်ပါ တယ်၊ ဘာ အကြောင်းမှ မရှိဘဲနှင့် ဘဝတူ အကျဉ်းသား တစ်ယောက်ကို ရက်ရက်စက်စက် ရိုက်သတ်ခဲ့တဲ့ တရားခံရဲ့ ရုပ်ပုံလွှာကို ဂျူရီ လူကြီးတွေ ပြတ်ပြတ်သားသား မြင်ထင်လာအောင် တရားလို အကျိုးဆောင် ရှေ့နေကြီးက အထူးတလည် ကြိုတင် ပြင်ဆင်ပြီး မှားယွင်းစွာ လုပ်ကြံ ပြင်ဆင်ပြီး တင်ပြ ခဲ့ခြင်း ဖြစ်ပါတယ်။

'အဲဒီတော့ ကျွန်မတို့ အနေနှင့် မေးခွန်း တစ်ခု ထုတ်ကြည့်ကြပါစို့၊ အမှု တစ်ခု ဖြစ်ပွားရာမှာ တရားခံ အနေနှင့် ရည်စူးချက် ခံစားချက် တစ်ခုခု ရှိစမြဲ မဟုတ်ပါလား၊ ဒီတော့ ဒီအမှုမှာ တရားခံရဲ့ ရည်စူးချက် ခံစားချက်က ဘာဖြစ်နိုင်ပါသလဲ၊ မုန်းလို့ သတ်တာလား၊ မနာလိုလို့ သတ်တာလား၊ ဒေါသ ဖြစ်လို့ သတ်တာလား၊ ဘာ့ကြောင့် သတ်ရတာလဲ။

'ကျွန်မကတော့ ဒီလို ယုံကြည်ပါတယ်၊ ကျွန်မ အမှုသည်ရဲ့ အသက်ကို အဲဒီ ယုံကြည်ချက် အပေါ်မှာပဲ လုံးဝ မြှုပ်နှံထားလိုက်ပါတယ်၊ အဲဒါကတော့ အခု လူသတ်မှုမှာ တရားခံ အနေနှင့် ရည်ရွယ်ချက် ဒါမှမဟုတ် အတွင်းစိတ် ဆန္ဒ စေ့ဆော်မှု တစ်ခုခုကြောင့်သာ သတ်ရခြင်း ဖြစ်တယ်လို့ လေးလေးနက် နက် ယုံကြည်ချက်ပဲ ဖြစ်ပါတယ်၊ လူတစ်ယောက်ကို သတ်ရတယ် ဆိုတာ ခရိုင် ရှေ့နေကြီး လျှောက်လဲသွားတဲ့အတိုင်း စိတ်ဆန္ဒ စေ့ဆော်ချက် တစ်ခုခု ရှိရပါလိမ့်မယ်၊ အဲဒီတော့ အခု အမှုမှာ တစ်ခုတည်းသော စေ့ဆော်ချက်က တော့ *မိမိ အသက်ကို ကာကွယ်လိုခြင်း* ပဲ ဖြစ်ပါတယ်၊ လူတစ်ယောက်ဟာ ကိုယ့် အသက်ကို ကိုယ် ကာကွယ်ဖို့ အတွက် တစ်ဖက်သားကို ပြန်လည် တိုက်ခိုက်ရပါတယ်၊ ဆင်ဆင် အကျဉ်းထောင် အတွင်းမှာ လူသတ်မှုတွေ ပေါ် ပေါက်တတ်ကြောင်း၊ ထောင်သားတွေကလည်း လက်နက် မျိုးစုံကို တိတ် တိတ်ပုန်း ပြုလုပ်တတ်ကြကြောင်း ထောင်မှူး မစ္စတာ ပက်တာဆင်က သူ့ အတွေ့အကြုံ အရ ထွက်ဆိုသွားတာကို လူကြီးမင်းများ ကြားသိရပြီးပါပြီ။



mgyoe.com

mgyoe.com SAMPLE BOOK

'အဲဒီတော့ အဲဒီ အချက်ကို ထောက်ရင် ရေမွှန် သော့ပ်ဟာ လက်နက် တစ်ခုခု ကိုင်စွဲထားတာ ဖြစ်နိုင်ကြောင်း၊ သူက အဲဒီ လက်နက်နှင့် တရားခံကို သတ်ရန် ကြိုးစားတာ ဖြစ်နိုင်ကြောင်း၊ တရားခံက *ကိုယ့်ကိုယ်ကိုယ် ကာကွယ်တဲ့ သဘောနှင့်* ပြန်လည် ခုခံရင်း ရေမွှန် သော့ပ်ကို သတ်မိတာ ဖြစ်နိုင်ကြောင်း ထင်ရှားနေပါတယ်။

'အောဘရာဟင် ဝီလဆင်ဟာ မည်သည့် စိတ်ဆန္ဒ စေ့ဆော်ချက်မှ မရှိဘဲ ရေမွှန် သော့ပ်ကို ရက်ရက်စက်စက် သတ်ခဲ့တာ မှန်ရင် လူကြီးမင်းများ အနေနှင့် သူ့ကို ပြစ်မှုအလျောက် ပြစ်ဒဏ် ပေးနိုင်ပါတယ်။

'သို့ပေမဲ့ အခု တင်ပြမယ့် သက်သေခံ ပစ္စည်းကို မြင်ရရင် လူကြီးမင်းများ အနေနှင့် သံသယ ကင်းရှင်းသွားပြီး တရားခံကို တရားသေ လွှတ်မိကောင်း လွှတ်မိပါလိမ့်မယ်၊ ကျွန်မ အနေနှင့် ဒီသေတ္တာထဲက ပစ္စည်းတွေကို မြင်လိုက်ရတဲ့ အခါမှာ ကြက်သီး ဖြန်းဖြန်း ထပြီး ကိုယ့်မျက်စိကို ကိုယ် မယုံနိုင်အောင် ဖြစ်မိခဲ့ပါတယ်၊ ဂျူရီ လူကြီးမင်းများလည်း အလားတူပဲ ခံစားကြရလိမ့်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်၊ ဒါပေမဲ့ ဒီပစ္စည်းတွေကို ဆင်ဆင် အကျဉ်းထောင်က လက်ထောက် ထောင်မှူး မစ္စတာ ပက်တာဆင်က လုံခြုံရေး အတွက် တာဝန် ခံပြီး ယူလာတာ ဖြစ်တယ် ဆိုတာကိုတော့ ကျွန်မ ကြိုတင် အစီရင်ခံလိုပါတယ်။

'ဂျူရီ လူကြီးမင်းများရှင့်၊ ဒီပစ္စည်းတွေဟာ ဆင်ဆင် ထောင်က အကျဉ်းသားတွေ တိတ်တိတ်ပုန်း တီထွင် ထုတ်လုပ်ထားကြတဲ့ လက်နက် မျိုးစုံ ဖြစ်ပါတယ်၊ ကြည့်ကြပါရှင်'

ဂျင်နီဖာက သေတ္တာကို လက်ပေါ်တွင် မကိုင်ပြီး ဂျူရီ လူကြီးမင်းများ ရှေ့သို့ လျှောက်လာသည်။ သေတ္တာက လေးလွန်းသဖြင့် သူမသည် ဟန်ချက် ပျက်ပြီး ဘေးသို့ ယိုင်သွားသည်။ လက်ထဲမှ သေတ္တာ လွတ်ကျသွားသည်။ သေတ္တာမှာ အဖုံး ပွင့်သွားပြီး အထဲမှ ပစ္စည်းများ ကြမ်းပြင်ပေါ် ပြန့်ကြဲကျကြသည်။ အခိုက်အတန့်အားဖြင့် အခန်းထဲတွင် လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။

ဂျူရီ လူကြီးများက ပြန့်ကြဲနေသော ပစ္စည်းများကို ထိုင်ရာမှ ထကြည့်ကြသည်။ လက်နက် ပစ္စည်းများမှာ စုစုပေါင်း အမျိုးပေါင်း ၁၀၀ ခန့်မျှ ရှိသည်။ အရွယ် မျိုးစုံ၊ ပုံစံ မျိုးစုံ ပါဝင်သည်။ ရဲတင်း၊ ပေါက်ချွန်း၊ ဓား မြှောင်၊ ဓားမကုပ်၊ တူးရှင်း၊ အသေးစား လုပ်သေနတ်၊ သားသတ်ဓား၊ လက်ပွတ်ရူး စသည့် လက်နက် မျိုးစုံ။



mgyoe.com

mgyoe.com
SAMPLE BOOK

ပရိသတ်များနှင့် သတင်းထောက်များက နေရာမှ ထလာပြီး ကြမ်းပြင်ပေါ် ပြန့်ကြဲနေသော လက်နက်များကို တိုးဝေ့ ကြည့်ရှုကြသည်။

ဘီလစ် စာရေး တစ်ယောက် နေရာမှ ထလာပြီး လက်နက်များကို သေတ္တာထဲသို့ ကောက်ထည့်ရန် လုပ်သည်။

ဂျင်နီဖာက လက်ကာပြလိုက်သည်။

'နေပါစေ၊ ကျေးဇူးတင်ပါတယ်၊ ကျွန်မဘာသာ လုပ်ပါ့မယ်'

ထို့နောက် သူမသည် ဒူးထောက် ထိုင်ချလိုက်ပြီး လက်နက်များကို သေတ္တာထဲသို့ တစ်ခုပြီး တစ်ခု ကောက်ထည့်သည်။ သူမက တစ်ခုစီကို ကောက်ယူရင်း ဘာမှ မထူးခြားသော အမူအရာဖြင့် သေသေချာချာ ကိုင်ကြည့်နေပြီးမှ သေတ္တာထဲသို့ ပြန်ထည့်သည်။

ယခု အချိန်တွင် ဂျူရီ လူကြီးများ ကိုယ့်နေရာတွင် ကိုယ် အသီးသီး ပြန်လည် ထိုင်နေကြပြီ ဖြစ်သည်။ သို့သော် ဂျင်နီဖာ့ အပြုအမူကို မျက်ခြည်မပြတ် စိုက်ကြည့်နေကြသည်။ ခရိုင် ရှေ့နေကြီးမှာ ကုလားထိုင်တွင် ထိုင်ရင်း မျက်နှာပြင် တစ်ခုလုံး မိုးရိပ် ဖုံးနေသော ကောင်းကင်လို သုန်မှုန် ညိုမည်းနေသည်။

ငါးမိနစ်ခန့် ကြာတော့မှ ဂျင်နီဖာက လက်နက် ပစ္စည်းများကို သေတ္တာထဲ ထည့်၍ ပြီးသွားသည်။

ဂျင်နီဖာသည် ထိုင်ရာမှ ပြန်ထလိုက်ပြီး ခရိုင် ရှေ့နေကြီးဘက်သို့ ကြည့်လိုက်သည်။

'မေးမြန်းစရာ တစ်စုံတစ်ရာ ရှိပါသလားရှင်'

ယခု အချိန်တွင်တော့ ပြန်လှန် မေးခွန်း မေး၍လည်း ဘာမှ အကျိုး ထူးလာစရာ မရှိတော့။

ခရိုင် ရှေ့နေကြီး အတွက် အချိန်က အလွန့် အလွန် နောက်ကျသွားခဲ့ပြီ။

သူက စိတ်မပါသော လေသံပျော့ဖြင့် ပြောလိုက်သည်။

'မရှိပါဘူး'

'မေးစရာ မရှိရင် တရားခံကို ကျွန်မ မေးမြန်းပါ့မယ်'

mgyoe.com

mgyoe.com SAMPLE BOOK

၈

'နာမည် ပြောပါ'

'အောဘရာဟင် ဝီလဆင်'

'ကျေးဇူးပြုပြီး ကျယ်ကျယ် ဖြေပါ'

'အောဘရာဟင် ဝီလဆင်'

'မစ္စတာ ဝီလဆင်၊ ရေမွှန် သော့ပ်ကို သတ်ခဲ့သလား'

'သတ်ခဲ့ပါတယ် မဒမ်'

'ဘာဖြစ်လို့ သတ်ရတယ် ဆိုတာ ရုံးတော်ကို ပြောပြပါ'

'သူက ကျုပ်ကို သတ်ဖို့ လုပ်တယ်'

'ရေမွှန် သော့ပ်ဟာ ရှင့်ထက် ကိုယ်လုံးကိုယ်ပေါက် အများကြီး သေးတဲ့ လူတစ်ယောက်ပဲ၊ ဒီတော့ သူက ရှင့်ကို သတ်နိုင်မယ်လို့ ထင်သလား'

'သူက ကျုပ်ကို ဓားနှင့် ထိုးဖို့ ပြေးလာတယ်၊ ကျုပ်မှာ ဘာမှ မရှိဘူး'

ဂျင်နီဖာက လက်နက် သေတ္တာထဲမှ ပစ္စည်း နှစ်မျိုး ထုတ်ယူလိုက်သည်။ တစ်မျိုးက မြည့်နေအောင် သွေးထားသော သားသတ်ဓား၊ နောက် တစ်မျိုးက မီးညှပ်ကြီး တစ်ချောင်း။ သူမက သားသတ်ဓားကို ကိုင်မြှောက်ပြရင်း

'ရှင့်ကို ရေမွှန် သော့ပ်က ထိုးမလို့ လုပ်တာ ဒီဓားနှင့်လား'

'ကန့်ကွက်ပါတယ်၊ တရားခံဟာ ဒီအချက်ကို သိနိုင်ဖို့ အကြောင်း မရှိပါဘူး'

'ကျွန်မ ပြန်မေးပါ့မယ်၊ ရေမွှန် သော့ပ်က ရှင့်ကို သတ်မလို့ လုပ်တာ ဒီဓားမျိုးနှင့်လား'

'ဟုတ်ပါတယ် မဒမ်'

'ပြီးတော့ ဒီမီးညှပ်ကရော'

'ဟုတ်ပါတယ် မဒမ်'

'သူက ဒီလက်နက် နှစ်ခုနှင့် ရှင့်ကို သတ်ဖို့ လာတော့ ရှင်က ကိုယ့်ကိုယ်ကိုယ် ကာကွယ်တဲ့ သဘောနှင့် သူ့ကို သတ်လိုက်ရတာလား'

'ဟုတ်ပါတယ် မဒမ်'



mgyoe.com

mgyoe.com SAMPLE BOOK

'ကျေးဇူးတင်ပါတယ်'

ဂျင်နီဖာက ဒီဆီးလဗားဘက်သို့ လှည့်ရင်း 'မေးလိုတာ မေးနိုင်ပါတယ်'

ဒီဆီးလဗားက ထိုင်ရာမှ ထလိုက်သည်။ သူသည် သက်သေ ဝက်ခြံနားသို့ လျှောက်လာသည်။

'မစ္စတာ ဝီလဆင်၊ ခင်ဗျားဟာ အရင်တုန်းကလည်း လူသတ်မှု ကျူးလွန်ခဲ့ဖူးသလား၊ ကျုပ် မေးတာ အခု အမှုဟာ ခင်ဗျားရဲ့ ပထမဆုံး အမှု မဟုတ်ဘူးဆိုတာကို မေးတာ'

'ကျွန်တော် အမှား လုပ်ခဲ့မိပါတယ်၊ အဲဒီ အတွက် အခု အပြစ်ပေးခံနေရပါတယ်၊ ကျွန်တော်'

'ကျုပ်တို့ကို တရား မဟောပါနှင့်၊ မေးတာကို ဟုတ်တယ် မဟုတ်ဘူးပဲ ဖြေပါ'

'ဟုတ်ပါတယ်'

'ဒီတော့ သူ့အသက်ဟာ ခင်ဗျား အတွက် ဘာမှ တန်ဖိုး မရှိဘူးပေါ့'

'အဲဒါ မဟုတ်ပါဘူး၊ ကျွန်တော်'

'လူနှစ်ယောက် အသက်ကို သတ်ဖူးတဲ့ လူဟာ လူ့အသက်ကို တန်ဖိုးထားတယ်လို့ ပြောလို့ ဖြစ်နိုင်ပါ့မလား၊ အဲဒီလို လူ့အသက်ကို တန်ဖိုး မထားရင် ခင်ဗျား အနေနှင့် လူပေါင်း ဘယ်နှယောက်များ သတ်ဦးမှာလဲ၊ ငါးယောက်လား ဆယ်ယောက်လား အယောက် နှစ်ဆယ်လား'

ခရိုင် အစိုးရ ရှေ့နေကြီးက ဝီလဆင်ကို အစာ ပြပြီး သူ လိုရာသို့ ဆွဲခေါ်နေသည်။ ဝီလဆင်က အစာကို သွားဟပ်မိပြီ။ သူ့မေးရိုးကြီးတွေ ကားတက်လာကြသည်။ သူ ဒေါသ ထွက်နေပြီ။

*သတိထားပါ အောဂျာဟင်ရယ်။* ဂျင်နီဖာက ကျိတ်ပြီး ဆုတောင်းနေမိသည်။

'ကျွန်တော် လူ နှစ်ယောက်တည်း သတ်ဖူးတာပါ'

'နှစ်ယောက်တည်း ဟုတ်လား၊ နှစ်ယောက်တည်း သတ်ဖူးတာ ဟုတ်လား' ခရိုင် ရှေ့နေကြီးက ခေါင်းကို တွင်တွင်ကြီး ခါယမ်းရင်း သရော်သံဖြင့် မေးလိုက်သည်။ သူက သက်သေ ဝက်ခြံနား ကပ်လာပြီး တရားခံကို စိုက်ကြည့်လိုက်သည်။ 'ခင်ဗျား အနေနှင့် လူသတ်ရတာကို ဂုဏ် ရှိတယ်၊ သြဇာ အာဏာ ရှိတယ်လို့ ယုံကြည်ထားတယ်လို့ ကျုပ် ထင်တယ်၊ ခင်ဗျား ကိုယ် ခင်ဗျား ဒီဇမ္ဗူမှာ ငါတစ်လူပဲ ရှိတယ်လို့ ထင်နေတယ်၊ ဒါကြောင့်မို့

mgyoe.com

mgyoe.com SAMPLE BOOK

ခင်ဗျားက လူသတ်ချင်တဲ့စိတ် ပေါ်လာရင် ဟိုနေရာမှာလည်း သတ်မှာပဲ၊ ဒီနေရာမှာလည်း သတ်မှာပဲ'

အဘောရာဟင် ဝီလဆင်က ထိုင်ရာမှ ရုတ်တရက် ထရပ်ပြီး အော်ဆဲလိုက်သည်။

'ခွေးမသား'

*မဟုတ်ဘူး၊ မဟုတ်ဘူး၊ အဲဒီလို မပြောရဘူး။* ဂျင်နီဖာက ရင် တထိတ်ထိတ်ဖြင့် ကျိတ်၍ ဆုတောင်းလိုက်သည်။

'ပြန်ထိုင်ပါ' ဒီဆီးလဗားက အော်၍ အမိန့် ပေးလိုက်သည်။ 'ရေမွှန်သော့ပ်ကို သတ်တုန်းကလည်း ဒီလိုပဲ ဒေါသ ထွက်ခဲ့သလား'

'သူက ကျွန်တော့်ကို သတ်မလို့ လုပ်ပါတယ်'

'ဒီပစ္စည်းတွေနှင့်လား' ဒီဆီးလဗားက သားသတ်ဓားနှင့် မီးညှပ်ကို ကောက်ယူပြီး အပေါ်သို့ မြှောက်ပြလိုက်သည်။ 'ဒီဓားကို ခင်ဗျားက သူ့ဆီက လုယူလိမ့်မယ်လို့ ကျုပ် ထင်တယ်' ပြီးတော့ သူက မီးညှပ်ကို လှုပ်ပြရင်း 'ခင်ဗျားက ဒါကို ကြောက်သလား' သူက ဂျူရီ လူကြီးများဘက်သို့ ပြန်လှည့်လိုက်သည်။ လက်ကလည်း မီးညှပ်ကို တလှုပ်တည်း လှုပ်ပြနေသည်။ 'ဒီပစ္စည်းဟာ အပြင်မှာ ကြောက်စရာ မကောင်းလှပါဘူး၊ တကယ်လို့ ရေမွှန်သော့ပ်က ဒီပစ္စည်းနှင့် ခင်ဗျား ခေါင်းကို ရိုက်ရင်လည်း အဖု ပေါ်ရုံလောက်ပဲ ရှိပါလိမ့်မယ်၊ ဒီပစ္စည်းကို ဘာခေါ်သလဲ မစ္စတာ ဝီလဆင်'

ဝီလဆင်က လေသံဖြင့် ပြန်ပြောလိုက်သည်။

'အဲဒါတွေက လူဖောက်စက်တွေပေါ့'

ဂျူရီ အဖွဲ့ကို ရှစ်နာရီတိတိ ရပ်နားခွင့် ပြုလိုက်သည်။

ဒီဆီးလဗားနှင့် သူ့လက်ထောက်များလည်း အနားယူရန် အခန်းထဲမှ ပြန်ထွက်သွားကြသည်။ ဂျင်နီဖာမှာတော့ ကုလားထိုင်တွင် ငုတ်တုတ်ကြီး ထိုင်ကျန်ရစ်ခဲ့သည်။

ဂျူရီ လူကြီးတွေ ထွက်သွားတော့ ကင် ဘယ်လီက ဂျင်နီဖာ အနီးသို့ လျှောက်လာသည်။

'ကော်ဖီ တစ်ခွက်လောက် သောက်လိုက်ပါလား'

'ကျွန်မ ဘာကိုမှ မျိုမကျဘူး ကင်'


mgyoe.com

mgyoe.com SAMPLE BOOK

သူမသည် တရားရုံးထဲမှာပင် ထိုင်မြဲ ထိုင်နေသည်။ နေရာမှ ထသွားရမှာ ကြောက်နေသည်။ ပရိသတ်တွေက သူမကိုပဲ ဝိုင်းကြည့်နေကြသည်။ အမှုကတော့ သွားပြီ၊ ရှုံးသွားပြီ။ သူမ အနေဖြင့်တော့ တတ်နိုင်သမျှ ကြိုးစားခဲ့ပါ၏။ သူမက မျက်လုံးများကို မှိတ်ထားလိုက်သည်။ တစ်စုံတစ်ရာကို အသံတိတ် ဆုတောင်းရန် ကြိုးစားကြည့်သည်။

သို့သော် စိုးရိမ်စိတ်က ဖိစီးထားသည်။ သူမ စိတ်ထဲတွင် အောဘရာဟင်ရော သူမပါ သေဒဏ် ပေးခံရတော့မလို ထင်မှတ်နေမိသည်။

ဂျူရီ လူကြီးများ တရားခွင်သို့ ပြန်ဝင်လာကြသည်။ သူတို့၏ မျက်နှာတွေက တင်းမာနေကြသည်။ အမင်္ဂလာ ဖြစ်ရပ်တွေ ဆက်လက် ဖြစ်ပေါ်လာဦးမည်ကို ဖော်ပြနေသော ရှေ့ပြေး နိမိတ်တွေ ပေါ်လွင်နေသည်။ ဂျင်နီဖာ၏ ရင်သည် အခုန် မြန်လာသည်။ ဂျူရီ လူကြီးများ၏ မျက်နှာကို ကြည့်ပြီး သည်အမှု၏ အန္တိမ ရလဒ်ကို သူမ အကဲခတ်နိုင်ပြီ။ သူမကိုယ် သူမ မူးမေ့ လဲကျသွားတော့မလား ထင်လိုက်မိသည်။

သူမကြောင့် လူသား တစ်ယောက် အသက် ဆုံးရှုံးရတော့မည်။ လျှပ်စစ်ကုလားထိုင်တွင် ဘဝ နိဂုံး ချုပ်ရတော့မည်။ သည်အမှုကြီးကို သူမ လက်ခံခဲ့သည်မှာ အကြီးအကျယ် မှားသွားခဲ့ပြီ။ ဘယ်တော့မှ ပြင်လို့ မရနိုင်တော့တဲ့ အမှား။

သူမ အနေဖြင့် လူသား တစ်ယောက်၏ အသက်ကို ယခုလို ဆင်ခြင်တုံတရား ကင်းမဲ့စွာ သေအောင် လုပ်နိုင်သော အခွင့်အရေး ရှိပါသလား။ ရောဘတ်ဒီဆီးလဗားကဲ့သို့သော ဝါရင့် ရှေ့နေကြီး တစ်ဦးနှင့် ယှဉ်ပြိုင်ပြီး တရား စစ်ထိုးခဲ့သော၊ ထိုးရဲသော သူမသည် လူကောင်းမှ ဟုတ်ပါလေစ။ ရူးများ ရူးနေပြီလား။

သူမသည် ဂျူရီ လူကြီးတွေ ရှေ့သို့ ပြေးသွားပြီး *'ခဏ စောင့်ကြပါဦး၊ စောင့်ကြပါဦး၊ ဝီလဆင်ဟာ မတရား စီရင်ခံနေရပါပြီ၊ သူ့ကို တခြား ရှေ့နေ တစ်ယောက်က လျှောက်လဲ ပေးပါရစေဦး၊ ကျွန်မထက် တော်တဲ့ ရှေ့နေ တစ်ယောက် ရှာပေးပါရစေဦး'* ဟူ၍သာ နတ်သံနှော၍ အော်ဟစ် တိုင်တည်လိုက်ချင်တော့သည်။ သို့သော် ယခုမှတော့ ဘာမှ လုပ်၍ မရတော့။ နောက်ကျသွားခဲ့ပြီ။ အချိန် နောက်ကျသွားခဲ့ပြီ။



mgyoe.com

mgyoe.com SAMPLE BOOK

သူမသည် အောဘရာဟင် ဝီလဆင်အား မျက်လုံး ထောင့်ကပ်ကာ မသိမသာ အကဲခတ် ကြည့်လိုက်သည်။ သူသည် သူ့နေရာတွင် ကျောက်ရုပ်ကြီး တစ်ခုလို မလှုပ်မယှက် ထိုင်နေသည်။ ယခု အချိန်တွင်တော့ သူ့မျက်နှာ၊ သူ့အမူအရာတွေမှ အာဃာတ တရားတွေ၊ ဒေါသရိပ်တွေ ထွက်လာသည်ကို သူမ မမြင်ရတော့။ ကြီးစွာသော၊ နက်ရှိုင်းသော ဒုက္ခ ဝေဒနာ တစ်ရပ်ကို ပြင်းပြင်းထန်ထန် ခံစားနေရသော လူသား တစ်ယောက်ကိုသာ မြင်နေရတော့သည်။ သူမသည် အောဘရာဟင် ဝီလဆင် အနားသို့ သွားပြီး သူ စိတ်ချမ်းသာမှု ရလိုရငြား နှစ်သိမ့် စကား တစ်ခွန်းလောက် ပြောလိုက်ချင်စိတ် ဖြစ်ပေါ်လာမိသည်။ သို့သော် သူမ ရင်ထဲတွင် ပြောစရာ စကား မရှိတော့။ သူမ ဘာပြောရမှန်း မသိတော့။ တရားသူကြီး ဝေါ့ဒ်မန်း အသံကို ကြားရသည်။

'ဂျူရီ လူကြီးများ စီရင်ချက် ချမှတ်ပြီးပါပြီလား'

'ချမှတ်ပြီးပါပြီ တရားသူကြီးမင်း ခင်ဗျား'

တရားသူကြီးက ခေါင်းညိတ်လိုက်သည်။ သူ့စာရေးက ထိုင်ရာမှ ထပြီး ဂျူရီ အဖွဲ့ ခေါင်းဆောင် အနီးသို့ လျှောက်လာသည်။ ဂျူရီ အဖွဲ့ ခေါင်းဆောင်က စာရေးအား စာရွက် တစ်ရွက် ကမ်းပေးသည်။ စာရေးက စာရွက်ကို ယူလာပြီး တရားသူကြီးအား ပေးလိုက်သည်။

ဂျင်နီဖာ၏ နှလုံးသားသည် ပြုတ်ကျတော့မတတ် တဖျတ်ဖျတ် ခုန်လာသည်။ သူမသည် အသက်ရှူ မရအောင် ခံစားနေရသည်။ သည်ခဏကို သူမက သည်အတိုင်းပဲ ရပ်ထားစေချင်သည်။ ဂျူရီ အဖွဲ့၏ စီရင်ချက်ကို သဘာပတိ တရားသူကြီးက မကြေညာခင် သူမ အနေဖြင့် ထာဝရ အသက်ရှူ ရပ်သွားစေချင်သည်။

တရားသူကြီးက လက်ထဲမှ စာရွက်ကို ကြည့်ရှုနေသည်။ ထို့နောက် ခေါင်းကို အသာ ငဲ့ပြီး တရားခွင် တစ်ခုလုံးကို မျက်လုံး ကစားကြည့်လိုက်သည်။ သူ့မျက်လုံးများသည် ဂျူရီ လူကြီးများဆီသို့ ရောက်သွားသည်။ ခရိုင် အစိုးရ ရှေ့နေကြီးဆီသို့ ရောက်လာသည်။ ပြီးတော့ ဂျင်နီဖာဆီသို့ ရောက်လာသည်။ နောက်ဆုံး တရားခံ အောဘရာဟင် ဝီလဆင်ဆီသို့ ရောက်လာသည်။

'တရားခံ ကျေးဇူးပြုပြီး မတ်တတ် ရပ်ပါ'

အောဘရာဟင် ဝီလဆင်က မတ်တတ် ထရပ်လိုက်သည်။ သူ့အမူအရာသည် လေးလံနေသည်။ မောပန်းနေသည်။ အင်အား လုံးဝ မရှိသော လူလို နွမ်းနွေ့ပန်းလျနေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

တရားသူကြီးက စာရွက်ကို ဖတ်လိုက်သည်။

'တရားခံ အောဘရာဟင် ဝီလဆင် အပေါ်တွင် စွဲဆိုချက် အတိုင်း အပြစ်မရှိကြောင်း ဂျူရီ အဖွဲ့က တွေ့ရှိရသည်'

တစ်ယောက်တစ်ပေါက် ပြောသံများဖြင့် တစ်ခန်းလုံး ဆူညံသွားသည်။ တရားသူကြီး၏ နောက်ထပ် စကားများမှာ ပရိသတ်၏ ဆူညံသံများ ကြားတွင် နစ်မြုပ် ပျောက်ကွယ်သွားသည်။

ဂျင်နီဖာမှာ ကြက်သေ သေပြီး ကြောင်ကြောင်ကြီး ရပ်နေမိသည်။ ကိုယ့်နား ကိုယ် မယုံနိုင်အောင် ဖြစ်နေမိသည်။ သူမက အောဘရာဟင် ဝီလဆင်ဘက်သို့ မသိမသာ လှည့်ကြည့်လိုက်သည်။ သူလည်း မတုန်မလှုပ် ငုတ်တုတ်ကြီး ထိုင်နေသည်။ သူက သူ၏ ညှိုးငယ်နေသော မျက်လုံးကျဉ်းကလေးများနှင့် ဂျင်နီဖာအား တစ်ချက် လှည့်ကြည့်သည်။ ထို့နောက် သူ၏ အကျည်းတန်သော မျက်နှာကြီး ဖြလာပြီး သွားတွေ ပေါ်လာသည်။

သည်အပြုံးမျိုးကို ဂျင်နီဖာ အနေဖြင့် သည်တစ်ကြိမ်ပဲ မြင်ဖူးသေးသည်။ သူက သူ့ကိုယ်လုံးကြီးကို လှည့်ပြီး ဂျင်နီဖာအား ဝမ်းသာအားရ ပွေ့ဖက်လိုက်သည်။ ဂျင်နီဖာ၏ မျက်လုံး အစုံမှ မျက်ရည်တွေ စီးကျလာသည်။

ထိုအခိုက် သတင်းထောက်တွေ ရောက်လာပြီး ဂျင်နီဖာကို ဝိုင်းထားကြသည်။ တစ်ယောက် တစ်ပေါက် အလုအယက် မေးမြန်းကြသည်။

'ခရိုင် အစိုးရ ရှေ့နေကြီးကို အောင်ပွဲ ခံလိုက်တာ စိတ်ထဲမှာ ဘယ်လို ခံစားရပါသလဲ'

'ဒီအမှုကို ခင်ဗျား နိုင်မယ်လို့ အစကတည်းက ယုံကြည်ထားသလား'

'ဝီလဆင်ကို သေဒဏ် စီရင်ချက် ချရင် ခင်ဗျား အနေနှင့် ဘယ်လို တုံ့ပြန်မှာလဲ'

ဂျင်နီဖာက ခေါင်းကိုသာ တွင်တွင်ကြီး ခါနေသည်။ သူမ၏ ပါးစပ်က ဘာစကားမှ ပြော၍ မထွက်အောင် ဖြစ်နေသည်။ သူတို့သည် ပွဲကြီးပွဲကောင်း တစ်ခုကို ကြည့်ရှုရန် သည်နေရာသို့ ရောက်လာကြခြင်း ဖြစ်သည်။ လူသား တစ်ယောက်အား သားကောင်ပမာ မုဆိုးတွေ ဝိုင်းလိုက်ကြသည်ကို ကြည့်ရှုရန် ရောက်လာကြခြင်း ဖြစ်သည်။

သူမသည် စားပွဲပေါ်မှ စာရွက်စာတမ်းများကို သိမ်းပြီး လက်ဆွဲအိတ်ထဲသို့ ပြန်ထည့်နေသည်။

သူမ အနီးသို့ ဘီလစ် စာရေး ရောက်လာသည်။



mgyoe.com

mgyoe.com SAMPLE BOOK

'မစ္စစ် ပါကာကို တရားသူကြီးက ခဏ တွေ့ချင်ပါတယ်တဲ့၊ သူ့ရုံးခန်းထဲကို ကျေးဇူးပြုပြီး ကြွပါ'

သူမအား ရုံးတော်ကို မထီမဲ့မြင်ပြုမှုက စောင့်နေကြောင်း ယခုမှ သတိရမိတော့သည်။ သို့သော် ကိစ္စ မရှိ၊ ဒါက ဘာမှ အရေးမကြီးတော့။ သူမ အဖို့ အရေးအကြီးဆုံး ကိစ္စမှာ အောဘရာဟင် ဝီလဆင်၏ အသက်ကို ကယ်တင်ရေးသာ ဖြစ်သည်။

သူမသည် ခရိုင် အစိုးရ ရှေ့နေကြီး၏ စားပွဲသို့ စောင်းကြည့်လိုက်သည်။ ရှေ့နေကြီးသည် ရှစ်ခေါက်ချိုး မျက်နှာထားကြီးဖြင့် စာရွက်စာတမ်းများကို ပြန်သိမ်းနေသည်။ သူ့လက်ထောက် တစ်ယောက်ကိုလည်း ငေါက်ငမ်း ဟိန်းဟောက်နေသည်။ ဂျင်နီဖာနှင့် မျက်လုံးချင်း ဆုံသွားသည်။ သူသည် မျက်နှာကို ရုတ်တရက် လွှဲပစ်လိုက်သည်။

တရားသူကြီး ရုံးခန်းထဲသို့ ဂျင်နီဖာ ဝင်လာခဲ့သည်။ မစ္စတာ ဝေါ့ဒ်မန်းသည် စားပွဲတွင် ထိုင်နေသည်။ သူက သံပြတ်ဖြင့် ပြောသည်။

'ထိုင်ပါ မစ္စ ပါကာ'

ဂျင်နီဖာက ကုလားထိုင်လွတ်တွင် ဝင်ထိုင်သည်။

'ကျုပ်က ကျုပ် တရားရုံးကို ပြပွဲလို သဘောထားရင် မင်းကိုလည်း ခွင့်မလွှတ်နိုင်ဘူး၊ တခြားလူကိုလည်း ခွင့်မလွှတ်နိုင်ဘူး'

ဂျင်နီဖာက မျက်နှာ နီသွားပြီး

'ကျွန်မ စကားပြော မှားသွားလို့ပါ၊ ကျွန်မ ဘယ်လို ဖြစ်သွားမှန်း'

မစ္စတာ ဝေါ့ဒ်မန်းက လက်ကာပြလိုက်သည်။

'နေစမ်းပါဦး၊ ကျုပ် ပြောပါရစေဦး'

ဂျင်နီဖာက နှုတ်ခမ်းချင်း ဖိပြီး ပါးစပ်ကို ပိတ်ထားလိုက်သည်။

တရားသူကြီး ဝေါ့ဒ်မန်းက ကိုယ်ကို ရှေ့သို့ ကိုင်းရင်း

'ကျုပ် သည်းမခံနိုင်တဲ့ နောက်တစ်ချက်က ရုံးတော်ကို မထီမဲ့မြင် ပြုခြင်းပဲ၊ မင်းဟာ ဒီနေ့ ညနေပိုင်းမှာ တော်တော်ပဲ ဘောင်ကျော်ပြီး တက်ခဲ့တယ်၊ မင်းမှာ လူတစ်ယောက်ရဲ့ အသက်ကို ကယ်ချင်တဲ့စိတ် အလွန် ပြင်းပြနေတာကို ငါ တွေ့ရတယ်၊ အဲဒါကြောင့်မို့လို့ ရုံးတော်ကို မထီမဲ့မြင် ပြုမှုနှင့် မင်းကို အပြစ် မယူဖို့ ငါ ဆုံးဖြတ်လိုက်တယ်'



mgyoe.com

mgyoe.com SAMPLE BOOK

'အများကြီး ကျေးဇူးတင်ပါတယ် တရားသူကြီးမင်း'

'အမှု တစ်ခု စီရင် ဆုံးဖြတ်ပြီးတဲ့ အခါတိုင်း တရားဥပဒေ စိုးမိုးရေး အတွက် ဆောင်ရွက်လိုက်ရာ ရောက်ရဲ့လား ဆိုတာကို ကျုပ် အမြဲတမ်း သံသယ ဝင်မိတယ်၊ အထူးသဖြင့် ဒီအမှုမှာ ပိုပြီး ကျုပ် အနေနှင့် သံသယ ဝင်မိတယ်'

ဂျင်နီဖာက ဘာမှ ပြန်မပြောဘဲ သူ့စကားကို စောင့်နေသည်။

'အဲဒါပါပဲ မစ္စ ပါကာ'

ညနေပိုင်းထုတ် သတင်းစာများနှင့် ညပိုင်း ထုတ်လွှင့်သော တယ်လီဗီးရှင်းတွင် ဂျင်နီဖာ့ အကြောင်းမှာ သတင်းထူး သတင်းဦးကြီး ဖြစ်လာခဲ့ပြန်သည်။ သို့သော် သည်တစ်ကြိမ်တွင်မူ သူမသည် အဓိက ဇာတ်ဆောင် မင်းသမီး ဖြစ်နေသည်။ သမ္မာကျမ်းစာလာ စကားနှင့် ပြောရလျှင် သူမသည် ရောမ လူ့မြင်းမိုရ်တောင်ကြီး ဂိုလီယက်ကို ကျောက်ခဲဖြင့် ထုသတ်သော ဂျူဒါ ဘုရင် ဒေးဗစ် ဖြစ်နေသည်။ သူမနှင့်တကွ ဒီဆီးလဗား၊ အေဘရာဟင် ဝီလဆင်တို့၏ ဓာတ်ပုံများကို သတင်းစာ မျက်နှာဖုံးများတွင် ဝေဝေဆာဆာ ဖော်ပြကြသည်။ ဂျင်နီဖာသည် သတင်းစာပါ စာလုံးတိုင်းကို တစ်လုံး မကျန် အငမ်းမရ ဖတ်နေမိသည်။ ဒုက္ခ မျိုးစုံကို ရင်နှင့်အောင် ခံစားခဲ့ရပြီးမှ ယခုလို အောင်ပန်း ဆင်နိုင်ခဲ့ခြင်းမှာ သူမ အတွက် အချိုမြိန်ဆုံးသော ဘဝ အရသာ တစ်မျိုးပင် ဖြစ်တော့သည်။

ကင် ဘယ်လီက သူမ၏ အောင်မြင်မှု အတွက် ဂုဏ်ပြု အထိမ်းအမှတ် အဖြစ်ဖြင့် သူမအား လူချောင် ဟိုတယ်သို့ ခေါ်လာခဲ့သည်။ ဟိုတယ် မန်နေဂျာနှင့် ပရိသတ်များက သူမကို မြင်မြင်ချင်း မှတ်မိကြသည်။ သူမ လုံးဝ မသိသော လူစိမ်းများက သူမဆီသို့ လာပြီး လှိုက်လှဲ ဝမ်းသာ ဂုဏ်ပြု နှုတ်ဆက်ကြသည်။ သည်အတွေ့အကြုံကား မူးယစ်ဝေရသော အတွေ့အကြုံပင် ဖြစ်တော့သည်။

'နာမည် ကျော်တာ ဘယ်လို အရသာ ရှိသလဲ'

ကင်က ပြုံးပြီး မေးသည်။

'တစ်ကိုယ်လုံး ထူပူပြီး ထုံကျဉ်သွားသလိုပဲ'

အမည် မသိ ပုဂ္ဂိုလ် တစ်ယောက်က သူတို့ စားပွဲသို့ ဝိုင်အရက် တစ်ပုလင်း ပို့လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

'ကျွန်မ ဘာမှ မသောက်ချင်တော့ဘူး၊ ကျွန်မကိုယ် ကျွန်မ အရက် မူး နေသလိုပဲ ခံစားနေရတယ်'

ပြောလို့သာ ပြောလိုက်ရသော်လည်း သူမ၏ လည်ချောင်းတွေ ခြောက်ကပ်ပြီး အလွန် ရေငတ်နေသည်။ သို့ဖြင့် ကင်နှင့် တရားခွင် အတွေ့အကြုံကို ပြန်လည် စားမြုံ့ပြန်ရင်း ဝိုင်အရက် သုံးခွက် ကုန်အောင် သောက်ပစ်လိုက်မိသည်။

'ကျွန်မ အကြီးအကျယ် ကြောက်ခဲ့ရတယ် ကင်၊ တခြား လူတစ်ယောက် အသက်ကို ကိုယ့်လက်ထဲမှာ ထည့်ထားရတာ ဘယ်လိုနေတယ် ဆိုတာ ရှင် စဉ်းစားကြည့်ဖူးသလား၊ ကျွန်မ အဖို့တော့ ဘုရားနှင့် ပြိုင်ရသလိုပဲ၊ ကျွန်မ ဘဝမှာ ဘယ်တုန်းကမှ ဒီလောက် မကြောက်ခဲ့ဖူးပါဘူး၊ ကျွန်မ ဆိုလိုတာက ကယ်ဆိုလို မြို့ကလေးက တက်လာရတဲ့ ကျွန်မလို မိန်းကလေး တစ်ယောက် အနေနှင့် ပြောတာပါ၊ ကဲ ကျွန်မတို့ နောက်ထပ်ပြီး ဝိုင် တစ်ပုလင်းလောက် မှာလိုက်ကြရအောင်လား'

'ရပါတယ်ဗျာ ရပါတယ်၊ မယ်မင်းကြီးမ သဘောရှိ သုံးဆောင်တော်မူပါ'

ကင်က နှစ်ယောက်စလုံး အတွက် ညစာ ထမင်းပါ မှာလိုက်သည်။ ဂျင်နီဖာမှာ စိတ်လှုပ်ရှားမှုကြောင့် အလိုလို ရင်ပြည့်နေသည်။ ဘာဟင်းကိုမှ မည်မည်ရရ မစားနိုင်။

'ကျွန်မ အောဘရာဟင် ဝီလဆင်နှင့် ပထမဆုံး အကြိမ် သွားတွေ့တော့ သူက ဘာပြောသလဲ သိလား၊ မင်းက ငါ့အရေခွံထဲ ဝင်ပါ၊ ငါက မင်းအရေခွံထဲ ဝင်မယ်၊ ပြီးတော့ မင်းနှင့် ငါနှင့် အေးအေးဆေးဆေး စကား ပြောကြမယ်တဲ့၊ သူက အဲသလို ပြောခဲ့တယ် ကင်၊ ဒီနေ့မှာ ကျွန်မ သူ့အရေခွံထဲ ဝင်လိုက်တာပါပဲ၊ ဒါနှင့် ရှင် ဟိုအချက်ကို သတိထားမိရဲ့လား၊ ကျွန်မကတော့ ဂျူရီ လူကြီးတွေက ကျွန်မကိုပါ အပြစ် ပေးလိမ့်မယ် ထင်နေမိတယ်၊ ကျွန်မကိုပါ သေဒဏ် ပေးလိမ့်မယ် ထင်နေမိတယ်၊ ကျွန်မက အောဘရာဟင်ကို တဖြည်းဖြည်းနှင့် ချစ်လာတယ်၊ အရက် ထပ်မှာလိုက်ပါဦးလား'

'မင်းက အစာလည်း တစ်လုတ်မှ မစားသေးဘူး'

ဂျင်နီဖာက အရက် ပုလင်း ယူပြီး ဖန်ခွက်ထဲ ငှဲ့ထည့်သည်။ ပြီးတော့ တစ်ကျိုက်တည်း မော့ချလိုက်သည်။

'ဖြည်းဖြည်း လုပ်စမ်းပါ ဂျင်နီဖာ'

ကင်က စိုးရိမ်စိတ်ဖြင့် သတိပေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူမက လက်တစ်ဖက်ကို မြှောက်ပြီး လေထဲတွင် ဝှေ့ယမ်းပြရင်း

'ဒါက ကာလီဖိုးနီးယား ဝိုင်ပါ၊ ရေသောက်ရတာနှင့် ဘာမှ မထူးဘူး' သူမက နောက် တစ်ကျိုက် ထပ်မော့လိုက်သည်။ 'ရှင်ဟာ ကျွန်မ အတွက် အကောင်းဆုံး မိတ်ဆွေပဲ ကင်၊ မကောင်းဆုံး မိတ်ဆွေက ဘယ်သူလဲ သိရဲ့ လား၊ ဘယ်သူရမှာလဲ၊ ဒီဆီးလဗားကြီးပဲပေါ့၊ ဒီဆီးလဗားကြီးပေါ့'

'ဒီဆီးလဗား'

'အေးလေ သူပဲပေါ့၊ သူက ကျွန်မကို သိပ် မုန်းတယ်၊ ရှင် ရှင် ဒီနေ့ သူ့ မျက်နှာ သတိထား ကြည့်မိသလား၊ အိုး ဟိုး ဟိုး၊ သူ ရှုံးနေပြီ ရှုံးနေပြီ၊ သူက ကျွန်မကို တရားရုံးထဲက မောင်းထုတ်မယ်တဲ့၊ ဒါပေမဲ့ သူ မလုပ်နိုင် ပါဘူး၊ မဟုတ်ဘူးလား ကင်'

'အင်း သူ မလုပ်နိုင်ပါဘူး'

'ကျွန်မ ဘာစဉ်းစားနေတယ် ဆိုတာ ရှင် သိပါတယ်၊ ကျွန်မ စဉ်းစား နေတာကို ရှင် အတိအကျ သိပါတယ်'

'ငါ'

'ဒီဆီးလဗားက သူ့ကိုယ်သူ ဝေလငါးကြီး ထင်နေတယ်၊ ကျွန်မကိုတော့ သူ့အစာလို့ ထင်နေတယ်'

'မင်းက ကိုယ့်ကိုယ်ကိုယ် အထင်သေးပြီး အားငယ်နေတယ်၊ အဲဒါကို ငါ သတိ ထားမိတယ်'

'ကျေးဇူးတင်ပါတယ် ကင်၊ ရှင့်ကို ကျွန်မ အမြဲ အလေးအနက် ထားပါ တယ်၊ ကဲ ကျွန်မတို့ နောက်တစ်လုံး ဖြို့လိုက်ကြဦးစို့လား'

'မင်း လိုအပ်တာထက် ပိုနေပြီ ဂျင်နီဖာ'

'ဝေလငါးက ရေငတ်တယ်လေ' သူမက တခစ်ခစ် ရယ်သည်။ 'ကျွန်မ က ဝေလငါးကြီး ဖြစ်သွားပြီ၊ အေဘရာဟင် ဝီလဆင်ကို ကျွန်မ ချစ်တယ်လို့ ရှင့်ကို ပြောတယ်နော်၊ သူဟာ ကျွန်မ တွေ့ဖူးတဲ့ လူတွေထဲမှာ အချောဆုံး လူသား တစ်ယောက်ပဲ၊ သူ့မျက်လုံးတွေ အောက်ကို ကျွန်မ ထိုးဖောက်ပြီး စိုက်ကြည့်တယ် ကင်၊ သူဟာ ကျွန်မ မိတ်ဆွေ၊ အချောဆုံး မိတ်ဆွေ၊ ဒီဆီး လဗားရဲ့ မျက်လုံးထဲ ရှင် တစ်ခါမှ စိုက်မကြည့်မိသေးပါဘူး၊ အိုး ဟိုး ဟိုး၊ သူ့မျက်လုံးတွေက အေးစက်နေတယ်၊ ရေခဲတုံးလို အေးစက်နေတယ်၊ ဒါပေမဲ့ သူက လူဆိုးတော့ မဟုတ်ပါဘူး၊ သူက ဝေလငါး၊ ကျွန်မက သူ့အစာလို့ ကျွန်မ ရှင့်ကို ပြောခဲ့မိသလား'



mgyoe.com

mgyoe.com
SAMPLE BOOK

'ဟုတ်တယ်'

'ကျွန်မ လူတိုင်းကို ချစ်တယ်၊ ဖိနှိပ်ခံနေရတဲ့ လူကို ကျွန်မ ချစ်တယ်၊ ဘာဖြစ်လို့ ဆိုတာ ရှင် သိပါတယ် ကင်၊ ဒီနေ့ အေဘရာဟင် ဝီလဆင် အသက် ပြန်ရှင်သွားပြီ၊ သူ မသေရတော့ဘူး၊ ကဲ ဂုဏ်ပြု အထိမ်းအမှတ် အနေနှင့် နောက်တစ်လုံး မှာလိုက်ပါဦး'

ကင် ဘယ်လီက ဂျင်နီဖာအား အိမ်သို့ ပြန်ခေါ်လာတော့ နံနက် နှစ်နာရီ ထိုးနေပြီ။ သူက သူမအား လှေကား လေးဆင့် အထိ တွဲခေါ်လာပြီး သူမ၏ အခန်းကျဉ်းကလေးသို့ အရောက် ပို့ပေးရသည်။ အခန်းထဲ ရောက်တော့ သူမှာ ဟောဟဲ လိုက်ပြီး အသက်ပင် မရှူနိုင်အောင် ဖြစ်နေသည်။

'မင်း သိတဲ့အတိုင်းပဲ၊ ငါ တော်တော် မူးသွားတယ်' ကင်က ပြောသည်။

ဂျင်နီဖာက ကင်အား သနားသွားဟန်ဖြင့်

'ကိုယ် သောက်နိုင်သလောက် သောက်တာ အကောင်းဆုံးပဲ'

ထို့နောက် သူမသည် ကုလားထိုင်ပေါ် အရုပ်ကြိုးပြတ် ခွေကျသွားသည်။

တယ်လီဖုန်း မြည်သံကြောင့် သူမ အိပ်ရာမှ နိုးလာသည်။ လက်ကို အသာကလေး ဆန့်ပြီး တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ နည်းနည်းကလေး လှုပ်ရှားမှုဖြင့် သူမ၏ တစ်ကိုယ်လုံး နာကျင်မှုတွေ ပျံ့နှံ့သွားကြသည်။

'ဟဲလို'

'ဂျင်နီဖာလား၊ ကင်ပါ'

'ဟဲလို ကင်'

'မင်း အသံ တစ်မျိုးကြီးပဲ၊ နေကောင်းရဲ့လား'

သူမက ခဏမျှ စဉ်းစားနေသည်။ ပြီးတော့မှ

'ကျွန်မ ဘာမှ မဖြစ်ပါဘူး၊ ဘယ်အချိန် ရှိပြီလဲ'

'မွန်းတည့်နေပြီ၊ မင်း ရုံးခန်းကို အမြန် လာရင် ကောင်းတယ်၊ ဒီမှာ အားလုံး ငရဲ ပွက်သလို ဖြစ်နေပြီ'

'ကင်၊ ကျွန်မ သေတော့မလား မသိဘူး၊ ကျွန်မ သေတော့မလို ခံစားနေရတယ်'

mgyoe.com

mgyoe.com SAMPLE BOOK

'ငါ ပြောတာ နားထောင်ပါ၊ အိပ်ရာက ထလိုက်၊ ဖြည်းဖြည်းကလေး ထ၊ အက်စပရင် ဆေးပြား နှစ်ပြား သောက်လိုက်၊ ပြီးတော့ ရေအေးနှင့် ဝဝ ချိုးပစ်လိုက်၊ နောက်ပြီး ကော်ဖီကြမ်း ပူပူ တစ်ခွက် သောက်၊ အဲဒါ ဆိုရင် မင်း မသေနိုင်တော့ပါဘူး'

နောက် တစ်နာရီလောက် ကြာတော့ ဂျင်နီဖာ ရုံးခန်းသို့ ရောက်လာသည်။ အတော်ကလေး နေလို့ ထိုင်လို့ ကောင်းသွားပြီ။ ခေါင်းထဲကတော့ သိပ်ပြီး မကြည်ချင်သေး။

သူမလည်း ရုံးခန်းထဲ ဝင်လိုက်ရော တယ်လီဖုန်း နှစ်လုံးစလုံး ပြိုင်တူ မြည်သံ ပေါ်ထွက်လာသည်။

'အဲဒါ မင်းဆီ ဆက်ကြတာ၊ တစ်ချိန်လုံး ဆူညံနေတာပဲ၊ ဒီအတိုင်းဆို မင်း အတွက် သီးခြား ခလုတ်ခုံ တစ်ခု လုပ်မှ ဖြစ်လိမ့်မယ်'

ကင်က ပြုံးပြီး ပြောသည်။

သတင်းစာတိုက်များ၊ မဂ္ဂဇင်းတိုက်များ၊ တယ်လီဗီးရှင်း ကုမ္ပဏီများနှင့် အသံလွှင့် ဌာနများမှ ဆက်ကြခြင်း ဖြစ်သည်။ သူတို့က သူမ အကြောင်း ပြည့်ပြည့်စုံစုံ ရေးသား ထုတ်လွှင့်ချင်ကြသည်။

သူမမှာ နေ့ချင်း ညချင်း မျက်နှာဖုံး သတင်းကြီး ဖြစ်သွားခဲ့ပြီ။

တခြား ဖုန်းခေါ်သံများကလည်း မကြာခဏ ပေါ်ထွက်လာကြသည်။ ယင်းအသံများမှာ သူမ အလွန် ကြားချင်သော အသံများပင် ဖြစ်သည်။ သူမ အိပ်မက် မက်ခဲ့သော အသံများပင် ဖြစ်သည်။ ယင်းအသံများမှာ သူမအား ဟို တုန်းက စကားပင် ပြန်မပြောခဲ့ကြသော ရှေ့နေ လုပ်ငန်း ဌာနကြီးများက ဆက်ကြသော အသံ ဖြစ်သည်။

ယခုတော့ သူတို့က သူမနှင့် တွေ့ခွင့်ရရန် တောင်းပန် တိုးလျှိုး နေကြ ပါပကော။

ထိုအချိန်တွင် ခရိုင် အစိုးရ ရှေ့နေကြီး ရောဘတ် ဒီဆီးလဗားသည် မြို့လယ်မှ သူ့ရုံးခန်းထဲတွင် လက်ထောက် အရာရှိအား ဟိန်းဟောက် အမိန့် ပေးလျက် ရှိသည်။



mgyoe.com

mgyoe.com SAMPLE BOOK

'ဒီနေ့က စပြီး ဂျင်နီဖာ ပါကာနှင့် ပတ်သက်ပြီး လျှို့ဝှက်ဖိုင် တစ်ခု ဖွင့်၊ သူ လိုက်တဲ့ အမှုတွေ မှန်သမျှ အဲဒီ ဖိုင်ထဲမှာ အသေးစိတ် မှတ်ထား၊ ပြီးတော့ ငါ့ကို အမြဲတမ်း တင်ပြ၊ ငါ ပြောတာ သဘောပေါက်ရဲ့လား'

'ဟုတ်ကဲ့ ပေါက်ပါပြီ ခင်ဗျား'

'ပေါက်ရင် ဆက်လုပ်'

# ၉

'ဒီမောင်က နလပိန်းတုံး မဟုတ်ဘူးဗျ၊ ကျုပ်ထက်တောင် သမ္ဘာ ရင့်သေးတာ၊ သူက မွေးကတည်းက သေနတ်နှင့် ဖက်အိပ်လာတဲ့လူ'

'အဲဒါ တော့က ငါ့ဆီ လာပြီး အကူအညီ တောင်းတယ်၊ မိုက်ကို ပြောပေးဖို့ပေါ့၊ ငါကတော့ ကျုပ်က သူ ခိုင်းတာ လုပ်နေရတဲ့ အကောင်ပါဗျလို့ ပြန်ပြောလိုက်တယ်၊ မိုက် အနေနှင့် နောက်ထပ် သေနတ်သမား တစ်ယောက် လိုချင်ရင် ဘာခက်မှာလဲဗျ၊ တကူးတက ပင်ပန်းခံပြီး လမ်းကြားထဲ ထွက်ရှာ နေစရာ မလိုပါဘူး'

'အမှန်တော့ သူက ခင်ဗျားကို လာပြီး သွေးတိုး စမ်းကြည့်တာပါဗျာ'

'ဟုတ်ပါတယ်၊ အဲဒီ အချက်ကို ငါလည်း သတိထားမိပါတယ်၊ ဒါပေမဲ့ ကျုပ်ကို လာစမ်းလို့ ဘာရမှာလဲဗျာ၊ ကျုပ်က သူ့အကြောင်း သိပြီးသားပါ၊ သူက ကျုပ်တို့ လုပ်ငန်းနှင့် ဘယ်လိုမှ ပတ်သက်တဲ့ လူမှ မဟုတ်တာဘဲ၊ ကျုပ်တို့ လုပ်ငန်းက မဆိုင်သူ လုံးဝ မကပ်ရတဲ့ လုပ်ငန်းမျိုးပဲ'

သူတို့သည် နယူး ဂျာဆီ ပြည်နယ် အထက်ပိုင်းရှိ သက်တမ်း သုံးရာ ကျော် ဒပ်ချ် ယာတော အိမ်အိုကြီး တစ်ဆောင်၏ မီးဖိုခန်းထဲတွင် ထိုင်ကာ စကား ပြောနေကြခြင်း ဖြစ်သည်။

သူတို့ အားလုံး စုစုပေါင်း သုံးယောက်။ နစ်ခ် ဗီတို၊ ဂျိုးဇက် ကော်လယ် လာနှင့် ဆာလဗာတို ဖွိုင်ရီ။

နစ်ခ် ဗီတိုက လူသေလို အေးစက်စက် မျက်နှာမျိုးနှင့်။ သူ့နှုတ်ခမ်းများ မှာ ပါးလွန်းအားကြီးလို့ ရှိမှ ရှိပါရဲ့လားဟုတောင် ထင်မှတ်ရသည်။ မျက်တွင်းနက်နက်ထဲမှ အစိမ်းရောင် မျက်လုံးများမှာလည်း ကျောက်မျက်လုံး တပ်

mgyoe.com

mgyoe.com SAMPLE BOOK
ထားသလို လုံး၀ မလှုပ်မရှား။ သူသည် ဒေါ်လာ နှစ်ရာတန် ရှူးဖိနပ်နှင့် ခြေအိတ် အဖြူကို စွပ်ထားသည်။

ဂျိုးဇက် ကော်လယ်လာကတော့ ကျားကိုးစီး စားလို့ မကုန်နိုင်သော လူသန်ကြီး ဖြစ်သည်။ သူ လျှောက်လာလျှင် အိမ်ကြီး တစ်ဆောင် ရွေ့လာသလို ထင်ရသည်။ သူ့နားရွက်က ဂေါ်ဖီရွက်လောက် ရှိသည်။ နှာခေါင်းက အာလူးလောက် ရှိပြီး ခေါင်းကတော့ ပဲစေ့လောက်သာ ရှိသည်။ ထို့ကြောင့် သူ့ကို 'အိမ်သုံး သီးစားခင်း' ဟု နောက်ပြောင် ခေါ်ကြသည်။ အချို့ကလည်း 'ဂျိုးကြီး' ဟု ခေါ်ကြသည်။

ဂျိုးကြီးက ခန္ဓာကိုယ် ထွားကျိုင်းသလောက် အမူအရာက အလွန် အေးဆေး သိမ်မွေ့သည်။ စကား ပြောလျှင် အသံသြကြီးနှင့် တိုးတိုးသာသာ ပြောတတ်သည်။ သူ့မှာ ပြိုင်မြင်း တစ်ကောင် ရှိသည်။ နိုင်မြင်း ရွေးရာတွင် အလွန် တော်သည်။ သူက အိမ်ထောင်သည်၊ သားသမီး ခြောက်ယောက် ရှိသည်။ ဇီဇအားဖြင့် သေနတ် လက်နက်များကို အလွန် ဝါသနာပါသည်။ ကျွမ်းလည်း ကျွမ်းကျင်သည်။ သူ့မိန်းမ ကာမီလီနာက ဘာသာတရားကို အလွန် ကိုင်းရှိုင်းသော ကက်သလစ် ဘာသာဝင်။ တနင်္ဂနွေနေ့များတွင် အခြား အလုပ် မရှိလျှင် ဂျိုးကြီးသည် ဇနီး သားသမီးများနှင့် အတူ ဘုရားရှိခိုးကျောင်းသို့ အမြဲတမ်း သွားလေ့ ရှိသည်။

ဆာလဗာတို ဖွိုင်ရီကတော့ ဂျိုးကြီးနှင့် ဆန့်ကျင်ဘက်။ သူက ပုပု ညှက်ညှက် လူဖလံကလေး။ အရပ်က ငါးပေ သုံးလက်မသာ ရှိသည်။ ကိုယ်အလေးချိန်က ၁၁၅ ပေါင်။ သူ့ ရုပ်သွင်က လူကြမ်းရုပ် မပေါက်။ အပြစ်ကင်းစင်သော ကျောင်းသားကလေး မျက်နှာမျိုး။ သို့သော် သေနတ်နှင့် ဓားကိုင်နေရလျှင် ထမင်း ဟင်းတောင် မေ့တတ်သည့် လူစားမျိုး ဖြစ်သည်။ အံ့သြစရာ ကောင်းသည်မှာ သူသည် လူ သေးသလောက် မိန်းမဘက်တွင် အလွန် စွံသည်။ သူ့မှာ မိန်းမ ရှိသည်။ ထို့ပြင် တွဲဖော်တွဲဖက် မိန်းကလေး တစ်ဒါဇင်လောက်နှင့် အလွန် ချောသော အပျော်မယား တစ်ယောက်လည်း ရှိသေးသည်ဟု သူက ဂုဏ်ယူ ဝင့်ကြွားစွာ ပြောတတ်သည်။

သူသည် တစ်ကြိမ်က ဂျော်ကီ လုပ်ခဲ့ဖူးသည်။

ဟောလီဝုဒ် ပန်းခြံတွင် မြင်းပွဲ လုပ်တော့ ဖွိုင်ရီက သူ့မြင်းကို မူးယစ်ဆေးဝါး တိုက်ထားသည် ဆိုပြီး မြင်းပွဲ အုပ်ချုပ်ရေးမှူးက ဖွိုင်ရီအား ပြိုင်ပွဲမှ ထုတ်ပယ်လိုက်သည်။ နောက်တစ်ပတ် ကြာတော့ မြင်းပွဲ အုပ်ချုပ်ရေးမှူး၏


mgyoe.com

mgyoe.com SAMPLE BOOK
အလောင်းကို တာဟိုး ရေအိုင်ကြီးထဲတွင် ပေါလောကြီး တွေ့ကြရတော့သည်။

နစ်ခ် ဗီတို၊ ဂျိုးကြီးနှင့် ဆာလဗာတို ဖွိုင်ရီတို့ သုံးယောက်သည် အန်တိုနီယို ဂရာနယ်လီ မိသားစု ဂိုဏ်းကြီး၏ ညာလက်ရုံး 'စစ်သည်တော်' များ ဖြစ်ကြသည်။

သူတို့ သုံးယောက်ကို မိုက်ကယ် မိုရက်တီက ရွေးချယ် ခန့်ထားခြင်း ဖြစ်သည်။ ဂရာနယ်လီ မိသားစု ဂိုဏ်းကြီး၏ လုံခြုံရေး ကိစ္စ မှန်သမျှ သူတို့ သုံးယောက်က သက်စွန့်ဆံဖျား ကာကွယ်ပေးကြရသည်။ ထို့ကြောင့် လစာငွေနှင့် အခွင့်အရေးကိုလည်း အလျှံပယ် ရကြသည်။ သူတို့ သုံးယောက်ကို မိုက်ကယ် မိုရက်တီက တိုက်ရိုက် အုပ်ချုပ်သည်။

မိုက်ကယ် မိုရက်တီက ဗိုလ်ချုပ်ကြီး၊ သူတို့ သုံးယောက်က ဗိုလ်မှူးများ။ ထို့ကြောင့် မိုက်ကယ် မိုရက်တီ ခိုင်းတာ ဟူသမျှ တစ်ခုမကျန် လုပ်ကြရသည်။ မိုက်ကယ်က သေဆို သေ ရှင်ဆို ရှင်။

ညစာ စားခန်းကြီးထဲတွင် မိသားစု အစည်းအဝေး ပြုလုပ်လျက် ရှိသည်။ စားပွဲထိပ်တွင် အရှေ့ပိုင်း ကမ်းခြေ ဒေသ တစ်ဝိုက်ရှိ ဩဇာ အာဏာ အကြီးမားဆုံး မာဖီးယား ဂိုဏ်ကြီး၏ ဂိုဏ်းချုပ်ကြီး အန်တိုနီယို ဂရာနယ်လီ ထိုင်နေသည်။ သူ့အသက်က ၇၂ နှစ် ရှိပြီ။ သို့သော် အလုပ်သမား တစ်ယောက်၏ ရင်အုပ်နှင့် ကျယ်ပြန့်သော ပခုံးတို့ကြောင့် သူ့ ရုပ်သွင်မှာ အသက်နှင့် မလိုက်အောင် သန်မာနေဆဲ ဖြစ်သည်။

ဂရာနယ်လီ၏ ဇာတိက စစ္စလီကျွန်း ပလာမိုမြို့။ ၁၅ နှစ်သားတွင် အမေရိကသို့ ထွက်လာခဲ့သည်။ မင်ဟတ်တန် အောက်ပိုင်း ဆိပ်ကမ်းတွင် အလုပ်ကြမ်း ဝင်လုပ်သည်။ အသက် ၂၁ နှစ် ရောက်တော့ သင်္ဘောကျင်း အုပ်ချုပ်ရေးမှူး၏ ညာလက်ရုံး လူယုံတော် ဖြစ်လာသည်။

တစ်နေ့တွင် ဆရာ တပည့် နှစ်ယောက် စကားများကြသည်။ ဆရာဖြစ်သူသည် ရက်ပိုင်း အတွင်း ကြက်ပျောက် ငှက်ပျောက် ပျောက်သွားသည်။ အကြောင်းရင်းကို ဘယ်သူမှ မသိ။ သူ့ဆရာ မရှိတော့ ဂရာနယ်လီက ဆရာဖြစ်လာသည်။ သင်္ဘောကျင်းတွင် အလုပ် လုပ်ချင်သူတိုင်း သူ့ကို ပိုက်ဆံပေးကြရသည်။ သူက ယင်းပိုက်ဆံတွေကို စုပြီး သူဌေးဖြစ် လုပ်ငန်းတွေ

mgyoe.com

mgyoe.com SAMPLE BOOK

တစ်မျိုးပြီး တစ်မျိုး လုပ်သည်။ အတိုးကြီးကြီးဖြင့် ငွေ ချေးသည်။ တရား မဝင် မှောင်ခို လုပ်ငန်းတွေ တီထွင်သည်။ ကစားဝိုင်း ထောင်သည်။ ပြည့် တန်ဆာခန်း ဖွင့်သည်။ မူးယစ်ဆေးဝါး ရောင်းသည်။ ကန်ထရိုက်ဖြင့် အငှား လူသတ်ပေးသည်။

သူ့သက်တမ်း တစ်လျှောက်တွင် ၃၂ ကြိမ် အဖမ်း ခံရဖူးသည်။ သို့သော် တစ်ကြိမ်သာ အပြစ်ပေး ခံခဲ့ရသည်။ အမှုကလည်း မဆိုစလောက် သေးသေး မွှားမွှား အမှုကလေး။ လူတစ်ယောက်အား ထိုးကြိတ်မှု။ ဂရာနယ်လီသည် ရက်စက်ရာတွင် ပြိုင်စံရှားသည်နှင့်အမျှ မကောင်းမှု ဟူသမျှ တစ်ခု မကျန် လုပ်ရဲသူ ဖြစ်သည်။

သူ့လက်ဝဲဘက်တွင် ထိုင်နေသူက သောမတ် ကော်လဖက်။ ကော်လဖက် သည် ဂရာနယ်လီ မိသားစု၏ အကြံပေး ပုဂ္ဂိုလ် ဖြစ်သည်။ သူသည် လွန်ခဲ့ သော နှစ်ပေါင်း ၂၅ နှစ်ခန့်က အလွန် တော်သော လူငယ် ရှေ့နေ တစ်ယောက် ဖြစ်ခဲ့သည်။ သူ့အနေဖြင့် တစ်နေ့သော အခါ နာမည်ကျော် အလွတ် ရှေ့နေကြီး တစ်ဦး ဖြစ်လာနိုင်သည့် အလားအလာမှာ အထူးပင် ပွင့်လန်းနေခဲ့သည်။ သို့ သော် မာဖီးယားဂိုဏ်း လက်အောက်ခံ သံလွင်ဆီ ကုမ္ပဏီကလေး တစ်ခု အတွက် အမှုလိုက်မိရာမှ တဖြည်းဖြည်းနှင့် မာဖီးယား ဂိုဏ်းသားများ၏ အမှု တွေကို လိုက်ပေးခဲ့ရပြီး နောက်ဆုံးတွင် ဂရာနယ်လီ မိသားစု ဂိုဏ်းကြီးထဲသို့ ဝင်ရောက်လာခဲ့ရသည့် အခြေသို့ ဆိုက်ခဲ့ရတော့သည်။

ဂရာနယ်လီ မိသားစု ဂိုဏ်း အတွက် အမှုလိုက်ပေးရာတွင် ပိုက်ဆံကို မလိုချင်အောင် ရခဲ့သည်။ ထို့ကြောင့်လည်း မကြာမီတွင်ပင် သူသည် သန်း ကြွယ် သူဌေးကြီး တစ်ဦး ဖြစ်လာခဲ့သည်။ ကျယ်ဝန်းသော ခြံမြေနှင့် အိမ်ကြီး ရခိုင် ပိုင်လာခဲ့သည်။ ကမ္ဘာ့ နိုင်ငံ အသီးသီးမှ ဘဏ်တိုက်များတွင် စုငွေတွေ သိန်းသန်းချီပြီး အပ်နှံထားနိုင်သည် အထိ ကြီးပွား ချမ်းသာလာခဲ့သည်။

အန်တိုနီယို ဂရာနယ်လီ၏ လက်ယာဘက်တွင် ထိုင်နေသူကတော့ သူ၏ ညာလက်ရုံး သားသမက် မိုက်ကယ် မိုရက်တီ။ မိုရက်တီက အောင်မြင် ကျော် ကြားလိုစိတ် အလွန် ပြင်းပြသည်။ ထိုအချက်ကို သူ့ယောက္ခမ ဂရာနယ်လီက နည်းနည်းကလေးမှ သဘောမကျ။ တကယ်တော့ မိုရက်တီမှာ သူ၏ စရိုက် ဝါသနာ အရ သည်လုပ်ငန်းနှင့် လုံးဝ ဟပ်စပ် ကိုက်ညီသူ မဟုတ်။

မိုက်ကယ် မိုရက်တီ၏ ဖခင် ဂျီယိုဗန်နီ မိုရက်တီသည် အန်တိုနီယို ဂရာနယ်လီနှင့် ဆွေမျိုး တော်စပ်သည်။ သို့သော် သူသည် အန်တိုနီယို

mgyoe.com SAMPLE BOOK

ဂရာနယ်လီလို စစ္စလီ ကျွန်းတွင် မွေးဖွားသူ မဟုတ်၊ ဖလောရင့် မြို့တွင် မွေးဖွားခဲ့သူ ဖြစ်သည်။ သည်အချက်ကြောင့် မိုရက်တီ မိသားစုကို ဆွေမျိုး အပေါင်းအသင်းတွေက သံသယ ဝင်ကြသည်။ အကြောင်းကတော့ ဖလောရင့် သားများအား မည်သူမျှ မယုံကြည်သောကြောင့် ဖြစ်သည်။

ဂျီယိုဗန်နီ မိုရက်တီသည် အမေရိကသို့ ရောက်လာပြီး ဖိနပ်ဆိုင် ထောင် သည်။ သူက သူ့ဆိုင်ကို ရိုးရိုးသားသားပင် ဖွင့်သည်။ သူများတွေလို ဆိုင် နောက်ဖေးခန်းတွင် ဖဲဝိုင်း ထောင်ခြင်း၊ ပြည့်တန်ဆာခန်း ဖွင့်ခြင်း၊ အတိုးကြီး ငွေချေး လုပ်ငန်း ဖွင့်ခြင်း လုံးဝ မလုပ်။

သို့သော် သားဖြစ်သူ မိုက်ကယ်ကတော့ တစ်ဘာသာ ဖြစ်သည်။ သူသည် ဆယ်တန်း အောင်ပြီးတော့ ယေးလ် တက္ကသိုလ်ကို တက်သည်။ ထို့နောက် ဗုာတန် စီးပွားရေး တက္ကသိုလ်ကို ဆက်တက်သည်။ ကျောင်းပြီးတော့ ဖခင်ဆီ ပြန်လာပြီး သူ့ဦးကြီး ဂရာနယ်လီထံသို့ ပို့ပေးရန် တောင်းဆိုသည်။ သို့ဖြင့် ဂျီယိုဗန်နီက သူ့အစ်ကိုတော် ဂရာနယ်လီထံ သွားပြီး သူ့သားနှင့် မိတ်ဆက် ပေးသည်။

ပထမတော့ မိုက်ကယ် မိုရက်တီသည် သူ့အဖေ လူရိုး လူအကြီးလို ဖိနပ်ဆိုင် ထောင်ရန် မိမိထံမှ ပိုက်ဆံ ချေးချင်၍ လာခြင်း ဖြစ်သည်ဟု ဂရာ နယ်လီက ထင်မှတ်ခဲ့သည်။ သို့သော် တူဝရီး နှစ်ယောက် တွေ့ဆုံပြီး စကား ပြောကြည့်တော့မှ ဂရာနယ်လီက မိမိ အထင် မှားမိခြင်း ဖြစ်ကြောင်း တအံ့ တဩ သိရတော့သည်။

'ဦးကြီးကို ဒီ့ထက် ချမ်းသာအောင် ကျွန်တော် လုပ်ပေးနိုင်ပါတယ်'

မိုက်ကယ် မိုရက်တီက စစချင်း ကြီးကြီးကျယ်ကျယ် ပြောလိုက်သည်။ ဂရာနယ်လီက တက္ကသိုလ်မှ ဘွဲ့ရ လူငယ်ကလေးအား ပြုံးပြုံးကြီး ကြည့်ရင်း ပြန်ပြောလိုက်သည်။

'ငါက ချမ်းသာနေပါပြီ ငါ့တူရ'

'မဟုတ်ပါဘူး၊ ဦးကြီး မချမ်းသာသေးပါဘူး၊ ဦးကြီးက ထင်နေတာပါ၊ ဦးကြီးထက် ချမ်းသာတဲ့ လူတွေ တစ်ပုံကြီး ရှိသေးတယ်၊ အဲဒီ လူတွေလို ချမ်းသာအောင် ကျွန်တော် လုပ်ပေးနိုင်ပါတယ်'

ဂရာနယ်လီ၏ မျက်နှာတွင် အပြုံး ပျောက်ကွယ်သွားသည်။

'ကိုင်း ဒါဖြင့် ပြောစမ်းပါဦး၊ မင်းက ငါ့ကို ဘယ်နည်းနှင့် ဒီ့ထက် ချမ်းသာအောင် လုပ်ပေးမှာတဲ့လဲ'



mgyoe.com

mgyoe.com SAMPLE BOOK

မိုက်ကယ် မိုရက်တီက ချမ်းသာသည်ထက် ချမ်းသာနိုင်သော သူ့ စီမံကိန်းကြီးကို သူ့ဦးကြီးအား ပြောပြလိုက်သည်။

အန်တိုနီယို ဂရာနယ်လီသည် ပထမတွင် မိုက်ကယ် မိုရက်တီ၏ အကြံပေးချက်များကို သံသယစိတ်ဖြင့်သာ လက်ခံပြီး သတိ ဝီရိယထားကာ စမ်းသပ်လုပ်ကိုင်ကြည့်သည်။ သို့သော် မိုက်ကယ် အကြံပေးသည့် လုပ်ငန်း အားလုံး ထူးထူးခြားခြား အောင်မြင်သည်ကို တွေ့ရတော့ သူ့မှာ မယုံကြည်နိုင်အောင်ပင် အံ့သြမိရသည်။ ယခင်က ဂရာနယ်လီ မိသားစု အနေဖြင့် တရားမဝင်မှောင်ခို လုပ်၍ အကျိုး ဖြစ်ထွန်းခဲ့သော လုပ်ငန်းများမှာ မိုက်ကယ် မိုရက်တီ၏ ကွပ်ကဲ အုပ်ချုပ်မှုအောက် ရောက်ရှိ၍ ငါးနှစ် အကြာတွင် ဒီရေ အလားတိုးတက်လာခဲ့တော့သည်။

သားသတ် လုပ်ငန်း၊ အထည်ရက် လုပ်ငန်း၊ ဟိုတယ် လုပ်ငန်း၊ ထရပ်ကား ပို့ဆောင်ရေး လုပ်ငန်းနှင့် ဆေးဝါး ထုတ်လုပ် ဖြန့်ဖြူးရေး လုပ်ငန်းများ အပါအဝင် တရားဝင် စီးပွားရေး လုပ်ငန်းပေါင်း များစွာကိုလည်း အောင်မြင်စွာ ဖွင့်လှစ်လာနိုင်ခဲ့သည်။

ထို့ပြင် ရင်းနှီးငွေ မရှိ၍ ဖျက်သိမ်းရတော့မည့် အခြေအနေသို့ ရောက်ရှိနေသော စီးပွားရေး လုပ်ငန်း ကုမ္ပဏီကလေးများတွင် အစုရှယ်ယာ ရာခိုင်နှုန်း အများစု ထည့်ဝင်ပြီး နောက်ဆုံးတွင် မိသားစုပိုင် ကုမ္ပဏီ အဖြစ် အပြီးအပိုင် သိမ်းယူလိုက်ခြင်း၊ အကြောင်း အမျိုးမျိုးကြောင့် လုပ်ငန်း ဆက်မလုပ်နိုင်တော့သော ကုမ္ပဏီကြီးများအား အပြီးအပိုင် ဝယ်ယူခြင်း၊ ယင်းကုမ္ပဏီများမှ လုပ်သားများ အတွက် မိသားစုပိုင် အသက် အာမခံ ကုမ္ပဏီများ ဖွင့်လှစ်ခြင်း၊ မိသားစုပိုင် ကားကုမ္ပဏီများမှ ထုတ်လုပ်သော ကားများကို အလုပ်သမားများအား အရစ်ကျ စနစ်ဖြင့် ရောင်းချခြင်းတို့ဖြင့် လုပ်ငန်းမတူသော ကုမ္ပဏီပေါင်း များစွာကို လက်ဝါးကြီးအုပ် ပိုင်ဆိုင်ကာ ဂရာနယ်လီမိသားစုမှာ ကမ္ဘာ့ စီးပွားရေး လုပ်ငန်း ပိုင်ရှင်ကြီး ဘဝသို့ နေ့ချင်း ညချင်း ရောက်ရှိလာခဲ့သည်။ ဤသည်တို့ကား ရည်မှန်းချက် ကြီးမားသော ဘွဲ့ရခါစ လူငယ်လေး မိုက်ကယ် မိုရက်တီ၏ စွမ်းဆောင် အောင်မြင်မှုများပင် ဖြစ်သည်။

ယင်းသို့လျှင် တစ်ဖက်တွင် စီးပွားရေးအားဖြင့် ရတနာပုံ ဆိုက်နေသော်လည်း မိုက်ကယ် မိုရက်တီ အဖို့ တခြား တစ်ဖက်တွင် ကြီးမားသော ပြဿနာ

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ရပ်နှင့် ရင်ဆိုင်နေရသည်။ ယင်းမှာ တခြား မဟုတ်၊ သူ့ဦးကြီး အန်ကို နီယို ဂရာနယ်လီက ပွဲပြီး ငြိမ်းဖျက် သဘောဖြင့် မိသားစု လုပ်ငန်းမှ သူ့ အား ကန်ထုတ်ပစ်လိုခြင်းပင် ဖြစ်သည်။

မိုက်ကယ်သည် သူ့အား ချမ်းသာသည်ထက် ချမ်းသာအောင်လည်း လုပ် ပေးခဲ့၏။ သူ့လုပ်ငန်းများကို တရားဝင် လုပ်ငန်းများ ဖြစ်လာအောင်လည်း စွမ်းဆောင် ကြိုးစားပေးခဲ့၏။ သို့သော် သည်လုပ်ငန်းတွင် မိုက်ကယ် ရှိနေ ခြင်းဖြင့် စရိတ်စက အလွန် ကုန်ကျသည်။ ထို့ပြင် သူ ဆောင်ရွက်ပေးရသော လုပ်အား ဉာဏ်အား အတွက် တစ်စုံတစ်ခုသော အတိုင်းအတာ အထိ သူ့ အား အချိုးကျ အမြတ် ဝေစု ပေးရန်လည်း တောင်းဆိုလာပြန်သည်။

ဤတွင် ဂရာနယ်လီ အနေဖြင့် အကြံ ထုတ်ရတော့သည်။ တိုက်တိုက် ဆိုင်ဆိုင်ပင် တစ်နေ့တွင် ဂရာနယ်လီသည် မိသားစု အစည်းအဝေး တစ်ခု ကျင်းပပြီး မိမိအား မည်သည့် နည်းဖြင့် မိသားစု လုပ်ငန်းမှ ပထုတ်ပစ်ရန် နည်းလမ်း ရှာဖွေကြောင်း မိုက်ကယ်က သတင်း ရရှိသည်။ ယင်း အစည်း အဝေးတွင် ဂရာနယ်လီက 'ကျုပ်တို့ ပိုက်ဆံတွေ ဒီသူငယ်အိတ်ထဲ လိမ့်ဝင် နေတာကို ကျုပ် မလိုချင်ဘူး၊ သူ့ကို အချိန် မနှောင်းခင် တစ်နည်းနည်းနှင့် ရှင်းပစ်မှ ဖြစ်လိမ့်မယ်' ဟု အတိအလင်း ထုတ်ဖော် ပြောဆိုခဲ့ကြောင်းကို လည်း သိရှိရသည်။

ထိုအခါ မိုက်ကယ် မိုရက်တီက သူ့ ဦးကြီး လူလည် လူကြမ်းကြီး ထက် တစ်ကွက် ကျော်ပြီး ပညာ ပြလိုက်သည်။

ဂရာနယ်လီတွင် ရိုစာ အမည်ဖြင့် သမီး တစ်ယောက်တည်းသာ ထွန်း ကားသည်။ အသက် ၁၉ နှစ် အရွယ်။ ရိုစာ၏ မိခင်မှာ ရိုစာကို မွေးပြီး နောက် ကွယ်လွန်သွားခဲ့သည်။ ရိုစာသည် သီလရှင် ကျောင်းတွင်သာ ပညာ သင်ရင်း ကြီးပြင်းလာခဲ့ရပြီး ကျောင်းပိတ်ရက်များတွင်မှ အိမ်သို့ ပြန်ရသည်။ ဂရာနယ်လီက သူ့သမီးကလေးကို ငုံထားမတတ် ချစ်သည်။ သို့သော်လည်း အိမ်မှာ ထားခြင်းထက် သီလရှင်ကျောင်းတွင် ကျောင်းအိပ် ကျောင်းစား ထား ခြင်းက သူ့ သမီး အတွက် အဘက်ဘက်မှ ပို၍ အကျိုး ရှိနိုင်မည်ဟု ယုံကြည် သောကြောင့် တစ်ဦးတည်းသော ချစ်သမီးကို သီလရှင် ကျောင်းသို့ ပို့ထား ခဲ့ခြင်း ဖြစ်သည်။

အီစတာ ပွဲတော် ကျောင်းပိတ်ရက်တွင် ရိုစာ အိမ်ပြန်လာတော့ မိုရက်တီ နှင့် တွေ့ဆုံ ရင်းနှီးခွင့် ရသည်။ ရိုစာ ကျောင်း ပြန်သွားတော့မှ သူမသည်

mgyoe.com

mgyoe.com SAMPLE BOOK

မိုရက်တီကို အရူးအမူး စွဲလမ်းနေပြီ ဖြစ်ကြောင်း သိရတော့သည်။ ထိုအချိန်မှ စပြီး သူမ၏ နှလုံးသားထဲသို့ အချစ် ဆိုသော အရာ ဝင်ရောက်လာခဲ့သည်။ ထိုအချိန်မှ စပြီး သူမသည် စည်းကမ်း ပျက်လာခဲ့သည်။ ဘုရား မကြိုက်သော အကုသိုလ် အလုပ် ဟူ၍ သီလရှင် ဆရာမတွေ ဆိုဆုံးမသော အရာတွေကို သူမသည် ကျူးလွန်လာခဲ့သည်။

ရီစာသည် သူမ ဖခင် အကြောင်းနှင့် သူ့လုပ်ငန်း အကြောင်းများကို သတင်းစာများ၊ မဂ္ဂဇင်း ဂျာနယ်များတွင် မကြာခဏ ဖတ်ရှုရသည်။ သူမ ဖခင်နှင့် တပည့်တပန်းများအား အစိုးရ အာဏာပိုင်များက အမှု အမျိုးမျိုး ဖြင့် ဖမ်းဆီး အရေးယူသော သတင်းများကို ဖတ်ရှုရသည်။ သို့ပေမဲ့ သည် အကြောင်းတွေကို သူမက ဖခင် ဖြစ်သူအား တစ်ခါမျှ မေးမြန်းခြင်း လုံးဝ မရှိ။ သူမ အနေဖြင့် ဘာမျှ မသိသလို ဘာသိဘာသာပင် နေနေသည်။ ထို့ ကြောင့်လည်း သူ့အကြောင်းကို သမီး ဖြစ်သူ ဘာမှ မသိသေး ဆိုပြီး ဖခင် ဖြစ်သူက အလွန် ပျော်နေသည်။ တစ်ချိန်တည်းတွင် အမှန်အတိုင်း သိသွား လျှင် သမီး အနေနှင့် စိတ်ကောင်းမှာ မဟုတ်ဘူးဟုလည်း တွေးပူမိသည်။

သူ့စီးပွားရေး လုပ်ငန်းကြီး၏ အန္တရာယ် များပုံကို သမီး ဖြစ်သူ သိထား ပြီး ဖြစ်သည် ဆိုတာကို ဂရာနယ်လီက အမှန်အတိုင်း သိသွားလျှင် တကယ်ပင် အံ့ဩကောင်း အံ့ဩမိပေလိမ့်မည်။ ရီစာသည် သီလရှင်ကျောင်း စည်းကမ်း ကို မလေးစား။ သည်စိတ်က သူမအား အာဏာပိုင်များကို အာခံချင်စိတ်ကို လည်း မြေတောင် မြှောက်ပေးသည်။ သူမ၏ ဖခင်ကြီးသည် အာဏာပိုင်များကို အာခံနေသော တောပုန်းကြီး ရီဘင်ဟုလို လူစားမျိုးဟု ရီစာက တွေးမိသည်။

သူမ ဖခင်ကြီး၏ လုပ်ငန်းတွင် မိုက်ကယ်သည် အရေးပါသော ပုဂ္ဂိုလ် တစ်ဦး ဖြစ်ကြောင်း သိရသော အခါ ရီစာမှာ ပို၍ပင် စိတ်လှုပ်ရှားခြင်း ဖြစ် မိရသည်။

မိုက်ကယ်သည် ရီစာနှင့် ဆက်ဆံရာတွင် အစမှ စ၍ အလွန် သတိထားပြီး ဆက်ဆံသည်။ သူတို့ နှစ်ယောက်တည်း ဆုံကြသော အချိန်တွင် ရမ္မက်လွှမ်း သော အနမ်းဖြင့် ချစ်တင်းနှောကြသည်။ သို့သော် ထိုထက် ပို၍ နယ်မကျော်။ မိုက်ကယ်က သူ့စိတ်ကိုသူ ထိန်းသည်။ ရီစာမှာ ချစ်အရသာကို လုံးဝ မခံစား ဖူးသေးသော အပျိုစင် ဖြစ်၍ ချစ်သူ အတွက် ဆိုလျှင် တစ်ကိုယ်လုံး ပုံအပ်ရန်



mgyoe.com

mgyoe.com SAMPLE BOOK

လုံးဝ ဝန်မလေး။ အမြဲတမ်း စိတ်အား သန်နေသည်။ သို့သော် မိုက်ကယ်က သတိတရားဖြင့် ထိန်းချုပ်ထားသည်။

'မင်းရဲ့ အပျိုစင် ဘဝကို ငါ လေးစားတယ် ရီစာ၊ တို့ နှစ်ယောက် တရားဝင် လက်ထပ်ပြီးတဲ့ အခါကျတော့မှ စိတ်ရှိတိုင်း ပျော်ကြရအောင်နော်'

အမှန်ကတော့ မိုက်ကယ်က သူ့ယောက္ခမလောင်း ဦးကြီး အန်တိုနီယို ဂရာနယ်လီကို လေးစားခြင်းသာ ဖြစ်သည်။ တစ်နည်း ဆိုရလျှင် ဂရာနယ်လီကို ကြောက်နေရသောကြောင့် ဖြစ်သည်။ *ငါ မဟုတ်တာ လုပ်လျှင် သူက ငါ့ကို သတ်မှာပဲ* ဟူ၍ မိုက်ကယ်က တွေးမိသည်။

သည်လိုနှင့် အန်တိုနီယို ဂရာနယ်လီက မိုက်ကယ် မိုရက်တီအား မိသားစု လုပ်ငန်းမှ ပထုတ်ပစ်ရန် အကောင်းဆုံး နည်းလမ်းကို ရှာဖွေနေခိုက်မှာပင် မိုက်ကယ်နှင့် ရီစာတို့က သူတို့ နှစ်ယောက် ချစ်နေကြပြီ ဖြစ်ကြောင်း၊ လက်ထပ်တော့မည် ဖြစ်ကြောင်း ဖခင်ကြီးအား ဖွင့်ပြောလိုက်ကြတော့သည်။

ဤတွင် ဂရာနယ်လီမှာ လုံးဝ မမျှော်လင့်သော စကားကို ကြားရသောကြောင့် ယမ်းပုံ မီးကျ ဒေါသအိုး ပေါက်ကွဲပြီး ချစ်သူ နှစ်ယောက်ကို အကြီး အကျယ် ဆူပူ ကြိမ်းမောင်းတော့သည်။

သို့ပေမဲ့ နောက်ဆုံးတွင် အချစ်စစ် အချစ်မှန်က အောင်ပွဲခံသဖြင့် မိုက်ကယ်နှင့် ရီစာတို့အား ကြီးကျယ် ခမ်းနားစွာ မင်္ဂလာပွဲ ကျင်းပပြီး လက်ထပ်ပေးလိုက်ရတော့သည်။

လက်ထပ်ပွဲ ပြီးတော့ အဘိုးကြီးက မိုက်ကယ်ကို သူ့အနားသို့ ခေါ်ပြီး ပြောသည်။

'ရီစာဟာ ငါ့ရဲ့ တစ်ဦးတည်းသော သမီး၊ ငါ့ရဲ့ အသက်ပဲ မိုက်ကယ်၊ အဲဒီတော့ မင်းက သူ့ကို အထူး ဂရုစိုက်ပါ'

'ဟုတ်ကဲ့ပါ ဦးကြီး၊ ကျွန်တော် သူ့ကို ဂရုစိုက်ပါ့မယ်'

'အေး မင်း ဂရုစိုက်သလား မစိုက်ဘူးလား ဆိုတာ ငါ စောင့်ကြည့်နေမှာပဲ၊ မင်း သူ့ကို ပျော်အောင် ထားပါ၊ ငါ ပြောတာ နားလည်တယ် မဟုတ်လား'

'ဟုတ်ကဲ့ပါ ဦးကြီး၊ ကျွန်တော် နားလည်ပါတယ်'

'မိန်းမပျက်တွေနှင့် ရှုပ်ရှုပ်ယှက်ယှက် မလုပ်ရဘူး၊ နားလည်ရဲ့လား၊ ရီစာက အချက်အပြုတ် အလွန် ဝါသနာပါတယ်၊ အဲဒီတော့ မင်းက ညတိုင်း ညတိုင်း အိမ်ပြန်ပြီး သူနှင့် အတူ ညစာ စားရမယ်၊ ကလေကချေ မိန်းမတွေ



mgyoe.com

mgyoe.com SAMPLE BOOK

ခေါ်ပြီး ဟိုတယ်တွေမှာ သွားစားတာမျိုး ငါ မကြိုက်ဘူး၊ ငါ နောက်ဆုံး ပြောချင်တာကတော့ ဂုဏ်ယူရတဲ့ သမက်မျိုး ဖြစ်စေချင်တာပဲ၊ အဲဒါ ခေါင်း ထဲမှာ သံမှို စွဲသလို မှတ်ထားစေချင်တယ်'

'ဟုတ်ကဲ့ပါ ဦးကြီး၊ ကျွန်တော် အစွမ်းကုန် ကြိုးစားပါ့မယ်'

အန်တိုနီယို ဂရာနယ်လီက ခရီးသွားဟန်လွှဲ သဘောမျိုးဖြင့်

'သြော် ဒါနှင့် စကားမစပ် ဒီမှာ မိုက်၊ မင်းဟာ ခုအချိန်က စပြီး မိသားစု စာရင်းဝင် တစ်ယောက် ဖြစ်သွားပြီ၊ အဲဒီတော့ မင်း အတွက် ဝေစု ပေးဖို့ ဆိုပြီး ငါ စဉ်းစားထားတာလည်း ပြောင်းလဲသွားပြီ'

မိုက်ကယ်က အဘိုးကြီး၏ လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး

'ကျေးဇူးတင်ပါတယ် ဦးကြီး၊ ဒါပေမဲ့ ကျွန်တော်တို့ နှစ်ယောက် အတွက် လုံလောက်နေပါပြီ၊ ရီစာ လိုချင်တာ မှန်သမျှ ကျွန်တော် ဝယ်ပေးပါ့မယ်၊ ဒီ အတွက် ဘာမှ မပူပါနှင့်တော့'

မိုက်ကယ်က အဘိုးကြီး အနားမှ ပြန်ထွက်သွားသည်။ အဘိုးကြီးက နေရာတွင် ထိုင်ရင်း သမက် နောက်ကျောကို စိုက်ကြည့် ကျန်ရစ်ခဲ့သည်။

အဲဒါက လွန်ခဲ့သော ခုနစ်နှစ်လောက်က ဖြစ်သည်။ အဲဒီကတည်းက မိုက်ကယ် အတွက် အစစအရာရာ အဆင်ပြေခဲ့သည်။

ရီစာသည် အလွန် ပျော်ရွှင်နေသည်။ သူမ ဘဝတွင် ဘာကိုမဆို လိုချင် တာ ရနိုင်သည်။ သို့သော် သူမသည် လောဘ မကြီး။ မိုက်ကယ်နှင့် အတူ နေရလျှင်ပင် သူမ ဘဝတွင် အားလုံး ပြည့်စုံနေပြီဟု ထင်နေသည်။ သို့သော် မိုက်ကယ် အနေနှင့်တော့ တစ်မျိုး တွေးနေသည်။ သူက ရီစာကို ချစ်၍ လက် ထပ်ခြင်း မဟုတ်၊ လုပ်ငန်း သဘော အရ မလွှဲမရှောင်သာ ယူလိုက်ရခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ရီစာ မရှိလျှင်လည်း သူ့ အတွက် ဘယ်မိန်းမနှင့် မဆို အဆင်ပြေပြေ စခန်းသွားနိုင်သည်ဟု ထင်သည်။ သို့သော် သူ့ ပင်ကို စရိုက် အရ တခြား လူသား တစ်ယောက်ကို ချစ်မြတ်နိုးလိုစိတ် လုံးဝ မရှိ။ ဤ သည်မှာ သူ့နှလုံးသားထဲတွင် တစ်စုံတစ်ရာ ချွတ်ယွင်းနေခြင်းပင် ဖြစ်သည်။

သူက လူတွေကို မချစ်သော်လည်း တိရစ္ဆာန်တွေကိုတော့ ထူးထူးခြားခြား ချစ်သည်။ သူ ဆယ်နှစ်သား အရွယ်က မွေးနေ့ လက်ဆောင် အဖြစ် ခွေးကလေး တစ်ကောင် ရခဲ့ဖူးသည်။ ယင်း ခွေးကလေးကို သူက အသက်လောက် ချစ်


mgyoe.com

mgyoe.com
SAMPLE BOOK
သည်။ ဘယ်နေရာ သွားသွား ခွေးကလေးကို ခေါ်သွားသည်။ အိပ်လည်း အတူ စားလည်း အတူ ဆိုရမလောက် ခွေးနှင့် လူ အပြန်အလှန် ခင်တွယ်ခဲ့ကြသည်။ နောက် နှစ်လ နီးပါးခန့် ကြာတော့ ခွေးကလေးမှာ ကားတိုက်၍ သေဆုံးသွားရှာသည်။ ဖခင် ဖြစ်သူက မိုက်ကယ်အား နောက်ထပ် ခွေးကလေး တစ်ကောင် ဝယ်ပေးမည်ဟု ပြောသော်လည်း မိုက်ကယ်က လက်မခံတော့။ ထိုအချိန်က စပြီး သူသည် လုံးဝ ခွေး မမွေးတော့။

မိုက်ကယ်၏ ဖခင်သည် ပိုက်ဆံကို တစ်မူး တစ်ပဲမှ စ၍ ခြစ်ခြစ်ခြုတ်ခြုတ်နှင့် စုဆောင်းသည်။ သူ့ဘဝတွင် ပိုက်ဆံသည်သာ ကိုးကွယ်ရာဟု ခံယူထားသည်။ သည်သဘောကို မိုက်ကယ်က လုံးဝ မကြိုက်။ ထို့ကြောင့် သူ့အနေနှင့် ဖခင်လို လူစားမျိုး လုံးဝ မဖြစ်စေရ ဟူ၍ မိုက်ကယ်က ဆုံးဖြတ်ချက် ချခဲ့သည်။

သူ၏ နာမည်ကျော် ဦးကြီး အန်တိုနီယို ဂရာနယ်လီ အကြောင်းကို ပထမဦးစွာ ကြားသိရသော အချိန်မှ စပြီး သူ့အနေဖြင့် အနာဂတ် ဘဝ ခရီးကို ဘယ်လို နှင်ရမည် ဆိုသည်ကို မိုက်ကယ်က ပြတ်ပြတ်သားသား သိရှိခဲ့သည်။ အမေရိကန် ပြည်ထောင်စု တစ်ဝန်းလုံးတွင် မာဖီယားဂိုဏ်း ၂၆ ဂိုဏ်း ရှိသည့်အနက် နယူးယောက် မြို့တွင် ငါးဂိုဏ်း ရှိသည်။ ယင်း ငါးဂိုဏ်း အနက် သူ့ဦးကြီး အန်တိုနီယို ဂရာနယ်လီ၏ ဂိုဏ်းသည် အင်အား အကြီးဆုံး ဖြစ်သည်။

မိုက်ကယ်သည် မာဖီးယား ဂိုဏ်းများ၏ သက်စွန့်ဆံဖျား လုပ်ရပ်များ အကြောင်းကို ကလေး ဘဝကပင် ပုံပြင်သဖွယ် ကြားသိခဲ့ရသည်။

ထို့ပြင် ၁၉၃၁ ခုနှစ်တွင် စစ္စလီ တော်လှန်ရေးသမားများအား မာဖီးယား ဂိုဏ်း၏ 'တူရကီ လူငယ်' တပ်သားများက သတ်ဖြတ်ခဲ့ပုံများကိုလည်း သူ့ဖခင် ပြောပြ၍ သိခဲ့သည်။

သို့သော် မိုက်ကယ်မှာ မျိုးဆက်သစ်ဝင် လူငယ် တစ်ဦး ဖြစ်သည်။ သူသည် အတွေးအခေါ်ဟောင်းများကို စွန့်ပယ်ပြီး တိုးတက်သော အတွေးအခေါ်သစ်များကိုသာ လက်ခံချင်သည်။ ယခု အချိန်တွင် မာဖီးယားဂိုဏ်း အားလုံးကို အဖွဲ့ဝင် ကိုးဦး ပါဝင်သော ကော်မရှင်က ကြီးကိုင် အုပ်ချုပ်လျက် ရှိသည်။ တစ်နေ့သော အခါတွင် ယင်းကော်မရှင်သည် သူ့ခါးပိုက်ထဲ မလွဲမသွေ ရောက်လာရမည် ဟူ၍ မိုက်ကယ်က လေးလေးနက်နက် ယုံကြည်ထားသည်။

mgyoe.com

mgyoe.com SAMPLE BOOK
နယူးဂျာဆီ ပြည်နယ် ယာတောအိမ်ကြီး၏ ညစာ စားခန်း စားပွဲတွင် သူနှင့် အတူ ပုဂ္ဂိုလ်ကြီး နှစ်ဦးကို မိုက်ကယ် မိုရက်တီက ငဲ့စောင်းပြီး အကဲခတ် ကြည့်လိုက်သည်။

သူ့ယောက္ခမကြီး အန်တိုနီယို ဂရာနယ်လီမှာ အသက် ကြီးလှပြီ။ လူ့လောကတွင် နေရဖို့ အချိန် ကာလ များစွာ မကျန်တော့။ အဘိုးကြီး မြန်မြန် ကြွပါစေဟု ကျိတ်ပြီး ဆုတောင်းမိသည်။ သို့မှသာ မိသားစု ဂိုဏ်းကြီးကို မိမိ သဘောရှိ အုပ်ချုပ်နိုင်မည် ဖြစ်သည်။

အကြံပေး ပုဂ္ဂိုလ်ကြီး သောမတ် ကော်လဖက်မှာလည်း သူ့ရန်သူပင် ဖြစ်သည်။ ကော်လဖက်သည် တစ်လျှောက်လုံး သူ့ကို ဆန့်ကျင်လာခဲ့သည်။ အဘိုးကြီး အပေါ်တွင် မိုက်ကယ်၏ ဩဇာ ညောင်းလေလေ ကော်လဖက်၏ ဩဇာ ကျလာလေလေ ဖြစ်မည်။

ထို့ကြောင့်ပင် မိုက်ကယ်သည် သူ့စိတ်ကြိုက် ရွေးချယ်သော တပည့် လက်သားများကို ဂိုဏ်းထဲသို့ တစ်ယောက်ပြီး တစ်ယောက် ဆွဲသွင်းလာသည်။ ဥပမာ နစ်ခ် ဗီတို၊ ဆာလဗာတို ဖွိုင်ရီနှင့် ဂျိုးဇက် ကော်လယ်လာ တို့လို လူမျိုးတွေ။ သူတို့ကလည်း သူတို့ဆရာ မိုက်ကယ်အား အသက် ပေး၍ သစ္စာခံကြသည်။

ကော်လဖက်က သည်တစ်ချက်ကို တစ်စက်ကလေးမျှ မကြိုက်။

ရာမော့စ် ညီအစ်ကိုအား သတ်မှုဖြင့် မိုက်ကယ်အား ရုံးတင် တရားစွဲဆို ရာတွင် ကာမီလို စတီလာက တရားရုံးတွင် အစိုးရ သက်သေ အဖြစ် ဖြောင့် ချက် ပေးရန် သဘောတူသော အခါ ရှေ့နေကြီး ကော်လဖက် အနေဖြင့် လက် ယန်းပေါက် ခတ်လုမတတ် အလွန် ဝမ်းသာသွားသည်။ အဘယ်ကြောင့် ဆိုသော် ခရိုင် အစိုးရ ရှေ့နေကြီးက မိုက်ကယ်အား ကြိုးစင် ပို့ရန် အတွက် သည်အမှု ကို သူကိုယ်တိုင် ကြပ်ကြပ်မတ်မတ် အထူး ဂရုစိုက်၍ ဆောင်ရွက်နေသော ကြောင့် ဖြစ်သည်။ သူတို့ ဂိုဏ်းထဲမှ မိုက်ကယ်အား တစ်နည်းနည်းဖြင့် ဖယ် ထုတ်ပစ်နိုင်လျှင် ဂိုဏ်းချုပ် ရာထူးကို သူ့အပြင် ဘယ်သူမှ မရနိုင်သောကြောင့် ဖြစ်သည်။

သို့သော် အသက် ငယ်သလောက် ဉာဏ်ကျယ်သော မိုက်ကယ်သည် ပြင်းပြင်းထန်ထန် အကြံထုတ်ရာ သန်းခေါင်လောက်တွင် အကြံ ရလာသည်။

မနက် လေးနာရီတွင် မြို့တွင်းမှ တယ်လီဖုန်းရုံ တစ်ခုသို့ လာခဲ့ပြီး သူ့ လူယုံတော် လက်ပါးစေ ဂျိုးဇက် ကော်လယ်လာထံသို့ ဖုန်းဆက်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

'နောက်အပတ်ထဲမှာ အလုပ်သင် ရှေ့နေ ပေါက်စလေးတွေ ခရိုင် အစိုးရ ရှေ့နေရုံးမှာ အလုပ် ဝင်ကြလိမ့်မယ်၊ သူတို့ နာမည်တွေကို ကျုပ် သိချင်တယ်၊ ဖြစ်ပါ့မလား'

'ဟာ ဖြစ်ပါတယ် မိုက်၊ လွယ်လွယ်ကလေးပါ'

'နောက်တစ်ခုက ဒက်ထရွိုက်ကို ဖုန်းဆက်ပြီး လူသစ် တစ်ယောက် အမြန်ဆုံး ပို့ပေးပါလို့ ပြောလိုက်၊ ဒီက လူတွေ ဘယ်လူမှ မသိနိုင်တဲ့ လူသစ် ဖြစ်ပါစေ'

ထို့နောက် မိုက်ကယ်က တယ်လီဖုန်းကို ပြန်ချလိုက်သည်။

မိုက်ကယ် မိုရက်တီသည် တရားရုံးခန်းထဲတွင် ထိုင်ရင်း လက်ထောက် အစိုးရ ရှေ့နေကလေးတွေကို စေ့စေ့စပ်စပ် လေ့လာ ကြည့်ရှုနေသည်။ တစ်ယောက် စီ၏ မျက်နှာကို သေသေချာချာ အကဲခတ် လေ့လာနေသည်။ သူ့အကြံသည် တော်တော်တော့ အန္တရာယ် များသည်။ သို့သော် အန္တရာယ် များသလောက် အောင်မြင်နိုင်မည့် အလားအလာကလည်း ရှိနေသည်။ သူတို့က အတွေ့အကြုံ မရှိသေးသော ရှေ့နေ ပေါက်စကလေးတွေ ဆိုတော့ အလွန် စိတ် တက်ကြွ နေမည် ဖြစ်သည်။ အကူအညီ တစ်စုံတစ်ရာ တောင်းလျှင်လည်း လွယ်လွယ် ကူကူပင် ပေးကြလိမ့်မည်။ သည်အချက်သည်ပင် မိုက်ကယ် အတွက် အကွက် ဖြစ်သည်။

နောက်ဆုံးတော့ သူ့ အတွက် အကွက်ဝင်ဆုံး ဖြစ်နိုင်သည်ဟု ထင်ရသော ဂျင်နီဖာ ပါကာကို မိုက်ကယ်က ရွေးချယ်လိုက်သည်။ သူမသည် အတွေ့ အကြုံ လုံးဝ မရှိသေးသော အမျိုးသမီး ရှေ့နေ ပေါက်စကလေး ဖြစ်သည်။ စိတ်ဓာတ်လည်း အတော်ကလေး လှုပ်ရှားနေပုံ ရသည်။ သို့သော် သူမက ယင်း အချက်ကို ဟန်ဆောင်ပြီး ထိန်းထားကြောင်း သိသာသည်။ ပြီးတော့ သူမက အမျိုးသား မဟုတ်၊ အမျိုးသမီး။ အမျိုးသမီးက အမျိုးသားထက် စိတ် လွယ်သည်။

ထို့ကြောင့်ပင် မိုက်ကယ်က ဂျင်နီဖာကို တမင် ရွေးချယ်ရန် ဆုံးဖြတ် လိုက်ခြင်း ဖြစ်သည်။

ယင်းသို့ ဆုံးဖြတ်ချက် ချလိုက်ပြီးနောက် မိုက်ကယ်သည် ပရိသတ်ထဲမှ မီးခိုးရောင် ဝတ်စုံနှင့် လူတစ်ယောက်ကို လှမ်းကြည့်ပြီး မသိမသာ မျက်ရိပ်



mgyoe.com

mgyoe.com SAMPLE BOOK

မျက်ခြည် ပြလိုက်သည်။ ထို့နောက် ဂျင်နီဖာ ပါကာဆီသို့ မေးငေါ့ပြလိုက်သည်။ လုပ်ရပ်ကတော့ သည်မျှသာ ဖြစ်သည်။

မိုက်ကယ်က တရားခွင်ဘက်သို့ ပြန်လှည့်လိုက်သည်။ ခရိုင် အစိုးရ ရှေ့နေက ဖော်ကောင် ကာမီလို စတီလာအား စစ်ဆေး မေးမြန်း၍ ပြီးသွားပြီ။ ခရိုင် အစိုးရ ရှေ့နေက တရားခံ အကျိုးဆောင် ရှေ့နေ သောမတ် ကော်လဖက်ကို ပြောလိုက်သည်။

*'အပြန်အလှန် မေးလိုရင် မေးနိုင်ပါတယ်'* သောမတ် ကော်လဖက်က ထိုင်ရာမှ ထလိုက်ပြီး *'တရားသူကြီးမင်း ခင်ဗျား၊ အချိန်က တော်တော် လင့်သွားပါပြီ၊ မွန်းတည့် ၁၂ နာရီတောင် ထိုးသွားပါပြီ၊ ဒါကြောင့်မို့ ကျွန်တော့် အနေနှင့် လောလောဆယ် အချိန် မဖြုန်းတော့ဘဲ နေ့လယ်စာ စားနိုင်ကြဖို့ အတွက် ရုံးတော်ကို ခေတ္တ နားဖို့ မေတ္တာ ရပ်ခံလိုပါတယ်၊ ညနေပိုင်းမှပဲ ကျွန်တော့် အနေနှင့် အစိုးရ သက်သေကို ပြန်လှန် မေးခွန်း မေးပါတော့မယ်'*

သို့ဖြင့် တရားသူကြီးက ရုံးတော်ကို ခေတ္တ ရပ်နားရန် ကြေညာလိုက်သည်။

သည်အချိန်သည် အချိန်ကောင်းပင် ဖြစ်သည်။

သူ့လူသည် ခရိုင် အစိုးရ ရှေ့နေကြီး အနားတွင် ဝိုင်းနေသော လူအုပ်အနီးသို့ မသိမသာ ကပ်သွားသည်ကို မိုက်ကယ်က မသိမသာ စောင့်ကြည့်နေသည်။ သူသည် လူအုပ်ထဲ ဝင်ရောက်သွားသည်။ ခဏကြာတော့ ပြန်ထွက်လာပြီး ဂျင်နီဖာ ပါကာဆီသို့ လျှောက်လာသည်။ ဂျင်နီဖာအား စာအိတ်ကြီး တစ်အိတ် ကမ်းပေးလိုက်သည်။

မိုက်ကယ်က သူ့စားပွဲတွင် ထိုင်ရင်း အသက် မရှူဘဲ စောင့်ကြည့်နေသည်။ စိတ်ထဲကလည်း ဂျင်နီဖာက စာအိတ်ကို ဖော်ကောင် စတီလာဆီ ဆိုက်ဆိုက်မြိုက်မြိုက် သွားပေးပါစေဟု ကျိတ်ပြီး ဆုတောင်းနေမိသည်။

သူ့ဆုတောင်း ပြည့်ပါသည်။ ဂျင်နီဖာသည် စာအိတ်ကို ကိုင်ပြီး ဖော်ကောင် စတီလာအား ခေတ္တ ချုပ်ထားသော အခန်းဆီသို့ တန်တန်းမတ်မတ် လျှောက်သွားသည်။

ဂျင်နီဖာ့ လက်ထဲတွင် စာအိတ် မပါတော့ဘဲ ပြန်ထွက်လာသည်ကို မြင်ရသော အခါမှ မိုက်ကယ်က ဟင်းခနဲ သက်ပြင်းချလိုက်မိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒါက လွန်ခဲ့သည့် တစ်နှစ်ခန့်က အဖြစ်အပျက်။ ဂျင်နီဖာ၏ မိုက်မဲသော အပြုအမူကြောင့် သတင်းစာတွေက သူမအား ဝိုင်းပြီး ထိုးနှက်ကြသည်။ သို့သော် ဤသည်မှာ သူမ၏ ပြဿနာသာ ဖြစ်သည်။ မိုက်ကယ် အနေဖြင့် ဘာမှ ပူစရာ မလို။ မိမိ အကြံ အောင်မြင်ဖို့ အတွက် သူကလေးအား ဓား စာခံ လုပ်ခဲ့ရခြင်း ဖြစ်သည်။ အကြံ အောင်ခဲ့သည်။ ယင်းသည်ပင် သူ့အတွက် အဓိက အချက် ဖြစ်သည်။

မိုက်ကယ်သည် ထိုအချိန်မှ စပြီး ဂျင်နီဖာ အကြောင်းကို လုံး၀ မစဉ်းစား တော့။ သို့သော် မကြာမီ ရက်ပိုင်း အတွင်း အောဘရာဟင် ဝီလဆင်၏ အမှုကို အကြောင်းပြု၍ သတင်းစာတွေက ဂျင်နီဖာအား ဝိုင်းပြီး ချီးကျူး ထောမနာ ပြုလာကြသဖြင့် မိုက်ကယ် အနေဖြင့် ဂျင်နီဖာ အကြောင်း မစဉ်းစားဘဲ မနေ နိုင်အောင် ဖြစ်လာခဲ့ရတော့သည်။ ထို့ပြင် သူ့အား လူသတ်မှုဖြင့် တရားစွဲဆို ခြင်း ခံခဲ့ရစဉ်တုန်းက ဂျင်နီဖာ ပါ၀င် ပတ်သက်ခဲ့ပုံများကိုလည်း သတင်းစာ တွေက ပြန်လည် ဖော်ပြကြပြန်သည်။

သူက ဂျင်နီဖာ၏ ဓာတ်ပုံကို သေသေချာချာ စိုက်ကြည့်သည်။ တော်တော် ချောတဲ့ မိန်းကလေးပဲ။ သို့သော် ချောတာထက် ပိုသော ထူးခြားချက် တစ်ခုကိုလည်း တွေ့ရသေးသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိသူတို့၏ အမူအရာမျိုး၊ ဘယ်သူ ဘာပြောပြော လုံး၀ ဂရုမစိုက် ဆိုသော မာန ရှိသူ တို့၏ လက္ခဏာမျိုးကို သူမ၏ မျက်နှာတွင် ထင်ထင်ရှားရှား တွေ့ရသည်။ ယင်းအချက်ကို မိုရက်တီက အလွန် စိတ်ဝင်စားမိသည်။ သူသည် ဂျင်နီဖာ ၏ ဓာတ်ပုံကို အကြာကြီး စိုက်ကြည့်နေမိသည်။

မိုက်ကယ်သည် အောဘရာဟင် ဝီလဆင် အမှုနှင့် ပတ်သက်သော သတင်း များကို မလွတ်တမ်း စောင့်ဖတ်နေခဲ့သည်။

မိုက်ကယ်၏ အမှုကို မှားယွင်း တရားစွဲဆိုမှု အဖြစ် သတ်မှတ်ပြီး အစိုးရ ရှေ့နေက ပြန်လည် ရုပ်သိမ်းသွားသော အခါ သူ့တပည့်များက ညစာ စားပွဲ ကျင်းပပြီး အောင်ပွဲ ခံခဲ့ကြသည်။

ထိုအချိန်က ဂျင်နီဖာအား ရှေ့နေ အဖြစ် မှတ်ပုံတင် ပြန်သိမ်းရန် စွဲချက် တင်မည် ဟူသော သတင်းကို ရည်ညွှန်းပြီး ဆာလဗာတို ဖွိုင်ရီက အရက်ခွက် ကို ကိုင်မြှောက်ရင်း 'ကောင်းတယ်၊ သောက် ရှေ့နေ တစ်ယောက်တော့ သွား ပြန်ပြီပေါ့' ဟူ၍ ဝမ်းသာစကား ဆိုခဲ့သည်။

*သူ မသွားပါဘူး၊ သူ ပြန်လာမှာပါ* ဟု မိုက်ကယ်က တွေးလိုက်မိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဂျင်နီဖာသည် တကယ်လည်း ပြန်လာခဲ့ပါသည်။

သူမသည် ရှေ့နေ လောကမှာပင် ရှိမြဲ ရှိနေဆဲ ဖြစ်သည်။ သူမသည် တိုက်ပွဲ ဝင်ပြီး မိမိ ဘဝ ရပ်တည်ရေးကို ရုန်းကန် ကြိုးစားခဲ့သည်။ သည်အချက်ကို မိုက်ကယ်က အလွန် သဘောကျမိသည်။

လွန်ခဲ့သော ညကလည်း တယ်လီဗီးရှင်းတွင် သူမကို ကြည့်ခဲ့ရသေးသည်။ ခရိုင် အစိုးရ ရှေ့နေကြီး ရောဘတ် ဒီဆီးလဗား အပေါ်တွင် အောင်ပွဲ ခံလိုက်သော သူမ အတွက် မိုက်ကယ်က ကျိတ်ပြီး ဂုဏ်ယူမိခဲ့သည်။

အန်တိုနီယို ဂရာနယ်လီက မိုက်ကယ်အား မေးလိုက်သည်။

'ဒီသူငယ်မက မင်း ထောင်ထားတဲ့ ထောင်ချောက်ထဲ ဆင်းခဲ့တာ မဟုတ်ဘူးလား'

'အား ဟား၊ အဲဒီလို မဟုတ်ဘူး ဦးကြီးရဲ့၊ သူက ဦးနှောက် အလွန်ကောင်းတဲ့ ရှေ့နေမကလေး တစ်ယောက်ပါ၊ တစ်နေ့ကျရင် ကျွန်တော်တို့အတွက် သူ့ကိုပဲ အသုံးချချင် ချလာရလိမ့်မယ်'

## ၁၀

အောဘရာဟင် ဝီလဆင် အမှုကို စီရင်ချက်ချပြီး နောက်တစ်နေ့တွင် အဒမ်ဝါနာထံမှ တယ်လီဖုန်း လာသည်။

'မင်းကို ဂုဏ်ပြုစကား ပြောချင်လို့ ဆက်တာပါ'

ဂျင်နီဖာက သူ့အသံကို ချက်ချင်း မှတ်မိသည်။ သူ့အသံ ကြားရတော့ သူမ မျှော်လင့်ထားသည်ထက် ပိုပြီး စိတ်လှုပ်ရှားမှု ဖြစ်ရသည်။

'အခုလို အောင်မြင်မှု'

'ကျွန်မ သိပါတယ်' *အို ဘုရားရေ၊ ငါ ဘာတွေ ပြောမိပြန်ပြီလဲ မသိပါဘူး* ဟု ဂျင်နီဖာက တွေးလိုက်မိသည်။ သို့သော် လွန်ခဲ့သော လများ အတွင်းက သူမ အနေဖြင့် အဒမ့် အကြောင်းကိုသာ မကြာခဏ တွေးနေမိခဲ့ကြောင်းကိုတော့ သူမက ထုတ်ဖော် မပြောချင်ပါ။

'အောဘရာဟင် ဝီလဆင် အမှုကို မင်း ကိုင်တွယ်လိုက်ပုံဟာ တကယ့်ကို ချီးကျူးလောက်ပါတယ်၊ မင်း အနေနှင့် နိုင်သင့် နိုင်ထိုက်တဲ့ အမှုပါပဲ'

mgyoe.com

mgyoe.com SAMPLE BOOK

'ကျေးဇူးတင်ပါတယ် အဒမ်' သူမက ဆက်တွေးလိုက်သည်။

*သူ တယ်လီဖုန်း ပြန်ချသွားတော့မလား မသိဘူး။ သူ့ကို ငါ နောက်ထပ် တွေ့ရတော့မှာ မဟုတ်ဘူး။ အေးလေ သူက သူ့ မယားငယ်တွေနှင့် အလုပ် များနေတော့မှာပေါ့။*

အဒမ် ဝါနာက ဆက်ပြောသည်။

'မင်းကို ငါ ညစာ ကျွေးပြီး ဂုဏ်ပြုချင်တယ်၊ အားတဲ့နေ့ ပြောပါ'

ဂျင်နီဖာက *ယောကျာ်းတွေဟာ ဆန္ဒစောတဲ့ မိန်းကလေးတွေကို မုန်းတတ်ကြတယ်* ဟု တွေးလိုက်ပြီးမှ 'ဒီည ဆိုရင် ပိုမကောင်းဘူးလား'

တစ်ဖက်မှ အဒမ်၏ အပြုံးကို အသံဖြင့် ဂျင်နီဖာက မှန်းပြီး မြင်လိုက်သည်။

'ငါက သောကြာနေ့မှ အားတာ၊ မင်း တော်တော် အလုပ် များနေသလား'

'မများပါဘူး'

'မင်းအခန်းကို ငါ လာခေါ်မယ်လေ'

ဂျင်နီဖာက စားပွဲ ကုလားထိုင် အစုတ်တွေနှင့် သူမ၏ အိမ်ခန်းအစုတ် ကလေးကို သွား၍ မြင်ယောင်လိုက်မိသည်။

'ကျွန်မတို့ တစ်နေရာမှာ ချိန်းရင် ပိုပြီး အဆင်ပြေမယ် ထင်တယ်'

'ဒီလိုဆိုလည်း ကောင်းပြီလေ၊ လူတီစီက အစားအသောက် ကြိုက်ရဲ့လား'

'ကျွန်မ စားကြည့်ပြီးတော့မှ ပြောမယ်လေ'

အဒမ်က ရယ်သည်။

'ဒါဖြင့် ရှစ်နာရီမှာ ဆုံကြရအောင်'

'ရှစ်နာရီက ချစ်စရာ ကောင်းပါတယ်'

*ချစ်စရာ ကောင်းပါတယ်။*

ဂျင်နီဖာသည် တယ်လီဖုန်း ပြန်ချလိုက်ပြီး နေရာတွင် ထိုင်ရင်း အူမြူး နေသည်။ *တော်တော် ဆန်းတာပဲ။ သူက အိမ်ထောင်သည် ဖြစ်ချင် ဖြစ်နေမှာ။ ကလေးတွေလည်း တစ်ဒါဇင်လောက် ရှိချင် ရှိလိမ့်မယ်။*

သူမနှင့် ပထမဆုံး အကြိမ် ညစာ စားခဲ့ကြစဉ်က သူ့လက်တွင် မင်္ဂလာ လက်စွပ်တော့ မတွေ့ခဲ့ရ။ သို့ပေမဲ့ သည်အချက်က ခိုင်လုံသော အထောက် အထားတော့ မဟုတ်။ *မိန်းမ ရှိတဲ့သူတိုင်း မင်္ဂလာ လက်စွပ်ကို အမြဲတမ်း ဝတ်ထားရမယ်လို့ ဥပဒေ ပြဋ္ဌာန်းထားရင် သိပ်ကောင်းမှာပဲ။*

ရုံးခန်းထဲသို့ ကင် ဘယ်လီ ဝင်လာသည်။



mgyoe.com

mgyoe.com SAMPLE BOOK

'ဘယ့်နှယ် ရှေ့နေကြီး၊ ကြည့်ရတာ မှိုရတဲ့ မျက်နှာမျိုးနှင့်ပါလား၊ ပွပေါက် တိုးမယ့် အမှုသည် တစ်ယောက် ရထားပြီ ထင်တယ်'

ဂျင်နီဖာက ခေတ္တ စဉ်းစားနေပြီးတော့မှ

'ဒီမှာ ကင်၊ ကျွန်မကို လူတစ်ယောက် အကြောင်း စုံစမ်းပေးပါလား'

ကင်က စားပွဲနား ကပ်လာပြီး စာရွက်နှင့် ခဲတံ ကောက်ကိုင်လိုက်သည်။

'ဆိုပါ၊ ဘယ်သူတဲ့လဲ'

သူမက အဒမ်၏ နာမည်ကို တိုးတိုးကလေး ရွတ်ကြည့်သည်။ သို့သော် ပါးစပ်မှတော့ အသံ ထွက်မလာ။ သူမကိုယ် သူမ ရုတ်တရက် ရှက်စိတ်ဝင်မိသည်။ အဒမ် ဝါနာ၏ ပုဂ္ဂိုလ်ရေးကို သူမ အနေဖြင့် လျှို့ဝှက် စုံစမ်းနိုင်သော အခွင့်အရေး ရှိပါသလား။

*ဘုရားရေ သူက ငါ့ကို ညစာ ကျွေးဖို့ပဲ ဖိတ်တာပဲ။ ငါ့ကို လက်ထပ်ဖို့ ဖိတ်တာ မဟုတ်ပါဘူး။*

'နေပါစေတော့ ကင်'

ကင်က ခဲတံ ပြန်ချလိုက်ပြီး

'ဘယ့်နှယ် မင်းဥစ္စာကလဲ'

'ကင်'

'ပြောစမ်းပါ'

'အဒမ် ဝါနာ၊ သူ့နာမည်က အဒမ် ဝါနာတဲ့'

ကင်က သူမအား တအံ့တသြ ကြည့်လိုက်သည်။

'အလို သူ့အကြောင်း သိချင်ရင် ငါ့ကို စုံစမ်းခိုင်းနေစရာတောင် မလိုပါဘူး၊ သတင်းစာတွေ ဖတ်ရင် တစ်ခု မကျန် သိနိုင်ပါတယ်'

'သူ့အကြောင်း ရှင် ဘာတွေ သိထားသလဲ'

ကင် ဘယ်လီသည် ဂျင်နီဖာနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး လက်ချောင်းချင်း ယှက်ကာ စားပွဲပေါ်တွင် တင်လိုက်သည်။

'ကဲ ဘာပြောရမလဲ၊ အေး သူက နီဒမ်း၊ ဖင့်ချ်၊ ပီးယားစ်နှင့် ဝါနာ ရှေ့နေ လုပ်ငန်းမှာ အစုရှယ်ယာဝင် ပုဂ္ဂိုလ် တစ်ယောက်၊ ဟားဗတ် တက္ကသိုလ်က ဥပဒေဘွဲ့ ရခဲ့တယ်၊ လူမှုရေး စိတ်ဝင်စားတဲ့ လူချမ်းသာ မိသားစုက ပေါက်ဖွားလာတဲ့လူ၊ အသက်က သုံးဆယ်ကျော်'

ဂျင်နီဖာက ကင်အား တအံ့တသြ ကြည့်နေသည်။

'ရှင်က သူ့အကြောင်း ဒီလောက်တောင် ဘယ်လိုလုပ်ပြီး သိထားတာလဲ'

mgyoe.com

mgyoe.com SAMPLE BOOK

ကင်က မျက်စ တစ်ချက် ပစ်ပြလိုက်ပြီးနောက် 'ငါ့မှာ အထက်ပိုင်းမှာ မိတ်ဆွေတွေ ရှိတယ်၊ သူတို့က မစ္စတာ ဝါနာကို အထက် လွှတ်တော် အထိ ဝင်ရွေးဖို့တောင် တိုက်တွန်းနေကြတယ်လို့ သတင်း ဖြစ်နေတယ်၊ အဲဒီက တစ်ဆင့် တက်ပြီး သမ္မတ ရာထူး အထိ ဆက် အရွေးခံဖို့ အခြေအနေလည်း ရှိတယ်၊ သူ့မှာက သူတို့ ပြောပြောနေတဲ့ လူထု ကြိုက်နိုင်တဲ့ အရည်အချင်းတွေ ရှိတယ်'

*ဟုတ်တယ်၊ အဲဒါတော့ အမှန်ပဲ။ သူ့မှာ လူတွေ ကြိုက်နိုင်တဲ့ အရည်အချင်း တကယ် ရှိတယ်။* နောက်မေးခွန်းကို သူမက စကားစပ်မိ၍သာ မေးသည့် ဟန်မျိုးဖြင့် မေးလိုက်သည်။

'ဒါနှင့် သူ့ကိုယ်ရေးကိုယ်တာ အကြောင်းတွေကကော ဘယ်လိုနေသလဲ'

ကင် ဘယ်လီက သူမ အမေးကြောင့် ခပ်ကြောင်ကြောင် ဖြစ်သွားသည်။

'သူ ရေတပ် ဝန်ကြီးဟောင်း သမီးနှင့် အိမ်ထောင်ကျတယ်၊ အခု သူနှင့် စပ်တူ လုပ်ငန်း လုပ်နေတဲ့ စတီးဝပ် နီဒမ်းရဲ့ တူမပေါ့'

ဂျင်နီဖာ စိတ်ဓာတ် ကျသွားသည်။ ကင် ဘယ်လီက သူမကို သဘောမပေါက်သလို စိုက်ကြည့်နေပြီးတော့မှ

'မင်းက သူ့အကြောင်း ဘာကြောင့် ကမန်းကတန်း သိချင်ရတာလဲ'

'ဩော် အကြောင်းထူး မရှိပါဘူး၊ သိချင်ရုံ သက်သက်ပါ'

ကင် ဘယ်လီ ထွက်သွားပြီးနောက် ဂျင်နီဖာသည် စားပွဲတွင် ထိုင်ရင်း အဒမ် ဝါနာ အကြောင်းကို အကြာကြီး စဉ်းစားနေမိသည်။

*သူက ငါ့ကို ညစာ ကျွေးဖို့ ဖိတ်တာက အလုပ်သဘော အရ ဆက်ဆံတာပဲ ဖြစ်မှာပါ။ သူက ဘဝတူ ရှေ့နေ တစ်ယောက်ရဲ့ အောင်မြင်မှုကို ဂုဏ်ပြုချင်တာကြောင့် ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ဂုဏ်ပြုစကား ပြောချင်ရင် ညစာတွေ ဘာတွေတောင် ကျွေးဖို့ မလိုတော့ပါဘူး။ တယ်လီဖုန်းနှင့် ဂုဏ်ပြုစကား ပြောခဲ့ပြီ မဟုတ်လား။ အို ဘာပဲဖြစ်ဖြစ် ငါတော့ သူနှင့် ပြန်တွေ့ရပြန်တော့မှာပဲ။ ငါနှင့် တွေ့တော့ သူ့မှာ မိန်းမ ရှိကြောင်း သူက ပြောပါ့မလား။ သူ ပြောမှာ မဟုတ်ပါဘူး။ အေးလေ သောကြာနေ့မှာတော့ သူနှင့် အတူ ညစာ သွားစားလိုက်ပါမယ်။ အဲဒါ ပြီးရင် ပြီးရောပေါ့။ သူနှင့် နောက်ဆုံး တွေ့လိုက်ရတဲ့ နေ့ပဲ ဖြစ်ပါစေတော့။*



mgyoe.com

mgyoe.com SAMPLE BOOK

ထိုနေ့ ညနေပိုင်းတွင် ပီယာ ဘော်ဒီ ရေနံ လုပ်ငန်း ဌာနမှ တယ်လီဖုန်း လာသည်။ ဖုန်းဆက်သူမှာ သား ဖြစ်သူ ပီယာ ဘော်ဒီ (ဂျူနီယာ) မဟုတ်၊ ပိုင်ရှင် အဘိုးကြီး ပီယာ ဘော်ဒီ (စီနီယာ) ဖြစ်သည်။

'မင်းဆီကို ကျုပ် ဖုန်းဆက်တာ သုံးလေးကြိမ်တောင် ရှိပြီ၊ ဒီတစ်ရက် နှစ်ရက် အတွင်းမှာ ကျုပ်နှင့် နေ့လယ်စာ လာစားနိုင်မှာလား'

သူ့လေသံက အရေး သိပ်မကြီးသလို လေသံမျိုး ဖြစ်သည်။ သို့သော် အနှစ်သာရကတော့ အရေးကြီးသည် ဆိုသည်ကို ဂျင်နီဖာက အကဲခတ်မိလိုက်သည်။ အေဘရာဟင် ဝီလဆင် အမှုကြောင့် သူမ အကြောင်း သတင်းစာတွေက ဟိုးလေးတကျော် ရေးကြပြီးသည့် နောက်တွင်မှ သူမအား ယခုကဲ့သို့ နေ့လယ်စာစား ဖိတ်ရန် အကြံပေါ်ခြင်း ဖြစ်မည် ဆိုသည်ကိုလည်း ဂျင်နီဖာက ချက်ချင်း သဘောပေါက်လိုက်သည်။ မစ္စတာ ပီယာ ဘော်ဒီသည် သူမအား သက်သေ ဆင့်စာများ ပို့ခိုင်းရန် ခေါ်ခြင်း မဟုတ်သည်မှာတော့ သေချာသည်။

'မနက်ဖြန် ဆိုရင် ဘယ့်နှယ်လဲ၊ ကျုပ် ကလပ်မှာပဲ စားကြတာပေါ့'

နောက်တစ်နေ့တွင် သူတို့ နှစ်ယောက် နေ့လယ်စာ စားဖြစ်ကြသည်။ မစ္စတာ ပီယာ ဘော်ဒီမှာ အသားအရေ ဖွေးရော်ရော်ဖြင့် ဗိုက် အနည်းငယ် ရွဲစ ပြုနေပြီ။ ဂျင်နီဖာက သား ဖြစ်သူကို သဘော မကျသလို အဘိုးကြီးကိုလည်း မြင်မြင်ချင်း သဘောမကျ ဖြစ်မိသည်။

'တို့လုပ်ငန်းမှာ အရည်အချင်း ရှိတဲ့ ရှေ့နေကလေးတွေ ခန့်ထားဖို့ စဉ်းစားထားတာ ကြာပါပြီ၊ မင်း လုပ်မယ် ဆိုရင် စဝင်ဝင်ချင်း တစ်နှစ်ကို ဒေါ်လာ ၁၅၀၀၀ ပေးမယ်'

ဂျင်နီဖာက ဘာမှ ပြန်မပြောဘဲ အဘိုးကြီး စကားကိုသာ ထိုင်ပြီး နားထောင်နေသည်။ လွန်ခဲ့သော တစ်နှစ်လောက်က သူမ အလုပ်လက်မဲ့ ဘဝတွင် ထမင်း ငတ်မတတ် ကြုံခဲ့ရတုန်းကသာ အခုလို အလုပ် ခေါ်ပေးလျှင် ဘယ်လောက် ကောင်းလိမ့်မလဲဟု တွေးနေမိသည်။

'တစ်နှစ် နှစ်နှစ်လောက် လုပ်ပြီးတဲ့ အခါ တို့လုပ်ငန်းမှာ မင်းကိုလည်း အစုရှယ်ယာပိုင် အနေနှင့် ပါဝင်ခွင့် ပြုမယ်'

*တစ်နှစ်ကို ဒေါ်လာ ၁၅၀၀၀၊ ပြီးတော့ အစုရှယ်ယာလည်း ဝင်ခွင့် ပြုဦးမယ်။*



mgyoe.com